www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com




## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ်
၅၀၀ ၂၅၄၁ ၂၀၉၊
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၃၀၇၀၃၀၉၊

**ထုတ်ဝေသူ**

ဦးအောင်မြင့်၊
အမှတ်(၇)၊
သီတာလမ်း၊
ကျောက်မြောင်း။

**အတွင်းနှင့်**
**မျက်နှာဖုံးပုံနှိပ်**

အောင်မြင်ပုံနှိပ်တိုက်၊
အမှတ်(၁၆)၊
သစ်ရာပင်လမ်းသွယ်၊
၂၃ ရပ်ကွက်၊ သုဝဏ္ဏ။

**ဖြန့်ချိရေး**

အောင်မြင်စာပေ၊
အမှတ်(၁)၊
အောင်ဘာလေးလမ်း၊
ကျောက်မြောင်း။
ပထမအကြိမ်
၂၀၀၉ခုနှစ်၊(ဩဂုတ်လ)၊
အုပ်ရေ(၅၀၀)၊
တန်ဖိုး(၂၀၀)ကျပ်၊

၈၉၅.၈၃
တြိသစ်
နဂါးရာဇ်လိုက်ဂူ / တြိသစ်။ – ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၀၉။
၂၂၇ – စာ၊ ၁၂.၅ × ၁၈.၃ စင်တီ။
(၁) တြိသစ်


www.burmeseclassic.com

www.burmeseclassic.com

# စာရေးသူမှ ဝန်ခံချက်

ဇာတ်လမ်း၌ ပါဝင်သောအချက်များ၊ ဦးဘိုးအောင်(အဘ အောင်မင်းခေါင်)နှင့် ပတ်သက်သော အချက်အလက်များမှာ...(၁၉၉၅)ခု၊ မတ်လအတွင်းက နယ်လှည့်အယ်ဒီတာဘဝ ဖြင့် ပုပ္ပားတောင်သို့ ရောက်ခဲ့စဉ် ပုပ္ပားတောင် ကုမာရာရာမ ကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တကဝိန္ဒ(အရှင်ကဝိန္ဒ)နှင့် တွေ့ဆုံခဲ့စဉ်က ဆရာတော် မိန့်ကြားခဲ့သော အချက်အလက်များကို ပြန်လည်ရေးသား ခြင်းဖြစ်ပါသည်။

(၁၉၉၅)၊ ဇူလိုင်လ နက္ခတရောင်ခြည် မဂ္ဂဇင်းမှာပင် "ရွှေညောင်ပင်မြားပစ် ခါးထစ်လို့ စောင့်မယ်"နှင့် "သိဒ္ဓိအဖြာဖြာ အစဉ်တင့်ပါတဲ့ စင်မြင့်ရွာသို့"အခန်းဆက်ဆောင်းပါးများကိုလည်း ရေးသားခဲ့ပါသေးသည်။ ထို့ပြင်...

၁။ ရန်ကုန်ဘုရားစုံသမိုင်း.....မင်းမဟော် (၁၉၇၆)ခုနှစ်

၂။ သိဂ်ုတ္တရရွှေတောင်.....ဦးထွန်းအေး (မဟာစရိယာဘိဓေ)

၃။ အလောင်းမင်းတရားကြီးလက်ထက် ရန်ကုန်မြို့ (၁၉၇၆) တက္ကသိုလ်ပညာပဒေသာစာစောင်မှ ဦးအေးကျော် ရေးသားသော ဆောင်းပါးများကို မှီငြမ်းကိုးကား ရေးသားပါကြောင်း ဝန်ခံပါသည်။

(စာရေးသူ)



# ဒဿနလက်ဆောင်

* အချစ်ဆိုတာ ဝက်ပါလမ်း တစ်ခုပါပဲ။
အတွင်းရောက်သွားရင် ပြန်ထွက်ဖို့ မလွယ်တော့ဘူး၊
ဒီကြားထဲ မျက်စိလည်သွားရင်တော့
အမုန်း၊ နာကျည်းချက်၊ ဒေါသဆိုတာတွေနဲ့ လမ်းမှာ
တွေ့ရသေးတယ်။

* ရိုးသားမှုသည် မိမိအတွက် ယုံကြည်မှု အားကောင်းစေရုံသာမက အခြားသူများအတွက်လည်း အထောက်အပံ့ ဖြစ်စေနိုင်ပါတယ်။

* အပြုံးကို သင်ကိုယ်တိုင် မမြင်နိုင်သော်လည်း အခြားသူများထံမှ တုံ့ပြန်လာသော ရွှင်လန်းချမ်းမြေ့မှုကြောင့် အပြုံး၏အနှစ်သာရကို သင်ကိုယ်တိုင် ပြန်ရနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

လူတိုင်း အတိတ်

ဘဝက ဆုံးရှုံးမှုများ၊ ဝမ်းနည်း
ခြေကွဲ ဖွယ်ရာများ၊ နာကျည်းမှုများနှင့်
ကြုံခဲ့ကြရဖူးသည်။ ထိုအရာများကို
လွှမ်းဆွတ်တမ်းတနေသူများသည်
အောင်မြင်မှုရရန်အတွက် အတား
အဆီးများ ဖြစ်စေ
တတ်သည်။





စိတ်ဖိစီးမှုများကို စိန်ခေါ်မှု
အသွင် ပြောင်းလဲနိုင်သူသ
ဘဝအတွက် တွန်းအား၊
သို့မဟုတ် ခွန်အားများကို
ရရှိနိုင်ပါတယ်။



(စာရေးသူ)






မေတ္တာကို ရယူနိုင်သော
နည်းမှာ မေတ္တာပြဖို့ပင်ဖြစ်၏။
လောက၏သဘာဝသည်
စွန့်လွှတ်သူထံသို့ ပေးအပ်ပြီး
ရယူလိုသူထံမှ ရယူခြင်းပင်
ဖြစ်၏။

စိတ်ပြတင်းပေါက်
ကြည်လင်လေလေ...
လောကကြီးရဲ့ရှုမျှော်ခင်းတွေကို
အဝေးဆုံး လှမ်းမြင်နိုင်လေ
ဖြစ်သည်၊







www.burmeseclassic.com

www.burmeseclassic.com

🦋 နားလည်မှုက
အခြေခံလာတဲ့ သည်းခံခြင်း၊
ငဲ့လွှတ်ခြင်း၊ မျှတတဲ့ အနစ်နာခံခြင်း
စတာတွေဟာ အချစ်အတွက်
ခိုင်မာမှုကို အထောက်အပံ့
ဖြစ်စေနိုင်ပါတယ်၊





🦋 သံယောဇဉ်နဲ့ ခိုင်မာစွာ
ချည်နှောင်ပြီးမှ တစ်ဆင့်တက်
လာတဲ့အချစ်ဟာ...ခိုင်မာမှုကို
ပိုပြီးဖြစ်စေနိုင်ပါတယ်။





# ဤဝတ္ထုတွင်ပါဝင်သောအခန်းများ


| | |
|---|---|
| အခန်း(၁) | ဘုရားပွဲ ရောက်လာသောညီသည် |
| အခန်း(၂) | ထူးထူးခြားခြား ငှန်လှသောဟင်းရည် |
| အခန်း(၃) | စေတနာနှင့် တုံ့ပြန်မှုများ |
| အခန်း(၄) | တုံ့ပြန်မှုနှင့် အံ့ဩဖွယ်ရာများ |
| အခန်း(၅) | အံ့ဩဖွယ်ရာ နဝင်းအဓိဋ္ဌာန်နေရာ |
| အခန်း(၆) | ဒဂုန်မြို့မှ ကွယ်ပျောက်သွားသည့် စေတီတော်(၆)ဆူ |
| အခန်း(၇) | ဦးမင်းခေါင်နှင့် ထူးခြားဆန်းကြယ်မှုများ |
| အခန်း(၈) | ထူးဆန်းသော ရေအိုးလက်ဆောင် |
| အခန်း(၉) | ရွှေဒင်္ဂါးများကို ရောင်းချခြင်း |
| အခန်း(၁၀) | ဝိဇ္ဇာတို့ဝင်သောလမ်း |
| အခန်း(၁၁) | ဝိညာဉ်ခန္ဓာလော ဖြစ်ရုပ်မှန်လော |
| အခန်း(၁၂) | ဦးဘိုးအောင်အား လာခေါ်ကြပြီ |
| အခန်း(၁၃) | တရားခံဘဝသို့ ရောက်သွားလေခြင်း |
| အခန်း(၁၄) | ဦးဘိုးအောင်နှင့် ကိုယ်ပွားဝိညာဉ် |
| အခန်း(၁၅) | ပါရမီဖြည့်ဘက် တွဲလက်မကွာ |
| အခန်း(၁၆) | ဇမ္ဗူရစ်ရွှေစင်လမ်း |




www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁)

## ဘုရားဖူးရောက်လာသောဧည့်သည်

တစ်နေ့သည်၌ ရွှေတိဂုံစေတီတော်မြတ်ကြီး၏အရှေ့ဘက်မုခ်ပေါက်ရှိ လမ်းမပေါ်သို့ အသက်လေးဆယ်ကျော်အရွယ်ခန့်ရှိ လူကြီးတစ်ယောက်သည် လွယ်အိတ် [illegible] စ်လုံးကို လွယ်ကာ တစိုက်စိုက်နှင့် လျှောက်လာလေသည်။ ၎င်းမှာ ပင်နီဖျင်ကြမ်းအကျီနှင့် သစ်ခေါက်ဆိုးထားဟန်ရှိသော ပုဆိုးအညိုရောင်ကို ဝတ်ဆင်ထားကာ ပုတီးတစ်ကုံးကို လည်ပင်း၌ ဆွဲထားလေသည်။ ၎င်းလွယ်ထားသော လွယ်အိတ်ဟောင်းကြီးမှာ အလွန်ငယ် ကြီးလှပြီး ဟောင်းနွမ်းလှပြီဖြစ်ရာ အရောင်အဆင်းပင်မပေါ်တော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



ထိုလူကြီးမှာ ကတုံးနှင့် ဖြစ်သော်လည်း ဆံပင်များက ပြန်လည်ပေါက်စ ဖြစ်နေသောကြောင့် ထိုးထိုးထောင်ထောင် ရှိနေလေသည်။

သူသည် လက်ထဲ၌ တောင်ဝှေးတစ်ချောင်းကို ကိုင်ထားကာ ရေခဲဆိုင်ဘက်မှ ကြားတောရလမ်းအတိုင်း တစိုက်စိုက်နှင့် ဝင်လာလေသည်။

အချိန်မှာ အင်္ဂလိပ်သက္ကရာဇ်(၁၉၂၃)ခုနှစ်၊ မတ်လ၊ မြန်မာသက္ကရာဇ်(၁၂၈၄)ခုနှစ်၊ တပေါင်းလဆုတ်(၈)ရက်၊ ကြာသပတေးနေ့ ဖြစ်၍ မြန်မာနိုင်ငံ အနှံ့အပြား နေရာများ၌ လွတ်လပ်ရေး လှုပ်ရှားမှုအတွက် ကြိုးပမ်းဆောင်ရွက်နေကြသောအချိန်လည်းဖြစ်သည်။

(၁၉၂၃)ခုနှစ်တွင် အင်္ဂလိပ်အစိုးရက မြန်မာပြည်ကို ဗျူရိုကရေစီ အဆင့်အတန်းမှ ဒိုင်အာခီ အဆင့်အတန်းသို့ တိုးမြှင့်ပေးလိုက်သောအချိန်လည်းဖြစ်သည်။

ထိုအချိန်မှာ (၁၉၂၀)ခုနှစ်မှ စတင်ပေါ်ပေါက်လာသော ကျောင်းသား[...]များမှာလည်း အရှိန်မသေသေးပေ။ မျက်နှာဖြူအစိုးရ ဘက်တော်သားများ၊ ပုလိပ်များကလည်း မသက်ာသူများ၊ အပြစ်မရှိသူများကိုပင် အပြစ်ရှာ၍ ဖမ်းဆီးနှိပ်စက်ကြလေသည်။

ထိုခေတ်ကာလတွင် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ အရှေ့ဘက်မုခ်ရှိ ကြားတောရလမ်းတလျှောက်တွင် ဈေးဆိုင်တန်းများ ရှိလေသည်။





ထိုလမ်းမပေါ်တွင် ဓမ္မာရုံများ၊ ဘုန်းကြီးကျောင်းများ ရှိသော်လည်း ဈေးရောင်းသူများက ကျောင်းမျက်နှာစာများ၌ ဈေးဆိုင်များ ဆောက်ကာ တည်ခင်းရောင်းချကြလေသည်။

အချို့ဆိုင်များမှာ သစ်သား၊ ဝါးများဖြင့် အခိုင်အခန့် ဆောက်လုပ်ကာ ဈေးရောင်းချရုံမကပဲ လူနေအိမ်များသဖွယ် ပြုပြင်နေထိုင်ကြလေသည်။

အများအားဖြင့်တော့ ထိုလမ်းမပေါ်၌ ရှိသောဆိုင်များမှာ ထမင်းဟင်း ရောင်းချသောဆိုင်များ၊ ပန်းပုဆိုင်များ၊ ရွှေဆိုင်း ရောင်းချသောဆိုင်များနှင့် ပန်း၊ အမွှေးတိုင်၊ ဖယောင်းတိုင် အစရှိသည်တို့ ရောင်းချသောဆိုင်များသာ ရှိလေသည်။

ထို့ပြင် . . အခြားဆိုင်များထက် ထမင်းဟင်း ရောင်းချသည့်ဆိုင်များမှာ ပိုမိုကြီးမားစွာ ဆောက်ထားကြပြီး ဆိုင်ပေါက်ဝတွင် ဆိုင်းဘုတ်ကြီးများလည်း အခန့်သား ချိတ်ဆွဲထားကြလေသည်။

"လူဝကြီး ထမင်းဆိုင်"

"ဖွားပုံသူ ထမင်းဆိုင်"

"မော်ကျွန်းသား မုန့်ဟင်းခါးဆိုင်"

"ဗိုလ်ကလေး ခေါက်ဆွဲဆိုင်"

အစရှိသည်ဖြင့် မိမိတို့မြို့များကို အမည်တပ်ကာ ဆိုင်းဘုတ်တင်ထားကြလေသည်။

အများအားဖြင့်တော့ ထမင်းဟင်း ရောင်းချသောဆိုင်များမှာ မြစ်ဝကျွန်းပေါ်မြို့များမှ လာရောက်ရောင်းချကြရာတွင်



www.burmeseclassic.com

www.burmeseclassic.com



အချက်အပြုတ်ကောင်းလျှင်ကောင်းသလောက် လူကြိုက်များကြလေသည်။

အဘယ်ကြောင့်ဆိုသော် . . .

မြစ်ဝကျွန်းပေါ်ဘက်မှ ထွက်သော ဆန်မှာ ကောင်းလှသည့်အပြင် ဒေသထွက်ကုန်ဖြစ်သော ငပိ ငံပြာရည်ဆိုလျှင်လည်း ထမင်းစားရာတွင် ငပိရည်ကျိုတစ်ခွက်မှ မပါလျှင် မတင်းတိမ်သော မြန်မာလူမျိုးများအကြိုက် ဖြစ်လေရာ မြစ်ဝကျွန်းပေါ်အရပ်မှ လာရောက်ရောင်းချသည့် ထမင်းဆိုင်များမှာ လူကြိုက်များရခြင်း အကြောင်းရင်း ဖြစ်ပေသည်။

အချို့ထမင်းဆိုင်များမှာ အမိက ရောင်းချသည့် ထမင်းနှင့်ဟင်းအမယ်များကို နောက်ဘက်၌သာ ထားပြီး လမ်းမဘေးလူသွားလူလာနီး၍ လူမြင်သာသောနေရာများ၌ စားပွဲများ ခင်း၍ ထိုစားပွဲပေါ်တွင် ငပိရည်ကျိုများကို ငရုတ်သီးမှုန့်များ ဖြူးပြီးလျှင် ဟင်းသီးဟင်းရွက် တို့စရာအမယ်တို့ကို ပြသထားလေသည်။

တောမှ ဘုရားဖူးလာကြသူများမှာ ထမင်းစားချိန်ရောက်၍ ထမင်းဆိုင်များကို လှည့်လည်ကြည့်ကြသောအခါ ထိုကဲ့သို့ ငပိရည် တို့စရာ မြိုင်မြိုင်ဆိုင်ဆိုင် ခင်းပြထားသောဆိုင်များကို ဝင်ရောက်စားသောက်လေ့ ရှိကြသည်။

တောသူတောင်သားများကလည်း အခက်သား။

ရှေ့မှ ဦးဆောင်လာသူ ဝင်လျှင် နောက်မှ ပါလာသူများက တတန်းကြီး လိုက်ဝင်ကြပြီး ရှေ့က လာသူက မကြိုက်၍ ပြန်လှည့်ထွက်သွားလျှင် နောက်က လူများကလည်း တစ်ယောက်





မှ မဝင်ကြတော့ပေ။

ဗမာဆိုရလျှင် ဘဲငန်းအုပ်များကဲ့သို့ ရှေ့ဆုံးမှ သွားနေသော ဘဲငန်းနောက်သို့ နောက်မှ တအုပ်တမကြီး အတန်းလိုက်လိုက်ကြသည့်ပုံစံမျိုး ဖြစ်လေသည်။

ကြားတောရလမ်းမပေါ်၌ ထမင်းဆိုင်များမှာ နေရာကျယ်ကျယ်ယူ၍ ဆောက်ထားကြပြီး ထမင်းလည်းရောင်း၊ ညနေပိုင်း ဆိုင်သိမ်းပြီးနောက်တွင် ဘုရားဖူး လာသူများကို တည်းခိုခွင့်ပေးကြလေသည်။

မိမိတို့ ထမင်းဆိုင်၌ မနက်ရောညပါ ထမင်းစားလျှင်ပင် တည်းခိုသည့်နေရာအတွက် အဖိုးအခ မယူပဲ ပေးထားကြလေသည်။ နံနက်ပိုင်း မိုးလင်းစအချိန်ကတည်းက ဘုရားဖူး အသွားအလာများဖြင့် စည်ကားနေသော လမ်းမပေါ်တွင် ဈေးဆိုင်များမှ မိတ်ဆွယ်နေသောအသံများမှာလည်း ဆူညံလျက် ရှိနေတော့သည်။

"လာပါရှင့် . . . ဝင်ပါရှင့်၊ ဒီဆိုင်မှာ ထမင်းဟင်း ကောင်းကောင်း သုံးဆောင်နိုင်ပါတယ်၊ ပုသိမ်ပေါ်ဆန်းမွှေးနဲ့ ပင်လယ်ငပိရေကျိုမွှေးမွှေးလေးကို ထမင်းမြိန်မြိန် သုံးဆောင်နိုင်ပါတယ်၊ ဒီဆိုင်မှာ ညအိပ်ညဥ့်နေ တည်းခိုနိုင်ပါတယ်၊ ရေမိုးချိုးဖို့အတွက်လည်း မပူပင်ရပါဘူး၊ ပါလာတဲ့ပစ္စည်းတွေကိုလည်း ဒီဆိုင်မှာ စိတ်ချလက်ချ အပ်နှံထားနိုင်ပါတယ်ရှင်"

ဟု အလုအယက် အပြိုင်အဆိုင် ထွက်ခေါ်ကြလေသည်။

တစ်နေ့တွင် လွယ်အိတ်ကြီးတစ်လုံး လွယ်ထားသော



www.burmeseclassic.com

www.burmeseclassic.com

လူကြီးတစ်ယောက် ရောက်လာကာ ထမင်းဆိုင်များသို့ ဝင်၍ တည်းခိုခွင့်တောင်းလေရာ မည်သည့်ဆိုင်ကမှ လက်မခံချင်ကြပေ။

ထမင်းဆိုင်ရှင်များက အဝတ်အစား စုတ်စုတ်ပြတ်ပြတ်နှင့် အမြင်မတင့်တယ်သော ထိုလူကြီးကို မိမိတို့ဆိုင်၌ တည်းခိုခွင့်ပေးလိုဟန် မရှိကြချေ။

"ဒီဆိုင်မှာတော့ အခြားဧည့်သည်တွေ များနေလို့ သည်းခံပါရှင်"

"တစ်ယောက်ထဲဆိုရင်တော့ ကုန်းတော်ပေါ်မှာ ရှိတဲ့ ဘုန်းကြီးကျောင်းတွေမှာပဲဖြစ်ဖြစ်၊ ဒီနောက်ဘက်တွေမှာ ရှိတဲ့ ဘုန်းကြီးကျောင်းတွေမှာပဲဖြစ်ဖြစ်၊ ခွင့်တောင်းပြီး တည်းရင် ရနိုင်ပါတယ်"

ဟု ယဉ်ကျေးစွာနှင့်ပင် နှင်ထုတ်လိုက်ကြလေသည်။

ထိုလူကြီးမှာ လွယ်အိတ်ကြီး တဖားဖား လွယ်၍ တစ်ဆိုင်ဝင် တစ်ဆိုင်ထွက် လိုက်လံမေးမြန်းစုံစမ်းသော်လည်း အဆင်မပြေသောကြောင့် နောက်ဆုံး လမ်းဘေးတစ်နေရာရှိ ညောင်ပင်အောက်သို့ သွားကာ ထိုင်နေလေသည်။

ထိုအချိန်တွင် ရေတာရှည်လမ်းဘက်မှ လူရွယ်တစ်ယောက် ထွက်လာလေသည်။

သူ့အမည်မှာ နီမောင်ပင်ဖြစ်သည်။

နီမောင်သည် စွပ်ကျယ်အကြမ်းနှင့် လုံချည်တိုတို ဝတ်ကာ ရေခပ်သော လေးထောင့်သံပုံးနှစ်လုံးကို ဝါးထမ်းပိုးနှင့်





ထမ်းလာလေသည်။

နီမောင်သည် ကြားတောရလမ်းတဝိုက်ရှိ ထမင်းဆိုင်များသို့ ရေထမ်းရောင်းသော လူရွယ်တစ်ဦးဖြစ်သည်။

သူ့တွင် ဖခင်မရှိတော့ဘဲ မိခင်ဖြစ်သူနှင့်သာ နေထိုင်ရင်း မိခင်ကြီးကို လုပ်ကိုင်ကျွေးမွေးနေသူဖြစ်သည်။

၎င်းတို့သည် ရေတာရှည်လမ်းဘက်ရှိ ကျောင်းဝန်းတစ်ခုထဲတွင် အိမ်ငယ်တစ်လုံး ဆောက်၍ နေထိုင်ကြကာ မိခင်ဖြစ်သူ ဒေါ်မင်းဖြူက ကျောင်းမှ ဝေယျာဝစ္စများကို ကူညီလုပ်ကိုင်ပေးလေသည်။

ကျောင်းထိုင်ဘုန်းကြီးမှာ ဒေါ်မင်းဖြူနှင့် မောင်နှမ ဝမ်းကွဲ တော်စပ်သဖြင့် နေ့ဆွမ်း၊ အာရုဏ်ဆွမ်းကပ်သောကိစ္စများကို စီမံဆောင်ရွက်ပေးလေသည်။

နီမောင်ကတော့ နံနက်လင်းသည်နှင့် ရေထမ်းသော သံပုံးနှစ်လုံးကို ယူ၍ ထမင်းဆိုင်များသို့ ရေထမ်း၍ထည့်ပေးရလေသည်။ ထိုအချိန်က ရေတစ်ထမ်းလျှင် ဆယ်ပြား၊ ဆယ့်ငါးပြားထက် ပိုမရပေ။

တစ်နေ့လုံး ရေထမ်းရောင်းမှ တစ်ကျပ်နှစ်ကျပ်ခန့် ရသော်လည်း သားအမိနှစ်ယောက်တည်းသာ ရှိသဖြင့် စားလောက်သည်။ ရေထမ်းမည့်သူကလည်း တစ်ဦးနှစ်ဦးသာ ရှိပြီး ထမင်းဆိုင်များနှင့် အခြားဆိုင်များကိုပါ ရေထည့်ပေးရသဖြင့် လက်မလည်အောင် ထမ်းရလေသည်။

ပွဲတော်ရက်ကဲ့သို့ လူစည်ကားသောအချိန်များဆိုလျှင်


www.burmeseclassic.com

www.burmeseclassic.com



ဘုရားဖူးဧည့်သည် များပြီး ထမင်းဆိုင်များမှာ လက်မလည်အောင် ရောင်းရသောအချိန်မျိုးတွင် တစ်နေကုန် ရေထမ်းထည့်ပေးရသည်။

ထိုအချိန်မျိုးဆိုလျှင် ဟိုဆိုင်ကခေါ်၊ ဒီဆိုင်ကခေါ်နှင့် တော်တော်နှင့် မနားရပေ။

ရေကတော့ ကန်များ၊ ရေတွင်းများမှ ခပ်ယူရသဖြင့် ဝေးဝေးလံလံတော့ မထမ်းရပေ။

နီမောင်ကတော့ ဆိုင်အားလုံးမှာ ဖောက်သည်တွေချည်း ဖြစ်နေသောကြောင့် မောပန်းသော်လည်း ပြည့်စုံအောင် ကြိုးစားဆောင်ရွက်ပေးလေသည်။

ကြားတောရလမ်းတလျှောက်မှာ ရှိသောဆိုင်များမှာ အားလုံးဖောက်သည်တွေချည်း ဖြစ်နေသောကြောင့် ခင်မင်နေကြလေသည်။

ထိုအထဲတွင် ကြားတောရလမ်းနှင့် ရေတာရှည်လမ်းထောင့်၌ ဖွင့်လှစ်ထားသည့် ထမင်းဆိုင်တစ်ဆိုင်လည်း ပါဝင်လေသည်။ ထိုထမင်းဆိုင်၏အမည်မှာ 'ရာဇူတိုင်' ဖြစ်ပြီး မြစ်ဝကျွန်းပေါ်ဘက်မှ လာရောက်ဖွင့်လှစ်ကြခြင်း ဖြစ်သည်။

ဆိုင်ရှင်၏အမည်မှာ ဦးဘထွားနှင့် ဒေါ်မိုးညိုတို့ ဖြစ်ကြသည်။ ဦးဘထွားက အသားမည်းမည်း ဝဝဖိုင့်ဖိုင့်နှင့် ဖြစ်ပြီး ဒေါ်မိုးညိုကတော့ ဖြူဖြူသွယ်သွယ် အရပ်မြင့်မြင့် ဖြစ်လေသည်။

ယောကျ်ားဖြစ်သူက မည်းမည်းပုပုနှင့် မိန်းမဖြစ်သူက ဖြူဖြူရှည်ရှည်ဖြစ်၍ လိုက်ဖက်မညီလှသော်လည်း ၎င်းတို့ ချက်





ပြုတ်သောဟင်းများက အစပ်အဟပ်ကောင်းသည်ကတစ်ကြောင်း၊ အရသာရှိအောင် ချက်ပြုတ်နိုင်သောကြောင့် ၎င်းတို့ဆိုင်မှာ နာမည်ကြီးလေသည်။

ထိုလမ်းတဝိုက်တွင် ရာဇူတိုင် ထမင်းဆိုင် နာမည်ကြီးရသော အခြားအကြောင်းတစ်ခုလည်း ရှိသေးသည်။ ၎င်းတို့၏ တစ်ဦးတည်းသောသမီးဖြစ်သူ မြနန္ဒီ၏ချောမောလှပသော ဂုဏ်သတင်းကြောင့်လည်း ပါဝင်ပေသည်။

မြနန္ဒီမှာ အသက်(၁၉)နှစ်ဝန်းကျင်အရွယ်ခန့် ရှိပြီး ခင်ကဲ့သို့ အသားဖြူဖြူ မျက်လုံးမျက်ခုံးကောင်းကောင်းနှင့် ကိုယ်လုံးကိုယ်ထည် လှပသူတစ်ဦး ဖြစ်လေသည်။

ဘုရားကုန်းတော်ဝန်းကျင်တဝိုက်မှာ ရှိကြသော ကာလသား လူပျိုတို့မှာ မြနန္ဒီကို နှစ်သက်သဘောကျသဖြင့် အကြောင်းမရှိ အကြောင်းရှာကာ လာရောက်ပိုးပန်းကြလေသည်။ ထိုအထဲတွင် အရာရှိအရာခံ သားများနှင့် ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာသူတို့ပင် ပါဝင်လေသည်။

အချို့ဆိုလျှင် သိမ်ကြီးဈေးဘက်မှပင် တကူးတက လာရောက်ကာ ပိုးပန်းကြလေသည်။

မြနန္ဒီကတော့ မိမိဆိုင်သို့ လာသမျှ မိတ်ဆွေများကို သာတူညီမျှမခွဲ ဖော်ဖော်ရွေရွေ ဆက်ဆံပြောဆိုလေသည်။

"ကျွန်မတို့ဆိုင်က ထမင်းဟင်းကို သုံးဆောင်ရတာ အရသာ ရှိပါရဲ့လားရှင်၊ ခံတွင်းရော တွေ့ပါရဲ့လား၊ တကယ်လို့ အားသောက်မကောင်းလို့ လိုအပ်တာများ ရှိရင် ပြောပါရှင်၊ စိတ်



www.burmeseclassic.com

ကျေနပ်မှု ရှိအောင် စီစဉ်ပေးပါ့မယ်"

ဟု ချိုသာသောလေသံဖြင့် ပြောဆိုဆက်ဆံတတ်သည်က တစ်ကြောင်း၊ ဧည့်သည်များ ထမင်းစားသောက်နေစဉ် ဟင်းလိုက်ပွဲ၊ ထမင်းလိုက်ပွဲများကို လိုလေသေး မရှိအောင် လိုက်လံ ဖြည့်ဆည်းပေးခြင်း၊

ထို့ပြင် ထမင်းစားသောက်ပြီးသောအခါ လက်ဖက်ပွဲ၊ ထန်းလျက်ခဲ အစရှိသည်တို့နှင့် ဧည့်ခံကျွေးမွေးခြင်း စသည်တို့ကြောင့် ရပ်ဝေးမှ ဘုရားဖူး လာသောဧည့်သည်များမှာ ရာဇူတိုင် ထမင်းဆိုင်သို့ တစ်ခါဝင်ရောက်စားသောက်ဖူးလျှင် မမေ့နိုင်အောင် ရှိသလို အနီးဝန်းကျင်မှ လူများကလည်း မကြာခဏ ဆိုသလို လာရောက်စားသောက်ကြလေသည်။

ထမင်းဟင်းများကို ချက်ပြုတ်ရာတွင် အခြားဆိုင်များနှင့် မကွာလှသော်လည်း ငါးသလောက်ဟင်း ချက်ပြုတ်ရာမှာတော့ ရာဇူတိုင်ဟူသောအမည်နှင့် လိုက်အောင် ၎င်းတို့ဆိုင်က သာလေသည်။

မြန်မာနိုင်ငံအဝှမ်းမှ ထွက်သော ငါးသလောက်များထက် ဧရာဝတီတိုင်းအတွင်းရှိ ရာဇူတိုင်မြစ်မှ ထွက်သော ငါးသလောက်မှာ နာမည်ကြီးသလို အရသာလည်း ပိုကောင်းလေသည်။

ရာဇူတိုင် ငါးသလောက်မှာ ဆူလွန်းလှသောကြောင့် မီးဖိုပေါ်မှ ချ၍ အတန်ငယ် ကြာလျှင်ပင် အဆီခဲသွားတတ်လေသည်။ ထိုငါးသလောက်မျိုးကို အရသာရှိအောင် ချက်ပြုတ်တတ်သောကြောင့်လည်း လူကြိုက်များရခြင်း ဖြစ်ပေသည်။





ထိုနေ့မနက်ပိုင်းက မြနဒီတစ်ယောက် ဆိုင်ရှေ့သို့ ထွက်ကာ တစ်စုံတစ်ယောက်ကို မျှော်နေလေသည်။ အတန်ကြာသောအခါ ရေတာရှည်လမ်းဘက်မှ နီမောင်ထွက်လာသည်ကို မြင်သောအခါ လှမ်းခေါ်လိုက်သဖြင့် နီမောင်က အနားရောက်အောင် လျှောက်လာသည်။

"ကိုနီမောင်. . . ဒီကနေ့ ကျွန်မတို့ဆိုင်မှာ ညအိပ်တည်းခိုတဲ့ ဧည့်သည်တွေ များနေလို့ ဒီကို အရင်ထည့်ပေးပါနော်"

"ဟုတ်ကဲ့ မမလေး"

"ကိုနီမောင်ကလည်း. . . ရှင်နဲ့ကျွန်မနဲ့က အသက် သိပ်ကွာမယ် မထင်ပါဘူး၊ မမလေး မမလေးလို့ မခေါ်ပါနဲ့ရှင့ မြနဒီလို့ပဲ ခေါ်ပါ"

"ရပါတယ် မမလေးရယ်. . . အပန်းကြီးပါဘူး"

နီမောင်က အရေးမကြီးသလို အမူအယာနှင့် ခပ်ပြုံးပြုံး ပြန်ပြောလိုက်သည်။

"ဒါထက် ရှင့်ကို ကျွန်မပြောစရာရှိလို့ စောင့်နေတာ"

"ဘာများပါလိမ့်"

"စောစောက ကျွန်မတို့ဆိုင်ကို အဘိုးကြီးတစ်ယောက် ရောက်လာပြီး ဆိုင်မှာ တည်းခိုဖို့ ပြောတယ်၊ ဒီမှာလည်း ဧည့်သည်တွေက ပြည့်နေလို့ အဖေ့က လက်မခံလိုက်ဘူး၊ သူ့ကြည့်ရတာ ခရီးအဝေးကြီးက ဖခဲ့ရတဲ့ပုံမျိုးပဲ. . . သနားပါတယ်"

"အဲဒီတော့ ကျွန်တော်က ဘာလုပ်ပေးရမလဲ"



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



"တကယ်လို့ သူနဲ့ တွေ့ရင် တည်းခိုစရာလေး စီစဉ်ပေး လိုက်ရင် ကုသိုလ်ရမှာပေါ့နော်"

"ဒါထက် သူ ဘယ်ဘက်ကို ထွက်သွားသလဲ"

"ဘုရားဘက်ကို တက်သွားတာတော့ တွေ့လိုက်တာပဲ"

မြနန္ဒီက အဘိုးကြီး၏ပုံပန်းသဏ္ဌာန်ကို ပြောပြကာ ဆိုင်ထဲ ပြန်ဝင်သွားလေသည်။

ထို့နောက် နီမောင်လည်း ရေတွင်းရှိရာဘက်သို့ ရေခပ်ရန် ထွက်လာခဲ့လေတော့သည်။ ထိုရက်က တပေါင်းလဆန်း ထမျာက်နေ့ဖြစ်ပြီး ရွှေတိဂုံစေတီတော် တပေါင်းလ ဘုရားပွဲ ဖွင့်ပတော့မည့်အချိန် နီးနေပြီဖြစ်သောကြောင့် ကုန်းတော် ပေါ် တဝိုက် လူများ စည်ကားလျက် ရှိနေလေသည်။

ကုန်းတော်တဝိုက်၌ ဖွင့်လှစ်ထားသော စားသောက်ဆိုင်များ၊ ထမင်းဆိုင်များနှင့် ဘုန်းတော်ကြီးကျောင်းများ၌ ရပ်ဝေးမှ လာရောက်ကြသော ဧည့်သည်များဖြင့် ပြည့်နေလေရာ နီမောင်တို့လို ရေထမ်းသမားများအဖွဲ့တစ်နေကုန် လက်မလည်အောင် ရေထမ်းထည့်ပေးကြရသည်။

နေ့လည်ဘက် ထမင်းစားချိန်မှာပင် ခေတ္တနားခွင့်ရလေသည်။ နီမောင် ထမင်းစားနားချိန် အိမ်သို့ ပြန်လာသောအခါ ဘုရားကုန်းတော်ပေါ် တက်သည့် လမ်းဘေးရှိ ညောင်ပင်ကြီးတစ်ပင်အောက်၌ တစ်ယောက်တည်း ထိုင်နေသော လူကြီးတစ်ယောက်ကို လှမ်းမြင်ရသည်။

ထိုလူကြီးသည် ညောင်ပင်အောက်၌ အေးအေးဆေးဆေး





ထိုင်ကာ ပုတီးစိပ်နေလေသည်။

သူ့နံဘေးမှာတော့ လွယ်အိတ်ကြီးတစ်လုံး ချထားသည်။

ထိုလူကြီးကို လှမ်းမြင်သောအခါ မနက်ပိုင်းက မြနန္ဒီ ပြောလိုက်သောစကားကို ပြန်လည်သတိရသဖြင့် ညောင်ပင်အောက်သို့ လျှောက်လာခဲ့သည်။

သူ့အနားရောက်တော့ အဘိုးကြီးက တစ်ချက်မော့ကြည့်သည်။ နီမောင်က ပြုံးပြလိုက်ပြီး. . .

"အဘက ခရီးသွားဧည့်သည်လား"

ဟု မေးလိုက်သည်။

"အေး. . . ဟုတ်တယ်"

"စောစောတုန်းက ထမင်းဆိုင်တွေမှာ တည်းခိုစရာ လိုက်မေးနေတာ အဘလား"

"အေး. . . ဟုတ်တယ်"

"အဘက ဘုရားဖူး လာတာ မဟုတ်လား၊ တကယ်လို့ တည်းခိုစရာနေရာ မရှိရင် ကျွန်တော်တို့အိမ်မှာ လိုက်ပြီးတည်းနိုင်ပါတယ်"

သူ့စကားကြားတော့ အဘိုးအိုက မျက်စိမှိတ်ပြီး အတန်ကြာအောင် ငြိမ်နေသည်။

အတော်ကြာတော့မှ. . .

"မင်းတို့က သားအမိနှစ်ယောက်တည်း နေတာလား"

ဟု မေးလိုက်သည်။

"ဟုတ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

"ငါက ဘုရားပွဲပြီးတဲ့အထိ နေချင်တာ၊ အဲဒီလို နေရင် ရော ရသလား"

"ရပါတယ် အဘ. . . နေနိုင်သလောက်နေပါ၊ ကျွန်တော် တို့အတွက် အခက်အခဲ မရှိပါဘူး"

"ဒီလိုဆိုရင်လည်း လိုက်ခဲ့ပါ့မယ်၊ အခုလို လာခေါ်တာ ကျေးဇူးတင်ပါတယ် ငါ့တူရယ်၊ မဟုတ်ရင် ဘုန်းကြီးကျောင်း တစ်ကျောင်းမှာ တည်းမလို့ စဉ်းစားနေတာ၊ ဒါပေမယ့် ငါကိုယ် တိုင်ကလည်း ဘုန်းကြီးကျောင်းတွေမှာ မတည်းချင်ပါဘူးလေ"

"ဘာဖြစ်လို့လဲ အဘရဲ့"

"မင်းလည်း အမြင်ပဲလေ၊ အချို့ဘုန်းကြီးတွေက သင်္ကန်း ကိုသာ ဝတ်ထားကြတာ၊ ဝိနည်းသိက္ခာပုဒ်တွေကို တစ်စက်ကလေး မှ စောင့်ထိန်းကြတာ မဟုတ်တော့ မြင်ရတွေ့ရတာ ကိုယ့်အတွက် အပြစ်ဖြစ်တာပေါ့၊ အပြစ်လုပ်တဲ့လူရဲ့အပြစ်တွေကို ကိုယ်ကပါ ဝင်ပြီး တဝက်ခွဲယူသလိုမျိုး ဖြစ်တာပေါ့"

ဟု ညည်းညည်းညူညူ ပြောဆိုကာ နံဘေးနားမှာ ချထား သော လွယ်အိတ်ကြီးကို ယူ၍ နေရာမှ ထလေသည်။

ထို့နောက် နှစ်ယောက်သား ညောင်ပင်အောက်မှ ထွက် လာလေသည်။

"ဒါထက် မင်းနာမည်က ဘယ်လိုခေါ်သလဲ"

"နီမောင်လို့ ခေါ်ပါတယ် အဘ"

"အခက်အခဲတွေ အများကြီး တွေ့ပြီးမှ အဲဒီအခက်အခဲ တွေကို ကျော်လွှားနိုင်မှ ကြီးပွားချမ်းသာမယ့် နာမည်မျိုးပဲ"






ဟု တစ်ယောက်တည်း ပြောသလို ရေရွတ်ပြောဆိုနေရာ နီမောင်လည်း ဘာမှဆက်မမေးတော့ပေ။ သူတို့သည် ကြား တောရလမ်းဘက်မှ ရေတာရှည်လမ်းဘက်သို့ ချိုးကွေ့ကာ လျှောက်လာကြသည်။

မြောက်ဘက် ကြေးသွန်းဘုရားကြီး လွန်သောအခါ တောင်ဘက်သို့ တက်သွားသော လမ်းသွယ်တစ်ခုအတွင်းသို့ ချိုး ကွေ့ကာ ဝင်ခဲ့ကြလေသည်။


www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၂)

# ထူးထူးခြားခြား ငန်လှသောဟင်းရည်

နီမောင်တို့သားအမိ နေထိုင်သောအိမ်မှာ ထိုလမ်းကြား အတွင်း ရှိသော ကျောင်းဝန်းတစ်ခုထဲ၌ ရှိလေသည်။ ကျောင်းဝန်းမှာ ကုန်းတော်မြေ အောက်ခြေ၌ ရှိပြီး စေတီတော်ကြီး၏အရှေ့ မြောက်ယွန်းယွန်းဘက်၌လည်း တည်ရှိလေသည်။

နီမောင်တို့အိမ်သို့ ရောက်တော့ ဒေါ်မင်းဖြူက အိမ်သို့ ပြန်ရောက်နေကာ ထမင်းဟင်းများ ချက်ပြုတ်စီမံနေလေသည်။ မီးဖိုဆောင်ဘက်တွင် ထင်းမီးများနှင့် ချက်ပြုတ်နေခြင်းဖြစ်ပြီး မီးတောက်များက နံဘေးထရံနှင့် နီးကပ်စွာ ရှိနေလေသည်။

တစ်ခါတစ်ရံ အပြင်ဘက်မှ လေတိုက်လိုက်သည်နှင့် မီးဖို

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com

အတွင်းမှ မီးတောက်များက ထရံဘက်သို့ ယိမ်းသွားတတ်လေသည်။

နီမောင်တို့ ပြန်လာသည်ကို မြင်သောအခါ ဒေါ်မင်းဖြူက မီးဖိုနားမှ ထလာသည်။

"သား ပြန်လာပြီလား၊ ဧည့်သည်လဲ ပါလာတယ် ထင်တယ်"

"ဟုတ်တယ် အမေ၊ ဘုရားဖူးလာတဲ့ ဧည့်သည်တစ်ယောက် ထမင်းဆိုင်တန်းမှာ တည်းခိုစရာနေရာ မရှိတာနဲ့ ကျွန်တော်ခေါ်လာခဲ့တာ"

"တပေါင်းလပြည့် ဘုရားပွဲက နီးပြီဆိုတော့ ထမင်းဆိုင်တွေမှာ ဧည့်သည်တွေ များရောပေါ့၊ ဒီမှာက နေရာထိုင်ခင်းတွေ အကျယ်သားပဲ. . . ကုသိုလ်ရတာပေါ့ကွယ်"

ထို့ကြောင့် နီမောင်က ဧည့်သည်ကြီးအား အိမ်ပေါ်သို့ ခေါ်လာလေသည်။

"ကဲ. . . ဒီလိုဆိုရင် အမေ ထမင်းပွဲ ပြင်လိုက်တော့မယ်၊ ဧည့်သည်ပါ တစ်ခါတည်း ထမင်းကျွေးလိုက်ပါ၊ ထမင်းစားသောက်ပြီးမှပဲ ဘုရားပေါ်ကို အေးအေးဆေးဆေး သွားပေါ့"

"ကျုပ်အတွက် ထမင်းတွေဘာတွေ မပြင်ပါနဲ့တော့၊ အခုလို တည်းခိုခွင့်ပေးတာကိုပဲ ကျေးဇူးတင်လှပါပြီ"

"မဟုတ်တာရှင်. . . ကိုယ့်ဆီ ရောက်လာတဲ့ဧည့်သည်ကို ဒီလောက်ကလေး ကျွေးမွေးဧည့်ခံရတာ ကျွန်မတို့မှာ အပန်းမကြီးလှပါဘူး၊ တစ်ခါတည်းသာ စားလိုက်ပါ"





ဟု ပြောဆိုကာ ဒေါ်မင်းဖြူက နှစ်ယောက်စာ ထမင်းပြင်ပေးသဖြင့် ဧည့်သည်ကြီးမှာ အားနာသော အမူအယာဖြင့် ဝင်ရောက်စားသောက်လေသည်။

"ကျွန်မတို့မှာ သားအမိနှစ်ယောက်ပဲ ရှိပါတယ်၊ ဒီသားကလေး ရေထမ်းလို့ရတဲ့ ငွေကလေးနဲ့ပဲ လောက်ငအောင် စားသောက်ရပါတယ်"

"ဖြူစင်တဲ့အလုပ်နဲ့ အသက်မွေးတော့ ငွေမချမ်းသာပေမယ့် စိတ်ချမ်းသာတာပေါ့ဗျာ၊ အချို့ လောဘတွေနဲ့ လုပ်ကိုင်စားသောက်ကြတဲ့လူတွေအဖို့တော့ ငွေတော့ ချမ်းသာပါရဲ့၊ တစက်ကလေးမှ စိတ်ချမ်းသာမှု မရကြဘူးပေါ့"

"မှန်ပါတယ်ရှင်. . . မှန်ပါတယ်၊ ကျွန်မတို့မှာ ပူပင်သောက ရောက်စရာဆိုလို့တော့ သိပ်မရှိလှပါဘူး"

"လောဘများလေလေ ပူပင်သောက များလေလေဆိုတော့ ပူပင်သောက မရှိတဲ့သူသာ လောလောဆယ် ချမ်းသာမှုကို ရနေတာပါပဲ၊ ဒီလိုချမ်းသာမှု ရှိခြင်းက နောင်တမလွန်ဘဝချမ်းသာခြင်းအတွက် အထောက်အပံ့ဆိုရင်လည်း မမှားပါဘူး၊ ဒီဘဝမှာ ဆင်းရဲသည်ဖြစ်စေ ချမ်းသာသည်ဖြစ်စေ စိတ်ချမ်းသာမှု ရနေတဲ့လူဟာ ကောင်းမှုလုပ်ဖို့အတွက် အချိန်နည်းနည်း ပိုရတာပေါ့၊ ဒီလိုရတဲ့အတွက် ကောင်းမှုပိုလုပ်နိုင်တယ်၊ ဒီကောင်းမှုကြောင့် နောင်တစ်ဘဝမှာ ဒီထက်ပိုတဲ့ ချမ်းသာခြင်းကို ရရှိစေနိုင်တာပေါ့"

"မှန်ပါတယ်ရှင်"


www.burmeseclassic.com

www.burmeseclassic.com

"ဒီဘဝမှာ လောဘ ဒေါသ မောဟတွေနဲ့ စိတ်ပူပန်မှု များနေတဲ့သူတွေဟာ ကောင်းမှုကုသိုလ်လုပ်ဖို့ အချိန်မရကြဘူး၊ ဒါကြောင့် နောက်ဘဝမှာ ရင်းစားမရတော့ပဲ ဆင်းရဲခြင်းတွေနဲ့ ကြုံကြရတာပေါ့ဗျာ"

"ဧကန္တ မောင်ကြီးက တရားသမားလားဟင်"

"ကျုပ်က တရားရှာနေတဲ့လူဆိုရင် မမှားပါဘူး၊ အခုလာ တာ ရွှေတိဂုံကုန်းတော်ပေါ်မှာ တရားအလုပ် လုပ်မလို့ပါ"

"ဒီလိုဆိုရင် ကျွန်မတို့ဆီမှာ တည်းခိုပြီး တရားအလုပ်ကို ဖြောင့်ဖြောင့်လုပ်နိုင်ပါတယ်ရှင်၊ စားဖို့သောက်ဖို့လည်း ဒါနပြုစမ်း ပါရစေ၊ ကျွန်မတို့သားအမိမှာ ဆင်းရဲလေတော့ များများစားစား လည်း မလှူနိုင်မတမ်းနိုင်ပါဘူး၊ အခုလို ကြုံကြိုက်တုန်း တတ်နိုင် သလောက် လှူခွင့်ရတာလေးတော့ လှူစမ်းပါရစေ"

"ဒီလောက်လည်း စိတ်အားမငယ်ပါနဲ့ဗျာ၊ အချိန်တန် တော့လည်း ခင်ဗျား လှူချင်သလောက် လှူရစေ့မပေါ့"

ဟု စကားပြောရင်း ထမင်းစားကြရာ ပြီးစီးသင့်လောက် အချိန်သို့ ရောက်သောအခါ မမျှော်လင့်သော အဖြစ်အပျက်တစ်ခု က ပေါ်လာလေတော့သည်။

အခြားမဟုတ်ပေ. . .။

မီးဖိုမှ မီးတောက်များမှာ အပြင်မှ လေဝှေ့လိုက်သဖြင့် မီးညွန့်မီးတောက်များ တက်ကာ နံရံသို့ စွဲလောင်လေတော့သည်။ နံရံမှာ ဝါးကပ်များ ဖြစ်သည်ကတစ်ကြောင်း၊ အပူရှိန်ကြောင့် ကြွပ်နေသည်က တစ်ကြောင်းကြောင့် ခဏချင်းမှာပင် မီးတောက်





ကြီးများ တက်လာလေတော့သည်။

"ဟို. . . ဟိုမှာ မီးလောင်နေပြီ"

"လုပ်ကြပါဦး. . . လုပ်ကြပါဦး၊ တစ်အိမ်လုံးတော့ ကုန် တော့မှာပါပဲ"

နီမောင်ရော ဒေါ်မင်းဖြူပါ နေရာမှ ပြေးသွားကြကာ ရေအိုးမှ ရေဖြင့် ခပ်လောင်းကြသော်လည်း မီးတောက်က မငြိမ်း ဘဲ ပို၍တောက်လောင်လာရာ မီးညွန့်နှင့် မီးခိုးလုံးကြီးများ တက် လာလေတော့သည်။ ထိုအခါ အနီးဝန်းကျင်၌ နေကြသော ဘုန်း ကြီးများ၊ ကိုရင်များ၊ ကျောင်းသားများနှင့် လူများ ပြေးလာကြကာ မီးငြိမ်းသတ်ရန် ကြိုးပမ်းကြလေတော့သည်။

သို့သော်. . .

နွေရာသီအပူရှိန် များနေသောကြောင့် ငြိမ်းသတ်ရန် မလွယ်ကူပဲ ပို၍ပို၍များလာကာ မီးဖိုဆောင်နံရံတစ်ခြမ်း ကုန် သွားကာ အိမ်ခေါင်သို့ပင် တက်စွဲ၍ ပြုနေချေပြီ။

"အမယ်လေး. . . ကယ်ကြပါဦးတော်. . . ကယ်ကြပါဦး၊ ကျွန်မတို့သားအမိတော့ နေစရာအိမ်ကလေး ကုန်ပါပြီတော်"

ဒေါ်မင်းဖြူအော်သံကြောင့် အနီးဝန်းကျင်မှ လူများက လည်း မရတော့ဘဲ ပို၍ပို၍များလာလေသည်။

ထိုအချိန်တွင် ဧည့်ခန်းမှာ လက်ဖက်ရည်ကြမ်း ထိုင် သောက်နေသော ဧည့်သည်ကြီးက သူ့ပါးစပ်ထဲသို့ လက်ဖက်ရည် ကြမ်းပူပူများကို လောင်းထည့်ကာ နေရာမှ ထလာပြီး မီးတောက် များအနီးသို့ ရောက်သောအခါ 'ဖူး. . . ဖူး' ဖြင့် မှုတ်လိုက်လေ



www.burmeseclassic.com

www.burmeseclassic.com

သည်။

"ကဲ. . . ဖယ်ကြဖယ်ကြ၊ ကျုပ်ငြိမ်းပေးမယ်၊ တေဇော ဆိုတာ ဝါယောနဲ့ သတ်ရင် သေတယ်"

ဟု ပြောကာ မီးတောက်များ အနီးသို့ ကပ်၍ ပါးစပ်မှ

"ဖူး. . . ဖူး. . . ဖူး"

ဟု လေဖြင့် မှုတ်၍ ငြိမ်းသတ်လေရာ ကြည့်နေရင်းမှာပင် မီးတောက်မီးလျှံများက အညွန့်ကျိုးကျကာ အရှိန်တန့်သွားလေသည်။ နောက်ထပ်တစ်ကြိမ်နှစ်ကြိမ် ပြုလုပ်လိုက်သောအခါ မီးစွယ်ကျိုးကာ နောက်ဆုံးတော့ မီးငြိမ်းကျသွားလေတော့သည်။

ထိုအခါမှ နီမောင်တို့တတွေက မီးကြွင်းမီးကျန်များကို ရေဖြင့် ငြိမ်းသတ်လိုက်ကြရာ နောက်ဆုံး မီးငြိမ်းသွားလေတော့သည်။

မီးငြိမ်းသတ်ရန် ရောက်နေကြသောလူများကတော့ ထူးဆန်းစွာ မီးငြိမ်းသတ်ပေးသော ဒေ့သည်ကြီးကို အထူးအဆန်း သဖွယ် ဝိုင်းကြည့်နေကြလေသည်။ ဒေါ်မင်းဖြူမှာလည်း မျက်ရည်စက်လက်နှင့်. . .

"အမယ်လေး. . . ကျေးဇူးကြီးလှပါပေတယ် မောင်ကြီးရယ်၊ မောင်ကြီးသာ မကယ်ရင် ကျွန်မတို့သားအမိ ပြာပုံထဲ အိပ်ရတော့မယ့်ဘဝပါရှင်"

ဟု တဖွဖွ ပြောဆိုနေလေသည်။

ကံအားလျော်စွာ မီးမှာ နံရံတစ်ခြမ်းသာ လောင်သွားသဖြင့် ညနေပိုင်းအချိန်တွင် မီးလောင်သွားသော ထရံကို ဖယ်၍





ဝါးထရံအသစ်တစ်ချပ် ပြန်တပ်လိုက်ကြသည်။

ညနေပိုင်းအချိန် ရောက်သောအခါ နီမောင်က ရေထမ်းထွက်လာပြီး ဒေ့သည်ကြီးက ဘုရားပေါ်သို့ တက်သွားလေသည်။ ညနေဘက် ရာဇူတိုင် ထမင်းဆိုင်သို့ ရေထည့်ပေးသောအခါ မြနဒီက မေးသည်။

"ဒါထက် နေ့လည်က ကိုနီမောင်တို့အိမ်ကို မီးလောင်လို့ဆို"

"ဟုတ်တယ်. . . မီးဖိုဆောင် နံရံတစ်ခြမ်းပဲ ပါသွားတယ်"

"လူတွေ ပြောသံကြားရတယ်၊ အခု အိမ်ရောက်နေတဲ့ ဒေ့သည်ကြီးက ငြိမ်းပေးသွားတာဆို. . . ဟုတ်လား"

"ဟုတ်တယ်. . . သူငြိမ်းပေးလို့သာ တော်ရော့တယ်၊ မဟုတ်ရင် တစ်အိမ်လုံး ကုန်မှာ"

"သူက ဘယ်လိုငြိမ်းပေးတာလဲ၊ လူတွေပြောတာတော့ ပါးစပ်နဲ့ မှုတ်ပြီး ငြိမ်းပေးတာဆို"

"ဟုတ်တယ်. . . သူက လေနဲ့ မှုတ်ပြီး ငြိမ်းလိုက်တာ မီးတောက်က တဖြည်းဖြည်း ငြိမ်းကျသွားတာပဲ"

"အံ့သြစရာပဲနော်"

ထိုသို့စကားပြောနေစဉ် မြနဒီ၏မိခင် ဒေါ်မိုးညိုက အနီးသို့ ရောက်လာလေသည်။

"ဟဲ့. . . သမီး ဒီမှာ ဘာလုပ်နေတာလဲ၊ ဆိုင်ထဲမှာ စားသောက်နေတဲ့လူတွေကို မကြည့်တော့ဘူးလား"


www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့ အမေ. . . ကြည့်ပါ့မယ်"

မြနဒီက ကပျာကယာ ထွက်သွားသောအခါ ဒေါ်မိုးညိုက နီမောင်ကို မျက်နှာထားတင်းတင်းဖြင့် ကြည့်သည်။

"နေစမ်းပါဦး. . . မင်းက အခု ဒီကိုလာတာ ရေထမ်းဖို့လာတာလား၊ စကားပြောဖို့ လာတာလား"

"ရေ. . . ရေထမ်းဖို့ လာတာပါ"

"ရေထမ်းဖို့ လာတာများ စကားရပ်ပြောနေရတယ်လို့၊ အလုပ်ကို မကြိုးစားချင်လို့ အခုလို ဆင်းရဲမွဲတေနေတာပဲ၊ သွားသွား၊ ကိုယ်နဲ့ မဆိုင်တဲ့အလုပ်မျိုးတွေ လုပ်တာ ငါမကြိုက်ဘူး၊ ကိုယ့်အလုပ်ကိုယ် သွားလုပ်ချေ"

နီမောင်က မျက်နှာတစ်ချက် ပျက်သွားပြီး ချထားသောရေပုံးနှစ်လုံးကို ယူကာ နေရာမှ ထွက်လာလေသည်။ ညနေပိုင်းအချိန်ရောက်သောအခါ ရာဇူတိုင် ထမင်းဆိုင်ရှေ့သို့ လင့်ရှိဘာကားတစ်စင်း ထိုးဆိုက်လာလေသည်။

ကားရပ်ပြီးသောအခါ ကားရှေ့ခန်းမှ အသက်သုံးဆယ်အရွယ်ခန့် ရှိသော လူရွယ်တစ်ယောက် ဆင်းလာသည်။ ၎င်းမှာ ဗဟန်းရဲစခန်းမှ ဌာနခွဲအုပ် မင်းခိုင်ဆိုသူ ဖြစ်သည်။ သူနှင့်အတူ နောက်လိုက်နောက်ပါ သုံးလေးယောက်လည်း ပါလာကြလေသည်။

၎င်းတို့အားလုံးမှာ ဂျူတီချိန်မှ ထွက်လာကြဟန်ဖြင့် အရပ်ဝတ် အရပ်စားများနှင့် ဖြစ်ကြလေသည်။

ဌာနခွဲအုပ် မင်းခိုင်မှာ အသက်ငယ်ငယ်ရွယ်ရွယ်နှင့်

☺ အောင်မြင်စာပေ ☺



ရာထူးရထားသူတစ်ဦး ဖြစ်သဖြင့် ဆံပင်ကို ကော့စမတ်တစ်တိုက်၍ ပြောင်လက်နေအောင် ဖြီးထားကာ ရှပ်အကျီလက်တိုဘန်ကောက်လုံချည်တို့ကို ဝတ်ဆင်ထားသည်။

ခါး၌ ခါးပတ်ပတ်ထားကာ ခြောက်လုံးပြူးသေနတ်ကိုအိတ်ဖြင့် ထည့်၍ ချိတ်ဆွဲထားလေသည်။

၎င်းမှာ အသားညိုညို၊ အရပ်ထောင်ထောင်မောင်းမောင်းနှင့် နှုတ်ခမ်းမွေးစစ ရှိလေသည်။

"ဟော. . . မောင်မင်းခိုင်တို့ပါလား၊ လာကြပါ. . . ကြွကြပါ၊ ညနေစာ သုံးဆောင်ကြမလို့ ထင်ပါရဲ့"

ဒေါ်မိုးညိုက ပျာပျာသလဲ နှုတ်ဆက်ကာ နေရာထိုင်ခင်းများ ပြင်ဆင်ပေးလေသည်။ မင်းခိုင်က ဆိုင်ထဲသို့ တစ်ချက်ဝေ့ကြည့်လိုက်ပြီး. . .

"ညနေစာ စားမလို့ အဒေါ်၊ ကျွန်တော်တို့ကို ဟင်းကျွေးဟင်းလျာကောင်းကောင်း စီစဉ်ပေးပါ"

ဟု ပြောလိုက်လေသည်။

"စိတ်ချစမ်းပါကွယ်. . . ညနေပိုင်းဆိုရင် ငါ့တူတို့ ရောက်လာတတ်မှန်း သိလို့ ဟင်းကောင်းကောင်းတွေကို တမင်ကို ဖယ်ထားတာပါ၊ မနက်က ငါးရံ့အူကောင်းကောင်းလေး ရလို့ ဆီပြန်လေး ချက်ထားပြီးတော့ တမင်ကို ချန်ထားသေးတယ်"

ထိုစကားကြောင့် မင်းခိုင်မှာ အကျေနပ်ကြီး ကျေနပ်သွားကာ မျက်နှာမှာ ပြုံးဖြီးဖြီး ဖြစ်သွားလေသည်။

"ကျေးဇူးတင်ပါတယ်ဗျာ. . . ကျွန်တော်က တစ်ကိုယ်ရေ

☺ အောင်မြင်စာပေ ☺
www.burmeseclassic.com

www.burmeseclassic.com



တကာယသမားဆိုတော့ အဒေါ်တို့လို သဘောမနောကောင်းပြီး အချက်အပြုတ်ကောင်းတဲ့ဆိုင်တွေကိုပဲ အားကိုးနေရတာပါ”

“ရပါတယ် မောင်မင်းခိုင်ရယ်၊ ကိုယ့်ဆီမှာ စားနေကျ ဖောက်သည်တွေပဲ. . . စိတ်တိုင်းကျစေမပေါ့၊ သမီးရေ. . . ဒီမှာ မောင်မင်းခိုင်တို့ ရောက်နေကြတယ်၊ အမောပြေ သောက်ဖို့ လက်ဖက်ရည်ကြမ်း ယူခဲ့ပါကွယ်”

ဟု လှမ်းအော်ပြောလိုက်သောအခါ အတန်ကြာလျှင် မြနန္ဒီတစ်ယောက် လက်ဖက်ရည်ကြမ်းဇန်းကို ကိုင်ကာ ရောက်လာလေသည်။

“ဘာဟင်းတွေနဲ့များ သုံးဆောင်မလဲရှင်”

လက်ဖက်ရည်ကြမ်းဇန်းကို စားပွဲပေါ် တင်ပေးလိုက်ရင်း မြနန္ဒီက မေးလိုက်သည်။

“မြလေးတို့ဆိုင်က ချက်တဲ့ဟင်းတွေက စေတနာနဲ့ ချက်တာဆိုတော့ ဘယ်ဟင်းမဆို အရသာရှိတာပဲ၊ ကိုယ်တို့က ကျီး မများတတ်ပါဘူး၊ ဘာဟင်းနဲ့မဆို ရပါတယ်၊ ယူသာ လာခဲ့ပါ”

ဟု ခပ်ပြုံးပြုံး ပြောလိုက်ရာ မြနန္ဒီက ခေါင်းညိတ်ပြပြီး နေရာမှ ပြန်ထွက်သွားလေသည်။

မင်းခိုင်ကတော့ အနားမှ ထွက်သွားသော မြနန္ဒီ၏ကျော ပြင်ကို မျက်စိတဆုံး လိုက်ကြည့်နေလေသည်။

ထိုအခိုက်မှာပင် ဆိုင်အတွင်းသို့ လူကြီးတစ်ယောက် ဝင်လာပြီး မင်းခိုင်တို့ ထိုင်နေသောစားပွဲနှင့် မနီးမဝေးရှိ စားပွဲ၌ ဝင်ထိုင်လေသည်။



မနက်ပိုင်းက ညအိပ်နေရန် ခွင့်တောင်းသော လူကြီးပင် ဖြစ်သည်။ သူသည် လွယ်အိတ်ကြီးကို နံဘေးမှာ ချ၍ ဆိုင်အတွင်းသို့ မျက်စိတစ်ချက်ဝေ့ကြည့်လိုက်သည်။ ထိုအခါ ဒေါ်မိုးညိုက အနားသို့ လျှောက်သွားပြီး. . .

“ဒီဆိုင်မှာ ညအိပ်ညဥ့်နေ တည်းခိုဖို့ဆိုရင်တော့ တဆိတ် သည်းခံပါရှင်၊ ဒီမှာ ညအိပ်ဧည့်သည်တွေ များနေလို့ပါ”

“မဟုတ်ပါဘူး. . . ထမင်းစားမလို့ လာတာပါ၊ ထမင်း အဝစားရင် လူတစ်ယောက်ကို ဘယ်လောက်ယူပါသလဲ”

ဟု မေးလိုက်သည်။

“ထမင်းအဝစားရင် တစ်မတ်ယူပါတယ်ရှင်”

“ဒီလိုဆိုရင် ငါးရံ့အူဟင်းနဲ့ ထမင်းတစ်ပွဲ ပေးပါ”

ထိုအခါ ဒေါ်မိုးညိုက. . .

“ငါးရံ့အူဟင်းက ဒီက သူငယ်တွေအတွက် ချန်ထားတာမို့ အပိုမရှိတော့ပါဘူး၊ တခြားဟင်းတွေနဲ့သာ သုံးဆောင်ပါ”

ဟု ပြောလိုက်သည်။

“ကျုပ်ကလည်းဗျာ. . . ဒီကနေ့မှ ငါးရံ့အူဟင်း စားချင်စိတ်ကလေး ပေါ်လာလို့ လာတာပါ၊ မရှိတော့လည်း ဘယ်တတ်နိုင်ပါ့မလဲ”

ထိုအခါ စားပွဲချင်း ကပ်ထိုင်နေသော မင်းခိုင်က လွန်စွာ သဘောမနောကောင်းသော အမူအယာနှင့်. . .

“ကျွန်တော့်အတွက် ချန်ထားတဲ့ ငါးရံ့အူဟင်းကို သူ့ကိုပဲ ပေးလိုက်ပါ အဒေါ်၊ ကျွန်တော်တို့က လူငယ်တွေပဲ၊ ရှိတဲ့ဟင်းနဲ့



www.burmeseclassic.com

www.burmeseclassic.com

စားလို့ဖြစ်ပါတယ်"

ဟု ပြောလိုက်ရာ ဒေါ်မိုးညိုမှာ မျက်နှာမကြည်မသာနှင့် ထမင်းပွဲ ပြင်ဆင်ပေးလေသည်။

ထမင်းပွဲ ရောက်လာသောအခါ ထိုလူကြီးက ဘာမှ မပြောတော့ပဲ ငုံ့၍စားသောက်နေသော်လည်း သူမှာထားသော ငါးရံ့အူဟင်းကို လက်နှင့်ပင် မထိပေ။

မင်းခိုင်တို့မှာလည်း မြနဒီက ထမင်းဟင်းများ လာရောက်ချပေးသဖြင့် စားသောက်နေကြလေပြီ။ ထိုအချိန်မှာ မြနဒီက အနီးမှ ရပ်ကာ လိုလေသေး မရှိအောင် ပြုစုပေးရလေသည်။

ထိုလူကြီးနှာမှာတော့ ဘယ်သူမှ မရှိပေ။

အတန်ကြာသောအခါ ထိုလူကြီးမှာ ထမင်းစားပြီးသွားဟန်ဖြင့် နေရာမှ ထရပ်သည်။ ပြီးလျှင် အိတ်ထဲမှ ပိုက်ဆံတစ်မတ်ကို ထုတ်၍ စားပွဲပေါ် တင်လိုက်သောအခါမှ ဒေါ်မိုးညိုက ပိုက်ဆံယူဖို့ အနားသို့ ရောက်လာသည်။

"ဟင်. . . ဒီမှာ ငါးရံ့အူဟင်းလည်း တစ်စက်မှ မလျော့ပါလား၊ ရှင်မစားဘူးထင်တယ်"

"ဟင်းက ဒီလောက်ငန်နေတာ စားလို့ဖြစ်မလားဗျ"

"ဟင်းက ငန်တယ်၊ ကျုပ်ကိုယ်တိုင် ချက်ထားတဲ့ဟင်းက စားမဖြစ်အောင် ဝန်ပါ့မလား"

"ခင်ဗျား ချက်တဲ့ဟင်း ခင်ဗျားကိုယ်တိုင် မြည်းကြည့်ပါလား"

"ဟုတ်ချင်ဟုတ်ပေါ့"

☺ အောင်မြင်စာပေ ☺



ဟု ပြောကာ ဟင်းရည်တစ်ဇွန်းကို ခပ်၍ ပါးစပ်ထဲသို့ ထည့်လိုက်လေသည်။

"ဖူး. . . ဖလူး. . . အား. . . ငန်လိုက်တာ"

ဟင်းရည်မှာ ဆားခဲကို အရည်ဖျော်ထားသကဲ့သို့ စူးစူးဝါးဝါး ငန်နေသောကြောင့်,ချက်ချင်းပြန်ထွေးထုတ်လိုက်ရသည်။ ထိုအဖြစ်အပျက်ကြောင့် မြနဒီရော ဦးဘထွားပါ အနားသို့ ရောက်လာကြသည်။

"ဘာဖြစ်တာလဲ မမိုးညို. . . ဘာဖြစ်တာလဲ"

"ဘာဖြစ်လို့လဲ အမေ"

"ဒီဟင်းရည်ထဲကို ဆားခဲတွေ အတုံးလိုက် ဖျော်ထည့်ထားသလိုပဲ၊ ညည်းများ လက်လွန်သွားရော့သလား"

"မဟုတ်ပါဘူး အမေ၊ ဒီဟင်းပွဲက အမေ မနက်က ဖယ်ထားတဲ့အတိုင်းပါပဲ"

"ဖယ်စမ်းပါဦး. . . ငါမြည်းစမ်းပါရစေ"

ဟု ပြောကာ ဦးဘထွားက ဟင်းရည်တစ်ဇွန်း ခပ်၍ ပါးစပ်ထဲသို့ ထည့်လိုက်သည်။

"ဟဲ့. . . ဘယ်မှာ ငန်လို့လဲ. . . အနေတော်ပါပဲ၊ သမီး. . . နင်လည်း မြည်းကြည့်စမ်း"

ဟု ပြောသဖြင့် မြနဒီကပါ ဟင်းရည်တစ်ဇွန်း ခပ်၍ မြည်းကြည့်ရာ ဟင်းရည်မှာ အနေတော် အရသာမျိုးသာ ရှိလေသည်။

"မငန်ပါဘူး အမေရဲ့. . . အနေတော်ပါပဲ"

☺ အောင်မြင်စာပေ ☺
www.burmeseclassic.com

www.burmeseclassic.com

"ညည်းတို့ကလည်း ငါ့ကို အရူးလုပ်နေကြပြန်ပြီ၊ ပါးစပ်ချင်း အတူတူ ငါ့ပါးစပ်တစ်ပေါက်မှ ရွေးပြီးငန်နေရသလား"

ဟု ပြောကာ ဒေါ်မိုးညိုက နောက်ထပ်ဟင်းရည်တစ်ဇွန်း ခပ်ယူကာ မြည်းကြည့်ပြန်လေရာ ရှေးနည်းအတိုင်း စူးစူးဝါးဝါး ငန်လှသဖြင့် ထွေးထုတ်လိုက်ရပြန်လေသည်။

"ပူး. . . ဖလူး၊ အမယ်လေး. . . ငန်လိုက်တာ၊ တူးခါးနေတာပါပဲ"

ထိုသို့ဖြစ်နေစဉ် စောစောက ထမင်းစားသောလူကြီးက

"ဟင်းပန်းကန်ထဲကို စေတနာလေး နည်းနည်းလောက် ထည့်ပေးလိုက်ရင် အရသာရှိသွားမှာပါ"

ဟု ပြောဆိုကာ လွယ်အိတ်ကြီးကို လွယ်၍ ဆိုင်ထဲမှ ပြန်ထွက်သွားလေရာ အားလုံးပါးစပ်အဟောင်းသားဖြစ်ကာ ကျန်ခဲ့ကြလေတော့သည်။





# အခန်း(၃)

# စေတနာနှင့် တုံ့ပြန်မှုများ

နောက်တစ်နေ့တွင် ရာဇူတိုင် ထမင်းဆိုင်၌ ထူးထူးခြားခြား ဖြစ်ပွားခဲ့သောအကြောင်းက ကြားတောရလမ်းရှိ ထမင်းဆိုင်တန်းတလျှောက်လုံး တောမီးလောင်သကဲ့သို့ ပြန့်နှံ့သွားလေတော့သည်။

"ဟဲ့. . . မနေ့က ညနေက ရာဇူတိုင် ထမင်းဆိုင်က ဒေါ်မိုးညိုတစ်ယောက် အောက်လမ်းဆရာတစ်ယောက်နဲ့ တွေ့လို့ဆိုလားပဲ"

"ဘယ်လိုဖြစ်လို့လဲဟဲ့"


www.burmeseclassic.com

www.burmeseclassic.com

"အဲဒီဆရာက ဟင်းရည်တွေကို ချက်ချင်းငန်အောင် ချက်ချင်းပေါ့အောင် လုပ်ပြသွားတာတဲ့"

"ဒီမိန်းမကြီးက မာနကြီးပြီး သဘောထား ဆိုးတာကိုး၊ တော်ကြာ ပြုစားတတ်တဲ့လူနဲ့ တွေ့ရင်တော့ အပြုစားခံနေရလိမ့်မယ်"

"ဟဲ့. . . နင်တို့ မသိသေးဘူးလား၊ အဲဒီလူကြီးက ရေထမ်းတဲ့ နီမောင်တို့အိမ်မှာ''တည်းတယ်ဆိုသလားပဲ၊ နေ့လည်က နီမောင်တို့အိမ် မီးလောင်တာကို သူဝင်ငြိမ်းပေးမှ မီးငြိမ်းသွားတာတဲ့တော်"

"ဒါဖြင့်ရင်တော့ ဒီလူကြီးက အောက်လမ်းဆရာများ ဖြစ်နေရော့သလား"

ဟု အမျိုးမျိုး ပြောဆိုနေကြလေသည်။ ဦးဘထွားနှင့် ဒေါ်မိုးညိုတို့မှာလည်း တစ်ချိန်လုံး ထိုအကြောင်းကို ပြောမဆုံးနိုင်အောင် ရှိနေကြသည်။

"တော်တို့ သားအဖနှစ်ယောက် ငါးဟင်းရည်ကို မြည်းကြည့်တော့ ဘယ်လိုနေသလဲ"

"အနေတော်ပါပဲကွာ. . . မင်းပါးစပ်က မိတွင်းပျက်နေလို့များ အခုလို တူးတူးခါးခါး ငန်နေသလားမှ မသိတာ"

"ဟုတ်တယ် အဖေရဲ့၊ ကျွန်မ မြည်းကြည့်တော့လည်း အနေတော်ပါပဲ"

"မဟုတ်ပါဘူးအေ. . . ညည်းတို့က ငါ့ကိုများ အရူးမှတ်နေကြသလား၊ ငါလည်း ဒီလောက်နမော်နမဲ့ မဟုတ်သေးပါဘူး၊





အဲဒီငါးရဲ့အူဟင်းကို မနက်ကတည်းက မောင်မင်းခိုင်တို့ လာရင် ကျွေးဖို့ ငါကိုယ်တိုင် ဗဟန်းဈေးက ဝယ်လာပြီး ချက်တာပဲ၊ ပြီးလို့ မြည်းကြည့်တော့လည်း အနေတော်ပါပဲ၊ ဘယ့်နှယ့် ညနေရောက်မှ ဒီလောက်တောင် ငန်သွားရသလဲ မသိပါဘူး"

ဒေါ်မိုးညိုက ပြောင်းဖူးဖက် ဆေးပေါ့လိပ်ကို မီးတရဲရဲဖြစ်လာသည်အထိ ဖွာရင်း မကျေမနပ်ဖြင့် ရေရွတ်ပြောဆိုနေလေသည်။ နံဘေးနားမှ ကွမ်းတမြုံ့မြုံ့ ဝါးနေသော ဦးဘထွားက. .

"ငါကြားဖူးတာတော့ ဟင်းချက်လို့ ငါးသည်းခြေတွေဘာတွေ ပါသွားရင်သာ ခါးတယ်လို့ ကြားဖူးပါတယ်၊ အခုတော့ မဟုတ်ကာမှလွဲရော၊ နေ့လည်က ဟင်းပန်းကန်ထဲကို ဆားပန်းကန်များ မှောက်ကျလေရော့သလား"

ဟု ပြောရာ အနားမှာ ထိုင်နေသော မြနဒီကပါ ဝင်ပြောလေ၏။

"အဖေတလည်း. . . ဆားပန်းကန် မှောက်ကျရင် အားလုံး ငန်နေမှာပေါ့၊ အခုဟာက အမေတစ်ယောက်တည်း ရွေးပြီးတော့ ငန်နေတာ၊ အဖေနဲ့ကျွန်မတို့နှစ်ယောက် ခပ်မြည်းကြည့်တော့ ဘယ်မှာ ငန်လို့လဲ"

"အေး. . . ဒါလဲ ဟုတ်သားပဲ၊ ငါမြည်းကြည့်တော့လည်း အနေတော်ပါပဲ. . . ဘယ်လိုဖြစ်တာလဲ"

"ဘယ်လိုဖြစ်ရမှာလဲ. . . ညနေက ဆိုင်ထဲ ဝင်ပြီး ထမင်းစားတဲ့လူက အောက်လမ်းဆရာတွေဘာတွေများ ဖြစ်နေရော့သလားမှ မသိတာ၊ သူ့ပြုစားလို့ဖြစ်မှာပေါ့"


www.burmeseclassic.com

www.burmeseclassic.com

"အဲဒီလူက ဘယ်မှာ တည်းနေတာလဲ"

"ရေထမ်းတဲ့ နီမောင်တို့အိမ်မှာလို့ ပြောတာပဲ၊ မနက်ပိုင်း သူရောက်လာပြီး နေ့လည်က သူတို့အိမ်ကိုတောင် မီးလောင်ခံရသေးတယ်၊ ဟုတ်ပါပြီ. . . အဲဒီလူကြီးဟာ ပြုစားတတ်တဲ့ အောက်လမ်းဆရာပဲ ဖြစ်မှာသေချာတယ်"

"အမေရယ်. . . ဟုတ်မယ် မထင်ပါဘူး"

"ညည်းက ဘယ်လောက်သိလို့ ဝင်ပြောတာလဲ၊ အခုကာလက ပယောဂဆရာတွေ အောက်လမ်းဆရာတွေ၊ ပညာသည်တွေ ပေါမှပေါပါဘိသနဲ့၊ သူတို့ပညာ ကိုယ်မြင်ရတာမှတ်လို့"

ထိုစကားကြောင့် ရိုးရိုးနေတတ်သော ဦးဘထွားကပါ အနည်းငယ် စိုးရိမ်စိတ် ဝင်မိလေသည်။

"သူက အခုထိ နီမောင်တို့အိမ်မှာ ရှိနေတယ်ဆိုတော့ ဘယ်လိုလုပ်ကြရင် ကောင်းမလဲ၊ တော်ကြာ နောက်တစ်ခေါက် ထပ်လာနေရင် ခက်မယ်"

"ဒီကိစ္စက ပေါ့ပေါ့တွေးလို့မရဘူး၊ ဗဟန်းဂါတ်တဲက မောင်မင်းခိုင်တို့ကို ကြိုတင်ပြီး အကြောင်းကြားတန်တာ ကြားထားရမယ်၊ နောက်ပြီး နီမောင်ကိုလည်း မနက်ဖြန်ကစပြီး ရေထည့်ခိုင်းလို့ မဖြစ်တော့ဘူး"

"ဟင်. . . အမေကလည်း၊ နီမောင်က ဘာအပြစ်ရှိလို့လဲ"

"ဟဲ့. . . သူ့အိမ်မှာ ပယောဂဆရာလိုလို အောက်လမ်းဆရာလိုလို ရောက်နေတာ၊ တော်ကြာ သူကတဆင့် ပြုစားလိုက်ရင် မခက်ပေဘူးလား"





"ဒီလိုတော့ လုပ်မယ်မထင်ပါဘူး အမေရယ်"

"နင် ဘာမှမသိဘဲ ဝင်ပြောမနေနဲ့ မြနဒီ၊ မနက်ကစပြီး နီမောင်ကို ရေထည့်မခိုင်းနဲ့တော့၊ တခြားရေထမ်းသမား ခေါ်ပြီး ထည့်ခိုင်းတော့. . . ကြားရဲ့လား"

"ဟုတ်. . . ဟုတ်ကဲ့"

"နောက်ပြီး ညည်းကို ငါပြောစရာ ရှိသေးတယ်"

ဒေါ်မိုးညိုက သောက်လက်စ ပြောင်းဖူးဖက်ဆေးလိပ်ကို မီးညီစေရန် တံတွေးဆွတ်၍ ညှိပေးနေရင်း ဆက်ပြောသည်။

"ဗဟန်းဂါတ်တဲက ဌာနအုပ် မောင်မင်းခိုင်တို့ လာရင် ရှောင်ဖယ်ရှောင်ဖယ် လုပ်မနေစမ်းပါနဲ့၊ ကျကျနန စိတ်ပါလက်ပါ ဧည့်ခံပေးစမ်းပါ၊ ညည်းကို ကြည့်ရတာ စိတ်တိုင်းကို မကျဘူး"

"အမေကလည်း. . . သမီးက ဘာလုပ်နေလို့လဲ"

မြနဒီက နှုတ်ခမ်းစူ၍ပြောသည်။

"ဟဲ့. . . နင်လုပ်ပုံတွေက ဟုတ်လို့လား၊ ကိုယ့်ဆိုင်ကို အရာရှိအရာခံတွေ လာပြီးစားသောက်တာ ဘယ်လောက် ဂုဏ်ယူဖို့ကောင်းသလဲ၊ တခြားဆိုင်တွေမှာ လာစေချင်လွန်းလို့တောင် မလာလို့ ခဏ်နေကြတာ၊ အခုတော့ ညည်းဥစ္စာ ဆိုင်ကို ရောက်လာတာတောင်မှ ကြည်ကြည်သာသာ မရှိတဲ့ပုံမျိုးနဲ့၊ ညည်းအချိုးတွေကို မြင်နေဘ် မြနဒီ"

"အမေကလည်း. . . သမီးက နေတတ်သလို နေတဲ့ဥစ္စာ အပြစ်ပဲ မြင်နေတယ်"

"ဘာ. . . နေတတ်သလို နေတယ် ဟုတ်လား၊ ငါပြော


www.burmeseclassic.com

www.burmeseclassic.com



လိုက်ရ မကောင်းဘဲ ရှိတော့မယ်၊ ဟို. . . ဘာမဟုတ်တဲ့ ရေထမ်းတဲ့ နီမောင်နဲ့ တွေ့ရင် မျက်နှာက ပြုံးချိုနေတာပဲ၊ ညည်းက ငါ မွေးထားတာပါအေ၊ ဝါးနုကနေ ဝါးရင့်ကို တက်လိမ်ဖို့ မကြိုးစားချင်စမ်းပါနဲ့"

"အမေကလည်း. . . ကျွန်မဆိုရင် အပြစ်ချည်း မြင်နေတော့တာပဲ. . . စိတ်ညစ်လာပြီ"

"အေး. . . စိတ်ညစ်တာ နောက်ထား၊ ငါပြောသလို မနက်ကျလို့ ဟိုကောင်လာရင် ရေထမ်းသမား ပြောင်းလိုက်တော့နော်. . . ကြားလား"

မြနန္ဒီက ဘာမှပြန်မပြောပဲ နေရာမှ ထသွားလေသည်။

နောက်တစ်နေ့ နံနက်လင်းသောအခါ နီမောင်တစ်ယောက်၊ ရေထမ်း ထမ်းပိုးကို ထမ်းကာ ရောက်လာလေသည်။ မြနန္ဒီက ဆိုင်ပေါက်ဝမှ ထွက်စောင့်နေသည်။ ထိုအချိန်တွင် ဦးဘထွားက ဘုရားရှိခိုးနေပြီး ဒေါ်မိုးညိုက ဆိုင်မှ မိန်းကလေးတစ်ယောက်နှင့် ဗဟန်းဈေးသို့ ဟင်းချက်စရာ သွားဝယ်နေလေသည်။

"ဒီကနေ့ ရေထည့်ပေးရဦးမလား မမလေး"

"ဒီကနေ့ ရေမယူသေးဘူး ကိုနီမောင်၊ မနေ့က ထည့်ပေးထားတဲ့ ရေကျန်တွေ ရှိသေးလို့ နောက်နေ့မှပဲ လိုရင် မှာတော့မယ်"

ထိုစကားကြောင့် နီမောင်စိတ်ထဲမှာ နည်းနည်းတော့ အံ့ဩသွားသည်။ ခါတိုင်းဆိုလျှင် တစ်နေ့ထည့်ပေးသောရေ တစ်နေ့သုံးတာနှင့် မလောက်သဖြင့် နှစ်ကျော့ပြန် သုံးကျော့ပြန်





ထည့်ပေးရလေသည်။ တစ်ခါတစ်ရံ ထမင်းစားချိန်ပင် ပြန်ခွင့်မရဘဲ ထမင်းဆိုင်မှာ လူကျလျှင်ကျသလို ဆက်တိုက်ထည့်ပေးရသည်။

ယခု ရွှေတိဂုံစေတီတော် တပေါင်းပွဲတော် နီးလာပြီး ဧည့်သည်များလာတော့ ရေမလိုတော့ဟု ဆိုသဖြင့် အံ့ဩသွားမိခြင်းဖြစ်သည်။ နီမောင်က ရေမလိုတော့ဟု ဆိုသဖြင့် တခြားဆိုင်များဘက်သို့ သွားရန် ခြေလှမ်းပြင်လိုက်သည်နှင့် မြနန္ဒီက လှမ်းမေးလိုက်သည်။

"ဒါထက် ကိုနီမောင်တို့အိမ်မှာ တည်းနေတဲ့ ဧည့်သည်ကြီးရော ရှိသေးလားဟင်"

"ရှိအေးတယ်. . . ညကတော့ တစ်ညလုံး ဘုရားကုန်းတော်ပေါ် တက်ပြီး ပုတီးစိပ်နေတယ် ထင်ပါရဲ့၊ ကျွန်တော်ထွက်လာတဲ့အထိတော့ ပြန်မလာသေးဘူး၊ ဘာဖြစ်လို့လဲ မမလေး"

"အော်. . . ဟို. . . ဟို. . . ဘာမှမဖြစ်ပါဘူး၊ မနေ့ညနေက သူတောင် ကျွန်မတို့ဆိုင် ရောက်လာပြီး ထမင်းစားသွားသေးတယ်"

"ကျွန်တော်တို့က အိမ်မှာ စားပါလို့ အတန်တန် ပြောတာကို အားနာလို့ ထင်ပါရဲ့၊ ဒါကြောင့် အပြင်မှာ ထွက်စားတာနေမှာပါ"

"ဟို. . . သူက ဘယ်က လာတာတဲ့လဲ"

"ကျွန်တော်နဲ့လည်း အေးအေးဆေးဆေး စကားမပြောရသေးတော့ မသိရသေးဘူး၊ ပုံပန်းသဏ္ဌာန် အကဲခတ်ကြည့်ရတာ



www.burmeseclassic.com

www.burmeseclassic.com



တော့ အညာဘက်က လာတာလို့ ထင်တာပဲ၊ အမိဌာန်ဝင်နေတာလို့တော့ ထင်တာပဲ"

ဟု ပြောကာ နီမောင်က ရေပုံးကို ထမ်းကာ ထွက်သွားလေရာ မြနန္ဒီက နောက်မှ လှမ်းကြည့်ရင်း စိတ်မကောင်း ဖြစ်မိလေသည်။ သို့သော် သူမအနေနှင့် ဘာမှပြောပိုင်ခွင့် မရှိသောကြောင့် သက်ပြင်းချရုံသာ တတ်နိုင်လေတော့သည်။

ထိုနေ့က အခြားရေထမ်းသမားတစ်ယောက်ကို ခေါ်ပြီး ရေထည့်ခိုင်းရသည်။

သို့သော် ထိုလူထည့်သွားသောရေများမှာ ထမင်းဟင်းချက်ပြုတ်ချိန်ရောက်မှ ကြည့်လိုက်သောအခါ သုံးမရအောင် ပုတ်စော်နံနေသည်ကို တွေ့ရသဖြင့် ဒေါ်မိုးညိုမှာ အကြီးအကျယ် ဒေါသူပုန်ထလေတော့သည်။

"ဟဲ့ . . . မြနန္ဒီ၊ ဒီရေက ဘယ်သူထည့်သွားတာလဲ၊ ပုတ်စော်နံနေတယ်ဟဲ့ . . . ဒီရေနဲ့ ဘယ်လို ထမင်းဟင်းချက်မှာလဲ"

"အမေပဲ တခြားလူပြောင်းဆိုလို့ ကိုဟန်တင်ကြီးကို ခေါ်ထည့်ခိုင်းထားတာပဲ"

"အဲဒီရေထမ်းတဲ့ ဟန်တင်ကို သွားခေါ်စမ်း"

ဟု ဆိုင်မှ အလုပ်သမားတစ်ယောက်ကို သွားခေါ်ခိုင်းရာ အတန်ကြာသောအခါ ရေထမ်းသမား ဟန်တင် လိုက်လာသည်။

"ဘာဖြစ်လို့လဲ ဒေါ်မိုးညို . . . ရေလိုလို့လား"

"ရေလိုလို့ မဟုတ်ဘူးဟေ့၊ မင်းထည့်သွားတဲ့ရေတွေက ပုတ်စော်နံနေလို့ဟဲ့"





"ဗျာ . . . ပုတ်စော်နံနေလို့ ဟုတ်လား"

"ဟုတ်တယ် . . . ဟုတ်တယ်၊ ဘယ်မြောင်းထဲက ခပ်ယူလာသလဲမှ မသိတာ"

"ခင်ဗျား ဒီလိုတော့ မပြောနဲ့ဗျာ၊ ကျုပ်တို့က ဆင်းရဲလို့ ရေထမ်းစားရပေမယ့် ဒီလိုယုတ်မာတဲ့စိတ်မျိုး လုံးဝမရှိပါဘူး"

ဟု ပြောကာ သူထည့်ထားခဲ့သောရေများကို လိုက်ကြည့်ရာ အမှန်ပင် အပုတ်နံ့များ ထွက်နေသည်ကို တွေ့ရသည်။

"အဲဒါဆိုရင် ခင်ဗျားရေအိုးက မသန့်လို့ပဲ ဖြစ်ရမယ်၊ ကျုပ်ခပ်လာတဲ့ရေက အများခပ်နေတဲ့ ရေကန်ကပဲ ခပ်ယူလာတာပဲ"

ဟု ပြောကာ ရေထမ်းသမား ဟန်တင်က ရေထမ်းခပိုက်ဆံများကို ပြန်ပေးသွားပြီး ထွက်သွားလေတော့သည်။

ထို့ကြောင့် အပုတ်နံ့ ထွက်နေသောရေများကို သွန်ပစ်ပြီး အိုးများကို အသေအချာ ဆေးကြော၍ နောက်ထပ်ရေထမ်းသမားတစ်ယောက်ကို ခေါ်၍ ရေထည့်ပြန်လေသည်။

ထိုအခါ ရှေးနည်းအတိုင်းပင်။

ရေများက ထည့်သွားစက အနံ့အသက် ဘာမှမရှိသော်လည်း အတန်ကြာသောအခါ တဖြည်းဖြည်းနှင့် အပုတ်နံ့ ထွက်လာသဖြင့် သုံးမရဘဲ သွန်ပစ်ရပြန်လေသည်။

ဤသို့ဖြင့် ရေထမ်းသမား တစ်ယောက်ပြီးတစ်ယောက် ပြောင်းထည့်သော်လည်း ခပ်ယူလာသောရေများက အပုတ်နံ့ချည်း ထွက်နေသောကြောင့် အကြိမ်ကြိမ် သွန်ပစ်နေရသဖြင့် ထမင်း



www.burmeseclassic.com

www.burmeseclassic.com



ဟင်း ချက်ပြုတ်ချိန်ပင် မမီတော့ပေ။

ရေများ သွန်ပြီး ရေထည့်သောအိုးများကို စစ်ဆေးကြည့်တော့လည်း ပုံမှန်အတိုင်း ဘာအနံ့မှ မရှိသဖြင့် အခက်တွေ့နေကြလေသည်။

"အမေ ဘယ်လိုလုပ်ကြမလဲ၊ ဒီအတိုင်းဆိုရင် ထမင်းဟင်းချက်ချိန်မှ မီပါတော့မလား မသိဘူး"

ထိုအခါ ဦးဘထွားက. . .

"နည်းနည်းတော့ ထူးတယ် မမိုးညိုရဲ့၊ ငါ ထမင်းဆိုင်တန်းကို မသိမသာ လိုက်ပြီးအကဲခတ်ကြည့်ပြီးပြီ၊ ရေထမ်းတဲ့လူတွေက၊ ကန်ထဲက ရေကိုပဲ ခပ်ပြီးထည့်ပေးကြတာပဲ သူတို့တော့ဘာမှပြောသံမကြားရဘဲ တို့ဆိုင်တစ်ဆိုင်ထဲကျမှ ကွက်ပြီး အပုတ်နံ့ ရနေတာတော့ ဆန်းသလိုပဲ"

ဟု ဝင်ပြောလေသည်။

"ဟုတ်ပါပြီ. . . ဟုတ်ပါပြီ၊ ကျုပ်တို့ဆိုင်ကို မနေ့ကလာတဲ့လူကြီးပဲ ပြုစားသွားတာ ဖြစ်မှာပါပဲ"

"မင်း အဲသည်လို စိတ်ထင်ရာ လျှောက်ပြောနေလို့ ခက်နေတာပေါ့၊ ဟုတ်ရင် တော်ပါရဲ့၊ မဟုတ်ရင် အကုသိုလ်တိုးသက်သက်ဝယ်ယူသလို ဖြစ်နေပါဦးမယ်ကွာ"

"ကဲ. . . ကဲ. . . ရှင်တရားချတာက နောက်မှပဲ ချပေတော့၊ အခု လောလောဆယ် ဟင်းချက်ဖို့ အသားငါးတွေကလည်း အားလုံးဝယ်ခြမ်းပြီးပြီ. . . ဘယ်လိုလုပ်ကြမလဲ"

"ဘယ်လိုလုပ်ရမလဲကွာ. . . ခါတိုင်းလိုပဲ နီမောင်ကိုပဲခေါ်ပြီး ထည့်ခိုင်းကြည့်ပါလား၊ သူထည့်ပေးတဲ့ရေပါ ပုတ်စော်နံနေတော့လည်း တစ်မျိုးကြံစည်ကြသေးတာပေါ့"

ဟု ပြောပြသဖြင့် ဒေါ်မိုးညိုမှာ မတတ်သာတော့ဘဲ နီမောင်ကို အခေါ်လွှတ်လိုက်ရလေသည်။ ထိုအချိန်၌ နီမောင်မှာ ရေထမ်းပြီးသွားသဖြင့် အိမ်ပြန်သွားပြီ ဖြစ်သောကြောင့် အိမ်အထိ လိုက်ခေါ်ရသည်။ မြနုဒီကိုယ်တိုင် လိုက်သွားခြင်း ဖြစ်လေသည်။ နီမောင်က နံနက်စာ ထမင်းစားပြီး သစ်ပင်ရိပ်၌ စာဖတ်နေရာ မြနုဒီ ဝင်လာတာ မြင်တော့ အံ့သြသွားလေသည်။

"ဟင်. . . မမလေးပါလား၊ ဘာကိစ္စရှိလို့လဲ"

မြနုဒီက အကျိုးအကြောင်း ပြောပြသောအခါ ချက်ချင်းအဝတ်အစား ပြန်လဲကာ လိုက်ရန်ပြင်လေသည်။ ထိုအခါ အိမ်ဝမှာ ထိုင်၍ ပုတီးစိပ်နေသော ဧည့်သည်ကြီးက လှမ်းပြောလေသည်။

"နီမောင် ရေထည့်ပေးရင်း သရဏဂုံကို ရွတ်ပေးလိုက်ပါကွာ"

သို့ကြောင့် ခေါင်းညိတ်ပြပြီး ရေပုံးများကို ယူ၍ လိုက်လာလေသည်။

ထို့နောက်. . .

အချိန်မီ ထမင်းဟင်းများ အချိန်မီ ချက်ပြုတ်နိုင်ရန် ရေကန်မှ ရေထမ်းထည့်ပေးရလေသည်။

နီမောင် ခပ်သောရေမှာလည်း ထိုရေကန်မှပင် ဖြစ်သော်လည်း ပုတ်စော်မနံတော့သဖြင့် အံ့သြနေကြလေသည်။





☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း ကြာရှည်အံ့သြမနေသာတော့ဘဲ ထမင်း[illegible] ဟင်းများကို အချိန်မီအောင် အလျင်အမြန် ချက်ပြုတ်ကြရ[illegible] တော့သည်။ ဒေါ်မိုးညိုမှာ စိတ်ထဲက မကျေမနပ် ဖြစ်မိသော်[illegible] လည်း ယခုကဲ့သို့ လုပ်ငန်းများ အဆင်ပြေသွားသဖြင့် ဘာမှထ[illegible] မပြောတော့ပေ။





## အခန်း(၄)

# တုံ့ပြန်မှုနှင့် အံ့သြဖွယ်ရာများ

တစ်နေ့သ၌ ဗဟန်းဂါတ်တဲဝန်းအတွင်းရှိ ရုံးခန်းအတွင်း၌ [illegible]နအုပ် မင်းခိုင်သည် ၎င်း၏လက်အောက်၌ တာဝန်ထမ်းနေကြ[illegible]သာ အမှုလိုက်ပုလိပ်များ၊ စုံထောက်များကို စုရုံးစေလျက် [illegible]အာက်ပါအတိုင်း မှာကြားနေလေသည်။

"အခု ပုလိပ်မင်းကြီးကနေ ဂါတ်တဲတွေကို အကြောင်း[illegible]ားစာ ဖြန့်ဝေပို့ထားတယ်၊ အဲဒါကတော့ တခြားမဟုတ်ဘူး၊ [illegible]းမနားနယ်ဘက်ကနေ ရန်ကုန်နယ်နိမိတ်ဘက်ကို တန်ခိုးသိဒ္ဓိ[illegible]ဲ့ လူတစ်ယောက် ရောက်လာတယ်လို့ သံတင်းကြားရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလူက ဘယ်လိုတန်ခိုးသိဒ္ဓိရှိတာလဲ ဆရာ"

"သူ့ကို မသက်ာလို့ အချုပ်ထဲ ထည့်ထားတာ ဘာတွေ လို့မှလည်း မစားဘူး၊ ပုတီးပဲ ထိုင်စိပ်နေတယ်၊ နောက်ဆုံး မြို့သ မြို့သားတွေ လှုပ်လှုပ်ရွရွ ဖြစ်လာတာနဲ့ ပျော်ဘွယ်အချုပ်ကို ပို့လိုက်ရတယ်"

"နောက်တော့ ဘယ်လိုဖြစ်သလဲ ဆရာ"

"ပျော်ဘွယ်အချုပ်ထဲ ရောက်တော့လည်း အချုပ်သား တွေကို တရားဟောနေသတဲ့၊ အဲဒီအချိန်တုန်းက သူ့မှာ ဆံပင် ရှည် ရှိတယ်"

"သူ့နာမည်က ဘယ်သူတဲ့လဲ"

"သူ့ကိုတော့ လူတွေအားလုံးက အဘ အဘနဲ့ပဲ ခေါ်ကြ တယ်၊ သူ့ဇာတိကို စုံစမ်းကြည့်တော့ ကျောက်ပန်းတောင်းနယ် ပုပ္ပားတောင် အရှေ့ဘက်အရပ်ဇာတိလို့ သိရတယ်၊ သူ့နာမည်က ဦးမင်းခေါင်တဲ့"

"ဒီလိုဆိုရင် အဲဒီအဘိုးကြီးက လူတွေက ဘိုးတော်လို့ သတ်မှတ်ထားတဲ့ ဘိုးမင်းခေါင်များလားမှ မသိတာ"

"ဒါတော့ တိတိကျကျ မသိရသေးဘူး၊ သူ့ကို ပျော်ဘွယ် အချုပ်ထဲမှာ ဖမ်းထားတာ နောက်ဆုံး ပျော်ဘွယ်တစ်မြို့လုံး အုံးအုံးကျွတ်ကျွတ်ဖြစ်ပြီး လူတွေကို ထိန်းမနိုင်သိမ်းမရ ဖြစ်လာ တော့တယ်၊ နောက်ဆုံး ပျော်ဘွယ်ဂါတ်တဲကို တစ်မြို့လုံးက လူ တွေ လာဝိုင်းတာနဲ့ အရေးပိုင်မင်းကိုယ်တိုင် ဆင်းလာရတယ် သတင်းကြားရတယ်"





"အဲဒီလူကြီးက တော်လှန်ရေးသမားလား၊ ဒါမှမဟုတ် လူတွေကို စည်းရုံးနေတဲ့လူလား"

"ဒါလည်း တိတိကျကျတော့ မပြောနိုင်ဘူး၊ နောက်ဆုံး ပျော်ဘွယ်တစ်မြို့လုံးက လူတွေက ဂါတ်တဲကို လာဝိုင်းတာနဲ့ အရေးပိုင်မင်းကိုယ်တိုင် အဲဒီလူကြီးကို တောင်းပန်ပြီး လွှတ်ပေး လိုက်ရတယ်"

"လူတွေက ပျော်ဘွယ်ဂါတ်တဲကို ရန်ပြုဖို့ ကြိုးစားကြတာ လား ဆရာ"

"မဟုတ်ဘူး . . ဒီအတိုင်း ဂါတ်တဲရှေ့မှာ လာထိုင်နေကြ တာ၊ အဲဒီကိစ္စအတွက်နဲ့ ပျော်ဘွယ်ဂါတ်က ဌာနအုပ်တွေ အလုပ် ဖြုတ်ခံလိုက်ရတယ်"

ဌာနအုပ်မင်းခိုင် စကားကြားသောအခါ ကျန်သူများမှာ ပါးစပ်အဟောင်းသား ဖြစ်သွားကြလေသည်။

"အရေးပိုင်မင်းနဲ့ ရာဇဝတ်ဝန်က အဲဒီအဘိုးကြီးကို အချုပ်က ပြန်လွှတ်ပေးတော့ သူက ပြောသွားသေးသတဲ့၊ ကျုပ်ရဲ့ မျက်နှာကို သေသေချာချာ မှတ်ထား၊ ကျုပ်မျက်နှာထက် ကျုပ်ရဲ့ အသံကို ကောင်းကောင်းမှတ်ထားပါ၊ တစ်နေ့မှာ ခင်ဗျားတို့ အင်္ဂလန်ပြည်ကို ကျုပ်ရောက်ချင်ရောက်လိမ့်မယ်၊ ကျုပ်က ခင်ဗျား တို့ကို နှုတ်ဆက်တဲ့အခါ သတိရအောင်လို့ မှတ်မိအောင်လို့ အဲသည်လို ပြောသွားသေးတယ်"

"အံ့သြစရာပဲ . . နောက်တော့ ဘယ်လိုဖြစ်သွားသေး လဲ"



www.burmeseclassic.com

www.burmeseclassic.com


"နောက်တော့ ရာဇဝတ်ဝန်နဲ့ အရေးပိုင်မင်းက သူ့ကို ခရီးစရိတ် ပေးပြီး ပြန်လွှတ်လိုက်တော့ ဆုပေးသွားသေးတယ်၊ 'ခင်ဗျားတို့နှစ်ဦးရဲ့ မှန်ကန်ကောင်းမြတ်တဲ့ မနောစေတနာတို့ကြောင့် ဘေးဘယာဟူသမျှ ကင်းပျောက်ပြီး နောင်ဖြစ်လေရာ ဘဝထိုထိုမှာ မိစ္ဆာအယူဝါဒမှ ကင်းလွတ်ပြီး သမာဒိဋ္ဌိ အယူရှိတဲ့ ဗုဒ္ဓဘာသာမြတ်၏အရိပ်အာဝါသကို မှီခိုဆည်းကပ်နိုင်တဲ့သူတော်ကောင်းပုဂ္ဂိုလ်များ ဖြစ်ကြပါစေဗျာ. . .' လို့ ဆုပေးသွားတယ်"

"အဲဒါဖြင့် အဲဒီလူကြီးက သိဒ္ဓိတန်ခိုးရှိလို့ဖြစ်မှာပေါ့နော်"

"ဒါတော့ ငါလည်း တိတိကျကျ မသိရသေးဘူး၊ ဒါပေမယ့် သူ့ကို လူတော်တော်များများကတော့ ယုံကြည်လေးစားကြတယ်"

"အခု သူက ရန်ကုန်ကို ရောက်နေသတဲ့လား ဆရာ"

"ဆားပုလင်းတွေရဲ့အဆိုကတော့ သူ ရန်ကုန်ကို ရောက်နေတယ်လို့ သတင်းကြားရတယ်၊ ဒါကြောင့် ကိုယ်တာဝန်ကျတဲ့ ပိုင်နက်တွေမှာ ဒီလူကြီးနဲ့ ပတ်သက်တဲ့သတင်းကို မျက်ခြည်မပြတ်အောင် စောင့်ကြည့်ကြဖို့တော့ အရေးကြီးတယ်"

"စိတ်ချပါ ဆရာ၊ ကျွန်တော်တို့ မျက်ခြည်မပြတ် စောင့်ကြည့်ပေးပါ့မယ်"

"နေဦး. . . ငါ အခုတလော ထူးခြားတဲ့သတင်းတစ်ခု ကြားထားတယ်၊ တခြားမဟုတ်ဘူး. . . ရွှေတိဂုံဘုရား ကုန်းတော် တဝိုက်မှာ ထူးခြားတဲ့လူတစ်ယောက် ရောက်နေတယ်လို့ သတင်း ကြားတယ်၊ တစ်နေ့က အရှေ့မြောက်မုခ်ဘက်မှာ မီးလောင်မှု တစ်ခုဖြစ်တာ သူက ပါးစပ်နဲ့ မှုတ်ပြီး မီးငြိမ်းပေးသွားတယ်လို့ သတင်းကြားလိုက်တယ်"

"သူ ဘယ်မှာ တည်းနေသလဲ ဆရာ"

"အရှေ့မြောက်ဘက်က ဘုန်းကြီးကျောင်းဝင်းတစ်ခုထဲမှာလို့ သတင်းကြားတယ်၊ ဟုတ်မဟုတ် သိရအောင် ဆားပုလင်း တစ်ယောက်က အဲဒီနေရာတဝိုက်မှာ အမြဲစောင့်ကြည့်နေရင် မမှားဘူး"

ဟု ပြောဆိုကာ တပည့်လက်သားများကို တာဝန်များ ခွဲပေးလိုက်လေတော့သည်။

ထိုနေရာတဝိုက်သို့ တာဝန်ကျသူမှာ ဆားပုလင်းဟန်စိန် နှင့် ပုလိပ်တစ်ယောက်တို့ ဖြစ်သည်။

၎င်းတို့နှစ်ယောက်သည် ဘုရားဖူးလာသူများအသွင် ဝတ်ဆင်လျက် နီမောင်တို့ နေသော ကျောင်းဝိုင်းတဝိုက်သို့ လာရောက်တာ မသိမသာ စုံစမ်းကြလေသည်။

တစ်နေ့တွင် ဆားပုလင်းဟန်စိန်တို့ နှစ်ယောက်မှာ မယောင်မလည်နှင့် ဘုန်းကြီးကျောင်းဝန်းထဲသို့ ဝင်သွားရာ အိမ်တစ်လုံးရှေ့သို့ ရောက်သောအခါ အတွင်းမှ လူကြီးတစ်ယောက် ထွက်လာလေသည်။

သူသည် ကတုံးနှင့် ဖြစ်ပြီး လက်ထဲ၌ ပုတီးတစ်လုံး ကိုင်ထားသည်။

"မောင်ရင်တို့ ဘယ်သူ့ကို ရှာနေကြတာလဲ"

"မရှာပါဘူး. . . ကျွန်တော်တို့ တောက လာပြီး ဘုရားဖူး



www.burmeseclassic.com

www.burmeseclassic.com

ကြရင်း လျှောက်ကြည့်နေတာပါ”

“ဒီလိုဖြင့် အမောပြေ ရေနွေးကြမ်းလေးဘာလေး ဝင်သောက်ကြဦးလေကွယ်”

ဟု ပြောဆိုကာ ခေါ်သဖြင့် ဆားပုလင်း ဟန်စိန်တို့လည်း အိမ်ထဲသို့ ဝင်ထိုင်ရင်း အကဲခတ်ကြလေသည်။

ဟန်စိန်မှာ အကင်းပါးသော ဆားပုလင်းတစ်ယောက်ပေမို့ ထိုအိမ်၏မီးဖိုချောင်နံရံများ ထရံအသစ် လဲတပ်ထားသည်ကို မြင်ရုံနှင့် ထိုအိမ်မှာ ဟိုတစ်နေ့က မီးလောင်သောအိမ် ဖြစ်ရမည်ဟု ကောက်ချက်ချလေသည်။

ထိုအချိန်မှာ ဒေါ်မင်းဖြူက ကျောင်းပေါ်သို့ ရောက်နေပြီး နီမောင်က ရေထမ်းရန်အတွက် ထွက်သွားပြီဖြစ်သဖြင့် အိမ်၌ ဒေည့်သည်ကြီးတစ်ယောက်သာ ကျန်နေလေ၏။

ဧည့်သည်ကြီးက ဟန်စိန်တို့နှစ်ယောက်ကို လက်ဖက်ရည်ကြမ်း၊ ကောက်ညှင်းပေါင်းနှင့် ပဲပြုတ်တို့နှင့် ဧည့်ခံကာ. . .

“တစ်နေ့က မီးလောင်တဲ့အိမ်က ဒီအိမ်ပါပဲကွယ့်၊ မီးဆိုတာကတော့ အပြင်မီးပဲဖြစ်ဖြစ်၊ အတွင်းမီးပဲဖြစ်ဖြစ် လောင်စရာရှိရင် လောင်တတ်တာမျိုးကိုးကွယ့်”

ဟု ရှုတ်တရက် ပြောလိုက်ရာ ဟန်စိန်မှာ ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

“ကျုပ်ရဲ့အမည်က ဦးဘိုးအောင်လို့ ခေါ်တယ်၊ ဇာတိက ကျောက်ပန်းတောင်းမြို့နယ်၊ ပုပ္ပားတောင်မကြီးရဲ့အရှေ့မြောက်ယွန်းယွန်းမှာ ရှိတဲ့ စင်မြင့်ရွာဇာတိပါပဲ”





ဟု ဆက်ပြောသောအခါ ဆားပုလင်းဟန်စိန်နှင့် ပုလိပ်တို့မှာ တအံ့တသြ ဖြစ်သွားကြပြီး. . .

“အ. . .အဘက ကျွန်တော်တို့ ဘာကြောင့်လာတယ်ဆိုတာ သိနေတယ်ပေါ့”

ဟု မေးလိုက်လေသည်။ ထိုအခါ ဦးဘိုးအောင်ဆိုသောလူကြီးက အရေးမစိုက်သောဟန်မျိုးဖြင့် လက်ဖက်ရည်တစ်ခွက်ကို ငုံသောက်နေသည်။ ပြီးမှ. . .

“မင်းတို့ရောက်လာကတည်းက တောက ဘုရားဖူးတွေ မဟုတ်မှန်း ငါသိပါတယ်ကွယ်၊ မင်းတို့က ပြောတာတခြား လုပ်တာ တခြားဆိုတော့ မသိပဲ ရှိပါ့မလား၊ တောသူတောင်သား မြန်မာလူမျိုး ဗုဒ္ဓဘာသာတွေဟာ ဘာသာရေးကို အင်မတန် ယုံကြည်လေးစားကြတာမျိုးကွယ့်၊ အခု မင်းတို့က ဘုရားဖူး လာတယ်သာ ပြောတယ်၊ ကျောင်းဝန်းထဲကိုတောင် ဖိနပ်မချွတ်ဘဲ ဝင်လာဝံ့တယ်ဆိုတော့ နည်းတဲ့သတ္တိမျိုးမှ မဟုတ်တာ”

ဟု ပြောလိုက်ရာ ထိုအခါမှ အရာရာကို စေ့စပ်သေချာလှပြီဟု ထင်သော ဟန်စိန်တို့နှစ်ယောက်မှာ မိမိတို့ ချို့ယွင်းမှုဆိုသတိပြုမိကြလေတော့သည်။

“ကျ. . . ကျွန်တော်တို့ မသိလို့ပါ အဘ”

“မသိလို့ ကျူးလွန်မိရင်လည်း အပြစ်ကတော့ နေမှာမဟုတ်ဘူး”

“နောက်ကို သတိထားပါ့မယ် အဘ၊ ဒါထက် ကျွန်တော်တို့ ဘာကြောင့် လာတယ်ဆိုတာ အဘက ကြိုသိနေတယ်ပေါ့”



www.burmeseclassic.com

www.burmeseclassic.com

"သိပါတယ်ကွာ. . . ငါက သွားလေရာမှာ မျက်နှာဖြူတွေရဲ့စောင့်ကြည့်တာကို အမြဲခံရတဲ့လူပဲ၊ (၁၂၈၀)ခုနှစ်တုန်းက ကချင်ပြည်နယ် နမ္မားခရူချောင်းမှာ နေတုန်းကလည်း ဒီလိုပဲ အင်္ဂလိပ်အစိုးရက သူတို့ကို ပုန်ကန်တော်လှန်ဖို့အကြံနဲ့ ရောက်လာတယ် ထင်ပြီး အမြဲစောင့်ကြည့်ခိုင်းခဲ့တာပဲ၊ အခုလည်း ဒီလိုပဲ နေမှာပေါ့"

ဟု ပြောပြန်လေရာ ဟန်စိန်တို့မှာ ထပ်မံအံ့သြကြရပြန်သည်။

"မင်းတို့ သိအောင် တစ်ခါတည်း ပြောလိုက်မယ်၊ မင်းတို့ကို ခိုင်းတဲ့လူကို ပြောပြလိုက်ပါ၊ ငါက ရွှေတိဂုံဘုရားကို အမိဌာန်ကိစ္စနဲ့ ရောက်လာတာ၊ ငါ့ကိစ္စပြီးရင် ရှေ့ကို ခရီးဆက်ရဦးမယ်၊ အင်္ဂလိပ်အစိုးရ ထင်သလို သူတို့ကို ပုန်ကန်ဖို့လည်း မဟုတ်ဘူး၊ ငါ့စိတ်ထဲမှာ ဘုရားတရားကိစ္စကလွဲရင် ဘာမှမရှိဘူးလို့ ပြောလိုက်ပါ"

ဟု ပြောဆိုပြီး နေရာမှ ထသွားလေရာ ဟန်စိန်တို့ နှစ်ယောက်လည်း မျက်စိမျက်နှာပျက်စွာဖြင့် ထပြန်ခဲ့ရလေသည်။

ဂါတ်တဲစခန်းသို့ ပြန်ရောက်သောအခါ တွေ့မြင်ခဲ့သမျှ အကြောင်းများကို ဌာနာအုပ် မင်းခိုင်အား ပြောပြလိုက်သည်။ ထိုအခါ မင်းခိုင်က. . .

"အဲဒီပုံအတိုင်းဆိုရင် ငါတို့ထင်တာ မလွဲနိုင်ဘူး၊ အခုရောက်နေတဲ့လူကြီးဟာ ပျော်ဘွယ်တစ်မြို့လုံး အုံးအုံးကျွတ်ကျွတ်ဖြစ်အောင် လုပ်ပြီး ဂါတ်တဲက ဌာနအုပ်တွေ အလုပ်ပြုတ်အောင်





လုပ်ခဲ့တာ သူပဲ ဖြစ်ရမယ်၊ နောက်ပြီး ကျန်ခဲ့တဲ့ သုံးလေးနှစ်လောက်က ကချင်ပြည်နယ် နမ္မားဘက်မှာ ပုလိပ်တစ်ဖွဲ့လုံး မျက်စိလည်အောင် မျက်လှည့်ပြသွားတာလည်း သူပဲ ဖြစ်ရမယ်"

ဟု မှတ်ချက်ချသည်။

"နမ္မားဘက်မှာ ဘယ်လိုဖြစ်ခဲ့လို့လဲ ဆရာရဲ့. . . ပြောပြပါဦး"

"ဒါတော့ တိတိကျကျ ဘယ်သိပါ့မလဲ၊ အဲဒီတုန်းက နမ္မားဂါတ်တဲမှာ တာဝန်ကျတဲ့ ဆားပုလင်းမောင်ကြီးဆိုတာ ရှိတယ်၊ သူက ကိုယ်တွေ့ကြုံခဲ့ရတော့ အဲဒီအဘိုးကြီးကို ကောင်းကောင်းသိလိမ့်မယ်၊ ဆားပုလင်းမောင်ကြီးကို လှမ်းမှာပြီး ကြည့်ခိုင်းရင် ပိုပြီးသေချာလိမ့်မယ်"

ဟု အကြံရသဖြင့် နမ္မားဂါတ်တဲ၌ တာဝန်ကျနေသော ဆားပုလင်းမောင်ကြီးကို အမြန်လာရန် ကြေးနန်းရိုက်၍ မှာလိုက်လေသည်။

ညနေပိုင်းအချိန် အလုပ်တာဝန် နားသောအခါ မင်းခိုင်နှင့် တပည့်နှစ်ယောက်တို့သည် ညစာစားရန်အတွက် ရာဇူတိုင် ထမင်းဆိုင်သို့ သွားကြလေသည်။

မော်တော်ကားကို ဆိုင်ပေါက်ဝ၌ ရပ်ထားပြီး အတွင်းသို့ ဝင်သွားသောအခါ ဆိုင်ပေါက်ဝရှိ စားပွဲတစ်လုံး၌ ထိုင်၍ လက်ဖက်ရည်ကြမ်း သောက်နေသော မနေ့က လူကြီးကို တွေ့ရပြန်လေသည်။

ဆိုင်ရှင်ဖြစ်ကြသော ဦးဘထွားနှင့် ဒေါ်မိုးညိုတို့မှာ ထို



www.burmeseclassic.com

www.burmeseclassic.com



လူကြီး ရောက်နေပြန်သဖြင့် စိတ်မကြည်မသာ ဖြစ်နေကြသော်လည်း မပြောဝံ့ မဆိုဝံ့သောကြောင့် ဒီအတိုင်း ကြည့်နေရဟန်ရှိသည်။

ညနေစောင်းအချိန်မို့ ဆိုင်ထဲမှာ လူရှင်းနေသောကြောင့် မင်းခိုင်တို့က အတွင်းဘက်စားပွဲ၌ ဝင်ထိုင်ကြသည်။

ထိုအခါ ဒေါ်မိုးညိုမှာ မင်းခိုင်တို့ ရောက်လာသည်ကို အားကိုးအားထားတစ်ခု ရသကဲ့သို့ အနားသို့ ချက်ချင်းရောက်လာပြီး လေသံတိုးတိုးဖြင့် ပြောသည်။

"သူရောက်နေပြန်ပြီ"

"ဘယ်အချိန်ကတည်းက ရောက်နေတာလဲ"

"အတော်စောစောကတည်းက ရောက်နေတာပဲ၊ ထမင်းစားမလား မေးတော့လည်း မစားဘူးလို့ ပြောတယ်၊ ဘာကြောင့် ဒီမှာ လာထိုင်နေပြန်လဲ မသိဘူး"

ဒေါ်မိုးညိုက လွန်စွာစိတ်ညစ်နေသော အမူအယာဖြင့် လာပြောသည်။

"ဒီလောက်လည်း စိတ်မပူပါနဲ့ အဒေါ်၊ သူ့ဖာသာ အချိန်အားလို့ သက်သက်လာထိုင်နေတာလဲ ဖြစ်မှာပါ"

ထိုအခါ မင်းခိုင်နှင့်အတူပါလာသော ဆားပုလင်းဟန်စိန်က. . .

"မနက်က ကျွန်တော်တို့နဲ့ တွေ့ခဲ့တာ အဲဒီလူကြီးပဲ ဆရာ၊ သူ့ကြည့်ရတာ အကြောင်းတစ်ခုခု ရှိလို့များ လာထိုင်နေသလား မသိဘူး"





ဟု စိုးရိမ်မကင်းသောလေသံဖြင့် ပြောသည်။

"မင်းကြည့်ရတာ အတော်ကြောက်နေပုံရတယ်၊ နေပါဦး ငါ အခြေအနေ သွားကြည့်လိုက်ပါဦးမယ်"

ဟု ပြောကာ မင်းခိုင်က ဦးဘိုးအောင် ထိုင်နေသောစားပွဲရှိရာသို့ ထသွားလေသည်။ အနားသို့ ရောက်သောအခါ. . .

"အဘ ထမင်းစားမလို့လား၊ ထမင်းစားမယ်ဆိုရင် ကျွန်တော်ကျွေးပါ့မယ်"

ဟု ပြောလိုက်တော့ ဦးဘိုးအောင်က မော့ကြည့်သည်။

"ကျေးဇူးတင်ပါတယ်ကွယ်. . . ညနေပိုင်း ထမင်းဝအောင် စားရင် ညဘက်တရားထိုင်ရတာ မကောင်းလို့ လေမခံအောင် လက်ဖက်ရည်ကြမ်းပဲ သောက်ပါတော့မယ်"

ဟု ပြောကာ သောက်လက်စ လက်ဖက်ရည်ကြမ်းကို ဆက်သောက်နေသည်။ ထိုအခါ မင်းခိုင်က ဦးဘိုးအောင်နှင့် မျက်နှာချင်းဆိုင် ဝင်ထိုင်ကာ အကဲခတ်သလို တစ်ချက်ကြည့်လိုက်သည်။

"အဘက ဘယ်က လာတာလဲ"

"ကျုပ်က ဗမာပြည်အနှံ့ လျှောက်သွားနေတာဆိုတော့ တစ်နေရာမှာ အကြာကြီးတော့ မနေပါဘူး၊ အခုကတော့ ပဲခူးဘုရားတွေ ဖူးပြီးဆင်းလာတာ၊ ရွှေတိဂုံမှာ အဓိဋ္ဌာန်ဝင်ပြီးရင် တစ်နေရာ သွားဦးမှာပေါ့"

"အဘက နမ္မားဘက်မှာ နေခဲ့ဖူးတယ် မဟုတ်လား"

"ကျုပ်က ဗမာတစ်ပြည်လုံး သွားနေတာဆိုတော့ ရောက်



www.burmeseclassic.com

www.burmeseclassic.com



ချင်လည်း ရောက်ခဲ့မှာပေါ့၊ ဒါထက် မင်းက ဘယ်လိုထင်နေလို့လဲ"

"အော်. . . မထင်ပါဘူး၊ သိချင်လို့ မေးကြည့်တာပါ"

"မောင်ရင် ကြည့်ရတာ ကျုပ်အကြောင်းကို အတော်ကလေး စိတ်ဝင်စားနေတယ် ထင်တယ်၊ ဒီလောက်စိတ်ဝင်စားနေရင်လည်း မကြာခင်တော့ သိရမှာပါ"

ဟု ပြောကာ နေရာမှ ထရပ်လိုက်သည်။

ထို့နောက် လွယ်အိတ်အတွင်းမှ ငွေတစ်မတ်ကို ထုတ်၍ စားပွဲပေါ် တင်ပေးလိုက်သည်။

ထိုကဲ့သို့ ပိုက်ဆံတင်ပေးသည်ကို မလှမ်းမကမ်းမှ အခြေအနေ ကြည့်နေသော ဒေါ်မိုးညိုက လှမ်းမြင်သဖြင့် ကပျာကယာ အနားသို့ လျှောက်လာလေသည်။

"ဒါက ကျုပ်သောက်တဲ့ လက်ဖက်ရည်ကြမ်းဖိုး ပေးတာပါ"

"အို. . . မဟုတ်တာရှင်၊ ကျွန်မတို့ဆိုင်က ထမင်းဟင်းပဲ ပိုက်ဆံနဲ့ ရောင်းတာပါ၊ လက်ဖက်ရည်ကြမ်းတော့ မရောင်းပါဘူး၊ အလကားသောက်ခွင့် ရှိပါတယ်၊ ပိုက်ဆံပေးစရာ မလိုပါဘူး"

ဟု ပျာပျာသလဲ ငြင်းဆန်လေသည်။

"ဘယ်ဟုတ်ပါ့မလဲလေ. . . လောကမှာ ဘာတစ်ခုမှ အလကားရတာမှ မရှိတာ၊ ရေကိုတောင် ဝယ်သုံးရတာပဲ၊ အလကား ရတဲ့လေကိုတောင် အကျိုးရှိမယ့်နေရာမှာ သုံးရင် အကျိုးရှိနိုင်ပါတယ်"





ဟု ပြောကာ ပိုက်ဆံတစ်မတ်ကို ဒီအတိုင်း စားပွဲပေါ် တင်ထားခဲ့ပြီး အပြင်သို့ ထွက်သွားလေသည်။ ထမင်းဆိုင်ရှေ့တွင် ရပ်ထားသော လင့်ရိုဘာကားအနီးသို့ ရောက်သောအခါ စက်ဖုံးပေါ်သို့ လက်တင်၍. . .

"ကား. . . ဒီမှာ အိပ် အိပ်"

ဟု ပြောကာ တစိုက်စိုက်နှင့် ထွက်သွားလေတော့သည်။

"ဘယ်လိုလူကြီးမှန်းကို မသိပါဘူး၊ လက်ဖက်ရည်ကြမ်းသောက်တာများ ပိုက်ဆံတစ်မတ်တောင် ပေးသွားရတယ်လို့၊ ကြားပဲ မကြားဖူးပါတော်"

ဟု ရေရွတ်၍ ပိုက်ဆံတစ်မတ်ကို ယူလာလေသည်။ မင်းခိုင်တို့လည်း ထမင်းဟင်းများ မှာယူစားသောက်ရင်းနှင့် အသွင်အပြင် ထူးခြားသော ဧည့်သည်ကြီးအကြောင်းကို ပြောဆိုနေကြလေသည်။

"ကျွန်တော့်အထင်ပြောရရင်တော့ ဒီလူကြီးဟာ သာမန်မဟုတ်တာတော့ သေချာတယ်၊ မဟုတ်ကာမှလွဲရော. . . နမ္မားခရိချောင်းရွာမှာ ဆားပုလင်းမောင်ကြီး တို့တတွေကို မျက်စိလည်အောင် လုပ်ထားခဲ့တာ သူပဲ ဖြစ်ရမယ်"

"အေးလေ. . . ငါ အခု မောင်ကြီးကို မှာထားပါတယ်၊ သူရောက်လာတော့ ဟုတ်မဟုတ် သိရမှာပေါ့၊ တကယ်လို့ အမှန်ဆိုရင်တော့ သူ့ကို မျက်ခြည်မပြတ် စောင့်ကြည့်ပြီး အခြေအနေမမှန်တာနဲ့ တစ်ခါတည်း ဖမ်းပြီး အချုပ်ထဲ ထည့်ထားလိုက်ရုံပေါ့"

"အဲဒါ ကောင်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောဆိုတိုင်ပင်ကြကာ ထမင်းစားပြီး၍ ဂါတ်တဲသို့ ပြန်ရန် ကားစက်နှိုးသောအခါ မရတော့ပေ။

နောက်ဆုံး အနီးဝန်းကျင်မှ ဝပ်ရှော့အလုပ်သမားများကို ခေါ်၍ပြသသောအခါ အပြစ်ဟူ၍ ဘာတစ်ခုမှ မတွေ့ရဘဲ ကားစက်က လုံးဝမနိုးသောကြောင့် ဆိုင်ရှေ့၌ ဒီအတိုင်း ထားခဲ့ကာ စခန်းရောက်အောင် ခြေလျင်လျှောက်ကာ ပြန်ခဲ့ကြရလေတော့သည်။





## အခန်း(၅)

# အံ့သြဖွယ်ရာ နဝင်းအစိဋ္ဌာန်နေရာ

ညဦးပိုင်းအချိန်ရောက်သောအခါ နီမောင်တို့နေအိမ်သို့ ဦးဗန်ကောင်း ရောက်လာလေသည်။

ဦးဗန်ကောင်းသည် ဘုရားစောင်းတန်း အရှေ့ဘက်မုခ်ပေါက်အနီးတွင် ပန်းပုဆိုင်ဖွင့်ထားပြီး ကိုယ်တိုင်လည်း ပန်းပုထု၊ ပန်းပုရုပ်များလည်း ရောင်းချလေသည်။

သူသည် အသက်ငါးဆယ်ဝန်းကျင်အရွယ်ခန့် ရှိပြီး နီမောင်နှင့် ခင်မင်ရင်းနှီးသူဖြစ်သည်။

ဦးဗန်ကောင်းသည် ဘာသာတရားကိုင်းရှိုင်းသူ ဖြစ်ကာ ဆိုင်ပိတ်ပြီးသည်နှင့် ဘုရားကုန်းတော်ပေါ် တက်၍ တံမြက်စည်း



www.burmeseclassic.com

www.burmeseclassic.com



လှည်း၊ အမှိုက်ရှင်းခြင်း၊ သောက်ရေအိုးများ ရေဖြည့်ခြင်း အစရှိသော ဝေယျာဝစ္စများကို နေ့စဉ်ပြုလုပ်၍ ကုသိုလ်ယူပြီး ညဦးပိုင်းအချိန်တွင် ရင်ပြင်တော်ပေါ်၌ အမိဋ္ဌာန်ပုတီးစိပ်လေ့ ရှိသည်။

ဦးဗန်ကောင်း ရောက်သောအချိန်က ဦးဘိုးအောင်ပင် ကုန်းတော်ပေါ် မတက်သေးပဲ ရှိနေသေးသည်။

"ဟော. . . အဘ ဦးဗန်ကောင်းပါလား၊ လာ. . . လာ"

"အေး. . . မင်းတို့အိမ်မှာ ဧည့်သည်တစ်ယောက် ရောက်နေတယ် သတင်းကြားလို့ လာခဲ့တာပဲ"

ဟု ပြောကာ အိမ်ပေါ် တက်လာသည်။

"ဧည့်သည်ကတော့ တခြားလူ မဟုတ်ပါဘူး. . ကျုပ်ပါပဲ၊ ကဲ. . . လာထိုင်ဗျာ"

ဟု ဦးဘိုးအောင်က ဆီးကြိုနှုတ်ဆက်လေသည်။

"ကျုပ်နာမည်က ဦးဗန်ကောင်းလို့ ခေါ်ပါတယ်၊ အရှေ့ဘက် စောင်းတန်းမှာ ပန်းပုဆိုင် ဖွင့်ထားပါတယ်"

"ကောင်းတာပေါ့ဗျာ. . . ပန်းဆယ်မျိုးထဲမှာ ပါတဲ့ အနုပညာလုပ်ငန်းနဲ့ အသက်မွေးဝမ်းကျောင်းပြုတော့ ကုသိုလ်လည်းရ ဝမ်းလည်းဝတာပေါ့၊ ကျုပ်နာမည်က ဦးဘိုးအောင်လို့ ခေါ်ပါတယ်"

"တွေ့ရတာ ဝမ်းသာပါတယ်ဗျာ. . . အခုလာတာ အမိဋ္ဌာန်ဝင်ဖို့သက်သက်ပဲလား"

"အမိဋ္ဌာန်ဝင်ဖို့လည်း ပါတယ်၊ တခြားကိစ္စလေးတွေလည်း ရှိနေသေးလို့ပါ"





"ကျုပ်လည်း အမိဋ္ဌာန်ဝင်တဲ့အလုပ်ကို စိတ်ဝင်စားပါတယ်၊ ဒါပေမယ့် လမ်းညွှန်ပြပေးမယ့် ဆရာမရှိတော့ စမ်းတဝါးဝါးနဲ့ပဲ လုပ်နေရတာပဲ၊ တကယ်လို့ ထူးထူးခြားခြား အမိဋ္ဌာန်ဝင်ရမယ့်နေရာများ ရှိရင် တဆိတ်လောက် လမ်းညွှန်ပြပေးခဲ့ပါဦး"

ဦးဘိုးအောင်က ဦးဗန်ကောင်းကို တစ်ချက်ကြည့်လိုက်ပြီး

"ခင်ဗျားကတော့ တကယ်လုပ်မယ့်သူပဲ၊ ဒီတော့လည်း ကျုပ်သိထားတာလေးတွေကို ပြောပြခဲ့ရမှာပေါ့"

ဟု ပြောလေရာ ဦးဗန်ကောင်းမှာ များစွာဝမ်းသာသွားလေသည်။

"ဟုတ်ကဲ့. . . ပြောပြစမ်းပါဗျာ၊ ကျေးဇူးမမေ့ပါဘူး"

"ရွှေတိဂုံစေတီတော်ကြီး ရှိတဲ့ သိင်္ဂုတ္တရကုန်းတော်ဟာ ကိုးနဝင်း ဆုံတဲ့နေရာဖြစ်သလို ရွှေတိဂုံကုန်းတော်ပေါ်မှာလည်း အမိဋ္ဌာန်ဝင်ရင် အကျိုးရှိတဲ့ ကိုးနဝင်းနေရာတွေ အများကြီး ရှိတယ်၊ အဲဒီအထဲကနေ နဝင်းသုံးစုံဆိုတဲ့ အမိဋ္ဌာန်ဝင်နိုင်ရင် အကျိုးကျေးဇူးများမယ်ဗျ"

"နဝင်းသုံးစုံဆိုတာ ဘယ်နေရာတွေပါလိမ့်"

"သိင်္ဂုတ္တရကုန်းတော်ဟာ ဟိမဝန္တာတောင်တန်းကနေ တောင်ဘက်ကို ဖြာထွက်လာတဲ့ တောကြောတွေရဲ့အဆုံး (၉၉) လုံးမြောက် နဝင်းကြော၊ ကြွင်းကြောနေရာပဲဗျ၊ သိင်္ဂုတ္တရကုန်းတော်ကို ဆင်ဦးကင်းနဲ့ တူတဲ့ တောင်ထွတ်သုံးလုံးက ဖိုခနောက်ဆိုင် ဦးခိုက်နေတာကိုလည်း သိတဲ့လူ အတော်နည်းတယ်"



www.burmeseclassic.com

www.burmeseclassic.com

"မှန်ပါတယ်. . ; ကျုပ်တို့တောင်မှ စောင်းတန်းမှာ ရောက်နေတာ ကြာပြီဖြစ်ပေမယ့် ဒီအကြောင်းတွေကို မသိရသေး ပါဘူး"

"သိင်္ဂုတ္တရ ရွှေတိဂုံကုန်းတော်ပေါ်မှာ လောကီယသမထ ပညာစခန်းနဲ့ သက်ဆိုင်တဲ့ အင္ဂါရသနဝင်းနေရာ သုံးခုရှိတယ်"

"ဘယ်နေရာတွေများပါလိမ့်"

ထိုအခါ ဦးဘိုးအောင် ၎င်း၏လွယ်အိတ်ကြီးထဲ၌ ထည့် ထားသော ပေစာမှတ်တမ်းအချို့ကိုယူ၍ ဦးပန်ကောင်းကို ပေး သဖြင့် ယူ၍ကြည့်လိုက်သည်။

(ထိုမှတ်တမ်းများမှာ တန်ဖိုးရှိသော လျှို့ဝှက်မှတ်တမ်း များ ဖြစ်သဖြင့် စာဖတ်သူများ လေ့လာအသုံးပြုနိုင်ရန် မူရင်း အတိုင်း ကူးယူဖော်ပြပေးလိုက်ပါသည်။)

## နဝင်းသုံးစုံ မြတ်ရွှေတိဂုံ

ဟိမဝန္တာတောင်မှ တောင်ဘက်သို့ ဖြာထွက်သွယ်တန်း ဆင်းလာသော တောင်ကြော၏အစွန်ဆုံး (၉၉)လုံးမြောက်သည့် နဝင်းကြေ တြင်းကြေ သိင်္ဂုတ္တရမည်တွင် တောင်ကုန်းပြင်ဝယ် တောင်ထွတ်သုံးလုံးတို့သည် ကုန်းတော်ကို ဖိုခနောက်ဆိုင် ဆင်ဦး ကင်းကဲ့သို့ ဦးညွှတ်ဖူးခိုက် ဦးတိုက်နေသည့်အသွင် တွေ့မြင်ရ၏။ သိင်္ဂုတ္တရ ရွှေတိဂုံကုန်းတော်ပေါ်တွင် လောကီယသမထ ပညာ





စခန်းစဉ်နှင့် ဆိုင်သော အင္ဂါရသ နဝင်းအမျိုးမျိုး ရှိသည့်အနက် နဝင်းသုံးစုံ မြတ်ရွှေတိဂုံမှာ. .

၁။ နဝင်းစေတီတော်ကြီး(၉)ဆူ

၂။ နဝင်းရုပ်ပွားတော်ကြီး(၉)ဆူ

၃။ နဝင်းဗုဒ္ဓအောင်မြေတော်ကြီး(၉)ဌာနတို့ဖြစ်ကြသည်။

## ၁။ နဝင်းစေတီတော်ကြီး(၉)ဆူ

သိင်္ဂုတ္တရကုန်းတော်ပေါ်ရှိ နဝင်းစေတီတော်ကြီး(၉)ဆူမှာ

၁။ ရွှေတိဂုံစေတီတော်ကြီး

၂။ နောင်တော်ကြီးစေတီတော်ကြီး

၃။ နောင်တော်လတ်စေတီတော်

၄။ ဆံတော်တွင်းစေတီတော်

၅။ ရှင်စောပု ဆုတောင်းပြည့်စေတီတော်

၆။ ဓမ္မစေတီမင်း၏အင်းစေတီတော်

၇။ သီဟရာဇာစေတီတော်

၈။ ဝိဇ္ဇာဇော်ဂျီ(ခေါ်)ဝိဇ္ဇာညီနောင်စေတီတော်နှင့်

၉။ နေစကြာလစကြာ စေတီတော်တို့ ဖြစ်ကြသည်။

### (၁) ရွှေတိဂုံစေတီတော်ကြီး

မဟာသက္ကရာဇ်(၁၀၃)ခုနှစ်၊ ဝါဆိုလဆန်း(၅)ရက်


www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဟူးနေ့တွင် လင်းလွန်းပင်ရင်း၌ ဆံတော်မြတ်(၈)ဆူ တဖုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်တို့အား ချီးမြှင့်ပေးသ တော်မူခဲ့၏။ ယင်းဆံတော်(၈)ဆူကို မဟာသက္ကရာဇ်(၁၀၃)ခု တပေါင်းလပြည့် ဗုဒ္ဓဟူးနေ့ နေတက်ရေတက်ချိန်တွင် သိင်္ဂုတ္တ ကုန်း၏အနောက်တောင်ထောင့်တွင် ရှိသော အစွန်ဆုံး တတိ တောင်ထွတ်၊ ဟိမဝန္တာတောင်မကြီးမှ တောင်ဘက်သို့ သွယ်တန်း လာသည့်(၉၉)လုံးမြောက် တောင်ထွတ်၌ ဆံတော်မြတ်(၈)ဆူကို ပထမဆုံး ဌာပနာ၍ စေတီတည်ထားကိုးကွယ်တော်မူခဲ့၏။

ရွှေတိဂုံစေတီတော်ကြီးကို အတွင်း၌ ဌာပနာထားပုံမှာ အလျားအနံ(၄၄)တောင်စီ ရှိသော စတုရန်းပုံ တွင်းနက်ကြီး အတွင်းတွင် အောက်ဆုံး၌ အတောင်တစ်ရာကျော်ခန့် ရှိသည့် ရေပြင်ကျယ်ကြီးရှိသည်။ ထိုနေရာသည် ပင်လယ်ဒီရေ အတက် အကျ အဝင်အထွက် ရှိသည်။ ပင်လယ်ရေသည် ရွှေတိဂုံဘုရား စနေထောင့်အောက်မှ ကန်တော်မင်ပန်းခြံဘေး ဖြတ်၍သွားသော မြေအောက်ရေဝင်ပေါက်မှ ဖြစ်သည်။ ရေပြင်ပေါ်တွင် အတောင် (၉၀)ခန့် ရှည်လျားသော ရွှေသင်္ဘောထက်၌ ပတ္တမြားပြဿဒ်ပေါ် တွင် ဂေါတမ မြတ်စွာဘုရား၏ဆံတော်မြတ်(၈)ဆူ ကိန်းဝပ်စံပယ် တော်မူသည်။ လက်ရှစ်သစ် အလျားပမာဏ ရှိတော်မူထသော ရွှေအဆင်းကဲ့သို့ ဝင်းလက်နေသည့် ဗုဒ္ဓဆံတော်မြတ်(၈)ဆူကို ပတ္တမြားရွှေကြုတ်အတွင်း ထည့်သွင်းပူဇော်ထား၏။

ဆံတော်မြတ်ရှစ်ဆူနှင့် ဓာတ်တော်မွေတော်များ ဌာပနာ ထားရာ ဥမင်၏မျက်နှာ လေးဘက်လေးတန်တို့တွင် ရေစက်





မီးစက် ဓားစက် လှံစက် စသည့် စက်ယန္တရားများ စက္ကောမ အတတ်ပညာ စက်ခလုတ် မောင်းခလုတ်များ အထပ်ထပ် တပ်ဆင်ထားပြီး သံကွန်ချာ ခုနစ်ထပ်ဖြင့် ကာရံအုပ်ထားသည်။

ဌာပနာတွင်းပေါက်ကြီးကို အလွန်ကြီးမားသော ကျောက် ဖျာကြီးတစ်ချပ်ဖြင့် ဖုံးအုပ်ထား၏။ ထိုကျောက်ဖျာထက်ဝယ် ရွှေ စေတီကို တည်ထားသည်။ ရွှေစေတီကို ငုံ၍ အပေါ်မှ ရွှေဖြူ စေတီတော်ကို တည်ထား၏။ ယင်းရွှေဖြူစေတီကို အပေါ်မှတဖန် ကြေးဖြူစေတီကို တည်တော်မူ၏။ ကြေးဖြူစေတီပေါ်မှ ကြေးနီ စေတီ၊ ကြေးနီစေတီပေါ်မှ သံလွဲစေတီ၊ သံလွဲစေတီပေါ်မှ ကျောက်ဖြူစေတီ၊ ကျောက်ဖြူစေတီပေါ်မှ အုတ်စေတီတော်ကြီးကို အဆင့်ဆင့် ငုံ၍တည်တော်မူ၏။

အုတ်စေတီတော်ကြီးတွင် ရွှေအုတ်ချပ်၊ ရွှေဖြူအုတ်ချပ်၊ ငွေအုတ်ချပ်၊ ကြေးဖြူအုတ်ချပ်၊ ကြေးနီအုတ်ချပ်၊ သံလွဲအုတ်ချပ်၊ သံအုတ်ချပ်၊ ကျောက်ဖြူအုတ်ချပ်၊ မြေအုတ်ချပ်၊ သဲအုတ်ချပ်များ စီ၍ တည်ထားတော်မူ၏။ မူလပထမ ရွှေတိဂုံစေတီတော်၏ဉာဏ် တော်အမြင့်မှာ (၄၄)တောင် (ပေ-၆၀)အမြင့်ရှိခဲ့၏။ သို့သော် ယခုအခါ (၃၂၆)ပေ အမြင့်ရှိသွားခဲ့လေပြီ။

## ➤ ရွှေတိဂုံစေတီရှိ ဘုရားငါးဆူ

ရွှေတိဂုံစေတီတော်ကြီး၏ အရှေ့အနောက်တောင် မြောက် အရပ်လေးမျက်နှာတွင် ရုပ်ပွားတော် ဆင်းတုတော်ကြီ



www.burmeseclassic.com

www.burmeseclassic.com

လေးဆူ တည်ထားတော်မူသည်။ အရှေ့ဘက်တန်ဆောင်း လိုဏ်ဂူမုခ်ဝအတွင်းရှိ ဘုရားရုပ်ပွားတော်မှာ ကကုသန်မြတ်စွာဘုရား ဖြစ်သည်။ ဤဆင်းတုတော်ကို ဂမုန်းပေါင်းစုံဖြင့် ထုလုပ်ထားသော ယာဘက်လက်ပက်လက် လာဘမုနိဂမုန်းဘုရားဖြစ်သည်။ ဤရုပ်ပွားတော်မြတ်ကို စီးပွားလာဘ်လာဘအတွက် လောကီအကြောင်းဆန်စွာ စူဠဂန္ဓရီ သမထပညာ စခန်းစဉ်အရ ထုလုပ်ထားသော လာဘမုနိဂမုန်းရုပ်ပွားတော်ဖြစ်၏။ ယာဘက်လက်ဝါးတော်ကို မှောက်ရက်မချ၊ လက်တော်ပက်လက်ဖြန့်ချထားသည်။ ယင်းလက်တော်၏လက်ခလယ်လက်ချောင်းအောက်တည့်တည့်၌ သော့ခတ်ထားခဲ့ဖူးသော သော့ကွင်းပေါက်နေရာရှိ၏။ အင်္ဂလိပ်ခေတ်လက်ထက်၌ အမြဲသော့ခတ်ထား၏။ ဤကကုသန် လက်ပက်လက် လာဘမုနိရုပ်ပွားတော်၏စည်းမှာ "ဓနသိဒ္ဓိစည်း၊ ဥစ္စာလာဘသိဒ္ဓိစည်း" ဖြစ်သည်။

(အင်္ဂလိပ်ခေတ်လက်ထက် ဤဂမုန်းဘုရားအနီးတွင် ကပ်၍ ဆီမီးပူဇော်ခဲ့သောကြောင့် ဒူးတော်တစ်ခြမ်း မီးခ လောင်ကျွမ်းပျက်စီးခဲ့ဖူး၏။ ယခုအခါ သော့ကွင်းပေါက်၌ သော့မခတ်ထားတော့ချေ။)

တောင်ဘက်မုခ် လိုဏ်ဂူအတွင်းရှိ ရုပ်ပွားတော်မှာ ကောဏာဂုံမြတ်စွာဘုရား ဖြစ်သည်။ ဤဆင်းတုတော်ကို ကြေးဖြင့် သွန်းလောင်းထားသော ကြေးဆင်းတုတော် ဖြစ်သည်။ ကောဏာဂုံမြတ်စွာဘုရား၏စည်းမှာ "အဂ္ဂိရတ်စည်း၊ ပြဒါးရှင်လုံး ဓာတ်လုံးစည်း" ဖြစ်သည်။





အနောက်ဘက်မုခ် လိုဏ်ဂူအတွင်းရှိ ဘုရားမှာ ကဿပမြတ်စွာဘုရား ဖြစ်သည်။ ဤရုပ်ပွားတော်၏နောက်ကျောဘက်အောက်တည့်တည့်၌ အလျားအနံ(၄၄)တောင်စီ ရှိသော စတုရန်းပုံ ကျောက်ဖြူတွင်းနက်ကြီး ရှိပြီးလျှင် အတောင်(၉၀)ရှိ ရွှေသင်္ဘောထက်၌ ဆံတော်(၈)ဆူ ကိန်းဝပ်စံပယ်တော်မူ၏။ ဤကဿပ မြတ်စွာဘုရား၏စည်းမှာ "ပညာစည်း၊ သိပ္ပဝိဇ္ဇာစည်း၊ မုဒိအာစည်း" ဖြစ်သည်။

မြောက်ဘက်မုခ် လိုဏ်ဂူအတွင်းရှိ ဘုရားရုပ်ပွားတော်သည် နောက်ဆုံးပွင့်တော်မူခဲ့သော ဂေါတမ မြတ်စွာဘုရားဖြစ်၏။ ရုပ်ပွားတော်လေးဆူအနက် ဉာဏ်တော်နှင့်ကိုယ်တော် အကြီးဆုံးသော ရုပ်ပွားတော်တစ်ဆူ ဖြစ်သည်။ ဤရုပ်ပွားတော်၏ဝဲယာဘေးနှစ်ဖက် နှစ်လံကျော်အကွာ တစ်ဖက်တစ်ချက်စီတွင် ဝါးတစ်ပြန်ကျော်ကျော် မြေအောက်အနက်၌ ဆံတော်တိုက်၊ ဌာပနာတိုက်သို့ သွားရာ မြေအောက်လိုဏ်လမ်းတစ်လမ်းစီ ရှိကြသည်။ ဤရုပ်ပွားတော်ကြီးသည် ဆံတော်တိုက်သွား မြေအောက်ဥမင်လိုဏ်လမ်းနှစ်လမ်းတို့၏အပေါ် တည့်တည့် အလယ်ကြား၌ ကိန်းဝပ်စံပယ်တော်မူနေ၏။ ဤဂေါတမမြတ်စွာဘုရား၏စည်းမှာ "ပီယစည်း၊ မေတ္တာစည်း" ဖြစ်သည်။

ရွှေတိဂုံစေတီတော်ကြီး၏အထက်ပစ္စယာတွင် တစ်ဝဂူပတ္တမြားမျက်ရှင်တော်ဘုရား ရှိသည်။ ဤရုပ်ပွားတော်ကို ဗဒုံမင်းလက်ထက် ပထမဘိုးဘိုးအောင် အဋ္ဌမပညာအဆုံး အသက်(၄၅)နှစ်တွင် ကိုယ်တော်တိုင် တည်ထားတော်မူခဲ့သည်။ ပတ္တမြား


www.burmeseclassic.com

www.burmeseclassic.com

မျက်ရှင် ကိန်းဝပ်ကွန့်မြူးတော်မူသည်ဟု အဆိုရှိကြသည်။ ပထမံဘိုးဘိုးအောင် ပတ္တမြားမျက်ရှင်ဘုရား၏စည်းမှာ "ပတ္တမြားမျက်ရှင်တော်စည်း၊ ပြဒါးရှင်လုံးစည်း" ဖြစ်သည်။ ဤဘုရားရှေ့ရှိနေရာမှာ အောင်မြေဖြစ်၏။ ယင်းအောင်မြေကို "ရန်အောင်မြင်မဟာဝိဇယ ဗုဒ္ဓအောင်မြေ" ဟုခေါ်သည်။

ရွှေတိဂုံစေတီတော်ကြီးသည် သိင်္ဂုတ္တရကုန်းတော်၏အနောက်တောင်ဘက်အစွန်းရှိ တတိယတောင်ထွတ်တွင် ပထမဦးဆုံး စတည်သောစေတီတော်ကြီး ဖြစ်သော်လည်း တတိယမြောက် ပြီးစီးသည့်စေတီဖြစ်၏။ သိင်္ဂုတ္တရကုန်းတော်ပေါ်တွင် ဒုတိယ တည်သော်လည်း ပထမဦးဆုံး ပြီးစီးသောကြောင့် နောင်တော်ကြီးစေတီဟု ခေါ်သည်။ နောင်တော်ကြီးစေတီတော် ပြီးစီးမှတတိယ တည်သော်လည်း ဒုတိယမြောက် ပြီးစီးခဲ့သောကြောင့် နောင်တော်လတ်စေတီ ဟုခေါ်သည်။ ဤနှစ်ဆူ ပြီးစီးသွားမှသာနောက်ဆုံးတတိယမြောက် ရွှေတိဂုံစေတီတော်ကြီး ပြီးစီးသောကြောင့် ရွှေတိဂုံစေတီတော်ကို "နောင်တော်ငယ်စေတီတော်" ဟုရှေးပညာရှင်ကြီးများ၊ ဆရာတော်ဘုရားကြီးများ မိန့်ကြားတော်မူခဲ့၏။

## (၂) နောင်တော်ကြီးစေတီတော်ကြီး

နောင်တော်ကြီးစေတီတော် တည်ထားရသည်မှာ ဂေါတမမြတ်စွာဘုရား၏ဆံတော်(၈)ဆူ ပင့်ယူတော်မူစဉ်က ထို





နေရာတွင် ခေတ္တကိန်းဝပ်ခဲ့သော ယာယီစံကျောင်းတော်နေရာဖြစ်သည်။ ထိုနေရာသည် သိင်္ဂုတ္တရကုန်းတော်ပေါ်ရှိ တောင်ထွတ်သုံးလုံးအနက် မြောက်ဘက်ဆုံးကျသည့် အကြီးဆုံးသော ပထမတောင်ထွတ်ကြီးဖြစ်၏။ မူလ ပထမစေတီတော်သည် ဆံတော်(၈)ဆူကို အကြောင်းပြုပြီးသကာလ တည်ထားတော်မူသောကြောင့် ဉာဏ်တော်အမြင့် ရှစ်တောင်တိတိသာ ရှိ၏။

သာသနာသက္ကရာဇ်(၂၀၁၄)နှစ်၊ ကောဇာသက္ကရာဇ်(၈၃၂)ခုနှစ်၊ ခရစ်သက္ကရာဇ်(၁၄၇၀)ပြည့်တွင် ဟံသာဝတီ ကေရိဘုရင်မကြီး ရှင်စောပု ရွှေတိဂုံစေတီတော်ကြီးအား အစစအရာရာ ပြုပြင်လှူဒါန်းပြီးနောက် နောင်တော်ကြီးစေတီတော်၏မူလစေတီကို ငုံ၍ပြုပြင်တည်ဆောက်တော်မူခဲ့၏။ သာသနာသက္ကရာဇ်(၂၁၁၆)ခုနှစ်၊ ကောဇာသက္ကရာဇ် (၉၃၄)ခုနှစ်၊ ခရစ်သက္ကရာဇ်(၁၅၇၂)ခုနှစ်တွင် ဟံသာဝတီဘုရင် ဆင်ဖြူများရှင်ဘုရင့်နောင်မင်းတရားကြီးသည် သာသနာသက္ကရာဇ်(၂၁၀၈)ခုနှစ်၊ ကောဇာသက္ကရာဇ်(၉၂၆)ခုနှစ်၊ ခရစ်သက္ကရာဇ်(၁၅၆၄)ခုနှစ်၌ တတိယအကြိမ်မြောက် မြတ်ရွှေတိဂုံ မြေငလျင်တုန် မြေခပြိုကျခဲ့စဉ် (၈)နှစ်တိုင်တိုင် ပြုပြင်တည်ဆောက်ပြီးစီးသောအခါ ပြိုကျပျက်စီးနေသည့် နောင်တော်ကြီးစေတီတော်ကိုပါ ဒုတိယအကြိမ် မူလစေတီတော်ကို ငုံ၍ ထပ်မံပြုပြင်တည်ဆောက်တော်မူခဲ့၏၊

သာသနာသက္ကရာဇ်(၂၄၁၉)ခုနှစ်၊ ကောဇာသက္ကရာဇ်(၁၂၃၇)ခုနှစ်၊ တပေါင်းလပြည့်ကျော်(၄)ရက်၊ ခရစ်သက္ကရာဇ်


www.burmeseclassic.com

www.burmeseclassic.com


(၁၈၇၆)ခုနှစ်၊ ဖေဖော်ဝါရီလ(၂၇)ရက်၊ တနင်္ဂနွေနေ့၌ တတိယ အကြိမ် နောက်ဆုံး ဒါယကာမှာ မော်လမြိုင်မြို့နယ် ကတိုးရွာ မှိုင်းလုံးကြီး သစ်တောအုပ်မင်း မွန်လူမျိုး ဦးမွန်ထော်နှင့် ဇနီး ဒေါ်ဖွားတို့သည် စေတီတော်ကြီးနှင့် ထီးတော်မြတ်ကိုပါ တင်ဆက် လှူဒါန်းတော်မူခဲ့၏။ နောင်တော်ကြီး စေတီတော်၏စည်းမှာ "မိဘ ဆရာစည်း၊ အနန္တောအနန္တငါးပါးစည်း" ဖြစ်သည်။

## (၃) နောင်တော်လတ်စေတီတော်

နောင်တော်လတ်စေတီသည် ရွှေတိဂုံစေတီတော်ကြီး၏ တနင်္ဂနွေထောင့် (အရှေ့မြောက်အရပ်)နှင့် နောင်တော်စေတီ တော်၏စနေထောင့်(အနောက်တောင်အရပ်) စေတီနှစ်ဆူအကြား မျဉ်းတစ်ဖြောင့်တည်းပေါ်တွင် တည်ရှိသည်။ ဤစေတီတော်ကို သိင်္ဂုတ္တရကုန်းတော်ပေါ်ရှိ တောင်ထွတ်သုံးလုံးအနက် အလယ်တွင် ရှိသည့် ဒုတိယတောင်ထွတ်ပေါ်ရှိ တည်ထားသော တတိယ မြောက် တည်၍ ဒုတိယမြောက် ပြီးစီးသည့် စေတီတော်ဖြစ်သည်။

ဂေါတမမြတ်စွာဘုရားရှင်လက်ထက် ဥက္ကလာပမင်းကြီး သည် ရွှေတိဂုံစေတီတော်ကို တည်ဆောက်တော်မူနေစဉ်ကာလ "ဂေါတမ မြတ်စွာဘုရား၏ဓာတ်တော်မွေတော်များ ဌာပနာ ရပါ လို၏" ဟု အဓိဋ္ဌာန်ပြု ဆုတောင်းလျှောက်ထားသည်တွင် ဘုရား ရှင် ကိုယ်တော်တိုင် ထင်ရှားပြသ လိုရာဆန္ဒပြည့်ဝစေဟု ဆုပေး မိန့်ကြားခဲ့သည်ကို အကြောင်းပြုပြီး နောင်တော်လတ် စေတီတော် ကို တည်ထားတော်မူခဲ့ခြင်းဖြစ်၏။

သိင်္ဂုတ္တရကုန်းတော်ပေါ်တွင် နောင်တော်ကြီးစေတီတော် ပထမဆုံး တည်ထားပြီးစီးပြီးနောက်မှ ဒုတိယမြောက် ပြီးစီးသော စေတီဖြစ်သောကြောင့် နောင်တော်လတ်စေတီဟု ခေါ်တွင်၏။ ဤစေတီသည် ဒေါ်ဒဂုံခင်ခင်လေး၏မဟာဗောဓိပုထိုး၏အရှေ့၊ ပထမံဘိုးဘိုးအောင် တစ်ဝဂူ ဆုတောင်းပြည့်ဘုရားရုပ်ပွားတော် ရှိရာ ကမ်းနားဈေး၊ အာရုံခံတန်ဆောင်း အနောက်၊ နှစ်ခုအကြား တွင် ရှိ၏။

နောင်တော်လတ်စေတီတော်၏ ခေါင်းလောင်းမှောက် တော်ပတ်လည် ဖောင်းရစ်တစ်ပတ်လုံး အစွယ်ကားကား ဘီလူးရုပ် များ လက်ရုံးနှစ်ဖက်ကွေး၍ တစ်ပတ်ပြည့် ပါရှိနေသောကြောင့် ဤစေတီတော်၏စည်းမှာ "ယက္ခစည်း၊ ကုမ္ဘဏ်စည်း" ဟု ခေါ် သည်။ ဤစေတီတော်၏အနောက်ဘက်ခြေရင်းသည် အောင်မြေ ဖြစ်၏။ ယင်းအောင်မြေနေရာကို "ယက္ခကုမ္ဘဏ်အောင်မြေ၊ ယက္ခ ကုမ္ဘဏ် နဝင်းဗုဒ္ဓအောင်မြေ" ဟု ခေါ်သည်။ ရွှေတိဂုံပေါ်ရှိ နဝင်းဗုဒ္ဓအောင်မြေ (၉)ဌာနတွင် တစ်နေရာ တစ်ဌာနအဖြစ် ပါဝင်တော်မူ၏။ ဤစေတီတော်၏အောက်တည့်တည့်တွင် ဓား လှံ လှံစက်များ ထားရှိရာ ရွှေသင်္ဘောရှိသည့် ဆံတော်တိုက် အတွင်းသို့ ဝင်သော မြေအောက်ဥမင်လိုဏ်လမ်း ရှိသည်ဟု အဆို ရှိကြသည်။

အထူးဆန်းဆုံး ဖြစ်နေရသည်မှာ သိင်္ဂုတ္တရကုန်းတော်ပေါ် ရှိ စေတီတော်ပေါင်း မြောက်မြားစွာတို့ ရှိသည့်အနက် (က)



www.burmeseclassic.com

www.burmeseclassic.com

နောင်တော်ကြီးစေတီ (ခ) နောင်တော်လတ်စေတီ (ဂ) နောင်တော်ငယ်စေတီခေါ် ရွှေတိဂုံစေတီတော်ကြီးသုံးဆူတို့ (၃) အရှေ့ခြောက်မိစ္ဆာ အရှေ့မြောက်ထောင့် တနင်္ဂနွေမှသည် အနောက်တောင်ထောင့် စနေဆီသို့ မျဉ်းတစ်ဖြောင့်တစ်တန်းတည်း တည်ရှိနေကြသည့်အပြင် (၂) ထီးတော် (၃) ငှက်ပျောဖူး (၄) ဖောင်းရစ် (၅) ကြာမှောက်ကြာလန် (၆) ခွဲ (၇) ခေါင်းလောင်းမှောက် (၈) ပစ္စယာ စသည်တို့မှာ အားလုံးတစ်ပုံစံတည်း တစ်ချိုးညီတည်း ဖြစ်နေသည်ကို ထူးခြားစွာ အံ့မခန်း တွေ့ရသည်။ ဤသုံးဆူမှာ သိင်္ဂုတ္တရကုန်းတော်ပေါ်တွင် အထူးဆန်းဆုံး၊ အထူးခြားဆုံး၊ သိဒ္ဓိအမြောက်ဆုံး၊ ပညာစခန်း အလျှို့ဝှက်ဆုံး၊ လောကီယ သမထပညာစခန်းစဉ် သင်္ကေတအပြဆုံး၊ ဆုတောင်းအပြည့်ဆုံးသောပထမဦးဆုံး တည်ဆောက်ပြီးစီးခဲ့သည့် ညီတော်နောင်တော်စေတီများ ဖြစ်ကြသည်။ နောင်တော်ငယ် ခေါ် ရွှေတိဂုံစေတီတော်ကြီးသည် မြန်မာနိုင်ငံရှိ "နဝင်းဆံတော်ရှင် စေတီတော်ကြီး(၉)ဆူတွင် တစ်ဆူပါဝင်သည့်အပြင် သိင်္ဂုတ္တရကုန်းသည်လည်း နဝင်းတောင်ကြီး(၉)တောင်၌ တစ်တောင် ပါဝင်တော်မူသည်။ သိင်္ဂုတ္တရကုန်းတော်နှင့် ရွှေတိဂုံစေတီတော်တို့သည် စူဠဂန္ဓရီ မဟာဂန္ဓရီ စခန်းစဉ် ပညာစဉ်တို့၏မနောမယသော့ချက် ဖြစ်သည်။

## (၄) ဆံတော်တွင်းစေတီတော်

ဆံတော်တွင်းစေတီတော်သည် ရွှေတိဂုံစေတီတော်ကြီး၏





မြောက်ဘက်၊ ဆံတော်တွင်း တန်ဆောင်းအတွင်းတွင် ရှိသည်။ ဤစေတီသည် ဒေါ်ဒဂုန်ခင်ခင်လေး၏ကောင်းမှုတော် မဟာဗောဓိပုထိုး အနောက်ဘက်၌ တည်ရှိသည်။ အစိမ်းရင့်ရောင်မှန်စီရွှေချ နဂါးရုပ်၊ နရားရုပ်များဖြင့် အုတ်ပြသဒ် တည်ဆောက်ထား၏။ အတွင်းတွင် ငုံစေတီ ရှိသည့်ပြင် ယင်းငုံစေတီ၌ ဆံတော်ရှစ်ဆူကို အကြောင်းပြု၍ ရွှေစေတီရှစ်ဆူ ဌာပနာထား၏။

ရွှေတိဂုံစေတီတော်တွင် ဆံတော်များ ဌာပနာစဉ်က ဆံတော်မြတ်ရှစ်ဆူ ဆေးကြောအနန္တစင်တော်မူခဲ့ရာနေရာ၊ ဆေးကြောရာ တွင်းပေါက်ကြီး ဖြစ်ခဲ့၏။ ဆံတော်ဆေးကြောသန့်စင်ခဲ့ရာ နေရာကို အထိမ်းအမှတ်ပြုပြီးနောက် နောင်းလူတို့ သိရှိစေရန် ဆံတော်တွင်းစေတီတော်ကို တည်ထားခဲ့ရခြင်းဖြစ်သည်။

ဆံတော်တွင်းအောက်ရှိ ရေသည် ရန်ကုန်မြစ်မှ ဒီရေအတက်အကျ အဝင်အထွက်ရှိသည့်ပြင် ဆံတော်တွင်းမြေအောက်ဥမင်လိုဏ်လမ်းမှာ အောက်သို့ နိမ့်ဆင်းသွား၏။ ဆက်ဆင်းသွားလျှင် ပိုနိမ့်လာပြီး ခါးစက်လှံစက်များ အထပ်ထပ် တပ်ဆင်၍ သံကွန်ချာခုနစ်ထပ် အုပ်ကာထားသော ရွှေသင်္ဘောရှိရာ ဌာပနာတိုက်သို့ ရောက်သည်ဟု အဆိုရှိကြသည်။ လမ်းခုလတ်တွင် မွန်လူစွမ်းကောင်းကြီး မောင်ကံ ကျောက်ရုပ်အား ကျစ်ဆံမြီးတန်းလန်း၊ တရုတ်ခမောက်ပြား ဆောင်းလျက်နှင့် မတ်တတ်ရပ်နေသည်ကို တွေ့နိုင်သည်ဟု အဆိုရှိကြ၏။

ဆံတော်တွင်းစေတီသည် သိင်္ဂုတ္တရကုန်းတော်ပေါ် ဝယ် ရွှေတိဂုံစေတီတော်ကြီး တည်ဆောက်ပြီးစီးသွားမှ ပထမဦးဆုံး



www.burmeseclassic.com

www.burmeseclassic.com



တည်သောစေတီဖြစ်၏။ တစ်နည်းဆိုရသော် သိင်္ဂုတ္တရကုန်းတော်၌ စတုတ္ထမြောက် တည်ဆောက်ပြီးစီးသော စေတီဖြစ်သည်။ ဤစေတီ၏စည်းမှာ "ဥာပနာစည်း၊ ဥာပနာစေတီ တည်သောစည်း" ဖြစ်၏။ စေတီဘုရားကျောင်းကန်ဇရပ် တည်လိုလျှင် ဗောဓိပင်နှင့် ရွှေပလ္လင်မာတ် ကိုင်သကဲ့သို့ ဤအောင်မြေကို နင်း၍သော်လည်းကောင်း၊ အမိဌာန်ဝင် ပုတီးစိပ်၍သော်လည်းကောင်း ဆောင်ရွက်မှု ပြုလုပ်ကြကုန်၏။

## (၅) ရှင်စောပု ဆုတောင်းပြည့်စေတီတော်

ရှင်စောပု ဆုတောင်းပြည့်စေတီတော်သည် ရွှေတိဂုံစေတီတော်ကြီး၏ရာဟုထောင့် (အနောက်မြောက်အရပ်)တွင် ရာဟုထောင့် သံတန်ဆောင်းကြီး၏အနောက်ဘက်၌ တည်ရှိသည်။ သာသနာသက္ကရာဇ်(၂၀၁၅)ခုနှစ်၊ ကောဇာသက္ကရာဇ်(၁၃၄)ခုနှစ်၊ ခရစ်သက္ကရာဇ်(၁၄၇၁)ခုနှစ်တွင် ဟံသာဝတီ ဧကရီဘုရင်မကြီး ရှင်စောပုသည် ရွှေတိဂုံစေတီတော်ကြီးနှင့် နောင်တော်ကြီးစေတီတော်တို့ကို ပြုပြင်မွမ်းမံတည်ဆောက်တော်မူပြီး တစ်နှစ်ကြာသောအခါ တည်ထားခဲ့သည့် စေတီတော်တစ်ဆူဖြစ်သည်။

သိင်္ဂုတ္တရကုန်းတော်ပေါ်တွင် ပဥ္စမမြောက် တည်ထားတော်မူခဲ့သည့် စေတီတော်ဖြစ်သည်။ ပေါက္ကံရာမ ပုဂံနေပြည်တော်ရှိ ဆရာတော် ရှင်မထီးခေါ် ဗားထီးငယ် ရှင်ရသေ့ ခေါ် ဗားထီးဆရာတော်(မွန်ဆရာတော်)အား ဦးစွာပထမ ဦးထိပ်





ပန်ဆင်သ၍ ဆရာတော် ဗားထီး၊ ဗားမွဲ၊ ဗားတမော့၊ ဗားမြို့တ် စသည့် ဗားလေးဗားဆရာတော်တို့အား ရည်စူးလျက် တည်ထားတော်မူခဲ့သည်။ ထို့ကြောင့် ဤဘုရားကို ဗားလေးဗားဘုရားဟူ၍လည်းကောင်း၊ ရှင်စောပု ဆုတောင်းပြည့် စေတီတော်ဟူ၍လည်းကောင်း အမျိုးမျိုး ခေါ်ကြသည်။

စေတီတော်ကြီးအနီးတွင် ယခင်က စကားစိမ်း၊ စကားဝါ၊ စကားပင်ငလေးပင်တိတိနှင့် ခရေပင်များ ရှိခဲ့၏။ ဤစေတီနှင့် ရွှေတိဂုံစေတီတော်အောက်တည့်တည့် မျဉ်းတစ်ဖြောင့်တည်း မြေအနက် ဝါးတစ်ပြန်ကျော်ကျော်တွင် ရေထွက်ပေါက်နှင့် မြေအောက်ဥမင်လိုဏ်လမ်း ရှိသည်ဟု အဆိုရှိကြသည်။ စေတီတော်၏ခေါင်းလောင်းငမှောက် ပတ်ပတ်လည် တစ်ပတ်လုံး ဘီလူးရုပ်များ အစွယ်တားကား လက်ရုံးထွားထွား နှစ်ဖက်ကွေး၍ ပါရှိသောကြောင့် ဤစေတီ၏စည်းမှာ "ယက္ခစည်း၊ ကုမ္ဘဏ်စည်း" ဖြစ်သည်။ အလွန်ဆုတောင်းပြည့်သော စေတီတော်ဖြစ်သည့် အပြင် စေတီတော်မုခ်ဝရှေ့ရှိ နေရာမြေသည် "ဗားလေးဗားနဝင်း ဗုဒ္ဓအောင်မြေ" နေရာဖြစ်၏။ သိင်္ဂုတ္တရကုန်းတော်ပေါ်ရှိ နဝင်း အောင်မြေ(၉)ဌာနတွင် တတိယ အရေးပါ အရာရောက်ဆုံးသော အောင်မြေဖြစ်သည်။

## (၆) ဓမ္မစေတီမင်း၏အင်းစေတီတော်

ဓမ္မစေတီမင်း၏အင်းစေတီတော်သည် ရွှေတိဂုံစေတီ



www.burmeseclassic.com

www.burmeseclassic.com



တော်ကြီး၏အရှေ့ဘက်တွင် တည်ရှိသည်။ ဘိုးဘိုးအောင်၏ ကောင်းမှုတော်ဖြစ်သော ဘိုးဘိုးအောင်ဘုရား ရုပ်ပွားတော်ကြီး ရှိရာ အာရုံခံတန်ဆောင်း ကျောဘက်တွင်ကပ်လျက်ရှိ၏။ အရှေ့ဘက်သို့ မျက်နှာပြု တည်ထားသည့် အရှေ့ဘက်သို့ လှည့်ထားသော စေတီဖြစ်သည်။

သာသနာသက္ကရာဇ်(၂၀၁၆)ခုနှစ်၊ ကောဇာသက္ကရာဇ် (၈၃၄)ခုနှစ်၊ ခရစ်သက္ကရာဇ် (၁၄၇၂)ခုနှစ်တွင် ဟံသာဝတီ ဘုရင်မကြီး ရှင်စောပု၏သမက်တော် ဓမ္မစေတီမင်း တည်ထားခဲ့သော အင်းစေတီ၊ ဓမ္မစေတီ ဖြစ်သည်။ ဓမ္မစေတီမင်းသည် ရှင်ဓမ္မဉာဏ် ခေါ် ရှင်ဓမ္မပါလ ရဟန်းတော်မြတ်နှင့်အတူ ရွှေပြား ငွေပြားများပေါ်၌ စမများ၊ အင်းများ ရေးချ၍ဌာပနာထားရာ အင်း စေတီဖြစ်သည်။ ဌာပနာတိုက်ထဲတွင် အင်းတက်စဉ်များ၊ အင်း ပုရပိုက်အဆူဆူ၊ ပေစာအဆောင်ဆောင်၊ အင်းကျမ်းအသွယ်သွယ် ဌာပနာထား၏။

စေတီတော်၏ရှေ့ မုခ်ဝဘေးတစ်ဘက်တစ်ချက်စီတွင် ကျားရုပ်နှင့်ခြသေ့်ရုပ်တို့ အသီးသီး ရှိကြသည်။ ဤစေတီ၏စည်း မှာ "အင်းစည်း၊ စမစည်း၊ စမပထမံစည်း" ဖြစ်၏။ ဤစေတီရှေ့ မုခ်ဝ ကျားရုပ်နှင့်ခြသေ့်ရုပ် ကြားနေရာသည် အောင်မြေဖြစ် သည်။ ဤအောင်မြေကို "အင်းအောင်မြေ၊ စမအောင်မြေ၊ စမ ပထမံအောင်မြေ နဝင်းဗုဒ္ဓအောင်မြေ" ဟု ခေါ်၏။ သိင်္ဂုတ္တရ ကုန်းတော်ပေါ်ရှိ နဝင်းဗုဒ္ဓအောင်မြေ (၉)ဌာနတွင် တစ်နေရာ တစ်ဌာန ပါဝင်သည်။





## (၇) သီဟရာဇာစေတီတော်

သီဟရာဇာ စေတီတော်သည် ရွှေတိဂုံစေတီတော်ကြီး၏ အလယ်ပစ္စယာ အင်္ဂါထောင့် ကဆုန်ညောင်ရေသွန်းလောင်းရာ ဗောဓိပင်ကြီးသို့ သွားရာလမ်းတွင် ရှိ၏။ စေတီတော်၏မုခ်ဝသည် အရှေ့ဘက်သို့ မျက်နှာပြုထားသည်။ စေတီတော်၏ပြသာဒ် ဆောင်ပေါ်၌ တစ်ဘက်လျှင် ခြသေ့်ရုပ်သုံးရုပ်စီ ပေါင်းခြောက်ရုပ် နှင့် ဝိဇ္ဇာရုပ်များ ဇော်ဂျီရုပ်များ ပါရှိ၏။

သာသနာသက္ကရာဇ်(၂၁၀၈)ခုနှစ်၊ ကောဇာသက္ကရာဇ် (၉၂၆)ခုနှစ်၊ ခရစ်သက္ကရာဇ်(၁၅၆၄)ခုနှစ်၌ တတိယအကြိမ် ရွှေတိဂုံစေတီတော်ကြီး ငလျင်တုန်လှုပ် ပြိုကျပျက်စီးခဲ့ရ၏။ အပျက်အစီးများကို ဟံသာဝတီဘုရင် ဆင်ဖြူများရှင် ဘုရင့်နောင် မင်းတရားကြီးသည် ဦးရီးတော် မင်းဒေဝဗလကျော်ထင်၊ ဗညား အိန္ဒ၊ ဗညားရံနှင့် ဘယသကြိန်ကနောာ မှူးကြီးမတ်ရာတို့ အမှူးပြု ကြီးကြပ်၍ ရှစ်နှစ်တိုင်ကြာအောင် ပြင်ဆင်တည်ဆောက်ပြီးမှ ဤသီဟရာဇာစေတီတော်ကို တည်ထားတော်မူခဲ့၏။ သာသနာ သက္ကရာဇ်(၂၁၁၆)ခုနှစ်၊ ကောဇာသက္ကရာဇ်(၉၃၄)ခုနှစ်၊ ခရစ် သက္ကရာဇ်(၁၅၇၂)ခုနှစ်တွင် ဟံသာဝတီပြည့်ရှင် ဆင်ဖြူများရှင် ဘုရင့်နောင်မင်းတရားကြီး တည်ထားပြီးစီးတော်မူခဲ့၏။

မင်းကြီးသည် နောင်သံသရာတစ်ကွေ့ ပြန်လည်၍ လူ့ အဖြစ်နှင့် တွေ့ဆုံရသော် အမျိုးဘာသာ သာသနာအတွက် သက် စွန့်ကြိုးပမ်း သာသနာ့ဝန်ထမ်းရသူ ဇာနည်ယောကျ်ား မင်း



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျား သာသနာပြု ပုဂ္ဂိုလ်ကောင်း ဖြစ်ရပါလို၏ဟု ဆုတောင်းရင်း သီဟရာဇာ ခြသေ့်မင်းအသွင် သိင်္ဂုတ္တရကုန်းပေါ်တွင် သီဟရာဇာစေတီကို တည်ထားခဲ့ရခြင်း ဖြစ်သည်။

သာသနာပြုရန်နှင့် သတ္တဝါကယ်ရန်အတွက် အလွန်လူသိနည်းသော ရှေးဟောင်းဆုတောင်းပြည့် နဝင်းစေတီတော်ကြီး (၉)ဆူတွင် တစ်ဆူပါဝင်တော်မူသည်။ ဤစေတီတော်၏စည်းမှာ "သီဟရာဇာမင်းစည်း၊ သာသနာပြု မင်းယောက်ျားစည်း" ဖြစ်သည်။ အတွင်းတွင် ဘုရင့်နောင်မင်းတရားကြီး၏ဦးသျှောင်တော်နှင့် သံလျက်တော်ကို ဌာပနာထား၏။

## (၈) ဝိဇ္ဇာဇော်ဂျီ ခေါ် ဝိဇ္ဇာညီနောင်စေတီ

ဤစေတီသည် ရွှေတိဂုံစေတီတော်ကြီး၏စနေထောင့် (အနောက်တောင်အရပ်)တွင် တည်ရှိသည်။ စေတီတော်ပြသာဒ်ပေါ်၌ ဝိဇ္ဇာရုပ်များ၊ ဇော်ဂျီရုပ်များ အဆင့်ဆင့် ထုလုပ်ထား၏။

ညီအစ်ကိုသုံးယောက် ထွက်ရပ်စခန်း ဝိဇ္ဇာလမ်း အန္တိမလမ်းပညာစဉ် စခန်းစဉ်ကျင့်စဉ် ပါသော ငွေသားပုရပိုက်သုံးဆူကို တစ်ဦးလျှင် တစ်ဆူစီ ရကြသွားပြီး ကျင့်ကြံသွားကြသောအခါ အန္တိမပညာဆုံးလမ်း ထွက်ရပ်စခန်းသို့ တစ်ပါးစီ အရှင်ထွက်ကြွလှမ်းတော်မူသွားကြပြီးနောက် ငွေပုရပိုက်သုံးဆူ ဌာပနာထားတော်မူခဲ့ရာ ထွက်ရပ်ပေါက် ဝိဇ္ဇာစေတီတစ်ဆူဖြစ်သည်ဟု အဆိုရှိကြ၏။ ဤစေတီတော်၏လက်ဝဲလက်ဘေးအောက်တည့်တည့်





ဒါးတစ်ပြန်ကျော် မြေအောက်အနက် ဌာပနာတိုက်သို့ ဝင်ရာမြစ်ရေအတက်အကျ ဥမင်လိုဏ်လမ်း ရှိသည်။ ဤစေတီတော်၏စည်းမှာ "ပုရပိုက်စည်း၊ ထွက်ရပ်ပေါက် ပုရပိုက်စည်း" ဖြစ်၏။ ဤစေတီရှေ့ရှိ ရုပ်ပွားတော်ကြီး၏ရှေ့မျက်နှာစာနေရာမှာ အောင်မြေဖြစ်သည်။ ယင်းအောင်မြေကို "ဝိဇ္ဇာညီနောင်နဝင်းဗုဒ္ဓအောင်မြေ" ဟု ခေါ်သည်။

## (၉) နေစကြာလစကြာစေတီတော်

နေစကြာလစကြာစေတီသည် ရွှေတိဂုံစေတီတော်၏ အလယ်ပစ္စယာ စနေထောင့် ဝိဇ္ဇာဇော်ဂျီ ခေါ် ဝိဇ္ဇာညီနောင်စေတီ၏အနောက်ဘက်၊ ရွှေတောင်ငွေတောင် တန်ဆောင်းဘေးတွင် တည်ရှိသည်။ စေတီတော်သည် အရှေ့ဘက်တွင် မုခ်ပေါက်ဝအတွင်း ရုပ်ပွားတော် ရှိပြီး သိင်္ဂုတ္တရကုန်းတော်ပေါ်ရှိ နဝင်းစေတီတော်ကြီး(၉)ဆူ၌ ဉာဏ်တော်အနိမ့်ဆုံး စေတီတော်ဖြစ်၏။ စေတီတော်၏အရှေ့ဘက် လိုဏ်ဂူမုခ်ဝပေါ်တွင် နေ့နဝင်း ဒေါင်းစကြာနှင့် လနဝင်းယုန်စကြာရုပ်ကို ရုပ်လုံးဖော်ပြထားသည်။ နေနဝင်းစကြာကို ကဒေါင်းရုပ်အား စနေနဂါး ရစ်ပတ်ထား၍လည်းကောင်း၊ လနဝင်းစကြာကို ယုန်ရုပ်အား စနေနံ နဂါးအပြင်မှ ရစ်ပတ်ထားလျက်လည်းကောင်း၊ အမြင်ခြားစေကာ ဇင်ရှားစေနဝင်းစကြာသိဒ္ဓိနှစ်ပါးကို ရုပ်လုံးဖော်ပြထား၏။

ဤနေစကြာ လစကြာစေတီ၏ကောင်းမှုတော် အလှူရှင်



www.burmeseclassic.com

www.burmeseclassic.com



မှာ စနေသားသာလျှင် ဇဝကန်အမှန်ဖြစ်ပေမည်။ ရွှေတိဂုံရင်ပြင် တော် စနေထောင့်မှ စနေနေ့တွင် အန္တိမအပြီးစခန်း ခရီးရောက် ပေါက်မြောက်သွားသောကြောင့်သာလျှင် နေစကြာ လစကြာ နဝင်းစကြာနှစ်ဆူလုံးကို စနေနံနဂါးကို သုံး၍ ဖော်ပြထားခြင်းသာ ဖြစ်သည်ဟု ဆရာတော်ကြီးများနှင့် ပညာရှင်များက အဆိုရှိကြ ၏။ ဤစေတီတော်သည် နေစကြာ လစကြာ နဝင်းစကြာ သိဒ္ဓိ နှစ်ပါး တောင်းခံရယူရာ စေတီဖြစ်သည်။ ဤစေတီတော်၏စည် သည် "နေစကြာလစကြာစည်း၊ နေလစကြာသိဒ္ဓိနှစ်ပါးစည်း" ဖြစ် သည်။ ဤစေတီတော် လိုဏ်ဂူမုခ်ဝရှေ့ရှိ နေရာသည် အောင်မြေ ဖြစ်၏။ ဤအောင်မြေကို "နေစကြာ လစကြာ အောင်မြေ၊ နေလ စကြာ သိဒ္ဓိနှစ်ပါး နဝင်းပုဒ္ဓအောင်မြေ" ဟု ခေါ်သည်။ သိင်္ဂုတ္တရ ကုန်းပေါ်ရှိ နဝင်းပုဒ္ဓအောင်မြေ(၉)ဌာနတွင် တစ်နေရာ တစ်ဌာန ဖြစ်သော စခန်းသိမ်း စခန်းဝင် အောင်မြေဖြစ်သည်။

## ၂။ နဝင်းရုပ်ပွားတော်ကြီး(၉)ဆူ

သိင်္ဂုတ္တရကုန်းတော်ပေါ်ရှိ နဝင်းရုပ်ပွားတော်ကြီး(၉)ဆူ မှာ . . .

(၁) တစ်ဝဂူ ပတ္တမြားမျက်ရှင်ဘုရား
(၂) ကကုသန် လက်ပက်လက် လာဘမုနိဘုရား





(၃) တစ်ဝဂူ သိဒ္ဓိအောင်ဘုရား
(၄) ပြဒါးရှင် မဟာမြတ်မုနိဘုရား
(၅) ဘိုးဘိုးအောင် ဘုရားကြီး
(၆) ပထမံ ဘိုးဘိုးအောင် တစ်ဝဂူ ဆုတောင်းပြည့်ဘုရား
(၇) ရှင်အဇ္ဇဂေါဏဘုရား
(၈) ရှင်မထီးဘုရား
(၉) ဆုတောင်းပြည့် ရာဇမုနိဘုရားတို့ ဖြစ်ကြသည်။

## (၁) တစ်ဝဂူ ပတ္တမြားမျက်ရှင်ဘုရား

ရွှေတိဂုံဘုရား၊ အထက်ပစ္စယာပေါ်တွင် အရှေ့ဘက်၌ တည်ရှိသည်။ ဤရုပ်ပွားတော်ကို သာသနာသက္ကရာဇ်(၂၃၃၆) ခုနှစ်၊ ကောဇာသက္ကရာဇ်(၁၁၅၄)ခုနှစ် သီတင်းကျွတ်လပြည့်(၁၅) ရက်၊ ခရစ်သက္ကရာဇ်(၁၇၉၂)ခုနှစ်၊ အောက်တိုဘာလ(၁)ရက် တနင်္ဂနွေနေ့၊ ပထမကုန်းဘောင်မင်းဆက် အမရပူရ ရွှေနန်းမြို့ တည် ဘိုးတော်ဘုရား ဗဒုံမင်းလက်ထက်တွင် ပြည်မြို့ ပထမံ ဘိုးဘိုးအန္တိမပညာအဆုံး ဓာတ်လမ်းဓာတ်စခန်း ဖြစ်မြောက် အောင်မြင်ပြီးမှ မိမိကိုယ်တိုင် အသက်(၄၅)နှစ်အရွယ်၌ တည် ထားတော်မူခဲ့၏။ နဖူးတော်နှင့် မျက်လုံးတော်တွင် ပတ္တမြား မျက်ရှင် ကိန်းဝပ်တော်မူသောအခါ မျက်တောင်တော်ခတ်တော်မူ



www.burmeseclassic.com

www.burmeseclassic.com



ခြင်းနှင့် မျက်လုံးတော်နှစ်ဖက်စလုံး နီရဲတောက်ပလာသည်ဟု အဆိုရှိကြသည်။ ကဆုန်လပြည့်၊ သီတင်းကျွတ်လပြည့်၊ တန်ဆောင်မုန်းလပြည့်နှင့် တပေါင်းလပြည့်နေ့တို့တွင် တစ်နှစ်လျှင် အနည်းဆုံး (၂)ကြိမ် မျက်တောင်ခတ် နီရဲတောက်ပသည်။

ရွှေတိဂုံရင်ပြင်တော်ပေါ်ရှိ မျက်တောင်တော်ခတ် မျက်ရှင်တော်ဘုရား ရုပ်ပွားတော်သုံးဆူတွင် တစ်ဆူပါဝင်သည်။ မျက်တောင်ခတ်ဘုရား ရုပ်ပွားတော်သုံးဆူ၌ တန်ခိုးအကြီးဆုံး၊ သိဒ္ဓိအရဆုံး၊ ဆုတောင်းအပြည့်ဆုံးနှင့် ထင်ရှားကျော်ကြား လူသိအများဆုံး ဘုရားရုပ်ပွားတော် ဖြစ်သည်။ ဤရုပ်ပွားတော်သည် အလွန်ဆုတောင်းပြည့်လွန်းသောကြောင့် ဟံသာဝတီမင်း ရာဇာဓိရာဇ်လက်ထက် သားတော် ဗောလောကျန်းတော အမိဋ္ဌာန်ဝင်သီလဆောက်တည်လျှဒါန်း အဆိပ်သောက်သေပြီးသည့်နောက် ဝယ် မင်းညီမင်းသား ဆွေတော်မျိုးတော် မှူးတော်မတ်တော်မှအစ မည်သူမျှ အပေါ်တက်ဖူးခွင့်မပြုတော့ချေ။ ဤရွှေတိဂုံစေတီတော်၏အထက်ပစ္စယာ တစ်ဝဂ္ဂ ပတ္တမြားမျက်ရှင်ဘုရားပေါ်သို့ မိန်းမများ လုံးဝတက်ဖူးခွင့်မရ၊ ဤဘုရား၏စည်းမှာ "ပတ္တမြားမျက်ရှင်တော်စည်း၊ ပြဒါးရှင်လုံးစည်း" ဖြစ်သည်။ ဤဘုရားရှေ့ရှိ ရင်ပြင်တော်နေရာမှာ အောင်မြေဖြစ်၏။ ဤအောင်မြေကို "ပတ္တမြားမျက်ရှင်အောင်မြေ၊ ရန်အောင်မြင် မဟာဝိဇယ နဝင်းဗုဒ္ဓအောင်မြေ" ဟုခေါ်သည်။ သိဂ္ဂုတ္တရကုန်းတော်ပေါ်ရှိ နဝင်းဗုဒ္ဓအောင်မြေ (၉)ဌာနတွင် တစ်နေရာတစ်ဌာန ပါသည့်ပြင် ပထမဆုံး အရေးပါအရာရောက်သော အောင်မြေဌာနကြီးတစ်ခုဖြစ်၏။





## (၂) ကကုသန်လက်ပက်လက်လာဘမုနိဘုရား

အရှေ့ဘက်တန်ဆောင်းတွင်းရှိ အရှေ့မုခ်လိုဏ်ဂူအတွင်းမှ ကကုသန် လက်ပက်လက်ဘုရားဖြစ်သည်။ ဤဘုရားသည် မူလပထမ ဂမုန်းပေါင်းစုံဖြင့် စီရင်ထုလုပ်ထားသော ဂမုန်းဘုရားဖြစ်၏။ စီးပွားလာဘ်လာဘအတွက် လောကီကြောင်းဆန်စွာ ထုလုပ်ထားသည့် လာဘမုနိ ရုပ်ပွားတော်ဖြစ်သည်။ ညာဘက်လက်ဝါးတော်သည် လက်တော်ပက်လက်ထား ဖြန့်ချထား၏။ ယင်းလက်တော်၏လက်ခလယ်အောက်တည့်တည့်တွင် သော့ခတ်ထားခဲ့ဖူးသော သော့ကွင်းပေါက်တစ်ပေါက် ရှိသည်။ အင်္ဂလိပ်ခေတ်၌ အမြဲသော့ခတ်ထားပြီး လွတ်လပ်ရေးရပြီးနောက်မှ သော့ဖြုတ်ထားလိုက်သည်။

ဤအရှေ့ဘက် တန်ဆောင်းအတွင်းတွင် နောက်ထပ် ညာဏ်တော်အမြင့်(၁၀)ပေခန့်ရှိ အလွန်ကြီးမားသည့် လက်ပက်လက် လာဘမုနိ ရုပ်ပွားတော်ကြီးလေးဆူအနက် တောင်ဘက်မှ မြောက်ဘက်သို့ ရေတွက်သွားသောအခါ ပထမအဆူ၊ ဒုတိယအဆူနှင့် စတုတ္ထအဆူ သုံးဆူမှာ လက်ပက်လက် လာဘမုနိ ရုပ်ပွားတော်များ ဖြစ်ကြသည်။ ကကုသန် မြတ်စွာဘုရားရှေ့နှင့် တန်ဆောင်းတစ်ခုလုံး၏စည်းမှာ "မနသိဒ္ဓိစည်း၊ ဥစ္စာလာဘသိဒ္ဓိစည်း" ဖြစ်သည့်ပြင် ဤနေရာမှာ အောင်မြေဖြစ်သည်။ "မနသိဒ္ဓိအောင်မြေ၊ ဥစ္စာလာဘ သိဒ္ဓိအောင်မြေ" ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



## (၃) တစ်ဝဂ္ဂသိဒ္ဓိအောင်ဘုရား

အရှေ့ဘက်တန်ဆောင်းအတွင်းတွင် ရှိပြီး အလွန်လူသိနည်းလှသော နဝင်းရုပ်ပွားတော်တစ်ဆူ ဖြစ်သည်။ သိင်္ဂုတ္တရကုန်းပေါ်ရှိ နဝင်းရုပ်ပွားတော်ကြီး(၉)ဆူတွင် ဉာဏ်တော်အမြင့်မှာ တစ်တောင်ကျော်ကျော် ရှိပြီးလျှင် မျက်လုံးတော်နှစ်လုံး အထူးခြားဆုံး အရည်အလည်ဆုံး ဖြစ်နေသည်။ ပလ္လင်တော်အောက်ဘောင်တွင် "သိဒ္ဓိအောင်" ဟု ကမ္ပည်းတင် ရေးထိုးထား၏။ သိဒ္ဓိအောင်ဘုရား ကိန်းဝပ်စံပယ်သောနေရာသည် အရှေ့ဘက်တန်ဆောင်း ကကုသန်လက်ပက်လက် လာဘမုနိဘုရားမုခ်ဝမှ ဝဲဘက်ကြားထဲသို့ ချိုးဝင်ပြီး နှစ်လှမ်းစာအကွာ အရှေ့ဘက်သို့ မျက်နှာပြုထားသည့် လိုဏ်ဂူအတွင်း ဖြစ်သည်။

ဤသိဒ္ဓိအောင်ဘုရားတွင် ဦးအောင်၊ ဘိုးဘိုးအောင်၊ ပထမံဘိုးဘိုးအောင်၊ မင်းအောင်၊ ရသေ့အောင်၊ ပညာအောင်၊ မူယာပင် အဘိုးအောင်၊ တောင်သာ အဘိုးအုန်း စသော အောင်ပုဂ္ဂိုလ် ပညာရှင် သူတော်စင်သူမြတ်လောင်းတို့ ပညာတောင်းသိဒ္ဓိဆောင်းစခန်းဝင်၍ အောင်မြင်သွားသည့် ဘုရားရုပ်ပွားတော်တစ်ဆူ ဖြစ်တော်မူသည်ဟု အဆိုရှိကြသည်။ တစ်ဝဂ္ဂ သိဒ္ဓိအောင်ဘုရား၏စည်းမှာ "ပညာစည်း၊ ပညာအောင်စည်း" ဖြစ်၏။ ဂူဝရှေ့ တထိုင်စာနေရာလေးမှာ အောင်မြေဖြစ်သည်။ ဤအောင်မြေကို "သိဒ္ဓိအောင်မြေ၊ ပညာအောင်မြေ" ဟုခေါ်၏။





## (၄) ပြဒါးရှင် မဟာမြတ်မုနိဘုရား

ရွှေတိဂုံရင်ပြင်တော် အလယ်ပစ္စယာ အင်္ဂါထောင့် အကျောင်းတော် ကဿပ ရုပ်ပွားတော်အနီးတွင် ရှိပြီး မုန်ကာအတွင်း တောင်ဘက်သို့ မျက်နှာပြုထားတော်မူသည်။ အရှေ့ဘက်ရှိ စေတီတော်ကြီးတစ်ဆူ၏တောင်ဘက်မုခ်ဝအတွင်းရှိ မဟာမြတ်မုနိပုံတော်မျိုးဖြစ်၏။ ရွှေတိဂုံရင်ပြင်တော်ပေါ်ရှိ မဟာမြတ်မုနိရုပ်ပွားတော်(၉)ဆူတိတိ ရှိသည့်အနက် အသပ္ပာယ်ဆုံး၊ အချိုးအစား အကျနအပြေပြစ်ဆုံးသော ကြေးဆင်းတုတော်တစ်ဆူဖြစ်သည်။ နဖူးတော်တည့်တည့်တွင် ပြဒါးရှင်လုံး ဌာပနာထားသောကြောင့် ဆီးဖြူသီးအလုံးလေး ပမာဏခန့် လုံးဝန်းမို့မောက်နေခြင်းဖြစ်သည်ဟု အဆိုရှိကြ၏။ တစ်ခါတစ်ရံ ကြေးဆင်းတုနဖူးပြင်မှ မ်းနုဖြူရောင် ဝင်းခနဲ လက်ခနဲ ဖြာထွက်ခြင်း၊ အထက်ပစ္စယာ တစ်ဝဂ္ဂ ပတ္တမြားမျက်ရှင်ဘုရားမှ ဖြူဝင်းတောက်ပနေသော ပြဒါးရှင်လုံး ကူးချိပ်ျသန်းနေတတ်သည်ဟု အဆိုရှိကြကုန်သည်။ ဤဘုရားရုပ်ပွားတော်၏စည်းမှာ "ပြဒါးရှင်စည်း" ဖြစ်၏။

## (၅) ဘိုးဘိုးအောင်ဘုရားကြီး

ရွှေတိဂုံရင်ပြင်တော်၏အရှေ့ဘက်တွင် အနောက်ဘက် ရွှေတိဂုံစေတီတော်ကြီး ရှိရာသို့ မျက်နှာပြုထားပြီး ဘိုးဘိုးအောင်



www.burmeseclassic.com

www.burmeseclassic.com



တန်ဆောင်းကျဉ်းကျဉ်းနိမ့်နိမ့်အတွင်း၌ တည်ရှိသည်။ ယင်းတန်ဆောင်းမှာ ဟံသာဝတီဘုရင် ဓမ္မစေတီမင်း၏ကောင်းမှုတော်ဖြစ်သော ကျားရုပ်နှင့်ခြင်္သေ့ရုပ် တစ်ဘက်တစ်ချက်စီ ပါသည့် အင်း စေတီ၏အနောက်ဘက်၌ ကျောချင်းကပ်လျက် တည်ရှိသည်။ တန်ဆောင်းအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်ကို ဘိုးဘိုးအောင် ပညာစခန်းအပြီး ကုသိုလ်ပြု တည်ထားခဲ့ခြင်း ဖြစ်သည်။ ဘိုးဘိုးအောင် ဘုရားကြီး၏စည်းမှာ "ဝိဇ္ဇာစည်း၊ ထွက်ရပ်ပေါက်စည်း" ဖြစ်သည်။

## (၆) ပထမံဘိုးဘိုးအောင် တစ်ဝဂ္ဂ ဆုတောင်းပြည့်ဘုရား

ရွှေတိဂုံစေတီတော်၏မြောက်ဘက်၊ နောင်တော်လတ် စေတီ၏အရှေ့ဘက်၊ ကမ်းနားဈေး၊ တန်ဆောင်းအတွင်းတွင် ရှိသည်။ ယင်းတန်ဆောင်း၏အလယ်တည့်တည့်မုခ်ဝမှ တစ်ဝဂ္ဂ အတွင်းသို့ ဝင်သွားရ၏။ အမှန်စင်စစ်အားဖြင့် ပထမံ ဘိုးဘိုး အောင် တစ်ဝဂ္ဂ ဆုတောင်းပြည့်ဘုရားသည် နောင်တော်လတ် စေတီ အရှေ့မုခ်ဝတစ်ဝဂ္ဂအတွင်းရှိ ဆင်းတုတော်တစ်ဆူ ဖြစ်သည်။ ပထမံ ဘိုးဘိုးအောင် ထွက်ရပ်မပေါက်မီ ရွှေတိဂုံဘုရား မြေအောက်ဥမင်လိုဏ်လမ်းမှ ဆံတော်တိုက်သို့ သွားသည့်အခါ ဤဆင်းတုတော်အောက်ရှိ လှေကားမှ ဆင်းသွားလေ့ရှိ၏။ ဤ အောက်တည့်တည့်တွင် ဆံတော်တိုက်တွင်းသို့ ဆင်းသွားရာ လှေကားထစ်များနှင့် ဥမင်လိုဏ်လမ်း ရှိသည်ဟု အဆိုရှိကြသည်





*(မှတ်ချက်။ ။ အင်္ဂလိပ်ခေတ်တွင် အာမေးနီးယန်း လူငယ် တစ်ဦး ပထမံဘိုးဘိုးအောင် ရုပ်ပွားတော်ကို တစ်ယောက်ထီး တည်း ဆော့ကစားပွတ်တိုက်မိသောအခါ ရုပ်ပွားတော် နေရာရွှေ့ ပြောင်းသွားပြီး လူတစ်ကိုယ်စာ တွင်းပေါက်ဝ ပေါ်လာ၏။ ထို တွင်းပေါက်ဝ ကျောက်လှေကားအတိုင်း ဆင်းသွားရာ ဆံတော် တိုက်သို့ သွားသော မြေအောက်ဥမင်လိုဏ်လမ်းသို့ ရောက်သွား ၏။ ပိန္နဲဆီး၊ သစ်ခေါက်ဆီး၊ နက်ပြာဆီးသင်္ကန်းများနှင့် ရဟန်း တော်များကို ကျောက်မျက်ရတနာများ ခင်းထားသည့်အပေါ်တွင် ပုတီးစိပ် တရားထိုင်နေသည်ကို တွေ့ခဲ့ရကြောင်း နေရှင်းအင်္ဂလိပ် သတင်းစာတွင် တစ်ကြိမ်၊ ဗမာ့ခေတ်သတင်းစာတွင် တစ်ကြိမ်၊ (၁၉၈၆)ခုနှစ် အောက်တိုဘာလထုတ် အမှတ်စဉ်(၂၆)၊ ဇောတိက ဝေဒမဂ္ဂဇင်းတွင် တစ်ကြိမ်၊ (၁၉၉၀)ပြည့် ဖေဖော်ဝါရီလထုတ် အမှတ်စဉ်(၆၁)၊ ဇောတိသဝေဒ မဂ္ဂဇင်းတွင်တစ်ကြိမ် ဖော်ပြခဲ့ ၏။ အာမေးနီးယန်း ဘုန်းတော်ကြီး၏အင်္ဂလိပ်လက်ရေးစာမူများ နှင့် ပန်းချီရုပ်ပုံကားချပ်များနှင့်တကွ အချပ်လိုက် ဗိုလ်မှူးသောင်း ထိုက်တွင် ယနေ့တိုင် ရှိနေသေး၏။)*

*တာဝန်ခံစာတည်း*

ဤပထမံဘိုးဘိုးအောင် တစ်ဝဂ္ဂဆုတောင်းပြည့်ဘုရား သည် ကမ်းနားဈေး တန်ဆောင်းအတွင်းတွင် ရှိသော်လည်း နောင် တော်လတ်စေတီ၏အရှေ့ဘက် တစ်ဝဂ္ဂအတွင်းတွင် ရှိသော ကြောင့် နောင်တော်စေတီနှင့်သာ သက်ဆိုင်သည်။ နောင်တော်



www.burmeseclassic.com

www.burmeseclassic.com



လတ်စေတီ၏သပိတ်မှောက် ပတ်ပတ်လည် တစ်ပတ်လုံးတွင် ဘီလူးရုပ်များ လက်ရုံးနှစ်ဖက်ကွေး၍ ပါရှိသောကြောင့် ဤစည်းကို "ယက္ခစည်း၊ ကုမ္ဘဏ်စည်း" ဟု ခေါ်သည်။

## (၇) ရှင်အဇ္ဇဂေါဏဘုရား

ရှင်အဇ္ဇဂေါဏ ဆင်းတုတော်သည် နောင်တော်ကြီးစေတီ၏တောင်ဘက်၊ ကမ်းနားဈေးတန်ဆောင်း၏အရှေ့မြောက်ဘက် ရှင်အဇ္ဇဂေါဏ တန်ဆောင်းအတွင်းတွင် ရှိသည်။ တောင်ဘက်သို့ မျက်နှာမူနေသည့် ဝဲဘက်အစွန်ဆုံးမှ ရုပ်ပွားတော်ကြီးတစ်ဆူဖြစ်၏။ မျက်လုံးတော်မှာ တစ်ဖက်ကျဉ်း တစ်ဖက်ကျယ်၍ ထုလုပ်ထားသည်။ ဆိတ်မျက်လုံးတစ်ဖက်နှင့် နွားမျက်လုံးတစ်ဖက် အစားထိုး ထည့်သွင်းပြီးမှ အန္တိမလမ်း ထွက်ရပ်စခန်း ကြွမြန်းသည်ကို အကြောင်းပြု၍ တည်ထားတော်မူရသောကြောင့် ဆင်းတုတော်၏မျက်လုံးတော်ကို တစ်ဖက်ကျဉ်း တစ်ဖက်ကျယ်လျက် ဆရာတော် ရှင်အဇ္ဇဂေါဏအား ရည်စူးတည်ထားရခြင်းဖြစ်၏။ ရှင်အဇ္ဇဂေါဏဘုရား၏အလှူရှင်တို့မှာ ပုဂံဦးကျော်စွာ၊ အမိဒေါ်သော်တာနှင့် တစ်ဦးတည်းသောသား မောင်စည်သူတို့ဖြစ်ကြသည်။

- ရှင်အဇ္ဇဂေါဏ၏မူလပထမဘွဲ့တော်မှာ ရှင်ရသေ့ ဝေဒိသာရ ဖြစ်တော်မူသည်။ သာသနာသက္ကရာဇ်(၆၅၀)ခုနှစ်၊ ကောဇာသက္ကရာဇ်(၂၉)ခုနှစ်၊ ခရစ်သက္ကရာဇ် အေဒီ(၁၀၇)ခုနှစ်





တွင် ပေါက္ကံရာမ ပထမပုဂံသမုဒ္ဒရာဇ်မင်း၏ဆရာတော် ဖြစ်သည်။ သာသနာသက္ကရာဇ်(၆၉၅)ခုနှစ်၊ ကောဇာသက္ကရာဇ်(၇၃)ခုနှစ် (ခရစ်သက္ကရာဇ် အေဒီ(၁၅၁)ခုနှစ်) နတ်တော်လဆန်း(၅)ရက်၊ ကြာသပတေးနေ့ နေ့မွန်းတည့်ပြီးချိန်ရောက်မှာ ပြဒါးရှင်ခါတ်လုံး အပြီးစခန်းဆုံးသို့ ရောက်တော်မူခဲ့၏။

ရှင်အဇ္ဇဂေါဏ ဆရာတော်သည် ပြဒါးရှင်ခါတ်လုံး အန္တိမစခန်းဆုံးကြောင်း သိတော်မူလေမှ ညနေဈေးကွဲချိန်ဝယ်ယူခဲ့ရသော ဆိတ်မျက်လုံးတစ်လုံးနှင့် နွားမျက်လုံးတစ်လုံးစီ မျက်လုံးအိမ်တွင်း သွင်း၍ ပြဒါးရှင်ခါတ်လုံးနှင့် ကုထုံးတင် ရှင်းလိုက်မှ စက္ခုန္ဒနှစ်ကွင်း အလင်းပြန်ရတော်မူခဲ့၏။ ဆရာတော်သည် ပေါက္ကံရာမ ပုဂံနေပြည်သူနေပြည်သားများအား ရွှေမိုးငွေမိုး ရွာသည့်အလား ချီးမြှင့်မစတော်မူခဲ့၏။ မုဆိုးမကအစ စေတီပုထိုး ကျောင်းကန်များကို လှည်းဝင်ရိုးသံ တည်ည်၊ ပုဂံဘုရားပေါင်း အရေအတွက်ကျော်အောင် တည်ထားဒါနကုသိုလ်ပြုခဲ့ကုန်သည်။ သာသနာသက္ကရာဇ်(၆၉၆)ခုနှစ်၊ ကောဇာသက္ကရာဇ်(၇၄)ခုနှစ် (ခရစ်သက္ကရာဇ်အေဒီ(၁၅၂)ခုနှစ်) ကဆုန်လပြည့် တနင်္ဂနွေနေ့ အောင်သာနေမွန်းတည့်ချိန်တိတိတွင် ကျေးဇူးရှင် တကာတော် ပေါက္ကံရာမ ပထမပုဂံပြည့်ရှင် သမုဒ္ဒရာဇ်မင်းကြီးနှင့်အတူ ထွက်ရပ်အောင်စခန်းသို့ အပြီးတိုင် လှမ်းကြွတော်မူခဲ့၏ဟူ၍ ကျမ်းအစောင်စောင်၊ ပေစာအဆူဆူတို့က အဆိုရှိ ကမ္ပည်းတင်ခဲ့ကြကုန်၏။ ရှင်အဇ္ဇဂေါဏဘုရား၏စည်းမှာ "ပြဒါးဝိဇ္ဇာစည်း၊ ပြဒါးရှင် ထွက်ရပ်ပေါက် ဝိဇ္ဇာစည်း" ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



## (၈) ရှင်မထီးဘုရား

ရှင်မထီးဘုရားဆင်းတုတော်သည် နောင်တော်ကြီးစေတီတော်၏မြောက်ဘက် အာရုံခံတန်ဆောင်းအတွင်း အလယ်တည့်တည့်တွင် ရှိသော ရုပ်ပွားတော်ကြီးတစ်ဆူဖြစ်သည်။ လွန်ခဲ့သောနှစ်ပေါင်း(၁၀၀၀)ခန့်တွင် ရှင်အဂ္ဂဇေါဏဘုရား တည်ခဲ့ပြီးနောက် ရှင်မထီးဆရာတော် တည်သွားခဲ့သည်ဟု အဆိုရှိကြသည်။ အဂ္ဂိရတ် ဓာတ်ကျမ်း ပေစာပုရပိုက်တစ်ဆူ ထားတော်မူခဲ့သည်ဟု အလွန်လူပြောများလှသော ဆင်းတုတော်တစ်ဆူ ဖြစ်သည်။

ရှင်မထီးဆရာတော်နှင့် ရှင်အဂ္ဂဇေါဏဆရာတော်တို့မှာ မတူကြချေ။ တစ်ပါးတည်းမဟုတ် တစ်ပါးစီသာ ဖြစ်တော်မူကြသည်။ ရှင်မထီးဆရာတော်သည် ရှင်အဂ္ဂဇေါဏ၏ညီတော် နောင်တော် အနွယ်စဉ်တို့၏တပည့်ဖြစ်၏။ ထွက်ရပ်ပေါက်ဆရာတော် ရှင်အဂ္ဂဇေါဏတွင် ရသေ့ညီနောင်(၃)ပါး ရှိတော်မူသည်။ (၁) ဝေဒိဿရ ရှင်ရသေ့ (ခေါ် နောင်အခါ ရှင်အဂ္ဂဇေါဏ) (၂) နေက္ကဿရ ရှင်ရသေ့နှင့် (၃) မေဒိဿရ ရှင်ရသေ့တို့ အသီးသီး ဖြစ်ကြသည်။

ဝေဒိဿရ ရှင်ရသေ့(ခေါ် ရှင်အဂ္ဂဇေါဏ)၏တပည့်ရင်းသည်ကား ညီတော်လတ် နေက္ကဿရ ရှင်ရသေ့ဖြစ်သည်။ နေက္ကဿရ ရှင်ရသေ့၏တပည့်မှာ သရဘင်္ဂ ရှင်ရသေ့ဖြစ်၏။ ယင်း သရဘင်္ဂ ရှင်ရသေ့၏တပည့်ရင်းသည် ရှင်မထီးဆရာတော်ပင်





ဖြစ်သည်။ ရှင်မထီးဆရာတော်သည် သာသနာသက္ကရာဇ်(၆၉၇) ခုနှစ်၊ ကောဇာသက္ကရာဇ်(၇၅)ခုနှစ် (ခရစ်သက္ကရာဇ် အေဒီ (၁၅၃)ခုနှစ်) တပေါင်းလဆန်း(၁)ရက်နေ့တွင် အောက်ပြည် အောက်ရွာ သုဝဏ္ဏဘူမိ သထုံပြည်မှနေ၍ ပေါက္ကံရာမ ပုဂံ နေပြည်တော်သို့ စာပေကျမ်းဂန်နှင့် အဂ္ဂိရတ်ကျမ်း သင်ကြားရန် ရောက်ရှိလာခဲ့သူ ဘုန်းထီးငယ်ဘွဲ့တော် ဖြစ်သည်။

အရိမဒ္ဒနာ ပုဂံပြည် ပြူစောထီးမင်းလက်ထက်တွင် မင်းဆရာတော် ဖြစ်လာသောအခါ ရှင်မထီးဆရာတော်ဘွဲ့ ခံခဲ့တော်မူ၏။ ရှင်မထီးဆရာတော်သည် မင်းဆရာ မဖြစ်မီ ရှင်အဂ္ဂဇေါဏ၏တပည့်ရင်း ရှင်သရဘင်္ဂ ရသေ့ထံ ပညာဆည်းပူးနေခဲ့၏။ ပေါက္ကံရာမ သရဘင်္ဂ ရှင်ရသေ့သည် သာသနာသက္ကရာဇ်(၇၁၀) ခုနှစ်၊ ကောဇာသက္ကရာဇ်(၈၈)ခုနှစ် (ခရစ်သက္ကရာဇ် အေဒီ (၁၆၆)ခုနှစ်) ကဆုန်လဆန်း(၁၂)ရက် သောကြာနေ့ နေ့မွန်းတည့် နှစ်ဖဝါးအောင်သာ နေမွန်းတည့်အချိန်တွင် အဂ္ဂိရတ်ဓာတ်လမ်း ရှင်အဂ္ဂဇေါဏ ဆရာတော် ဓာတ်စခန်းစဉ်ဖြင့် အန္တိမပိဋ္ဌာအဆုံးသို့ ရောက်တော်မူခဲ့၏။ သရဘင်္ဂ ရှင်ရသေ့ ထွက်ရပ်လမ်း ကြွမြန်းတော်မူပြီးမှ သာသနာသက္ကရာဇ်(၇၁၁)ခုနှစ်၊ ကောဇာသက္ကရာဇ်(၈၉)ခုနှစ် (ခရစ်သက္ကရာဇ် အေဒီ(၁၆၇)ခုနှစ်) ပုဂံပြည်သို့ ရောက်ပြီး (၁၄)နှစ်ကြာသောအခါမှ ပေါက္ကံရာမအမည်မှ အရိမဒ္ဒနာအမည်သို့ ပြောင်းစေခဲ့သူ ပုဂံပြူမင်းကြီး(ခေါ်) ပြူစောထီး(ခေါ်)ပြူမင်းထီး၏မင်းဆရာတော် ဖြစ်လာသည်။

ရှင်မထီးဆရာတော်သည် ရှင်အဂ္ဂဇေါဏနှင့် သရဘင်္ဂ



www.burmeseclassic.com

www.burmeseclassic.com



ရှင်ရသေ့တို့၏အင်္ဂရတ်ကျမ်းအစောင်စောင်ကို နှုတ်ငုံအာဂုံဆောင်ထားသူ ဖြစ်သောကြောင့် စခန်းမထွက်မီ ရှင်မထီးမာတ်ကျမ်းကို ပြုစုခဲ့၏။ သာသနာသက္ကရာဇ်(၇၁၅)ခုနှစ်၊ ကောဇာသက္ကရာဇ်(၉၃)ခုနှစ် (ခရစ်သက္ကရာဇ် အေဒီ(၁၇၁)ခုနှစ်)တန်ဆောင်မုန်းလပြည့် ကြာသပတေးနေ့ ညဉ့်သန်းခေါင်ယံ လမွန်းတည့်ချိန်တိုတိအချိန်တွင် အင်္ဂရတ်မာတ်လမ်း ပြဒါးရှင်လုံးစခန်းဖြင့် ထွက်ရပ်မြန်း ကြွလှမ်းတော်မူခဲ့၏။ ပုဂံပြည်တွင် ရှင်အဋ္ဌဂေါဏ(နှင့် သမုဒ္ဒရာဇ်မင်းကြီး) ညီတော် နေက္ကသရ ရှင်ရသေ့၊ ညီတော် မေဒိသရ ရှင်ရသေ့၊ လက်ရင်းတပည့် သရဘဂု ရှင်ရသေ့နှင့် ရှင်မထီးဆရာတော် ခေါ် ဗားထီးဆရာတော်တို့ ဆက်တိုက် ပြဒါးရှင်လုံးမာတ်လုံးကိုယ်စီဖြင့် အရှင်ထွက် ထွက်တော်မူခဲ့ကြ၏။

## (၉) ဆုတောင်းပြည့် ရာဇမုနိဘုရား

ဤဘုရားသည် ရွှေတိဂုံစေတီတော်၏မြောက်၊ နောင်တော်ကြီးစေတီ၏ရာဟုထောင့်တွင် ရှိသည့် ဦးထူး၊ ဒေါ်ဖြော့ကြီးကောင်းမှုတော် ပြဿဒ်စေတီအတွင်း ကိန်းဝပ်စံပယ်နေသော မဟာမြတ်မုနိ ရုပ်ပွားတော်ကြီးတစ်ဆူဖြစ်သည်။ ရွှေတိဂုံတွင်ရှိသည့် မဟာမြတ်မုနိ ရုပ်ပွားတော်ကြီး(၉)ဆူအနက် ဉာဏ်တော်အကြီးဆုံးနှင့် ဆုတောင်းအပြည့်ဆုံးဖြစ်၏။ ဆုတောင်းပြည့်ကြောင်း အင်္ဂလိပ်လူမျိုးများပင် အနောက်တိုင်း အင်္ဂလိပ်မဂ္ဂဇင်းများ၌ ရေးသားဖော်ပြခဲ့ဖူး၏။ ပြဿဒ်စေတီ၏နဖူးစီးတွင်





ဗြိတိသျှမျက်နှာဖြူတို့၏တံဆိပ်ကို ခုနှစ်သက္ကရာဇ်နှင့်တကွ ရေးထိုးထားခဲ့သော်လည်း ထိန်းသိမ်းသတိထားမှု အနည်းငယ် လိုအပ်သောကြောင့် အင်္ဂလိပ်အမှတ်အသား တံဆိပ်တစ်ခုထီးတည်းသာ တျန်ရစ်ခဲ့ပြီး ခုနှစ်သက္ကရာဇ် ပျောက်ခဲ့၏။ ယခင်က ဤစေတီအပေါ် ညောင်ပင်ကြီးတစ်ပင်နှင့် ပိန္နဲပင်တစ်ပင် မိုးနေခဲ့ဖူး၏။ အလွန်မြေကြမ်းသောနေရာ အမှားမခံသောနေရာအဖြစ်ဖြင့် နာမည်အလွန်ကြီး၏။ ညဘက် ပိုကြမ်းသော အလွန်ဆုတောင်းပြည့်သည့် မဟာမြတ်မုနိ ရုပ်ပွားတော်ကြီးတစ်ဆူဖြစ်သည်။

## ၃။ နဝင်းဗုဒ္ဓအောင်မြေကြီး(၉)ဌာန

သိင်္ဂုတ္တရကုန်းတော်ပေါ်ရှိ နဝင်းဗုဒ္ဓအောင်မြေကြီး(၉)ဌာနတို့သည်ကား . . .

(၁) ရွှေတိဂုံစေတီတော် အထက်ပစ္စယာ အရှေ့ဘက်တစ်ဝဂူ၊ ပတ္တမြားမျက်ရှင်ဘုရားရှေ့တည့်တည့်ရှိ "ပတ္တမြားမျက်ရှင်အောင်မြေ ခေါ်ရန်အောင်မြင်မဟာဝိဇယ နဝင်းဗုဒ္ဓအောင်မြေကြီး"

(၂) အရှေ့ဘက်တန်ဆောင်းမုခ်ဝရှိ ကကုသန် လက်ပက်လက် လာဘမုနိ ရှေ့တည့်တည့်ရှိ "မနေသိဒ္ဓိအောင်မြေ ခေါ် ဥစ္စာလာဘ သိဒ္ဓိနဝင်းဗုဒ္ဓအောင်မြေ"



www.burmeseclassic.com

www.burmeseclassic.com



(၃) အရှေ့ဘက် တန်ဆောင်းအတွင်းရှိ သိဒ္ဓိအောင် ဘုရားရှေ့ တစ်ထိုင်စာတွင် "သိဒ္ဓိအောင် ခေါ် ပညာအောင်နဝင်း ပုဒ္ဓအောင်မြေ"

(၄) အနောက်မြောက်အရပ် (ရာဟုထောင့်) ရှင်စောပု ဆုတောင်းပြည့်စေတီတော် တောင်ဘက်ရှိ စကားဝါ၊ စကားစိမ်း၊ စကားပင်လေးပင် ရှိခဲ့ဖူးသော "ဗားလေးဗားနဝင်းပုဒ္ဓအောင်မြေ"

(၅) ဆံတော်တွင်း တန်ဆောင်းရှိ ရုပ်ပွားတော် ဆင်းတုတော်ရှေ့ရှိ "ဆံတော်တွင်းအောင်မြေ"

(၆) ပဲခူးဓမ္မစေတီမင်း၏ကောင်းမှုတော် အင်းစေတီရှေ့ ခြင်္သေ့ရုပ်နှင့်ကျားရုပ်နှစ်ရုပ်အကြားတွင် ရှိသည့် "အင်းအောင်မြေ၊ စမအောင်မြေ၊ စမပထမံ နဝင်းပုဒ္ဓအောင်မြေ"

(၇) စနေထောင့်ရှိ ဝိဇ္ဇာဇော်ဂျီ ခေါ် ဝိဇ္ဇာညီနောင် စေတီတော်ကြီး ရှေ့တည့်တည့်ရှိ "ဝိဇ္ဇာညီနောင် နဝင်းပုဒ္ဓအောင်မြေ"

(၈) ဒေါ်ဒဂုန်ခင်ခင်လေး၏မဟာဗောဓိတန်ဆောင်းကြီး နောက်ကျောဘက်နှင့် နောင်တော်လတ်စေတီခြေရင်းအကြားရှိ "ယက္ခကုမ္ဘဏ်အောင်မြေ၊ ယက္ခကုမ္ဘဏ်နဝင်း ပုဒ္ဓအောင်မြေ"

(၉) စနေထောင့် နေစကြာလစကြာ စေတီတော်လိုဏ်ဂူ မုခ်ဝရုပ်ပွားတော်ရှေ့ရှိ "နေစကြာလစကြာအောင်မြေ၊ နေလ စကြာ သိဒ္ဓိနှစ်ပါး နဝင်းပုဒ္ဓအောင်မြေ" ဟူ၍ အသီးသီး ရှိတော်မူ၏။ ဤနဝင်းပုဒ္ဓအောင်မြေအပြင် သိင်္ဂုတ္တရကုန်းတော်ပေါ်တွင် ရှုဂ္ဂမူ ဘူမိယအောင်မြေ(၉)ဌာနလည်း ရှိသေး၏။





➤ ရှုဂ္ဂမူ ဘူမိယ အောင်မြေ(၉)ဌာန

(၁) အင်္ဂါထောင့် မက်ဒက်ဆရာတော်ဘုရား စိုက်ထားခဲ့သည့် ကဆုန်ညောင်ရေသွန်းလောင်းရာ ညောင်ပင်ဖြစ်သော ဗောဓိညောင်ပင်ရင်းရှိ "ဗောဓိပင်နှင့် ရွှေပလ္လင်ဓာတ်အောင်မြေကြီး"

(၂) နောင်တော်ကြီးစေတီတော် အရှေ့တောင်အရပ် အင်္ဂါထောင့်အောက်ရင်ပြင်တွင် ထန်းပင်များ စုဝေးပေါက်ရာ နေရာ၏အနောက်ဘက် ကပ်နေသောနေရာ "ထန်းညီနောင် အောင်မြေ" ယခု ထန်းပင်(၃)ပင်သာ ရှိတော့သည်။

(၃) နောင်တော်ကြီးစေတီတော်၏အရှေ့မြောက်အရပ် တနင်္ဂနွေထောင့်ရင်ပြင်တွင် အုန်းပင်များ စုဝေးပေါက်ရာနေရာ တစ်ဝိုက် "အောင်အုန်းညီနောင် အောင်မြေ" လင်းလွန်းပင်တွင် စိန္တာမဏိ ဂါထာတော်ကို ရေးချိတ်ထားသည်။

(၅) ရွှေတိဂုံစေတီတော်၏တောင်ဘက်၊ ရေစင်ကြီး၏ အရှေ့ဘက်တွင် ရှိသော လင်းလွန်းပင်အောက် "ပုဒ္ဓဟူးလင်းလွန်း အောင်မြေ"

(၆) ရွှေတိဂုံအလယ်ပစ္စယာ ရာဟုထောင့် အနောက်မြောက်အရပ် ဗောဓိညောင်ပင်အောက်ရှိ "ဗောဓိပင်နှင့် ရွှေပလ္လင်ဓာတ်အောင်မြေ" ရာဟုထောင့်ရှိ ဗောဓိညောင်ပင်ကို ရင်သွေးကြီး ဦးခန္တီ ပူဇော်ထားသည့် ညောင်လေးပင် ဗောဓိပင်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com

သည်။ အောင်မြေမှန်း သိ၍ ပူဇော်စိုက်ထားခဲ့ခြင်းဖြစ်၏။

(၇) ဝိဇ္ဇာဇော်ဂျီ ခေါ် ဝိဇ္ဇာညီနောင်စေတီ အနောက်မြောက် ရာဟုထောင့်အရပ်၊ သိကြားမင်းနှင့် ရွှေတိဂုံ ဘိုးဘိုးကြီး ရုပ်တုဘေးတိုက် အရှေ့အရပ်တွင်ရှိ "စကားဝါအောင်မြေ" ဤ စကားဝါပင်အောက်တည့်တည့် ဝါးတစ်ပြန်ကျော်ကျော် မြေအောက်အနက်တွင် ဌာပနာတိုက်သို့ စီးဝင်ရာ မြစ်ရေအတက်အကျ ဥမင်လိုဏ်လမ်းပေါက် ရှိသည်။

(၈) စနေထောင့် အနောက်တောင်အရပ် ဗောဓိညောင်ပင်အောက်ရှိ "ဗောဓိပင်နှင့် ရွှေပလ္လင်မာတ်အောင်မြေ" မူလ ပထမ ညောင်ပင်ကြီး မိုးကြီးလေကြီးကျ ပျက်စီးသွားပြီးမှ ယခု တစ်ဖန် အသစ်ထပ်စိုက်ထားသော အပင်ဖြစ်သည်။

(၉) နောင်တော်ကြီးစေတီ၏အရှေ့မြောက်အရပ် အင်္ဂါထောင့်တွင် ရှိသော "ခရေအောင်မြေ" ယခင်က အရိုးအိုးစေတီဘေး ရွှေပြဿဒ်အောက်ခံစေတီတော်ရှေ့၌ ခရေပင်တစ်ပင် ရှိခဲ့ဖူး၏။ ယင်းခရေပင်မှာ ယခု မရှိတော့ဘဲ ခရေပင် ရှိခဲ့ဖူးရာ အနီးနားတွင် ဗောဓိညောင်ပင် စိုက်ထားသည်ကို တွေ့ရ၏။

နဝင်းသုံးစုံ မြတ်ရွှေတိဂုံသည် အံ့ဩဖွယ်ရာ အဖြာဖြာ၊ လျှို့ဝှက်ချက်အဖုံဖုံ၊ ဆန်းကြယ်ပုံအခန်းခန်း၊ ပညာလမ်းအဆောင်ဆောင်၊ အတိတ်ကြောင်းအသွယ်သွယ်၊ ဂန္ဓာရီအကြွယ်ကြွယ်နှင့် ပြည့်စုံထူးထွေလှပေသည်။ ထို့ပြင် တစ်ဝဗုဒ္ဓဘာသာ မြန်မာတိုင်းရင်းသားတို့၏ကျက်သရေဆောင် မှန်ကင်း၊ ယဉ်ကျေးမှု အနုပညာ စွယ်စုံခရာ ရွှေနန်းဆောင်ပြဿဒ်၊ ဘာသာတရားမြတ်၏





ဦးသျှောင်၊ သာသနာရေး၏ရွှေထီးမကိုဋ်ဖြ ပညာစခန်းတို့၏အဖိုး အနဂ္ဃထိုက်သော ဝိဇ္ဇာမယအန္တိမစခန်း၏သိုက် ဖြစ်နေတော့သည်မှာ အမှန်ပင်တည်း။

ဦးဇန်ကောင်းသည် ဦးဘိုးအောင် ပေးသော ပေစာမှတ်တမ်းများကို အသေအချာ လေ့လာပြီးသောအခါမှ ပြန်ပေးလိုက်လေသည်။

"အလွန်တန်ဖိုးရှိတဲ့မှတ်တမ်းတွေပဲ . . . ကျုပ်လည်း ဒီမှတ်တမ်းထဲမှာ ပါတဲ့ နဝင်းနေရာ သုံးစုံကို ပြည့်စုံအောင် အချိန်ရှာန် ဝင်ကြည့်ပါမယ်"

"ဝင်ကြည့်ပါ . . . နဝင်းစေတီတော်ကြီးကိုးဆူ၊ နဝင်းရုပ်ပွားတော်ကြီးကိုးဆူနဲ့ နဝင်းအောင်မြေ ကိုးဌာနကို ပြည့်အောင် အချိန်ရှာန်ဝင်ကြည့်ရင် ခင်ဗျားအတွက် ထူးခြားတဲ့ပုဂ္ဂိုလ်တွေနဲ့ တွေ့ရလိမ့်မယ်၊ နောက်ပြီး ထူးခြားမှုတွေလည်း တွေ့ရပါလိမ့်မယ်"

"ကျေးဇူးပါပဲ ဦးဘိုးအောင်ရယ်၊ ကျုပ်ကိုလည်း မိတ်ဆွေတစ်ယောက်လို တပည့်ရင်းတစ်ယောက်လို သဘောထားပါဗျာ၊ ရန်ကုန်မှာ ရှိနေတဲ့တဝိုက်မှာ လိုတဲ့အကူအညီများ ရှိရင်လည်း ပေးစမ်းပါရစေ"

"ဒီလောက်လည်း မလိုပါဘူးဗျာ၊ ခင်ဗျားကို တကူးတက ပေးချင်ရင်တောင်မှ ခင်ဗျားနဲ့ မထိုက်ရင် ပေးခွင့်သာမှာ မဟုတ်ဘူး၊ အခု ခင်ဗျားနဲ့ ထိုက်လို့ ရတာပဲ၊ ကျုပ်ကို ဒီလောက်ကျေးဇူး တင်စရာ မလိုပါဘူးဗျာ"


www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ဟုတ်ပါ့မလဲ. . . ဒီကိစ္စတွေက သာမန်လူတွေ သိနိုင်တဲ့ကိစ္စတွေမှ မဟုတ်တာ၊ ဘာပဲဖြစ်ဖြစ် ကျုပ်ကတော့ ဦးဘိုးအောင်ကို ဆရာအဖြစ် သတ်မှတ်လိုက်ပြီဗျို့"

"ကိုင်း. . . ဒီလောက် ကျေးဇူးတင်နေရင်လည်း ဒီဒဂုံဒေသမှာ ပျောက်ဆုံးသွားတဲ့ စေတီ(၆)ဆူကို လိုက်ရှာတဲ့အခါကျရင်သာ ခင်ဗျားလိုက်ပြီးအကူအညီပေးပေတော့ဗျို့"

"စိတ်ချ. . . စိတ်ချ၊ သွားမယ့်အချိန်ကိုသာ သိရပါစေ၊ ဆိုင်ပိတ်ပြီးတော့ လိုက်ပို့ပေးပါ့မယ်"

ဟု ကတိပေးကာ အတော်ညဉ့်နက်သည်အထိ စကားပြောနေပြီးနောက် ဦးဗန်ကောင်းတစ်ယောက် လွန်စွာတက်ကြွသော အမူအယာဖြင့် ပြန်သွားလေတော့သည်။





## အခန်း(၆)

# ဒဂုန်မြို့မှ ကွယ်ပျောက်သွားသည့် စေတီတော်(၆)ဆူ

ရန်ကုန်မြို့ကို အလောင်းမင်းတရားကြီး (၁၇၅၂-၆၀) စတင်တည်ထောင်ခဲ့လေသည်။ (၁၈)ရာစုနှစ်အစပိုင်းက ရန်ကုန်မြို့သည် "ဒဂုန်" အမည်ရှိ မြို့ကလေးမျှသာ ဖြစ်သည်။ ထိုမြို့ကလေးတွင် ဗုဒ္ဓဆံတော်ကို ဌာပနာထားသည်ဟု ယုံကြည်ကြသော ရွှေတိဂုံစေတီတော် တည်ရှိသောကြောင့် "ဒဂုန်" ဟု တွင်လေသည်။ အလောင်းမင်းတရားကြီးသည် အင်းဝမြို့၊ ပြည်မြို့တို့ကို သိမ်းပိုက်ပြီးနောက် ရာမညတိုင်းကို သိမ်းယူရန် ဧရာဝတီမြစ်ကြောင်း စုန်ဆင်းလာရာ ဒဂုန်သို့ (၁၇၅၅)ခု၊ မေလ (၁၇)ရက်၊ ကြာသပတေးနေ့တွင် ဆိုက်ရောက်လေသည်။ ဒဂုန်သို့



www.burmeseclassic.com

www.burmeseclassic.com

ရောက်လျှင် ဒဂုန်မြို့ဟောင်း၏အနောက်ဖက် တာ(၂၀၀)ကျော် အကွာတွင် မင်္ဂလာတပ်တာဝန်(၆၂၀)တည်၍ စံနေတော်မူသည်။

ထိုအချိန်တွင် ဒဂုန်မြို့ တည်ရှိရာနေရာ၌ တောခြုံ၊ အင်တိုင်း၊ ကုန်းကျင်းနှင့် အင်းအိုင်များသာ ရှိသည်။ အလောင်းမင်းတရားကြီးသည် ထိုတောခြုံ၊ အင်တိုင်း၊ ကုန်းကျင်း၊ အင်းအိုင် ရှိသည့်နေရာများကို ခုတ်ထွင်ရှင်းလင်းတူးဖို့စေပြီးနောက်(၁၇၅၅)ခု၊ မေလ(၂)ရက်၊ သောကြာနေ့တွင် တာဝန်း ၁၁၁၉ တာ (၇၈၃၃ တောင်) ရှိသောမြို့သစ်ကို ကျုံးမြောင်း၊ တံခါး၊ ပြအိုး စသော မြို့အင်္ဂါများနှင့် (၇)ရက်အတွင်း ပြီးအောင် တည်ဆောက်စေ၍ ရန်သူတို့ကို ထိုမြို့မှနေ၍ ကုန်စင်အောင် လုပ်ဆောင်တော်မူမည်ဟု အမိန့်တော်ရှိကာ မြို့ဟောင်းအမည် "ဒဂုန်" ကို မြို့သစ်အမည် "ရန်ကုန်" ဟု ခေါ်တွင်စေသည်။ ထိုအချိန်မှစ၍ "ရန်ကုန်မြို့" စတင်ပေါ်ပေါက်လာခဲ့သည်။

ရန်ကုန်မြို့သည် အများနားလည်နေကြသကဲ့သို့ ရန်ကုန်ခန်းခြင်းသဘောဆောင်သော မြို့မဟုတ်ချေ။ အလောင်းမင်းတရားကြီးသည် (၁၇၅၅)ခု၊ ဇွန်လ(၁)ရက်၊ တနင်္ဂနွေနေ့တွင် မင်းကျော်စည်သူ၊ မင်းကျော်နော်ရထာတို့ကို လက်နက်ကိုင်လူ (၃၀၀၀)နှင့် ဒလမြို့နှင့် ဒလမြို့ပတ်လည်ရှိ လူသူ၊ ကျွဲ၊ နွား၊ ဆန်စပါးများကို သိမ်းယူစေပြီးလျှင် ရန်ကုန်မြို့သို့ သွင်းစေသည်။ ရန်ကုန်မြို့ပတ်လည်ရှိ ကျေးရွာများက လူသူ၊ ကျွဲ၊ နွား၊ ဆန်စပါးများကိုလည်း ရန်ကုန်မြို့သို့ သွင်းစေသည်။ ရသည့် မျိုးရိက္ခာစပါးများကို ကောင်းမွန်လုံခြုံစွာ ထားစေသည်။





ယင်းနောက် မင်းလှမင်းခေါင်၊ မင်းကျော်စည်သူ၊ မင်းလှဘန်ဆောင်း၊ မင်းလှဥဒိန်ကျော်၊ မင်းထင်နော်ရထာ၊ မင်းလှပျံချီ၊ ဗလနန္ဒစည်သူ၊ ထီးလင်းစော်ဘွား ဗလယော်ဓာတို့ကို တိုက်လှေ (၅၀၀)၊ မြင်း(၁၀၀၀)၊ သေနတ်(၃၀၀၀)၊ စစ်သည်သူရဲ(၃၀၀၀) နှင့်အတူ ရန်ကုန်မြို့ကို စောင့်ကြပ်နေစေသည်။

ဇေယနန္ဒကို ရန်ကုန်မြို့ဝန်၊ ဗလဝေဠုလက်ယာနန္ဒကို တိုက်ဝန်ခန့်သည်။ အလောင်းမင်းတရားကြီးသည် ထိုသို့ ရန်ကုန်မြို့ကို စောင့်ကြပ်စေ၍ ရွှေတိဂုံစေတီရင်ပြင်ပေါ်တွင် ဇရပ်သုံးဆောင် ဆောက်လုပ်လှူဒါန်းပူဇော်ပြီးလျှင် (၁၇၅၅)ခု၊ ဇွန်လ(၂၇) ရက်၊ သောကြာနေ့တွင် ရန်ကုန်မြို့မှ နေပြည်တော် ရွှေဘိုမြို့သို့ ဆန်တက်သွားလေသည်။

ရန်ကုန်မြို့တွင် စံနေတော်မူစဉ် အလောင်းမင်းတရားကြီးသည် ရာမညတိုင်းကို သိမ်းပိုက်ရန် ကြိုးစားဆောင်ရွက်ခဲ့သော်လည်း တစ်တိုင်းလုံးကိုကား မသိမ်းပိုက်နိုင်ခဲ့ချေ။

အထက်ပါအချက်များကို ထောက်ရှု၍ "ရန်ကုန်မြို့" ဟူသည် "ရန်ကုန်ခန်းခြင်း၊ ရန်ကုန်ဆုံးခြင်း" (The End 0f Strife) သဘောဖြင့် ခေါ်တွင်စေသည့် အမည်မဟုတ်ကြောင်း ထင်ရှားလေသည်။ ရန်သူများကို ထိုမြို့မှနေ၍ ကုန်စင်အောင် ဆောင်ရွက်မည့်သဘောဖြင့် ခေါ်တွင်စေသည့်အမည်သာ ဖြစ်သည်။

အလောင်းမင်းတရားကြီးသည် ရန်ကုန်မြို့ကို သင်္ဘောဆိပ်မြို့ ဖြစ်စေလိုသော ဆန္ဒရှိဟန်တူသည်။ မြန်မာပြည်အတွင်း အလောင်းမင်းတရားကြီးလက်ထက်တွင် ပင်လယ်ဆိပ်ကမ်းမြို့



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်လာနိုင်သော မြို့သုံးမြို့ရှိသည်။ ယင်းတို့မှာ ပုသိမ်၊ သန်လျင်နှင့် ရန်ကုန်တို့ ဖြစ်သည်။

ထိုသုံးမြို့အနက် ပုသိမ်သည် အင်္ဂလိပ်တို့ ပိုင်သော ဟိုင်းကြီးကျွန်းနှင့် နီးကပ်နေသည့်အပြင် ဧရာဝတီမြစ်နှင့် တောက်လျှောက် သွားလာနိုင်သော ရေကြောင်းလမ်းလည်း မရှိသဖြင့် ပုသိမ်ကို သင်္ဘောဆိပ်မြို့အဖြစ် ပြုလုပ်ရန် ခဲယဉ်းပေသည်။

သန်လျင်မြို့မှာလည်း ပြင်သစ်တို့ ကျက်စားရာမြို့ ဖြစ်သည့်ပြင် ပဲခူးမြစ်ကလည်း သန်လျင်ဆိပ်ကမ်းဖက်သို့ သောင်ထွန်းလာရာ သန်လျင်မြို့ဆိပ်ကမ်းတွင် သင်္ဘောအဝင်အထွက် ခဲယဉ်းလာသဖြင့် ကြီးပွားတိုးတက်သော ဆိပ်ကမ်းမြို့ ဖြစ်လာနိုင်ရန် ခဲယဉ်းပေသည်။

ရန်ကုန်မြို့မှာကား ပဲခူးမြစ်နှင့် လှိုင်မြစ်ကြားတွင် တည်ရှိနေသည့်ပြင် ပဲခူးရိုးမ၏တောင်ဖက် အစွန်ဆုံးထိပ်တွင် ရှိနေသဖြင့် ထိုမြစ်နှစ်သွယ်ကို ချုပ်ကိုင်နိုင်သည့် အနေအထားတွင် ရှိနေပေသည်။ ထို့ပြင် ဧရာဝတီမြစ်နှင့်လည်း တောက်လျှောက်သွားလာနိုင်ရကား ပထဝီအနေအထားအရလည်းကောင်း၊ စီးပွားရေးအရလည်းကောင်း၊ စစ်ရေးစစ်ရာအရလည်းကောင်း ရန်ကုန်မြို့ကို သင်္ဘောဆိပ်မြို့အဖြစ် တည်ရန် အကောင်းဆုံး ဖြစ်နေပေသည်။

ရန်ကုန်ဆိပ်ကမ်းသို့ သင်္ဘောများ အလွယ်တကူ ဝင်ထွက်ဆိုက်ကပ်နိုင်သည်။ ရန်ကုန်မြစ်သည် ကိုက်(၆၀၀)ခန့် ကျယ်၍ ကမ်းပါးများအနီး၌ပင် ရေနက်လေသည်။ ဒီရေအတက်အကျမှာသည်း မနှေးမမြန်ဖြစ်ရာ သင်္ဘောများ၊ သမ္ဗန်များ အလွယ်တကူ သွားလာနိုင်ပါသည်။ တန်(၈၀၀)၊ သို့မဟုတ် (၉၀၀) လေးသော သင်္ဘောများသည် ရန်ကုန်ဆိပ်ကမ်းသို့ တိုက်ရိုက်ဆိုက်ကပ်နိုင်သည်။

ထို့ပြင် ရန်ကုန်မြို့သည် ပင်လယ်နှင့် မိုင်(၃၀)ခန့်အကွာ ဧရာဝတီမြစ်နှင့် တောက်လျှောက်သွားလာနိုင်သော ရန်ကုန်မြစ်၏လက်ဝဲဖက်ကမ်းပါးပေါ်တွင် တည်ရှိသည်။ သို့ဖြစ်ရာ ရန်ကုန်မြို့သည် ကောင်းမွန်သော သင်္ဘောဆိပ်မြို့တစ်မြို့ ဖြစ်လာနိုင်ရန် အခြေခံ အကြောင်းအချက်အလက်များ ပြည့်စုံနေပေသည်။

အလောင်းမင်းတရားကြီး တည်ထားခဲ့သော ရန်ကုန်မြို့သည် မြို့ငယ်ကလေးသာ ဖြစ်သည်။ ရန်ကုန်မြို့၏အကျယ်အဝန်းမှာ (ယနေ့အမှတ်အသားများဖြင့် ပြရသော်) မြောက်ဖက်တွင် ဆူးလေဘုရား၊ တောင်ဖက်တွင် ရန်ကုန်မြစ်၊ အရှေ့ဖက်တွင် ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းဆုံ ပတ်ဝန်းကျင်၊ အနောက်ဖက်တွင် လမ်း(၃၀)အထိလောက်သာ နယ်နိမိတ် အပိုင်းအခြားရှိသည်။ တောင်ဖက်၊ အရှေ့ဖက်၊ မြောက်ဖက်၊ အနောက်ဖက် အရပ်လေးမျက်နှာစလုံးတွင် မြို့ရိုးများဖြင့် ဝိုင်းရံထားသည်။ ထိုမြို့ရိုးကို အပြင်ဖက်က ကျုံးဖြင့် ဝိုင်းပတ်ထားသည်။

ရန်ကုန်ခံတပ်မြို့တွင် စစ်ရေးစစ်ရာအရ မြို့ရိုး၏အရှေ့ဘက်မျက်နှာနှင့် မြောက်ဖက်မျက်နှာသည် အလွန်အရေးကြီးသည်ဟု ထင်မိပေသည်။ အကြောင်းမှာ မွန်တပ်များသည် ထိုနှစ်အရပ်တွင် ချရပ်၍ ရန်ကုန်မြို့ကို တိုက်ခိုက်ခဲ့ဖူးသည်။ ထို့ပြင်



☺ အောင်မြင်စာပေ ☺
www.burmeseclassic.com

www.burmeseclassic.com

မွန်တို့၏အင်အားသည် အရှေ့မျက်နှာတွင် မြောက်ဖက်မျက်နှာရှိ ဒေသများတွင် ပိုမိုကောင်းမွန်ဟန်ရှိသည်။

သို့ဖြစ်၍ ရန်ကုန်မြို့တွင် အစောင့်အကြပ်အဖြစ် ထားခဲ့သော မင်းလှမင်းခေါင်ကျော်ကို ဓနပြည်တော် ရွှေဘိုမြို့သို့ ပြန်ခေါ်၍ ရှမ်းပြည်တလွှားကို သိမ်းပိုက်စေပြီးနောက် မဟာသေနာပတိဘွဲ့နှင့် ရန်ကုန်မြို့သို့ (၁၇၅၅)ခု၊ ဩဂုတ်လတွင် စေလွှတ်ခဲ့ရာ မဟာသေနာပတိသည် ရန်ကုန်မြို့သို့ ရောက်လျှင် အရှေ့မျက်နှာနှင့် မြောက်မျက်နှာရှိ ကျုံးများကို အကျယ်(၁၀)တာ (အတောင် ၇၀)၊ အနက်(၂)တာ (၁၄တောင်)ရှိအောင် တူးစေလေသည်။

ရန်ကုန်ခံတပ်မြို့ရိုးတွင် တံခါးပေါက်များရှိသည်။ တောင်ဖက်မြို့ရိုးတွင် သုံးပေါက်၊ မြောက်ဖက်တွင် နှစ်ပေါက်၊ အနောက်ဖက်တွင် တစ်ပေါက်၊ အရှေ့ဖက်တွင် နှစ်ပေါက် အသီးသီးရှိသည်။ တောင်ဖက်မြို့ရိုးသည် တစ်မိုင်၏လေးပုံသုံးပုံခန့်၊ အနောက်ဖက်မြို့ရိုးသည် တစ်ဖာလုံခန့်၊ အရှေ့ဖက်မြို့ရိုးမှာ ကိုက်(၆၀၀)ခန့်၊ မြောက်ဖက်မြို့ရိုးမှာ ကိုက်(၁၁၀၀)ခန့် အသီးသီး ရှည်လျားသည်။ ယခုတွေ့ရသော ရန်ကုန်မြို့လယ်ရှိ ဆူးလေဘုရားမှာ ထိုစဉ်က ရန်ကုန်မြို့၏မြောက်ဖက် ရေပတ်လည် ဝိုင်းလုမတတ် ရှိသော ကုန်းမြင့်ပေါ်တွင်သာ တည်ရှိခဲ့လေသည်။

အလောင်းမင်းတရားကြီး တည်ခဲ့သော ရန်ကုန်မြို့သည် အမှန်အားဖြင့် ရေပတ်လည်ဝိုင်းလုမတတ် ရှိသော ကျွန်းကလေးပေါ်တွင်သာ တည်ရှိလေသည်။ ရန်ကုန်မြို့၏အနောက်ဖက်တွင် ယခု လသာလမ်းအနီး၌ ဒီရေအတက်အကျ ရှိသော ချောင်း





ကလေးတစ်ချောင်း ရှိသည်။ အရှေ့ဖက်တွင် ယခု ကရိုလမ်းအနီး ၌ ဗိုလ်တထောင်ချောင်း ရှိသည်။ ထိုချောင်းသည် ပုစွန်တောင်ချောင်းနှင့် ဆက်နေရာ ယခု ပုစွန်တောင်နှင့် သံလျက်စွန်းဒေသကို ဘုရင်မကျွန်းဟု ခေါ်သည်။

ကုန်းမြေပြင်မှာလည်း အလွန်နိမ့်ရာ မြို့ရိုးအပြင်တွင်လည်းကောင်း၊ အတွင်းတွင်လည်းကောင်း မိုးရွာ၍ ဒီရေတက်လာသောအခါ ရေမြုပ်ကုန်သည်သာ များသည်။ မြို့ရိုးအတွင်းရှိ အိမ်များကို ဝါးထရံကာ၍ သက်ကယ်မိုးထားသည်။ ပျဉ်းကတိုးဖြင့် ဆောက်လုပ်ထားသော အိမ်အချို့သာ ရှိသည်။ အုတ်ဖြင့် တည်ဆောက်ထားသောအိမ်ဟူ၍ မရှိသလောက်ပင်ဖြစ်၏။

မြို့ရိုးအတွင်းရှိ အရေးကြီးသော အဆောက်အအုံများမှာ အကောက်ရုံး၊ မြို့ဝန်အိမ်နှင့်ရုံးတို့ ဖြစ်သည်။ အကောက်ရုံးသည် ယခု တရားရုံးချုပ် တည်နေရာလောက်တွင် ရှိလေသည်။ မြို့ဝန်အိမ်မှာ ယခု လစ္စလမ်းနှင့် စပတ်လမ်းကြားရှိ ကုန်သည်လမ်းလောက်တွင် တည်ရှိသည်။ ရုံးတော်မှာ မြို့ဝန်အိမ်၏တောင်ဖက်တွင် ရှိသည်။

ရန်ကုန်မြို့ရိုး၏အပြင်ဖက် မြစ်ကမ်းပါးတွင်ကား ဆိပ်တံတား(၃)ခု ရှိသည်။ ထိုတံတားများအနက် အဓိက ဖြစ်သော တံတားမှာ ဘုရင့်တံတားဖြစ်၏။ ထိုတံတားကို အုတ်ကြွပ်ဖြင့် ခင်းထားသည်။ ယင်းတံတားသို့ သင်္ဘောများ တိုက်ရိုက်ဆိုက်ကပ်နိုင်သဖြင့် ကုန်တင်ကုန်ချရာတွင် လွယ်၊ သမ္ဗာန်များ၏အကူအညီမပါဘဲ ပြုလုပ်နိုင်သည်။ သို့ဖြစ်၍ ကုန်တင်ကုန်ချရာတွင် ပိုမို



www.burmeseclassic.com

www.burmeseclassic.com



တွင်ကျယ်သည်။

ဘုရင့်တံတားအနီးတွင် သစ်သားဖြင့် ဆောက်လုပ်ထားသော တဲကနားကြီးနှစ်ခု ရှိရာ ထိုနေရာတွင် ကုန်ရောင်းကုန်ဝယ် လုပ်ကြရသည်။ ထိုနေရာအပြင် အကောက်ရုံးတွင်လည်း ကုန်ရောင်းကုန်ဝယ်လုပ်ငန်းကို လုပ်ကြရသည်။ တံတားအနီးတွင် လက်နက်ကိုင် အစို့တစ်စို့ ရှိ၍ ထိုအစို့အနီး၌ အလံတော်အဖွဲ့ ရှိလေသည်။

အလောင်းမင်းတရားကြီး၏နယ်နိမိတ်မှာ မြောက်ဖက်တွင် အင်းစိန်မြို့နယ် ကြူချောင်း၊ ထိုချောင်းနှင့် လှော်ကားကျေးရွာနယ်မြေ မြောက်ဖက်နယ်နိမိတ်အဆုံးမှ အရှေ့ဖက်ရှိ ယင်းကျေးရွာနယ်မြေ၏ကွင်းအမှတ် ၅၅၇ နှင့် ၅၆၁ (၁၉၆၃-၆၄၊ အင်းစိန်မြို့နယ်များကွင်းမြေပုံအရ)တို့တလျှောက် လှော်ကားကန် နယ်မြေနှင့် ဆုံရာအထိ ဖြစ်သည်။

မြောက်ဖက်သို့ လားသော် လှော်ကားကန်နယ်မြေ၏ အနောက်ဖက် နယ်နိမိတ်တလျှောက်၊ လှော်ကားကန် နယ်နိမိတ်မှတ်တိုင် အမှတ်(၁၀)ကို ဖြတ်လျက် မှတ်တိုင်အမှတ်(၁၂)နှင့် (၁၃)အထိ ဖြစ်သည်။

ထိုမှ အရှေ့တောင်ဖက်သို့ လားသော် လှော်ကားကန် နယ်နိမိတ်မှတ်တိုင်(၁၄)၊ ၁၆(M) ၊ ၁၆(L) ၊ ၁၆(K) ၊ ၁၆(I)၊ ၁၆(H) ၊ ၁၆(G) ၊ ၁၆(F) ၊ ၁၆(E) ၊ ၁၆(D) ၊ ၁၆(C) ၊ ၁၆(B) ၊ ၁၆(A) တို့တလျှောက် လှော်ကားကန် နယ်နိမိတ် မှတ်တိုင်(၁၇)အထိဖြစ်သည်။





ထိုမှ အရှေ့ဖက်သို့ လားသော် လှော်ကား-ထောက်ကြံ့ဘားလမ်း၏မြောက်ဖက် နယ်နိမိတ်တလျှောက် ရန်ကုန်-ပြည်လမ်းနှင့် ဆုံရာအထိဖြစ်သည်။ ထိုမှ ရန်ကုန်-ပြည်လမ်းကို ဖြတ်ကျော်လျက် မြောက်ဖက်သို့ လားသော် ထောက်ကြံ့ကျေးရွာနယ်မြေ၏အနောက်ဖက် နယ်နိမိတ်တလျှောက် အကယ်ကြီးရိုးနှင့် ဆုံရာအထိဖြစ်သည်။

အရှေ့ဖက်တွင် မြောက်ဖက် နယ်နိမိတ်ဆုံရာမှ တောင်ဖက်သို့ အကယ်ကြီးရိုးတလျှောက် ကွင်းအမှတ် ၅၀၆-က၏ အရှေ့တောင်ထောင့်အထိဖြစ်၍ ထိုမှ အနောက်ဖက်သို့ ကွင်းအမှတ် ၅၀၆-က ၏တောင်ဖက်နယ်နိမိတ်တလျှောက် ဘားလားချောင်းနှင့် ဆုံရာအထိဖြစ်သည်။ ထိုမှ တောင်ဖက်သို့ ထောက်ကြံ့ကျေးရွာ၊ ကုန်းဒလတောင်ကျေးရွာ၊ ရွှေနံ့သာကျေးရွာ နယ်မြေတို့၏အရှေ့ဘက် နယ်နိမိတ်ဖြစ်သော ဘားလားချောင်းတလျှောက် ချောင်းကန်ချောင်းနှင့် ဆုံရာအထိ ဖြစ်သည်။

ထိုမှ တောင်ဖက်သို့ လားသော် သင်္ကန်းကျွန်းကျေးရွာနယ်မြေ၏အရှေ့ဖက် နယ်နိမိတ်ဖြစ်သော ချောင်းကန်ချောင်းတလျှောက်၊ ဥန္နဲပင်ရိုးနှင့် ဆုံရာအထိဖြစ်သည်။ ထိုမှ တောင်ဖက်သို့ လားသော် ဥန္နဲပင်ရိုးနှင့် လက်ပံပင်ရိုးတလျှောက်၊ ငမိုးရိပ်ချောင်းနှင့် ဆုံရာအထိဖြစ်သည်။ ထိုမှ တောင်ဖက်သို့ လားသော် ငမိုးရိပ်ချောင်းတလျှောက် သိမ်ချောင်းချောင်းနှင့် ဆုံရာအထိ ဖြစ်သည်။

ထိုမှ အရှေ့တောင်စူးစူးသို့ မျဉ်းဖြောင့်ဆွဲချက်၊ အလယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



ချောင်းနှင့် ပဲခူးမြစ်ဆုံရာအထိဖြစ်သည်။ ထိုမှ ပဲခူးမြစ်ကမ်းတလျှောက် ရန်ကုန်မြို့နီစီပယ် နယ်နိမိတ်မှတ်တိုင် အမှတ်(၃၃)နှင့်ဆုံရာအထိဖြစ်၍ ထိုမှ ရန်ကုန်မြို့နီစီပယ် နယ်နိမိတ် မှတ်တိုင်အမှတ်(၃၂၊ ၃၁၊ ၃၀)တလျှောက် မြို့နီစီပယ် နယ်နိမိတ် မှတ်တိုင်(၂၉)အထိ ဖြစ်သည်။ ထိုမှ အနောက်တောင်ထောင့်သို့ မျဉ်းဖြောင့်ဖြင့် ရန်ကုန်မြစ်ကို ဖြတ်လျက် မြို့နီစီပယ် နယ်နိမိတ်မှတ်တိုင်အမှတ် (၄၀၊ ၄၁၊ ၄၃)တို့တလျှောက် မှတ်တိုင်အမှတ်(၄၄)အထိဖြစ်သည်။

တောင်ဖက်တွင် အရှေ့ဖက် နယ်နိမိတ် ဆုံသည့်နေရာ ရန်ကုန်မြို့နီစီပယ် နယ်နိမိတ် မှတ်တိုင်အမှတ်(၃၃)မှ မှတ်တိုင်အမှတ်(၃၂၊ ၃၁၊ ၃၀၊ ၂၉၊ ၂၈၊ ၂၇၊ ၂၆၊ ၂၅၊ ၂၄၊ ၂၃၊ ၂၂၊ ၂၁၊ ၂၀၊ ၁၉၊ ၁၈) တို့တလျှောက် ပုစွန်တောင်ချောင်း၏လက်ဝဲဖက်ကမ်းရှိ မှတ်တိုင်အမှတ်(၁၇)အထိဖြစ်၍ ထိုမှ ပုစွန်တောင်ချောင်းကို တည့်တည့်ဖြတ်၍ နယ်နိမိတ် မှတ်တိုင်အမှတ် (၁၆)အထိဖြစ်သည်။ ထိုမှ ဘောက်ထော်ချောင်း မြောက်ဖက်ကမ်းတလျှောက် နယ်နိမိတ် မှတ်တိုင်အမှတ်(၁၅)အထိဖြစ်ရာ ထိုမှ ဘောက်ထော်ချောင်းကို ဖြတ်ကျော်လျက် နယ်နိမိတ် မှတ်တိုင်အမှတ်(၁၄၊ ၁၃၊ ၁၂)တို့တလျှောက် အင်းလျားကန်ရေစပ်ရှိ နယ်နိမိတ် မှတ်တိုင်အမှတ်(၁၁)အထိဖြစ်သည်။

ထိုမှ မြောက်ဖက်သို့ အင်းလျားကန် ရေမျက်နှာပြင်အနိမ့်ဆုံးအချိန်တွင် တည်ရှိသော ရေစပ်တလျှောက် ရေကာတာအမှတ်(၁)၏မြောက်ဖက်ဆုံးအစွန်းအထိဖြစ်၍ ထိုမှ ရေကာတာ





တို့ ဖြတ်၍ ပြည်လမ်း၏အရှေ့ဖက် နယ်စပ်သို့ တက်ပြီးလျှင်တောင်ဖက်သို့ ပြည်လမ်း၏အရှေ့ဖက် နယ်စပ်တလျှောက်နယ်နိမိတ်မှတ်တိုင်(၉)အထိဖြစ်သည်။

ထိုမှ ပြည်လမ်းပေါ်ရှိ နယ်နိမိတ် မှတ်တိုင်အမှတ်(၉)နှင့်အင်းစိန်လမ်းပေါ်ရှိ မှတ်တိုင်အမှတ်(၈)နှင့်(၇)တလျှောက်အင်းစိန်လမ်းကို ဖြတ်လျက် ရန်ကုန်-ပြည် မီးရထားလမ်းပေါ်ရှိနယ်နိမိတ် မှတ်တိုင်အမှတ်(၆)အထိသာ ဖြစ်သည်။

ထိုမှ ကမာရွတ်ချောင်း အလယ်ဗဟိုတလျှောက် လှိုင်မြစ်နှင့် ဆုံရာ နယ်နိမိတ်မှတ်တိုင် အမှတ်(၅)အထိဖြစ်သည်။ ထိုမှလှိုင်မြစ်ကို ဖြတ်လျက် နယ်နိမိတ် မှတ်တိုင်အမှတ် (၄)နှင့်(၃)တလျှောက် ပန်းလှိုင်မြစ်၏မြောက်ဖက်ကမ်းရှိ မြို့နီစီပယ် နယ်နိမိတ် မှတ်တိုင်အမှတ်(၂)အထိဖြစ်သည်။

အထက်ဖော်ပြပါ နယ်နိမိတ်များကို ထည့်သွင်းလိုက်သဖြင့် တောင်ဖက်တွင် အရှေ့ဖက် နယ်နိမိတ် ဆုံသည့်နေရာ၊ရန်ကုန်မြို့နီစီပယ် နယ်နိမိတ် မှတ်တိုင်အမှတ်(၄၄)မှ (၄၅၊ ၄၆၊၄၇၊ ၄၈၊ ၄၉၊ ၅၀၊ ၅၁၊ ၅၂၊ ၅၃၊ ၅၄)တို့တလျှောက် မှတ်တိုင်အမှတ်(၅၅)အထိဖြစ်သည်။

အနောက်ဖက်တွင် ရန်ကုန်မြို့နီစီပယ် မှတ်တိုင်အမှတ်(၅၅)မှ (၅၆၊ ၅၇၊ ၅၈၊ ၅၉၊ ၆၀၊ ၆၁) တို့တလျှောက် မှတ်တိုင်အမှတ်(၁)အထိဖြစ်သည်။ ထိုမှ ပန်းလှိုင်မြစ်ကို ဖြတ်လျက်မှတ်တိုင်အမှတ်(၂)အထိ၊ ထိုမှ အနောက်ဖက်သို့ အင်းစိန်မြို့နယ်ဒိုင်စု(ညောင်စု) ကျေးရွာနယ်မြေ ကွင်းအမှတ် (၃၈၂၊ ၃၈၁၊



www.burmeseclassic.com

www.burmeseclassic.com



၃၈၀)တို့၏တောင်ဖက် နယ်နိမိတ်တလျှောက် ကွင်းအမှတ်(၃၇၉) နှင့် ဆုံရာအထိ ဖြစ်သည်။ ထိုကွင်းအမှတ်(၃၇၉)၏တောင်ဘက် အရှေ့ဖက်၊ မြောက်ဖက်၊ နယ်နိမိတ်များကို ပတ်လျက် ကွင်းအမှတ် (၃၁၀)၏အနောက်ဖက် နယ်နိမိတ် ဆုံရာအထိဖြစ်သည်။

ထိုမှ မြောက်ဖက်သို့ ရှမ်းချောင်းကျေးရွာနှင့် သာယာကုန်းကျေးရွာ နယ်မြေကွင်းအမှတ် (၃၁၀၊ ၃၁၁၊ ၃၀၆)တို့၏ အနောက်ဖက် နယ်နိမိတ်တလျှောက် ကွင်းအမှတ်(၃၀၅)နှင့် ဆုံရာအထိဖြစ်သည်။

ထိုမှ အနောက်ဖက်သို့ အလယ်ကျေးရွာနယ်မြေ ကွင်းအမှတ်(၃၀၁)၏တောင်ဖက်နှင့် အနောက်ဖက် နယ်နိမိတ် တလျှောက် ကွင်းအမှတ်(၃၀၀)၏အနောက်ဖက်နှင့် မြောက်ဖက် နယ်နိမိတ်ကို ပတ်လျက် လှိုင်မြစ်ကမ်းနှင့် ဆုံရာအထိ ဖြစ်သည်။

ထိုမှ မြောက်ဘက်သို့ ကြူချောင်းကျေးရွာ၊ သံတင်းကျေးရွာ၊ လှော်ကားကျေးရွာနယ်မြေတို့၏အနောက်ဖက်နယ်နိမိတ်ဖြစ်သော ကြူချောင်း ချောင်းတလျှောက် လှော်ကားကျေးရွာ နယ်မြေ၏မြောက်ဖက် နယ်နိမိတ်နှင့် ဆုံရာအထိ ဖြစ်သည်။

ရန်ကုန်မြူနီစီပယ် နယ်နိမိတ်အတွင်း ခြင်းချက်အဖြစ်ထားရှိ၍ အချိန်အခါအားလျော်စွာ တပ်မြေအဖြစ် သတ်မှတ်ကြေညာထားသည့်ဒေသများ၊ သန်လျက်စွန်းဒေသ၊ ရန်ကုန်ဗဟိုထောင်ကြီးအတွက် အသုံးပြုသော မြေယာနှင့် အဆောက်အအုံများရှိနေရာတို့ကို ခြင်းချန်၍တွက်ချက်သော် ရန်ကုန်မြို့၏ရေိယာသည် ၁၃၃. ၆၄ ခု စတုရန်းမိုင် (၈၅၅၃၂၂၉က)ခန့် ရှိသည်။





သို့ဖြစ်၍ အလောင်းမင်းတရားကြီး တည်ထားခဲ့သော ရန်ကုန်မှာ ရန်ကုန်မြို့၏ရပ်ကွက်စိတ်တစ်စိတ်လောက်သာ ရှိလေသည်။

ရှေးမြန်မာမင်းတို့လက်ထက်တွင် ဗဟိုအုပ်ချုပ်ရေးနှင့် နယ်ပယ်အုပ်ချုပ်ရေးဟူ၍ ရှိရာ နယ်ပယ်အုပ်ချုပ်ရေး၌ အကျုံးဝင်သော ရန်ကုန်မြို့၏အုပ်ချုပ်ရေးတွင် ရာထူးအဆင့်ဆင့် ရှိသည်။ ထိုရာထူးများအနက် မြို့ဝန်သည် အလွန်အရေးကြီးသည်။ မြို့ဝန်မရှိခိုက် မြို့ဝန်ကိုယ်စား ရေဝန်က အုပ်ချုပ်ရသည်။ မြို့ဝန်တွင် အမှုအခင်း ဟူသမျှကို ဆုံးဖြတ်နိုင်ခွင့်၊ အကောက်အခွန်များကို ကောက်ခံနိုင်ခွင့် ရှိလေသည်။ တစ်နှစ်လျှင်တစ်ကြိမ်ဖြစ်စေ၊ နေပြည်တော် ရွှေဘိုမြို့က ဘုရင်ဆင့်ခေါ်ပါက နေပြည်တော် ရွှေဘိုမြို့သို့ သွားရောက်ရသည်။

မြို့ဝန်သည် နယ်တွင် ဘုရင့်ကိုယ်စား အုပ်ချုပ်ရသဖြင့် နယ်၏တိုးတက်ကြီးပွားရေး၊ အေးချမ်းသာယာရေးတို့သည် ယင်း၏လက်ထဲတွင် တည်ရှိရကား နယ်အုပ်ချုပ်ရေးတွင် အလွန်အရေးကြီးပါပေသည်။

အထူးသဖြင့် မြန်မာပြည်၏တံခါးဝသဖွယ်ဖြစ်သော ရန်ကုန်မြို့ကို အုပ်ချုပ်ရသည့် မြို့ဝန်သည် အလွန်အရေးကြီးသည်မှာ သိသာနိုင်လေသည်။ အလောင်းမင်းတရားကြီးလက်ထက်တွင် ရန်ကုန်မြို့၌ မြို့ဝန်တစ်ဦးရှိရာ ပထမဆုံး ရန်ကုန်မြို့ဝန်မှာ ဇေယျနန္ဒဖြစ်၏။ ဒုတိယမြို့ဝန်မှာ မင်းကျော်စည်သူ ဖြစ်လေသည်။

ရန်ကုန်မြို့ဝန်လက်အောက်တွင် ရေဝန်တစ်ဦးရှိသည်။ ရေဝန်သည် ရေနှင့် ပတ်သက်သည့်လုပ်ငန်းများကို လုပ်ဆောင်ရ



www.burmeseclassic.com

www.burmeseclassic.com

သည်။ မူလအားဖြင့် ရေဝန်၌ တရားရေးရာများကို စီရင်ဆုံးဖြတ် နိုင်ခွင့်ရှိရာ ရန်ကုန်မြို့နယ်တွင် ဖြစ်ပွားသော အမှုသေး အရေး အခင်းများကို ဆုံးဖြတ်နိုင်ခွင့် ရှိလေသည်။ အရေးကြီးသည့် အမှု အခင်းများကိုမူ မြို့ဝန်နှင့် သူ၏ကောင်စီက ဆုံးဖြတ်စီရင်ရသည်။ အလောင်းမင်းတရားကြီးလက်ထက်က ရေဝန်မှာ သီဟနန္ဒကျော် ဖြစ်သည်။

ရေဝန်အပြင် စစ်ကဲနှစ်ဦးလည်း ရှိသေးသည်။ စစ်ကဲ သည် မြို့နယ်၏အေးချမ်းသာယာရေး၊ ငြိမ်ဝပ်ပိပြားရေး စသည် တို့ကို လက်အောက်ရှိ တပ်သားများနှင့်အတူ ကြီးကြပ်စောင့် ရှောက်ရသည်။ စစ်ကဲမှာ အမှန်အားဖြင့် ရဲအရာရှိပင် ဖြစ်သည်။ အလောင်းမင်းတရားကြီးလက်ထက်တွင် မင်းလှမင်းခေါင်ကျော်မှာ သေနာပတိ ဖြစ်ပါ၏။ စစ်ကဲတို့မှာ သီဟရာဇာကျော်နှင့် ရွှေ တောင်ဒေဝတို့ ဖြစ်လေသည်။

အလောင်းမင်းတရားကြီးလက်ထက် ရန်ကုန်မြို့ အုပ်ချုပ် ရေးတွင် မြို့ဝန်(၁)ဦး၊ ရေဝန်(၁)ဦး၊ စစ်ကဲ(၂)ဦး၊ နားခံ(၂)ဦး၊ စာရေးကြီး(၂)ဦး၊ တိုက်စိုး(၁)ဦး၊ တိုက်စာရေး(၂)ဦး၊ ရာပြတ် (၂)ဦးရှိသည်။ သို့သော် ဗဒုံမင်း (၁၇၈၂-၁၈၁၉)လက်ထက်တွင်မူ ရန်ကုန်မြို့၌ မြို့ဝန်(၁)ဦး၊ ရေဝန်(၁)ဦး၊ အကောက်ဝန်(၁)ဦး၊ အခွန်ဝန်(၁)ဦး၊ နားခံ(၂)ဦး၊ စာရေးကြီး(၂)ဦး၊ အမှုတော်ရေး (၂)ဦး၊ အဝေးရောက်(၁)ဦး ရှိသည်။

အလောင်းမင်းတရားကြီးလက်ထက်တွင် နားခံများမှာ ဦးဒိန်နန္ဒနှင့် လက်ယာဂုဏ်မှန်တို့ ဖြစ်သည်။ စာရေးကြီးများမှာ





ဇေယျကျော်သူနှင့် ကြန္ဒကျော်သူတို့ ဖြစ်၍ တိုက်စိုးမှာ ကမ္ဘသိန်း စည် ဖြစ်သည်။ တိုက်စာရေးမှာ သခ်ဝေသော်ဖြစ်၍ ရာပြတ်မှာ ရာဇဓမ္မရတ်နှင့် သီရိဘင်္ဂလွန်တို့ ဖြစ်ကြသည်။

ရန်ကုန်မြို့၌ အရာရှိအရာခံများအပြင် ရုံးတော်က ခန့် ထားသော စကားပြန်များလည်း ရှိကြသည်။ နိုင်ငံခြားသားများ သည် မြန်မာပြည်သို့ လာရောက်၍ ကုန်သန်းရောင်းဝယ်ရေး လုပ်ငန်းများ လုပ်ဆောင်ကြရာတွင်လည်းကောင်း၊ အစိုးရကိစ္စနှင့် လာရောက်ကြသည့်အခါတွင်လည်းကောင်း၊ မြန်မာစကား တတ် ကျွမ်းခြင်း မရှိချေ။

သို့ဖြစ်၍ ရန်ကုန်မြို့တွင် စကားပြန် ငှားရသည်။ ပထမ တွင် ရုံးတော်က ခွင့်မိန့်ပေးထားသူများကိုသာ စကားပြန်အဖြစ် ငှားခွင့်ရှိသော်လည်း နောင်အခါတွင်မူ ထိုကဲ့သို့ ကန့်သတ်ချက် မရှိတော့ချေ။ နိုင်ငံခြားသားတို့ ကြိုက်နှစ်သက်ရာ မည်သူ့ကိုမဆို ငှားယူနိုင်ခွင့် ရှိလေသည်။

ဟံသာဝတီနယ်အတွင်းရှိ ရန်ကုန်မြို့သည် စစ်တံခါး လမ်းဝတွင် တည်ရှိနေသောကြောင့် အလောင်းမင်းတရားကြီး လက်ထက်တွင် အစုအငန်းသားတို့နှင့်တကွ ကင်းများ ချထားလေ သည်။ အလောင်းမင်းတရားကြီးသည် နေပြည်တော် ရွှေဘိုမြို့မှ ဒဂုန်မြို့သို့ စုန်ဆင်းလာပြီးလျှင် ဒဂုန်မြို့၌ သက်ကယ်တဲနန်းတော် ထိုး၍ စံနေတော်မူလေသည်။

ထိုကဲ့သို့ စံနေတော်မူစဉ် မြို့စောင့် အစုအငန်းများ ခန့် ထားရာ ယင်းတို့မှာ ယွန်း(၇)စု၊ အမြောက်(၄)စု၊ သေနတ်(၄)စု၊


www.burmeseclassic.com

www.burmeseclassic.com



သူရဲ(၁၂)တပ်၊ မြင်း(၄)စီး၊ ခနက်ပလာဆင်(၃၇)ကြိုး အောက်မား(၉)သင်းဈ မိုင်းမော်(၂)စီး၊ ကုလား(၂)စီး၊ ဝါးရင်းတုတ် မြင်း(၂)စီး၊ အမျိုးစုအကြီးစုရဲလှေ(၅)စင်း၊ လမိုင်း(၂)စီးတို့ ဖြစ်ကြသည်။ ထိုအစုအငန်းသားတို့သည် မြို့ဝန်အဆက်ဆက် ခန့်ထားစီရင်ရာကို နာခံထမ်းရွက်ကြရသည်။

ထို့ပြင် ကင်းလည်း (၇)ကင်းရှိသည်။ ယင်းတို့မှာ မီးပြကင်း၊ သီလဝါကင်း၊ ခနုတ်ကင်း၊ လောင်းရှေကင်း၊ ကြည့်မြင်တိုင်ကင်း၊ ပန်းလှိုင်ကင်း၊ ရန်ကင်းစံရာကင်း(သန်လျင်ကင်း)တို့ ဖြစ်ကြသည်။ အလောင်းမင်းတရားကြီးလက်ထက်တွင် ထိုကင်းများက အခွန်အတုတ် မပေးဆက်ရချေ။ ရာဇဝတ်မှုများ မရှိအောင် အထူးသတိချပ်၍ ထိန်းသိမ်းစောင့်ရှောက်ကြည့်ရှုကြရသည်။

ကင်းများသည် နိုင်ငံခြားသင်္ဘောများ ဝင်ထွက်သွားလာရေးနှင့် စပ်လျဉ်း၍ အလွန်အရေးကြီးသည်။ ရန်ကုန်ဆိပ်ကမ်းသည် မြန်မာပြည်အတွက် အရေးကြီးဆုံးသော ဆိပ်ကမ်းဖြစ်ရာ ဆိပ်ကမ်းသို့ အဝင်အထွက်နှင့် ပတ်သက်၍ တိတိကျကျ ပြဋ္ဌာန်းထားသော စည်းမျဉ်းများ ရှိပါသည်။

သန်လျင်မြို့သည် နိုင်ငံခြားသင်္ဘောများ ဝင်ရောက်ဆိုက်ကပ်ရာ ဆိပ်ကမ်းမြို့ဖြစ်သည့်အချိန်ကာလကပင် နိုင်ငံခြားသင်္ဘောများ ဝင်ထွက်ရေးနှင့် ပတ်သက်၍ သတ်မှတ်ထားသော စည်းကမ်းများ ရှိခဲ့ဖူးလေသည်။

မြန်မာ့မာလိန်မှူး၏လမ်းပြဦးဆောင်မှု မရှိဘဲ မည်သည့်နိုင်ငံခြားသင်္ဘောမျှ ရန်ကုန်ဆိပ်ကမ်းသို့ မဝင်ရချေ။ မြန်မာ





မာလိန်မှူး၏လမ်းပြမှုဖြင့် ဆိပ်ကမ်းသို့ ရောက်ရှိနေသော နိုင်ငံခြားသင်္ဘော ဟူသမျှသည်လည်း မြန်မာ့မာလိန်မှူး မပါဲ ဆိပ်ကမ်းမှ ထွက်ခွာမသွားရချေ။

ခနုတ်ကင်း၊ သီလဝါကင်း၊ မီးပြကင်းတို့သည် သင်္ဘောအဝင်အထွက် လမ်းဝတွင် ရှိကြရာ ညဥ့်အခါမှာ မီးတောက်မီးလျှံ ထွန်းညှိ၍ သင်္ဘောအဝင်အထွက်ကို အမြဲစောင့်ကြပ်နေရလေသည်။

ဆိပ်ကမ်းသို့ ဝင်ရောက်လိုသည့် သင်္ဘောများသည် မြစ်ဝ(၇)လံ ရေတွင် ကျောက်ဆူးချထားပြီးနောက် မာလိန်မှူးက သမ္ဗန်ငယ်ဖြင့် မီးပြကင်း၊ သီလဝါကင်း၊ ခနုတ်ကင်းများသို့ ဝင်ရသည်။ သမ္ဗန်ငယ် ရောက်ရှိလာလျှင် ကင်းသားတို့က အတူလိုက်၍ မြို့ဝန်အရာရှိတို့ထံ အစီရင်ခံရသည်။ မြို့ဝန်အရာရှိတို့က မြန်မာ့မာလိန်မှူးကို ထည့်၍ နိုင်ငံခြား သင်္ဘောသမ္ဗန်များကို ကြိုယူခေါ်ဆောင်ခဲ့ရသည်။

နိုင်ငံခြားက သင်္ဘောသမ္ဗန်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်လာလျှင် သတ်မှတ်ထားသော မြန်မာ့စည်းကမ်းတို့ကို လိုက်နာဆောင်ရွက်ကြရသည်။

ဘုရင့်ဆိပ်တော်သို့ ရောက်၍ ကျောက်ဆူးချရပ်မိလျှင် သင်္ဘောစီး ကပ္ပတိန်၊ မာလိန်တို့သည် ရန်ကုန်ဆိပ်ကမ်းသို့ တက်၍ ရတနာပုံတိုက်တော်မှာ အစစ်အမေးခံကြရသည်။ ပြီးမှ စကားပြန်တို့နှင့်အတူ ရုံးတော်သို့ တက်ပြီးလျှင် ရေဝန်အရာရှိတို့ထံ မာလိန်မှူး၏ အရာရှိ၊ အရာခံလုပ်သားများ စာရင်းကို ပေးအပ်ကြရ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ထို့နောက် အမြောက်၊ သေနတ်၊ ခဲယမ်းမီးကျောက် အသုံးအဆောင်များ၊ ရောင်းရန် အထည်အလိပ်များကို ရတနာပုံ တိုက်တော်တွင် သွင်းထားရသည်။

ပြီးလျှင် သင်္ဘောတက်မ ရွက်ကြိုးများကို နှုတ်ချက်၍ သင်္ဘော၌ အထက်စောင့် အောက်စောင့်ထားကာ စကားပြန် ရာပြတ်တို့နှင့်အတူ သင်္ဘောသို့ အစုံအညီတက်၍ ရှာဖွေစစ်ဆေး ရသည်။ ယင်းသို့ ရှာဖွေစစ်ဆေးရာတွင် စာရင်းတွင် မပါသည့် လူများ၊ ပစ္စည်းများကို တွေ့ရှိပါက လျှို့ဝှက်ယူဆောင်လာသော လူ၊ ပစ္စည်းများ ဟူ၍ သတ်မှတ်ပြီးလျှင် သိမ်းယူကြရသည်။

နိုင်ငံခြားသင်္ဘောများ ရန်ကုန်ဆိပ်ကမ်းမှ မထွက်ခွာမီ ဆိပ်ကမ်းအရာရှိများက သင်္ဘောကို စစ်ဆေးကြရပြန်သည်။ ရန်ကုန်ဆိပ်ကမ်းသို့ သင်္ဘောဆိုက်ကပ်မိသည်နှင့်တပြိုင်နက်ပင် ဆိပ်ကမ်းဆိုင်ရာ စည်းကမ်းဥပဒေများကို လိုက်နာဆောင်ရွက်ပြီးမှ သာလျှင် ကုန်သန်းရောင်းဝယ်ရေးလုပ်ငန်းများကို လုပ်ဆောင်ရ သည်။ လုပ်ငန်းဆောင်တာများ ပြီးစီး၍ ရုံးတော်၏အမိန့် ရရှိမှ သာလျှင် ဆိပ်ကမ်းမှ ထွက်ခွာသွားရသည်။

သင်္ဘောမထွက်မီ သိမ်းယူထားသော သေနတ်ခဲယမ်းမီး ကျောက်၊ တက်မ စသော သင်္ဘောကိရိယာများကို ပြန်လည်ပေး အပ်ပြီးလျှင် သင်္ဘောကို စစ်ဆေးလေသည်။ ဤကဲ့သို့ စစ်ဆေးရာ တွင် မြို့ဝန်နှင့် လက်အောက်ခံ အရာရှိများ ပါလေ့ရှိရာ လက် တွေ့ သဘောအားဖြင့် မြို့ဝန်၏ငယ်သားများက ရှာဖွေစစ်ဆေး





လေ့ရှိသည်။

သင်္ဘောတွင် မြန်မာမိန်းမများ မတင်ရ၊ မပါစေရ ဟူ သော အမိန့်မှတ်ချက်စာချွန်ကို ခံယူ၍ စုန်ဆင်းထွက်ခွာသွားကြရ သည်။ ထိုအခါ မီးပြကင်း၊ သီလဝါကင်းတို့က တဖန်စစ်ဆေးကြ သေးသည်။ ထိုကဲ့သို့ မြန်မာ့ထုံးစံအတိုင်း မြန်မာအရာရှိတို့ စိတ် ကျေနပ်အောင် စစ်ဆေးရှာဖွေပြီးမှသာလျှင် သင်္ဘောသည် ရန်ကုန်မြစ်ဝသို့ အပြီးအပိုင် ထွက်ခွာသွားခွင့် ရှိလေသည်။

မျက်မှောက်ခေတ်ရန်ကုန်မြို့နှင့် နှိုင်းစာသော် အလောင်း မင်းတရားကြီး တည်ထားခဲ့သော ရန်ကုန်မြို့သည် ယခု ရန်ကုန်မြို့ ၏ရပ်ကွက်ငယ်တစ်ခုလောက်သာ ရှိပေသည်။ သို့သော် တည်ရှိ သော ပထဝီအနေအထားအရ ရန်ကုန်မြို့သည် တိုးတက်လာခဲ့ လေသည်။ ရန်ကုန်မြို့သည် မြန်မာပြည်၏တံခါးဝသဖွယ် ဖြစ်နေ သောကြောင့် အင်္ဂလိပ်-ပြင်သစ်တို့၏အင်အားပြိုင်ပွဲဂယက်ကို ဦးစွာခံခဲ့ရလေသည်။

အလောင်းမင်းတရားကြီးသည် ရန်ကုန်မြို့သို့ သုံးကြိမ် (၁၇၅၅ ဧပြီလ၊ ၁၇၅၆ မတ်လ၊ ၁၇၅၉ ဖေဖော်ဝါရီလ) တိုင်တိုင် ရောက်ရှိခဲ့လေသည်။ အလောင်းမင်းတရားကြီး လွန်ပြီးနောက် ဆက်ခံနန်းတက်ကြသော ဘုရင်တို့လက်ထက်တွင် ရန်ကုန်မြို့သည် တဖြည်းဖြည်း တိုးတက်စည်ကားလာပေသည်။ ယခုအခါ ကျယ် ဝန်းနေသော ရန်ကုန်မြို့သည်ကား အလောင်းမင်းတရားကြီး ချခဲ့ သော မျိုးစေ့မှ ပေါက်ပွားစည်ကားတိုးတက်လာသောမြို့ပင် ဖြစ် ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှေးအခါကတည်းက ရန်ကုန်မြို့တွင် ထင်ရှားသောစေတီဘုရားအများအပြား ရှိခဲ့လေသည်။ ရွှေတိဂုံစေတီတော်၊ ကျိုက္ကစံစေတီ၊ မိုးကောင်းဘုရား၊ ဗိုလ်တထောင်စေတီ၊ ဆူးလေစေတီတော်၊ ကျိုက်ဝိုင်း၊ ကျိုက္ကလို့၊ ကျိုက္ကလဲ့ အစရှိသောစေတီများ ရှိခဲ့သလို ဒဂုန်(ရန်ကုန်)မြို့ နယ်နိမိတ်အတွင်း၌ ရှေးက ရှိခဲ့ပြီး ယခုအခါ ကွယ်ပျောက်သွားပြီဖြစ်သော စေတီ(၆)ဆူ ရှိလေ၏။

တစ်နေ့သ၌ ဦးဘိုးအောင်သည် ထိုစေတီ(၆)ဆူနေရာများသို့ လှည့်လည်ရှာဖွေရာ နီမောင်နှင့်ဦးဗန်ကောင်းတို့ နှစ်ယောက်လည်း နောက်မှ အဖော်လိုက်သွားကြလေသည်။

ကွယ်ပျောက်သွားသော စေတီ(၆)ဆူမှာ သီဟဒီပ(ခေါ်) ဘောဂသေနမင်းကြီး တည်ထားကိုးကွယ်ခဲ့သည့် စေတီတော်(၆)ဆူပင် ဖြစ်သည်။

ထိုစေတီ(၆)ဆူမှာ. . .

အမှတ်(၁)စေတီတော်မှာ ကျိုက်မဲသံကရောစေတီ ဖြစ်လေသည်။

ရှေးနှစ်ပေါင်းများစွာက ယခု သိမ်ကြီးဈေး တည်ဆောက်ထားသော နေရာဒေသတွင် ကျိုက်မဲသံကရောစေတီတော် ရှိခဲ့သည်။ ဆူးလေစေတီတော်နှင့် ပုံပန်းသဏ္ဌာန်တူပြီး နောင်တော်ကြီးစေတီတမျှ ကြီးမားလေသည်။

မဟာရာမ်တံတိုင်းကို သစ်သားဖြင့် ပြုလုပ်ကာရံထားသည်။

ဘုရားစောင်းတန်းနှင့်တကွ အုပ်ကြွပ်မိုး ဇရပ်ကြီးများ





ဖြင့် တင့်တင့်တယ်တယ် ရှိခဲ့လေသည်။

ဘုရားအရှေ့ဘက်စောင်းတန်းထိပ်၌ ဈေးတည်သောအခါ ထိုသိမ်ကြီးကို အစွဲပြု၍ 'သိမ်ကြီးဈေး' ဟု ခေါ်တွင်ခဲ့ကြခြင်းဖြစ်လေသည်။

စေတီတော်မှာ ဘွဲ့အမည် အမျိုးမျိုးရှိရာ ကျိုက်မဲသံကရောစေတီ၊ သိမ်ကို ကျိုက်မဲသံကရောသိမ်ဟုသာ အခေါ်များကြလေသည်။

အမှတ်(၂)စေတီမှာ ဓာမာကမုစေတီ ဖြစ်သည်။

စပါတ်လမ်း(ဗိုလ်အောင်ကျော်လမ်း)နှင့် ဖရေဇာလမ်း (အနော်ရထာလမ်း)ထောင့်ရှိ သူရိယသတင်းစာတိုက်၊ အဆောက်အဦး နောက်ဘက်ရှိ ဝန်ကြီးများရုံးနှင့် မျက်နှာချင်းဆိုင်တွင် ရှိသော ဟိန္ဒူဘုရားကျောင်းအနီး၌ တည်ရှိခဲ့လေသည်။

ရေကန်နှင့် ကင်ပွန်းပင်ကို အစွဲပြု၍ မွန်ဘာသာဖြင့် ကမာကမုစေတီ၊ မြန်မာဘာသာဖြင့် ကင်ပွန်းကန်စေတီဟု အမည်တွင်ခဲ့သည်။ စေတီတော်အနီး၌ ရဟန္တာ သမုတ်သော သိမ်ကြီးရှိကာ ထိုသိမ်တော်ကို ကသစ်ပင်သိမ်ဟူ၍သော်လည်းကောင်း၊ မြင်းခင်းသိမ်ဟူ၍သော်လည်းကောင်း ခေါ်ကြလေ၏။

အမှတ်(၃)စေတီမှာ ကျိုက်ဒေးတဲ့(ထောင်မှူးဘုရား) စေတီပင် ဖြစ်သည်။

၎င်းစေတီမှာ ဘုန်းကြီးလမ်းနှင့် ကျုံးကြီးလမ်း ဆုံရာ၌ တည်ရှိခဲ့သည်။ သက္ကရာဇ်(၁၂၀၃)ခုနှစ်ပိုင်းအတွင်းကပင် စေတီငုတ်တိုမှ ရောင်ခြည်တော်များ လွှတ်သဖြင့် ထင်ရှားတိုးတက်လာ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့လေသည်။

စေတီငုတ်တို ရှိခဲ့သဖြင့် ထိုလမ်းကို ဘုရားငုတ်တိုလမ်းဟု ခေါ်ဝေါ်ကြသည်။

နောင်သောအခါ ကျိုက်ကားဘုရား၊ ဒေးကားကုန်း၊ တဲ့ကားကျောက် ဟူ၍ သုံးရပ်ပေါင်းပြီး 'ကျောက်ကုန်းဘုရား' ဟုပေါ်ထွက်လာလေသည်။

ဗြိတိသျှများ ဝင်လာသောအခါ ဘုရားအနီး၌ ထောင်များ တည်ဆောက်လာပြီး ထောင်မှူးများနေရာနှင့် နီးသောကြောင့် 'ထောင်မှူးဘုရား' ဟုလည်း ခေါ်တွင်ခဲ့ကြသေးသည်။

အမှတ်(၄)စေတီမှ ကျိုက်ဗွဲကမော့စေတီ ဖြစ်သည်။

ရှေးအခါက ရွှေတိဂုံစေတီတော် အနောက်ဘက်၊ အလုံအရပ်နှင့် ဆက်စပ်နေသောနေရာတို့သည် သစ်ပင်များ အုပ်ဆိုင်းလျက် ဥယျာဉ်ခြံများ ရှိခဲ့လေသည်။ ကျိုက်ဗွဲကမော့စေတီနှင့် အလုံသစ်တို့ပင်ကုန်းသိမ်တော်တို့သည် ရှေးအခါက ထိုဥယျာဉ်များအတွင်း၌ ရှိခဲ့လေသည်။

ဗြိတိသျှခေတ် ရောက်သောအခါ ထိုဒေသအတွင်း၌ ဆရာမတ်ကြီးကျောင်း၊ ကျူရှင်ဟော၊ ကျူရှင်ဟိုက်စကူး စသည်တို့ တည်ဆောက်ခဲ့ကြသည်။

ဘုန်းကြီးကျောင်းများလည်း တည်ဆောက်လာကြသည်။

သိမ်တော်မှာ အလုံသစ်ပင်ကုန်းကျောင်းတိုက်အတွင်း ကျရောက်လျက်ရှိပြီး စေတီတော် တည်ရှိခဲ့သောနေရာမှာ ကျူရှင်ဟိုက်စကူးကျောင်းနေရာဟုသာ ပြောနိုင်တော့သည်။





ကျိုက်ဗွဲတမော့စေတီ၏အဓိပ္ပာယ်မှာ မြန်မာဘာသာဖြင့် ညောင်ပင်ကုန်းဘုရားဟု အဓိပ္ပာယ်ရှိပါသည်။

အမှတ်(၅)စေတီမှာ ကျိုက်ဒင်မဲစေတီဖြစ်သည်။

ရွှေတိဂုံစေတီတော်၏အနောက်မြောက်အရပ်၌ တည်ရှိသော ဥယျာဉ်တစ်ခုအတွင်း၌ ရှိလေသည်။ ထိုစေတီတော်ကို ကြီးကြပ်၍တည်ထားခဲ့သူ 'ဒင်မဲ' အမည်ရှိ အမတ်ကြီးကို အစွဲပြု၍ 'ကျိုက်ဒင်မဲ' စေတီဟု အမည်တွင်ခဲ့သည်။

အမှတ်(၆)စေတီမှာ ကျိုက်ခပေါက်စန္ဒတ် စေတီဖြစ်သည်။

နောင်တွင် အလံပြဘုရားဟု အမည်တွင်လာသည်။ ကျိုက်ခပေါက်ဆွတ်စေတီနှင့် မနီးမဝေး၌ ရှိလေသည်။

ကျိုက်ခပေါက်စန္ဒတ်နှင့် ကျိုက်ခပေါက်ဆွတ် စေတီနှစ်ဆူမှာ ညီအစ်ကိုအမတ်ကြီးနှစ်ဦးတို့က တည်ထားခဲ့ခြင်းဖြစ်၏။

အဓိပ္ပာယ်မှာ ခုနစ်တောင်တာဘုရားနှင့် ခုနစ်တောင်ခုန်နိုင်သော အမတ်ကြီးဘုရားဟူ၍ အဓိပ္ပာယ်ရှိပါသည်။


ယခု အလံပြဘုရားနှင့် မနီးမဝေး၌ ရှိခဲ့ဖူးသည်။

ထိုစေတီတော်(၆)ဆူမှာ ဒဂုန်(ရန်ကုန်)မြို့တည်စက ရှိခဲ့ဖူးသော်လည်း တဖြည်းဖြည်းနှင့် မြို့က စည်ကားလာသောအခါ ကွယ်ပျောက်သွားခဲ့သော စေတီတော်(၆)ဆူပင် ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၇)

# ဦးမင်းခေါင်နှင့် ထူးခြားဆန်းကြယ်မှုများ

တစ်နေ့သ၌ ဗဟန်းဂါတ်တဲစခန်းမှ ဌာနာအုပ်မင်းခိုင်၏ မှာကြားမှုကြောင့် ကချင်ပြည်နယ် နမ္မားဂါတ်တဲမှ ဆားပုလင်းမောင်ကြီး ရောက်လာလေတော့သည်။ ဆားပုလင်းမောင်ကြီးသည် ဗဟန်းဂါတ်တဲသို့ ရောက်သောအခါ ဌာနအုပ်မင်းခိုင် စားပွဲရှေ့သို့ လာ၍ ခြေစုံရပ်ကာ အလေးပြုလိုက်လေသည်။

"ဆားပုလင်းမောင်ကြီး ရောက်ပါပြီ ဆရာ"

ထိုအခါ ဌာနအုပ် မင်းခိုင်က တစ်ချက်မော့ကြည့်လိုက်ပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"ထိုင်ကွာ မောင်ကြီး၊ မင်းရောက်လာတာနဲ့ အတော်ပဲ ဒီမှာ မသင်္ကာစရာကိစ္စလေးတွေ တွေ့နေရလို့ကွ"

မောင်ကြီးက စားပွဲရှေ့ရှိ ကုလားထိုင်ပေါ်တွင် ဝင်ထိုင်လေသည်။ ထိုအခါ မင်းခိုင်က အံဆွဲထဲမှ ဓါတ်ပုံတစ်ပုံကို ထုတ်ကာ မောင်ကြီးရှေ့သို့ ချပေးလိုက်သည်။

"မင်း သူ့ကို မြင်ဖူးတယ် မဟုတ်လား"

ဓါတ်ပုံမှာ ဦးဘိုးအောင် ဘုရားပေါ်၌ ပုတီးစိပ်နေသောပုံ ကို နံဘေးမှ အမှတ်တမဲ့ ရိုက်ထားခြင်း ဖြစ်လေသည်။ မောင်ကြီး က စားပွဲပေါ်မှ ဓာတ်ပုံကို ယူ၍ အသေအချာ ကြည့်သည်။ သူ သည် ဓါတ်ပုံရှင်ကို တစ်နေရာ၌ မြင်ဖူးတွေ့ဖူးသည်ဟု ထင်နေမိ သည်။

"မင်း သူ့ကို သိတယ်မဟုတ်လား"

"မြင်ဖူးတာပေါ့. . . မြစ်ကြီးနားဘက်မှာတုန်းက သူ့ နာမည်က ဘိုးမင်းခေါင်လို့ ခေါ်တယ်၊ အဲဒီတုန်းက ကတုံး မဟုတ်ဘူး၊ ဆံပင်ရှည် ရှိတယ်၊ သူက အခု ဘယ်ရောက်နေတာ လဲ"

"အခု ရွှေတိဂုံကုန်းတော်တဝိုက်မှာ ရောက်နေတယ်၊ သူ့ ကို အင်္ဂလိပ်အစိုးရက မျက်ခြည်မပြတ် စောင့်ကြည့်ဖို့ အမိန့်ထုတ် ထားတယ် မဟုတ်လား"

"ဟုတ်တယ်. . . ဘိုးမင်းခေါင်ကို စိတ်မချလို့ စုံထောက် တွေကို အမြဲတမ်း စောင့်ကြည့်ခိုင်းထားတယ်၊ ဒါပေမယ့် မရဘူး သူက တစ်နေရာမှာ အကြာကြီး မနေဘဲ နေရာရွှေ့နေတာ





ဆိုတော့ စောင့်ကြည့်ဖို့ မလွယ်ဘူး၊ နောက်တစ်ခုက အဲဒီလူကြီးက ကမ္ဘာကျော်လူဆိုးတွေထက်တောင် ရုပ်ပြောင်းရုပ်လွှဲပညာ ကောင်းသေးတယ်၊ မျက်ခြည်မပြတ် စောင့်ကြည့်နေရင်းကနေ ပျောက်ချင်ပျောက်သွားတတ်တယ်"

ဌာနအုပ်မင်းခိုင်က သဘောကျသလို တစ်ချက်ပြုံးလိုက် ကာ စားပွဲပေါ်၌ တင်ထားသော စီးကရက်ဗူးကို ယူ၍ တစ်လိပ် ထုတ်ကာ မီးညှိ၍ဖွာလိုက်သည်။ ပြီးမှ ဆေးလိပ်ဗူးနှင့် မီးခြစ်ကို မောင်ကြီးရှေ့သို့ တိုးပေးလိုက်သည်။

"ဆေးလိပ်သောက်ကွာ. . . ပြီးရင် မင်းသိထားတဲ့ အကြောင်းကိုလည်း ငါ့ကိုပြောပြပါဦး၊ အခု ပုလိပ်မင်းကြီးက သူနဲ့ ပတ်သက်တဲ့ အကြောင်းကြားစာ ပို့ထားတော့ ဒီကိစ္စက ပေါ့ပေါ့ထားလို့မရဘူး"

"မှန်တာပေါ့ ဆရာ၊ ဒီလူကြီးက ရောက်လေရာနေရာမှာ အစိုးရအရာရှိတွေ၊ ပုလိပ်တွေ အလုပ်ရှုပ်အောင် အတော်ကလေး လုပ်တယ်၊ သူ့မှာ နာမည်တွေကလည်း အမျိုးမျိုးရှိသလို ရုပ်ပြောင်းရုပ်လွှဲကလည်း အတော်ကောင်းတယ်"

"သူက ဘယ်လိုပညာမျိုးတွေ တတ်တာလဲကွ၊ အောက် လမ်းပညာတွေ၊ မှော်ပညာတွေလား၊ ဒါမှမဟုတ် မျက်လှည့်ပညာ ကောင်းကောင်းတတ်တဲ့လူလား"

မောင်ကြီးက စားပွဲပေါ်မှ စီးကရက်တစ်လိပ်ကို ယူ သောက်ရင်း အတန်ကြာအောင် စဉ်းစားနေသည်။

"ဘယ်လိုပညာလဲဆိုတာတော့ ကျွန်တော်လည်း မသိဘူး၊



www.burmeseclassic.com

www.burmeseclassic.com

ဒါပေမယ့် အတော်အစွမ်းထက်တဲ့ ပညာမျိုးတွေတော့ တတ်ထားပုံရတယ်၊ သူ နမ္မားဘက်မှာ နှစ်အတော်ကြာအောင် နေသွားတဲ့ ကာလမှာ ကျွန်တော်တို့ ပုလိပ်အဖွဲ့တွေ အတော့်ကို အလုပ်များခဲ့ရတယ်"

"ပြောပြပါဦးကွ. . ."

ထိုအခါ ဆားပုလင်းမောင်ကြီးက သူတွေ့ကြုံခဲ့ရသော အဖြစ်အပျက်များကို အောက်ပါအတိုင်း ပြောပြလေသည်။

မြန်မာသက္ကရာဇ်(၁၂၈၀)ပြည့်နှစ်အချိန်ကပင် ဖြစ်သည်။ ထိုအချိန်၌ ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ နမ္မားခရုချောင်းရွာသို့ ဦးမင်းခေါင်ဆိုသော လူကြီးတစ်ယောက် ရောက်လာသည်။

ခရုချောင်းရွာသို့ ရောက်သောအခါ ဘိုးဆယ်၊ အဘွားမှုံ ဒေါ်ဆေးဥ၊ ဒေါ်စန်းတို့ နေအိမ်များ၌ လှည့်လည်နေထိုင်လေသည်။

ရွာသူရွာသားများက ခရုချောင်းရွာ ကျောင်းဝန်းအတွင်း၌ သူ့အတွက် ဇရပ်ဘစ်ဆောင် ဆောက်ပေးထားကြသည်။ ဇရပ်မှာ သက္ကယ်မိုး၊ ဝါးထရံ ကာရံထားသည့် နှစ်ခန်းတွဲအဆောင်မျှသာ ဖြစ်လေသည်။

ဇရပ်ပေါ်၌ တရားထိုင်သောအခန်းနှင့် ဘုရားခန်း နှစ်ခန်းသာ ရှိသည်။

သူသည် ထိုဇရပ်မှာ အမြဲနေသည် မရှိဘဲ နေရာအနှံ့သို့ လှည့်လည်သွားလာနေရာ ထိုဇရပ်ဆောင်မှာ တပည့်အချို့က အလှည့်ကျ စောင့်နေပေးရသည်။





ဦးမင်းခေါင်က 'ညည့်လာဇရပ်၊ လူမပြတ်စေနှင့်' ဟူသော အမှာစကားကြောင့် တစ်ယောက်မဟုတ် တစ်ယောက်ယောက်က စောင့်နေပေးရသည်။

ထိုဇရပ်ပေါ်၌ ကန်တော့ပွဲသုံးပွဲ ထိုးထားပြီး တစ်ခါတစ်ရံ ထိုကန်တော့ပွဲများ၌ ဆေးတောင့်၊ ဆေးလုံးကလေးများကို တွေ့ကြရလေသည်။

ခရုချောင်းရွာသည် မန္တလေး၊ မြစ်ကြီးနား ရထားလမ်းဘေး၊ နမ္မားမြို့၏တောင်ဘက်ရွေးတွင် ကပ်လျက်ရှိလေသည်။

ထိုရွာသို့ ဦးမင်းခေါင် ရောက်မလာမီက ဦးဘိုးညိမ်းနှင့် ဆရာခန့်တို့ ရောက်လာကြသည်။

၎င်းတို့နှစ်ယောက်မှာ မည်သည့်အစွမ်းသတ္တိများ ရှိကြသည်ကို မသိရသော်လည်း ရွာသူရွာသားများ၏ယုံကြည်လေးစားမှုကို ခံကြရသည်။

၎င်းတို့သတင်းကို အင်္ဂလိပ်အစိုးရ သိသောအခါ ဖမ်းဆီးရန် ကြံစည်သော်လည်း ဘယ်တော့မှ မရပေ။

သို့ကြောင့် ဆုတော်ငွေ ထုတ်ရသည်အထိ ဖြစ်လာသည်။

"ဘိုးညိမ်းခေါင်း ရလျှင် ဆုတော်ငွေ(၁၀၀၀)

ဆရာခန့်ခေါင်း ရလျှင် ဆုတော်ငွေ(၅၀၀)"

ဟု ကြော်ငြာများ ကပ်၍ဖမ်းဆီးသော်လည်း မမိနိုင်ပေ။

၎င်းတို့နှစ်ဦးမှာ ခရုချောင်းရွာ၌ပင် နေထိုင်ကြလေသည်။ အင်္ဂလိပ်အစိုးရပုလိပ်များက သတင်းကြားသဖြင့် ဖမ်းဆီးရန် ရောက်လာကြသောအခါ လူကို မမြင်ရပဲ အသံကိုသာ ကြား



www.burmeseclassic.com

www.burmeseclassic.com



ကြရလေသည်။

"ဟဲ့ . . နယ်ခဲ့အလိုတော်ရိရဲ့လက်ကိုင်တုတ် ပုလိပ်စုတ်တွေ၊ မင်းတို့အမေ့လင် ငငြိမ်းက ဒီမှာကွ၊ စွမ်းရင် လာဖမ်းကြလေ"

ဟု အသံသာ ကြားရပြီး လူကို ရှာဖွေသော်လည်း မတွေ့ရသောအခါ ကြောက်လန့်ကာ ပြန်ပြေးကြလေသည်။

နောင်သောအခါ ဦးဘိုးညိမ်း၊ ဆရာခန့်၊ အမေစုံ၊ အမေမှန်တို့လေးဦး စုပေါင်း၍ ခရုချောင်းနှင့် ခရုချောင်း ဘုန်းကြီးကျောင်းကြား၌ ပုဂံပုံဘုရားပုံသဏ္ဍာန် စေတီတစ်ဆူ တည်ခဲ့ကြလေသည်။

နောင်သောအခါ ဦးဘိုးညိမ်းနှင့် ဆရာခန့်တို့နှစ်ယောက် ကွယ်လွန်သွားကြလေသည်။

၎င်းတို့ ကွယ်လွန်သွားသောအခါ တည်လက်စ ဘုရားမှာ အပြီးမသတ်နိုင်ဘဲ ရှိနေရာ ဦးမင်းခေါင် ရောက်လာသောအခါမှ အပြီးသတ်အောင် ဆက်လက်တည်လေသည်။

ဦးမင်းခေါင်သည် ခရုချောင်းရွာသို့ ရောက်သောအချိန်၌ မြေကြီးကို ဝါးလုံးနှင့် ရိုက်၍. . .

"(၂၄)နာရီအတွင်း အိမ်မှာ မအိပ်ကြနဲ့ဟေ့၊ နိုးနိုးကြားကြားသာ အိပ်ကြပေတော့"

ဟု ပါးစပ်မှ အော်ကာ ကလေးများကို အထုတ်ကလေးတွေ ကိုယ်စီပေး၍ ဟိုဟိုဒီဒီ ပြေးခိုင်းလေရာ မသိသူများက တစ်မျိုးထင်ကြသော်လည်း အတန်အသင့် အသိဉာဏ်ရှိသူများက





တော့ အတိတ်တဘောင်ပြသည်ဟုပင် မှတ်ယူကြသည်။

မကြာခင်မှာ ဒုတိယကမ္ဘာစစ်ပွဲများ ဖြစ်လာလေတော့သည်။

ဦးမင်းခေါင်သည် ခရုချောင်း၌ နေစဉ် တစ်နေ့သောအခါ နမ္မားမှ နန်းစီးအောင်သို့ ခရီးထွက်သွားလေသည်။ ထို့နောက်မှ ဒေါ်လောင်းနှင့် ဒေါ်စန်းတို့နှစ်ယောက် လိုက်သွားကြသည်။

တစ်နေ့တွင် နန်းစီးတောတွင်းသို့ ဝင်ကာ ၎င်းနောက်မှ ပါသူနှစ်ယောက်အား တောထွင်းတစ်နေရာ၌ စည်းဝိုင်း၊ဝိုင်းကာ အတွင်း၌ နေစေပြီး. . .

"ငါ ပြန်မလာမချင်း အပြင်ကိုမထွက်ကြနဲ့"

ဟု တောထဲသို့ ဝင်သွားရာ တစ်ညလုံး ပေါ်မလာတော့ပေ။

ဒေါ်စန်းနှင့်ဒေါ်သောင်းတို့နှစ်ယောက်မှာ တစ်ညလုံး တောထဲမှာ နေကြရသဖြင့် များစွာကြောက်ရွံ့ကြသော်လည်း မည်သည့်အန္တရာယ်မှ မတွေ့ကြရပေ။

၎င်းနောက် မိုးလင်းကာနီးမှ ဦးမင်းခေါင် ပြန်ရောက်လာပြီး နန်းစီးအောင်သို့ ပြန်လာကြရာ လမ်းတစ်နေရာသို့ ရောက်သောအခါ လမ်းခွဆုံတစ်ခုကို တွေ့ကြရသည်။

ထိုလမ်းဆုံသို့ ရောက်သောအခါ နောက်မှ ပါလာသူနှစ်ယောက်က ဦးမင်းခေါင် ပြောသောလမ်းမှ မသွားပဲ အခြားလမ်းမှ သွားမည်ဟု ဇွတ်ပြော၍ သွားကြလေရာ တစ်နေရာသို့ ရောက်သောအခါ ကျားတစ်ကောင်က နှုတ်ခမ်းမွေး ထိုင်ယပ်နေ



www.burmeseclassic.com

www.burmeseclassic.com

သည်ကို တွေ့ရတော့မှ နောက်ကြောင်းပြန်လှည့်ကာ မူလလမ်းမှ သွားကြရလေသည်။

နမ္မားခရုချောင်း၌ အုပ်ချုပ်နေသော သူကြီးမှာ ဦးသိုက် ဖြစ်လေသည်။

ဦးသိုက်သည် မလွှဲသာသဖြင့် ရွာလူကြီး လုပ်နေရသော်လည်း အင်္ဂရတ် ဝါသနာပါသူတစ်ဦးဖြစ်သည်။

တစ်နေ့သောအခါ ဦးမင်းခေါင်ကို အိမ်သို့ ဖိတ်၍ အင်္ဂရတ်အကြောင်း ပြောဆိုဆွေးနွေးလေသည်။

"ဦးမင်းခေါင် . . . ခင်ဗျား အင်္ဂရတ်အကြောင်း သိရင် ကျုပ်ကို နည်းတစ်ခုလောက် လုပ်ပြပေးပါ"

ဟု ပြောသဖြင့် ဖိုခန်းအတွင်းသို့ ဝင်ကာ သွပ်ကို ဖမ်း၍ ရွှေဖြစ်အောင် လုပ်ပြလေသည်။

သွပ်ကို ဖမ်း၍ ရွှေဖြစ်အောင် လုပ်သောနည်းမှာ လွန်စွာ ခက်ခဲသောနည်းဖြစ်သည်။

သွပ်သည် ရွှေဖြစ်ရန် မဆိုထားနှင့်၊ မီးထိုးခံရဖို့ပင် လွန်စွာခဲယဉ်းလေသည်။ ထိုကဲ့သို့ အဖမ်းရခက်လှသောကြောင့် ရှေးဆရာများက သွပ်ကို 'ရသေ့ငို' ဟု အမည်တပ်ခဲ့ကြလေသည်။

သွပ်မှ ရွှေဖြစ်သည်ကို မြင်သောအခါ ဦးသိုက်မှာ များစွာအံ့ဩရုံမက ထိုရွှေကိုလည်း လိုချင်လေသည်။

"ဒီရွှေကို လိုချင်လို့လား"

"ဟုတ်ပါတယ်"

"အချိန်တန်တော့ ရရစေမပေါ့၊ အခုတော့ မရနိုင်သေး





ဘူး"

ဟု ပြောကာ ရွှေတုံးကို ဖျောက်ဖျက်ပစ်လိုက်လေသည်။

အင်္ဂရတ်နှင့် ပတ်သက်၍ နောက်အဖြစ်အပျက်တစ်ခုမှာ

ဦးမင်းခေါင်သည် ခရုချောင်းရွာ၌ နေစဉ်ကာလတွင် ဦးဆယ်၏အိမ်၌ နေခဲ့ဖူးသည်။

ဦးဆယ်ကား အင်္ဂရတ်ကို လွန်စွာဝါသနာပါသူဖြစ်သည်။

"အင်္ဂရတ်ကို အတော်ဝါသနာပါသလား"

"ပါ,ပါတယ် . ."

"အဲဒီအလုပ်ကို အခုမလုပ်နဲ့ဦး၊ ကျုပ်ခိုင်းတဲ့အလုပ်ကို အရင်လုပ်ချေဦး၊ ပြီးလျှင် လိုချင်တာပေးမည်"

ဟု ပြောကာ ပုလင်းကွဲကဲ့သို့ စူးရှနိုင်သော ချော်ရည်ခဲကို လက်ဝါးပြင်၌ တင်၍ လောက်စာလုံးကဲ့သို့ လုံးပြလေရာ ဦးဆယ်မှာ မျက်လုံးပြူးသွားလေတော့သည်။

ထိုကဲ့သို့ ထူးဆန်းသော အဖြစ်အပျက်ကို မြင်ရသော ဦးဆယ်မှာ အင်္ဂရတ်ထိုးသောအလုပ်ကို လုံးဝစွန့်လွှတ်လိုက်လေတော့သည်။

ဦးမင်းခေါင် ခရုချောင်းရွာ၌ ရှိနေစဉ် အင်္ဂလိပ်ကပြား ရာဇဝတ်ဝန်တစ်ယောက် ရောက်လာပြီး လာရောက်မေးမြန်းလေသည်။

ရာဇဝတ်ဝန်နှင့် [illegible] ပုလင်းမောင်ကြီးတို့လည်း ပါလာလေသည်။ ရာဇဝတ် [illegible] ရောက်လာသောအခါ ဦးမင်းခေါင်က တင်ပလ္လင်ခွေထိုင်ကာ လက်ဖက်ရည်ကြမ်း ထိုင်သောက်နေ



www.burmeseclassic.com

www.burmeseclassic.com

လေသည်။

"ခင်ဗျားနာမည် ဘယ်သူလဲ"

"မင်းခေါင်"

"ဘိုးမင်းခေါင်ဆိုတာ ခင်ဗျားလား"

"ဦးတပ်ခေါ်ရင် ဦးမင်းခေါင်၊ အဘိုးအရွယ်မို့ ဘိုးတပ်ခေါ်ရင်တော့ ဘိုးမင်းခေါင်ပေါ့"

"ခင်ဗျားအသက် ဘယ်လောက်ရှိပြီလဲ"

"လေးဆယ်ရှိပြီ"

"ဘာအလုပ် လုပ်စားသလဲ"

"ဗေဒင်တွက်စားသည်"

"မှန်သလား"

"ဗေဒင်တွက်တာပဲ. . . မှန်တဲ့အခါမှန် မှားတဲ့အခါ မှားမှာပေါ့"

"ခင်ဗျား ဘာလူမျိုးလဲ"

"ဗုဒ္ဓဘာသာလူမျိုး"

"မြန်မာလူမျိုး မဟုတ်ဘူးလား"

"ကျုပ်က ဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ်တဲ့လူမို့ ဗုဒ္ဓဘာသာလူမျိုးလို့ ပြောတာ"

"ခင်ဗျား ကျုပ်တို့ အင်္ဂလိပ်အစိုးရအပေါ် ဘယ်လိုမြင်သလဲ"

"ကျုပ်မျက်စိထဲမှာတော့ ဘာမှမမြင်ဘူး"

ဟု ပြောလိုက်ရာ ရာဇဝတ်ဝန်လည်း စိတ်လျှော့ကာ





ပြန်သွားလေတော့သည်။

ထိုသို့ပြန်လာပြီးနောက်ပိုင်းတွင် ရာဇဝတ်ဝန်က နမ္မားဂါတ်တဲမှ ဆားပုလင်းမောင်ကြီးကို ဦးမင်းခေါင်နဲ့ ပတ်သက်၍ လေ့လာစုံစမ်းမှုများ ဆက်လက်ပြုလုပ်ရန် တာဝန်ပေးခဲ့လေသည်။

ဆားပုလင်းမောင်ကြီးလည်း ခရုချောင်းရွာသို့ သွားကာ နည်းအမျိုးမျိုးနှင့် စုံစမ်းထောက်လှမ်းလေတော့သည်။

ထိုသို့ စုံစမ်းရာတွင် ဦးမင်းခေါင်သည် တစ်ယောက်တည်း နေသောအခါ ပြောချင်သောစကားများကို အဆက်မပြတ် ပြောနေတတ်လေသည်။

တစ်နေ့သောအခါ ဆားပုလင်းမောင်ကြီး ရောက်သွားခိုက်တွင် ဦးမင်းခေါင် ပြောနေသောစကားအချို့မှာ. . .

"ဂေါတမမြတ်စွာဘုရား ပွင့်တော်မူစဉ်က ကျုပ်က ကိုရင်လေးပဲ ရှိသေးတယ်၊ ဂေါတမ မြတ်စွာဘုရား တာဝတိံသာ တက်ပြီး မယ်တော်မိနတ်သားကို တရားဟောဖို့ ကြွတော့ ကျုပ်လည်း ပါသွားတယ်"

ဟု ပြောလေရာ မောင်ကြီးစိတ်ထဲ၌ စိတ်မနှံ့သူ တစ်ယောက်ဟု မှတ်ချက်ချကာ မှတ်တမ်း၌ ရေးမှတ်ထားခဲ့လေသည်။

တစ်နေ့သောအခါ မန္တလေး-မြစ်ကြီးနား ရထားလမ်းပေါ်ရှိ နန်းစီးအောင်ဘူတာအနီးတွင် လူစီးရထားခေါင်းတွဲကြီးမှာ သံလမ်းပေါ်မှ ချော်ကာ အောက်သို့ ကျနေလေသည်။

ရထားဝန်ထမ်းများမှာ ရထားခေါင်းတွဲ သံလမ်းပေါ်ပြန်ရောက်စေရန် နည်းအမျိုးမျိုးနှင့် ကြိုးစားဆောင်ရွက်သော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ရထားခေါင်းတွဲမှာ နည်းနည်းလေးမှ မလှုပ်ပေ။

ထိုအခါ ရထားပေါ်၌ ပါလာသော ခရီးသည်များမှာ ဒုက္ခရောက်ကြလေတော့သည်။

ထိုအချိန်တွင် ဦးမင်းခေါင် ရောက်လာသည်။

သူသည် အနီးဝန်းကျင်၌ ပေါက်နေသော ကုန်းဗေဒါကိုင်းတစ်ခုကို ချိုးယူ၍ ရထားခေါင်းတွဲ ရှိရာသို့ လျှောက်လာပြီး ယင်းဗေဒါကိုင်းများနှင့် ရထားဘီးများကို လိုက်လံရိုက်ပုတ်နေသည်ကို တွေ့ရသည်။ ပါးစပ်မှလည်း. . .

“ဟဲ့ကောင်ကြီး. . . လူတွေ ဒုက္ခရောက်ကုန်ပြီ၊ ကိုယ့်လမ်းပေါ်ကို ပြန်တက်လေ၊ ကိုယ့်လမ်းပေါ်သို့ ပြန်တက်တော့လေ”

ဟု ခပ်တိုးတိုး ရွတ်ဆိုနေလေရာ ထိုအခါမှပင် ရထားစက်ခေါင်းမှာ သံလမ်းပေါ်သို့ ပြန်ရောက်အောင် အလွယ်တကူ ပြန်တင်နိုင်ကြလေတော့သည်။

ထိုအခါမှ စက်ဗိုလ်၊ ဂါတ်ဗိုလ်တို့နှင့် ခရီးသည်တို့မှာ များစွာအံ့သြကြရလေတော့သည်။

နောက်တစ်ကြိမ်၌မူ ဦးမင်းခေါင်သည် နန်းစီးအောင်ဘူတာမှ အဆန်ကုန်ရထားနှင့် ခရီးသွားလေရာ နမ္မားဘူတာသို့ မရောက်မီ ခရုချောင်းရွာထိပ်(ဗူးဘုရား)အနီးသို့ ရောက်သောအခါ ရထားစက်မှာ အလိုအလျောက် ရပ်တန့်သွား၍ ရထားတွဲများ ရပ်တန့်သွားလေသည်။

ထိုအခါမှ ဦးမင်းခေါင်မှ ရထားပေါ်မှ ဆင်းလေသည်။

ယင်းဆင်းသွားပြီးသောအခါမှ ရထားစက်မှာ ပုံမှန်ပြန်





ကောင်းကာ ရှေ့သို့ ခရီးဆက်နိုင်ခဲ့လေသည်။

တစ်နေ့သ၌ ဦးမင်းခေါင်သည် နမ္မားမြို့အတွင်း ဈေးတန်း၌ ကလေးများ စီးလေ့ရှိသော သုံးဘီးတပ် စက်ဘီးလေးကို စီး၍ သွားလာနေစဉ် ကုလားမာရားက ၎င်း၏မြေးငယ်ကို တိုက်မိသည်အထင်နှင့် ဦးမင်းခေါင်၏ပါးကို ရိုက်သည်။

ကုလားမာရားက ဦးမင်းခေါင်အား အရူးတစ်ယောက်ဟု ထင်ကာ ရိုက်ခြင်းဖြစ်သော်လည်း ဦးမင်းခေါင်က ဘာမှလည်း မပြော၊ ဘာမှလည်း ပြန်မလုပ်ပေ။

နောက်လေးငါးရက် ကြာသောအခါ ၎င်းကုလားမှာ သွေးအန်၍သေလေတော့သည်။

ထို့အတူ ဖြစ်ရပ်တစ်ခုလည်း ရှိသေးသည်။

ခရုချောင်းရွာ ဘိုးဆယ်၊ အဖွားမှုံတို့နေအိမ်၌ နေထိုင်စဉ် ၎င်းတို့၏သမီးမှာ နာမကျန်းဖြစ်လျက် သေလေသည်။

ထိုသို့သေရခြင်းမှာ ဦးမင်းခေါင် ထွန်းသော ဖယောင်းတိုင်မီး ညှော်နံ့ရသဖြင့် သေရသည်ဟု ထင်ကာ ဦးကံဆိုသူက တုတ်ဖြင့် ရိုက်သောကြောင့် ဦးခေါင်းကွဲကာ သွေးများ ကျခဲ့ရသည်။

ဦးမင်းခေါင်ကတော့ ဘာမှလည်းမပြော၊ ဘယ်လိုမှလည်း မတုံ့ပြန်ပေ၊ ထိုသို့ပြုလုပ်ပြီး တစ်လခန့် ကြာသောအခါ ဦးကံသည် နာမကျန်းဖြစ်လာပြီး သွေးအန်သောရောဂါဖြင့် သေဆုံးသွားလေတော့သည်။

ဦးမင်းခေါင်သည် ကချင်ပြည်နယ်၌ နေထိုင်ခဲ့စဉ် နေရာ



www.burmeseclassic.com

www.burmeseclassic.com



အနံ့သို့ သွားလာနေထိုင်လျက်ရှိသည်။

တစ်နေ့တွင် မော်လူးသို့ ရောက်ရှိခိုက် ပန်းသေးတရုတ် ခေါက်ဆွဲဆိုင်တစ်ဆိုင်သို့ ဝင်ထိုင်လေသည်။ ဆိုင်အတွင်း၌ စားသောက်နေသူများလည်း ရှိလေသည်။

ထိုအခိုက်မှာပင် ဆိုင်ရှင်တရုတ်က ကြက်တစ်ကောင်ကို သတ်ရန် အပြင်သို့ ယူလာသည်။ သူကြက်သတ်မည့်နေရာမှာ ဦးမင်းခေါင် ထိုင်နေသည့်နေရာဖြစ်သည်။

"ဒီကြက်ကို မသတ်ပါနဲ့"

ဦးမင်းခေါင်က ပြောသည်။

"ကြက်မသတ်ဘဲနဲ့ ခေါက်ဆွဲကြော်က ဘာနဲ့ ရောင်းရမှာ လဲ"

ဟု ပြောကာ တရုတ်က ကြက်အရှင်ကို ဓါးဖြင့် လည်ပင်း ဖြတ်သတ်ကာ မြေပေါ်သို့ ပစ်ချလိုက်သည်။

လည်ပင်းဖြတ်သွားသော ကြက်က တဖျတ်ဖျတ် ခုန်နေ လေသည်။ ဦးမင်းခေါင်က ထိုင်နေရာမှ ထသွားကာ ခေါင်းပြတ် နေသောကြက်ကို ခေါင်းနှင့်ကိုယ် ပြန်ဆက်၍ ကောင်းကင်သို့ မြှောက်တင်ပေးလိုက်ရာ ကြက်မှာ အတောင်ပံခတ်ကာ တွန်သံ ပေး၍ ပျံတက်သွားသည်ကို ဆိုင်ရှင်တရုတ်နှင့် စားသောက်နေသူ များက တအံ့တဩ မြင်လိုက်ကြရသည်။

ထိုအဖြစ်အပျက်ကို မြင်သော အချို့လူများက ဦးမင်း ခေါင်က မျက်လှည့်ပြသည်ဟု ထင်နေကြသည်။

ဦးမင်းခေါင် မော်လူးသို့ ရောက်နေသောအချိန်မှ





မိုးရာသီအချိန်ကာလဖြစ်သည်။

မိုးလေပြင်းထန်သောကြောင့် ရထားလမ်းများကိုပင် ရေ ကျော်ကာ အချို့နေရာများမှာ ပျက်စီးနေလေသည်။

တစ်နေ့တွင် ဦးမင်းခေါင်မှာ ရထားလမ်းပေါ်၌ သံလမ်း ကို ခေါင်းအုံးကာ အိပ်နေလေသည်။

ထိုအချိန်တွင် မန္တလေး-မြစ်ကြီးနား လူစီး စာပို့ရထားက မောင်းနှင်လာရာ ဦးမင်းခေါင် အိပ်နေသောနေရာနှင့် မလှမ်း မကမ်း ရောက်သောအခါ ရပ်တန့်သွားလေသည်။

ထိုအခါမှ မီးရထားစက်ခေါင်းဗိုလ်၊ ဂါတ်ဗိုလ်တို့က ရထားသံလမ်းပေါ်၌ လူတစ်ယောက် အိပ်နေသည်ကို လှမ်းမြင်ရ သဖြင့် ဒေါသဖြစ်ကာ ရထားပေါ်မှ ဆင်းသွားကြလေသည်။

အနီးသို့ ရောက်သောအခါ ဦးမင်းခေါင် အိပ်နေရာမှ ထ၍ ၎င်းတို့ကို လက်ဆွဲခေါ်သွားပြီး ရထားသံလမ်း ကျိုးနေသော နေရာကို ခေါ်ပြလေသည်။

ထိုအခါမှ မီးရထားတာဝန်ရှိသူများနှင့် စောစောက ခရီး အတွက် တမင်သက်သက် အနှောင့်အယှက် ပေးသည်ဟု ထင်နေ သော ခရီးသည်တို့မှာ မိမိတို့အသက်ကို ကယ်တင်ပေးသောလူ အား များစွာကျေးဇူးတင်ကြလေတော့သည်။

ဦးမင်းခေါင်သည် ခရုချောင်းရွာ၌ နေထိုင်စဉ် တစ်ခါ တစ်ရံ ရွာမှ ပျောက်သွားကာ ကချင်တောင်တန်းများပေါ်သို့ သွားရောက်နေထိုင်လေ့ရှိသည်။

တောင်တန်းများပေါ်ရှိ တောနက်ထဲများ၌ နေထိုင်စဉ်



www.burmeseclassic.com

www.burmeseclassic.com



တောလည်တက်လာသော ကချင်လူမျိုးတို့က ထူးထူးဆန်းဆန်း မြင်တွေ့ကြရသည်။

တစ်ခါတစ်ရံ သစ်ပင်အောက်၌ တစ်ယောက်တည်း ပုတီးထိုင်စိပ်နေသလို တစ်ခါတစ်ရံမှာလည်း တောကောင်ကြီးများနှင့် အတူတကွ ရှိနေသည်ကို တွေ့မြင်ကြရသည်။

တစ်ခါတွင် လွန်စွာကြီးသော တောကောင်ကြီး တစ်ကောင်ကို ခွစီး၍ သွားလာနေသည်ကို မြင်တွေ့ကြသောအခါ ဦးမင်းခေါင်အား ၎င်းတို့ ကိုးကွယ်သောနတ်က ကိုယ်ထင်ပြသည် ဟု ထင်ကာ မလေ့ထုံးစံအရ အစားအသောက်များဖြင့် လာ ရောက် ပူဇော်သည်ကို လက်ခံပြီး စားသောက်နေထိုင်လေသည်။

တစ်နေ့သောအခါ နန်းစီးအောင်၌ ရှိသော ရဟန်းတစ်ပါး သည် လုပ်ရပ်အောင်မြင်သဖြင့် ဓါတ်လုံးရကာ ရွှေပြုလုပ်ကာ ရောင်းချနေလေသည်။

ထိုအခါ ဦးမင်းခေါင် ရောက်လာပြီး တားလေသည်။

"ဒီအလုပ်မျိုးက ရဟန်းသံဃာနဲ့ မအပ်စပ်တဲ့အလုပ်မျိုး မလုပ်သင့်ပါဘုရား"

"ကောင်းပါပြီ. . . နောက်မလုပ်တော့ပါ"

ဟု ရဟန်းက ကတိပေးလိုက်သည်။

သို့သော်လည်း နောက်ပိုင်းမှာလည်း ရွှေကို လုပ်မြဲလုပ်၍ ရောင်းချပြန်လေသည်။

ထိုအခါ ဦးမင်းခေါင် ရောက်လာပြီး တားပြန်လေသည်။

"အရှင်ဘုရား ကတိမတည်ရင်တော့ ဓါတ်လုံးကို ပြန်





သိမ်းရပါလိမ့်မယ်"

ထိုသို့ပြောသောအခါ ရဟန်းလည်း ဦးမင်းခေါင်၏ သွင်ပြင်အမူအယာကို အကဲခတ်မိသောကြောင့် နောက်မလုပ်တော့ပါဟု ကတိပေးပြန်လေသည်။

ထို့နောက် သုံးနှစ်ခန့် ကြာသောအခါ ရဟန်းမှာ လောဘ မသတ်နိုင်ဘဲ ဆက်လက်၍ ရွှေလုပ်မြဲလုပ်ပြန်လေသည်။

ထိုသို့လုပ်နေရင်းမှပင် ဦးမင်းခေါင် လာနေသည်ကို မြင်ရ သဖြင့် ရှောင်ပုန်းရန် ကြိုးစားသော်လည်း မရဘဲ ဦးမင်းခေါင်နှင့် တည့်တည့်တိုးလေတော့သည်။

ထိုအခါ ဦးမင်းခေါင်က ကတိမတည်သော ရဟန်းကို စိတ်ဆိုးလှသောကြောင့် လမ်းဘေးမှ လက်တစ်ဖက်ခန့် ရှိသော သစ်ပင်ကို နှုတ်ပြပြီး ဓါတ်လုံးကို တောင်းယူသည်။

ဓါတ်လုံးရသောအခါ သစ်ပင်ကို ပြန်စိုက်ကာ ထွက်သွား လေတော့သည်။ သစ်ပင်မှာ မူလအတိုင်း ( ) တော့ပဲ ကိုင်းကိုင်း ကြီး ဖြစ်လျက်နှင့်ပင် အသက်ရှင်နေတော့သည်။

ဦးမင်းခေါင် ကချင်ပြည်နယ်၌ ရှိနေစဉ်က အံ့သြဖွယ်ရာ ကောင်းလှသော အဖြစ်အပျက်တစ်ခုလည်း ရှိခဲ့သေးသည်။

သူသည် ကချင်ပြည်နယ်အတွင်း လှည့်လည်နေထိုင်စဉ် ကာလအတွင်း နမ္မားချောင်းကို ဗဟိုပြု၍ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအတွင်း လှည့်လည်သွားလာနေထိုင်ကာ မကောင်းသူ များကို ဆုံးမဖယ်ရှားခြင်း၊ ကောင်းသူများကို ကူညီကယ်တင်ပေး လျက် ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့လှည့်လည်စဉ် ရွှေလည်နယ်၊ မိုးမှောင်ကျတောင်
သိတာချောင်၌ နေထိုင်စဉ်ကာလ၌ ဆန်းကြယ်သောဖြစ်ရပ်တစ်ခု
နှင့် ကြုံတွေ့လေသည်။

စတီးဘရားသား သစ်ထုတ်လုပ်ရေးကုမ္ပဏီမှ လန်ဒန်မြို့
၌ တင်သွင်းရန် ဗန်းမော်နယ်မှ ထုတ်ယူရရှိခဲ့သည့် လွန်စွာကြီးမား
၍ လှပသော ကျွန်းသစ်ကြီးတစ်လုံးသည် ရွှေလည်မြစ်အတိုင်း
မျောချလာရာ မြစ်ကွေ့တစ်ခုသို့ ရောက်သောအခါ ချောင်းကို
ကန့်လန့်ဖြတ်ကာ တင်နေတော့သည်။

ထိုသို့ ကျွန်းသစ်ကြီး ကန့်လန့်တင်နေသဖြင့် မြစ်ကြော၌
စုန်ဆန်သွားလာသူများမှာ အခက်တွေ့နေကြရသည်။

သက်ဆိုင်ရာ ကုမ္ပဏီမှလည်း အမျိုးမျိုးသော စက်ကိရိ
ယန္တရားတို့နှင့် လာရောက်ဆွဲယူပါသော်လည်း တုတ်တုတ်မှ မလှုပ်
ဘဲ ကျောက်ဆောင်ပေါ်၌ တင်မြဲတင်နေလေရာ ခရီးသွားလာသူ
တို့ ဒုက္ခတွေ့ကြရလေသည်။

ထိုကဲ့သို့ သစ်လုံးကြီးကြောင့် ခရီးသွားလာသူများ အခက်
အခဲ တွေ့နေကြစဉ် တစ်နေ့သောအခါ ထိုနေရာသို့ ဦးမင်းခေါင်
ရောက်လာလေသည်။

ဦးမင်းခေါင်၏သတင်းကို တဆင့်စကားဖြင့် သိသူများက
ဘယ်လိုလုပ်လေမလဲဟု စိတ်ဝင်စားစွာဖြင့် ကမ်းစပ်မှ လာ
ရောက် ကြည့်ရှုနေကြလေသည်။

ကမ်းစပ်သို့ ရောက်သောအခါ ဦးမင်းခေါင်သည် ကြိမ်
လုံးတစ်လုံးကို ယူ၍ ရေထဲသို့ ဆင်းသွားလေသည်။





ထို့နောက် သစ်လုံးရှိရာသို့ ရောက်အောင်ကူးသွားကာ
ရောက်လျှင် သစ်လုံးပေါ် တက်၍ ကြိမ်လုံးဖြင့် ရိုက်ကာ. . .

"ဟေ့. . . သစ်ပင်ကြီး၊ မင်းမလိုက်ချင်လို့လည်း မရတော့
ဘူး၊ ဒီနေရာမှာ တွယ်ကပ်နေရင်လည်း မင်းကို လူတွေက
သဘောမကျတော့ဘူး၊ ဒါကြောင့် အကျိုးမရှိတဲ့နေရာမှာ မနေနဲ့ .
ခင်းသွားပေတော့"

ဟု ပါးစပ်မှ ပြောကာ လက်ထဲမှ ကြိမ်လုံးဖြင့် ကျွဲနွား
များ မောင်းသကဲ့သို့ မောင်းရာ သစ်လုံးကြီးမှာ လူ့စကားကို
နားလည်သည့်အလား တအိအိ လှုပ်ရှားလာကာ နောက်ဆုံး
ကျောက်ဆောင်ပေါ်မှ ရေထဲသို့ ဝေါကနဲ ထိုးဆင်းသွားလေတော့
သည်။

ထိုအခြင်းအရာကို မြင်သော စတီးဘရားသားကုမ္ပဏီမှ
တာဝန်ရှိသူများနှင့် ကမ်းစပ်မှ ကြည့်နေသူများမှာ ဟာကနဲ
ဟင်ကနဲ ဖြစ်သွားကြလေတော့သည်။

ရေစီးနှင့်အတူ သစ်လုံးကြီး မျောပါသွားသောအခါ ဦး
မင်းခေါင်လည်း သစ်လုံးအပေါ်မှ ခွစီးကာ လိုက်သွားလေတော့
သည်။

ရေလယ်သို့ ရောက်သောအခါ မိကျောင်းတစ်ကောင်ကို
စီးပြနေသည့်အလား အထက်ဆန်လိုက်၊ အောက်စုန်လိုက် လုပ်ပြ
ပြီးနောက် ရေလယ်၌ သစ်လုံးကြီးမှာ ဖင်ထောင်၍ မြုပ်သွားရာ
ဦးမင်းခေါင်လည်း ပါသွားလေတော့သည်။

"ဟာ. . . ဟိုမှာ အဘိုးကြီး ရေထဲ ပါသွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဝိုင်းအော်နေစဉ်မှာ ရေအောက်သို့ တဖြည်းဖြည်း နစ်မြုပ်သွားလေတော့သည်။

ထိုကဲ့သို့ သစ်လုံးရောလူပါ ရေအောက်သို့ နစ်မြုတ်သွားပြီး တစ်လခန့် ကြာသောအခါ ထိုသစ်လုံးကြီးမှာ မြစ်ကြီးနား အထက်ကမ်းစပ်တစ်နေရာ၌ လာရောက်တင်နေသည်ကို တွေ့ကြရသည်။

ဦးမင်းခေါင်ကိုတော့ မတွေ့ရတော့ပေ။

အထက်ပါအကြောင်းအရာများမှာ ဆားပုလင်းမောင်ကြီးမှ ဗဟန်းဂါတ်တဲမှ ဌာနာအုပ်မင်းခိုင်ကို ပြန်ပြောပြသော အကြောင်းများထဲမှ အချို့ဖြစ်လေသည်။

"ဒီလူကြီးက တန်ခိုးသိဒ္ဓိ ရှိတာတော့ အမှန်ပဲ၊ သူ ကချင်ပြည်နယ်ဘက်မှာ အချိန်အတော်ကြာအောင် နေသွားတဲ့ကာလမှာ မကောင်းတာတော့ ဘာမှမလုပ်ဘူး၊ လူတွေ အခက်အခဲရှိရင် ဒုက္ခတွေ့နေရင်သာ လာပြီး အကူအညီပေးတာ တွေ့ရတယ်၊ အင်္ဂလိပ်အစိုးရက သူ့ကို တန်ခိုးသိဒ္ဓိရှိမှန်း သိတော့ သူတို့ကို ပုန်ကန်မယ်လို့ မျက်ခြည်မပြတ် စောင့်ကြည့်ခိုင်းထားတယ်၊ အဲဒီမှာ နေတုန်းက သူ့ကို စောင့်ကြည့်ဖို့ ကျွန်တော့်ကို တာဝန်ပေးထားတယ်၊

အခုပြောပြတဲ့အကြောင်းတွေက ကျွန်တော်သိရတဲ့ အကြောင်းတွေလောက်ပဲ ရှိတယ်၊ တခြား ကျွန်တော် မသိတဲ့ အကြောင်းတွေ အများကြီးရှိသေးတယ်"

မင်းခိုင်က လက်ထဲမှာ တိုနေပြီဖြစ်သော စီးကရက်ကို





ပြာခွက်ထဲ ထည့်လိုက်သည်။

"ဒါထက် သူ့ကို ဖမ်းချုပ်ပြီး စစ်ဆေးမကြည့်ကြဘူးလား"

"ဘယ်နေပါ့မလဲ ဆရာရယ် . . . လုပ်တာပေါ့၊ တစ်ခါကလည်း အရေးပိုင်က တာဝန်ပေးလို့ သူ့နောက်ကို ပုလိပ်နှစ်ယောက် လိုက်သွားကြတယ်၊ သူက ရှေ့ကနေပြီး ကိုင်းပင်တွေကို လက်နဲ့ ဖမ်းပြီး ဝင်သွားတာ နောက်က လိုက်သွားလိုက်ကြတာ၊ နောက်ဆုံး ရေနက်ထဲကို ရောက်သွားတယ်၊ အဲဒီနေရာရောက်တော့ ဦးမင်းခေါင်က ရေနက်ထဲ ဆင်းပြီး မြုပ်သွားတာ ပြန်ပေါ်မလာတော့ဘူး၊ ဒါကြောင့် ပုလိပ်နှစ်ယောက်လည်း ကြောက်လန့်ပြီး ပြန်ပြေးလာခဲ့ရတယ်"

"အချုပ်ထဲ ဖမ်းထည့်တော့ ဘယ်လို ထူးခြားမှုတွေ တွေ့ရသလဲ"

"မရပါဘူး ဆရာရယ်၊ အချုပ်ထဲ ထည့်ထားရင်လည်း ခဏကြာတော့ အပြင်ရောက်နေတာ တွေ့ရတယ်၊ အပြင်မှာ တွေ့လို့ မကြာဘူး၊ တော်ကြာ အထဲပြန်ရောက်ချင် ရောက်နေပြန်ရော၊

တစ်ခါကတော့ ခေါင်းမှာ ဆောင်းထားတဲ့ ဦးထုပ်ကလေးကို ပြောင်းပြန်လှည့်ဆောင်းလိုက်တာ အပြင်မှာ ရှိတဲ့လူတွေ ရူးသလိုလို ဖြစ်ကုန်ကြတယ်၊ နောက် ဦးထုပ်ကို ပြန်တည့်အောင် ဆောင်းလိုက်တော့မှ လူတွေ ပုံမှန်အတိုင်း ပြန်ဖြစ်သွားတယ်၊ နောက်တော့ သူ့ကို အချုပ်ထဲမှာ မထားဝံ့တော့တာနဲ့ ပြန်လွှတ်



www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်ရတယ်"

ဟု ဆားပုလင်းမောင်ကြီးက ၎င်း၏အတွေ့အကြုံများကို ပြောပြလေသည်။

ထိုစကားကြားသောအခါ ဌာနာအုပ်မင်းခိုင်မှာ များစွာ စိတ်ရှုပ်သွားဟန်ရှိလေသည်။

"အေးကွာ. . . မင်းတို့တတွေကို နည်းအမျိုးမျိုးနဲ့ ဒုက္ခပေးခဲ့တဲ့လူကြီးက အခု ငါ့ပိုင်နက်ထဲ ရောက်နေပြန်ပြီ၊ ဘယ်လိုဒုက္ခမျိုးတွေ ဆက်ပေးဦးမလဲ မသိသေးပါဘူး"

ဟု စိတ်ရှုပ်သောအအမျိုးဖြင့် ပြောလိုက်လေသည်။

"ဒီလောက်လည်း စိတ်ညစ်မနေပါနဲ့ ဆရာ၊ သူ့ကို မျက်ခြည်မပြတ် စောင့်ကြည့်နေပြီး အခြေအနေမဟန်ရင် အချုပ်ထဲ ဆွဲထည့်တန် ထည့်လိုက်ရုံပေါ့"

"ဒါကြောင့် မင်းကို လှမ်းမှာရတာပေါ့၊ အဲဒီတာဝန်ကို မင်းကိုပဲ ပေးရတော့မှာပဲ"

"စိတ်ချပါ ဆရာ၊ ကျွန်တော်တာဝန်ယူပါ့မယ်"

ဟု ပြောဆိုကာ ရှေ့လုပ်ရမည့်အစီအစဉ်များကို တိုင်ပင်ဆွေးနွေးကြလေသည်။





## အခန်း(၈)

# ထူးဆန်းသော ရေအိုးလက်ဆောင်

နောက်တစ်နေ့ နံနက်စောစောအချိန်တွင် ရေထည့်ရန်အတွက် နီမောင်ထွက်သွားသောအခါ ဆိုင်ပေါက်ဝမှ ထွက်စောင့်နေသော မြနှင်းကို တွေ့ရလေသည်။

"ရေထည့်ပေးရဦးမလား မမလေး"

မြနှင်းက ခေါင်းညိတ်ပြပြီး သူ့ကို လှမ်းခေါ်သဖြင့် ဆိုင်ပေါက်ဝ ရောက်အောင် လျှောက်သွားသည်။ ထိုအချိန်တွင် ဦးဘထွားက ဘုရားရှိခိုးနေပြီး ဒေါ်မိုးညိုက ဈေးဝယ်ထွက်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောမလို့လဲ မမလေး"

"ကိုနီမောင်တို့အိမ်မှာ တည်းနေတဲ့ ဧည့်သည်ကြီး ပြန်သွားပြီလားဟင်"

ဟု လေသံခပ်တိုးတိုးနှင့် မေးသည်။

"မပြန်သေးဘူး မမလေး. . . ဘာဖြစ်လို့လဲဟင်"

"ဟို. . . သူက ရက်အကြာကြီး ဘာလာလုပ်တာလဲဟင်"

"သူက ဘုရားပေါ်မှာ အမိဋ္ဌာန်ကိစ္စအတွက် လာတာလို့ ပြောတယ်၊ မပြီးသေးလို့ မပြန်သေးတာ ဖြစ်မှာပေါ့. . . ဘာဖြစ်လို့လဲဟင်"

"ဘာမှတော့ မဖြစ်ပါဘူး၊ သူ့ကို ပုလိပ်တွေက မသင်္ကာ ဖြစ်နေကြပုံရတယ်၊ တော်ကြာ ရာဇဝတ်မှုတွေဘာတွေနဲ့ ပတ်သက်နေရင် ရှင်တို့ပါ အမှုပတ်နေမှာ စိုးရိမ်လို့ပါ"

ထိုစကားကြောင့် နီမောင်က သဘောကျစွာ ပြုံးလိုက်လေသည်။

"အဘက သူတော်ကောင်းတစ်ယောက်ပါ၊ သူလုပ်နေတဲ့ အလုပ်တွေက ဘာမှ မကောင်းတာ မပါပါဘူး၊ ပုလိပ်ဆိုတာမျိုး ကတော့ သူတို့အလုပ် သူတို့လုပ်ကြတာပဲ၊ သိပ်တော့ မဆန်းလှပါဘူး"

"ကျွန်မက ကိုနီမောင်တို့သားအမိအတွက် စိတ်ပူလို့ ပြောတာပါ၊ ဒါထက် တပေါင်းလပြည့်နေ့ ညဦးပိုင်းအချိန်ကျရင် ကိုနီမောင် အားမလားဟင်"

"အင်း. . . ညပိုင်းတော့ အားပါတယ်၊ ဘာကိစ္စရှိလို့လဲ





မမလေး"

"တပေါင်းပွဲတော်ရက်ရောက်ရင် ဘုရားရင်ပြင်တော်ပေါ်မှာ လူတွေက အရမ်းများတယ်၊ အဲဒီအချိန်မှာ ဝေယျာဝစ္စတွေ ဆောင်ရွက်ဖို့ ဂေါပကလူကြီးတွေက အကူအညီ ခေါ်ထားတယ်လေ၊ ကိုနီမောင်လည်း လာခဲ့ပါလား"

နီမောင်က အတန်ကြာအောင် စဉ်းစားနေသည်။

"ဘာတွေ စဉ်းစားနေတာလဲ ကိုနီမောင်ရဲ့၊ အလုပ်မအားလို့လားဟင်"

"ဟို. . ဟို. . အလုပ်တော့ အားပါတယ်၊ ကျွန်တော်လာခဲ့လို့ ဖြစ်ပါ့မလားလို့ စဉ်းစားနေတာပါ"

"ဘာကြောင့် မဖြစ်ရမှာလဲ၊ ဒီဘုရားကုန်းတော်တဝိုက်မှာ နေကြတဲ့ လူငယ်လူကြီးတွေ ဒီလိုပဲ ဝိုင်းကူပေးနေကြတာပဲ၊ ကျွန်မတို့လည်း ရှိနေတာပဲ၊ လာသာ လာခဲ့ပါ"

"အင်းလေ. . ဒီလိုဆိုရင်လည်း ညဦးပိုင်းအချိန် ရောက်တော့ ကျွန်တော်တက်လာခဲ့ပါ့မယ်"

ဟု ပြောကာ နီမောင်က ရေပုံးနှစ်လုံးကို ထမ်းကာ ရေကန်ရှိရာဘက်သို့ ထွက်သွားလေသည်။

ထိုအခိုက်မှာပင် ဒေါ်မိုးညိုက ဈေးဝယ်ရာမှ ပြန်ရောက်လာသည်။

"စောစောက ထွက်သွားတာ နီမောင် မဟုတ်လား"

"ဟုတ်တယ် အမေ"

"ဒီကနေ့ ဆိုင်ကို ရေထည့်ပေးဖို့ ပြောလိုက်သေးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ . . ပြောလိုက်ပါတယ်"

"သူတို့အိမ်က ဟိုဧည့်သည်ရော ပြန်သွားပြီတဲ့လား"

"ရှိနေသေးတယ်လို့ ပြောတယ် အမေ"

မြနဒီက မဝံ့မရဲ အဖြေပေးလိုက်သည်။

"ဟင်း . . ကိုယ့်ဖာသာ မရှိလို့ ရေထမ်းစားနေတာ အေးအေးမနေချင်ဘူး၊ မဟုတ်တဲ့လူတွေ အိမ်မှာ ခေါ်တင်ထားတယ်၊ သူ့ဇစ်မြစ်လည်းမသိ၊ ဘယ်က လာမှန်းလည်း မသိပဲနဲ့ ခေါ်ထားတယ်၊ မောင်မင်းခိုင်တို့ ပြောသံကြားရတာတော့ အဲဒီလူက အစိုးရက အလိုရှိတယ်ဆိုလားဘာလားပဲ၊ တော်ကြာ သူတို့ပါ ကြားထဲက ဒုက္ခရောက်သံ ကြားရဦးတော့မယ်"

ဟု တဖျစ်တောက်တောက်နှင့် ပြောကာ ဆိုင်အတွင်းသို့ ဝင်သွားလေသည်။ တပေါင်းလပြည့်နေ့တိုင်း ကျင်းပပြုလုပ်သော ရွှေတိဂုံဘုရားပွဲတော်ရက်က နီးပြီဖြစ်သောကြောင့် ဘုရားကုန်းတော်တဝိုက် လူများက ကြိတ်ကြိတ်တိုး စည်ကားနေသလို ထိုပတ်ဝန်းကျင်၌ ရောင်းချနေသော ဈေးဆိုင်များ(အများအားဖြင့် ထမင်းဆိုင်များသာ များလေသည်)၌လည်း ရပ်ဝေးမှ လာရောက်တည်းခိုနေကြသော ဘုရားဖူးများဖြင့် ပြည့်နေတတ်လေသည်။

ဘုရားကုန်းတော်တဝိုက်၌ ရောင်းချနေသော ထမင်းဆိုင်များမှာ ကျန်အချိန်များတွင် သာမန်မျှသာ ရောင်းချရပြီး ကဆုန်လပြည့်၊ သင်္ကြန်အခါတွင်း၊ ဝါဆိုလပြည့်၊ သီတင်းကျွတ်ပွဲတော်၊ တန်ဆောင်တိုင်ပွဲတော်နှင့် တပေါင်းပွဲတော်ရက်များ ရောက်မှသာ လက်မလည်အောင် ရောင်းချကြရလေသည်။





ထိုရက်များ ရောက်သောအခါ နံနက်မိုးလင်းကာစအချိန်မှစ၍ ညမိုးချုပ်သည့်အချိန်သာမက ညဉ့်နက်သည်အထိ အောက်လင်းဓါတ်မီးများ ထွန်းကာ ရောင်းချကြလေသည်။ ကုန်းတော်ပေါ်မှာလည်း ရိုးရာလက်ဖွဲ့ပွဲများ၊ အငြိမ့်ပွဲ၊ ဇာတ်ပွဲများပါ ထည့်သွင်းကျင်းပသောကြောင့် စည်ကားလှပေသည်။

ထိုအချိန်မျိုးတွင် စေတီတော်ကြီး ရင်ပြင်တော်ပေါ်၌ ဝေယျာဝစ္စ ဆောင်ရွက်ပေးမည့်သူ နည်းနေသောကြောင့် ဆိုင်များမှ လူငယ်လူရွယ်များကို အကူအညီတောင်းရလေသည်။

မြနဒီတို့ မိန်းမပျိုလေးများမှာလည်း တစ်နေကုန် မိမိတို့ဈေးဆိုင်၌ ဈေးရောင်းချကြရပြီး ညဦးပိုင်းအချိန်ရောက်သော် ဘုရားရင်ပြင်တော်ပေါ် တက်၍ ဝေယျာဝစ္စများ ကူညီဆောင်ရွက်ပေးကြရသည်။ ထိုအချိန်က အသင်းအဖွဲ့အချို့မှာ ယခုအခါကဲ့သို့ မများလှသေးပဲ ဝေနေယျသုခ ရေချမ်းစင်အသင်းမျိုးသာ ရှိလေသည်။ ဝေနေယျသုခ ရေချမ်းစင်အသင်းကို (၁၂၆၇)ခုနှစ်တွင် စတင်တည်ထောင်ခဲ့ခြင်း ဖြစ်ပေသည်။

နီမောင်လည်း တစ်နေ့လုံး မနားရအောင် ရေထမ်းပြီးနောက် ညဦးပိုင်းအချိန်ရောက်သောအခါ ရေချိုးအဝတ်အစားလဲပြီး မြောက်ဘက်စောင်းတန်းဘက်မှ ကုန်းတော်ပေါ် တက်သွားလေသည်။ ဘုရားရင်ပြင်တော်ပေါ်မှာ လူများက ပြည့်နေလေသည်။ ထွန်းညှိပူဇော်ထားသော ဖယောင်းတိုင်၊ အမွှေးတိုင်များ၏ မီးခိုးငွေ့များက လှိုက်တက်နေသည်။

နီမောင်မှာ မြနဒီ ခေါ်ထား၍သာ တက်လာခဲ့သော်



www.burmeseclassic.com

www.burmeseclassic.com



လည်း ဘယ်နေရာ၌ စောင့်နေမည်ကို သေသေချာချာ မမေးမိသောကြောင့် ရုတ်တရက် ရှာမတွေ့နိုင်ဘဲ ရှိနေလေသည်။

သို့ကြောင့် ရင်ပြင်တော် တစ်ပတ်ပတ်၍ လိုက်ရှာစဉ် ရင်ပြင်တော် အနောက်တောင်ထောင့် ရောက်သောအခါ ဘုရားဖူး လာသူများကို ရေချမ်းဒါနပြုပေးနေသောအဖွဲ့ကို တွေ့ရသည်။ ထိုလူအုပ်ထဲ၌ မြနန္ဒီ ရှိလေသည်။ [illegible]မြင်သောအခါ မြနန္ဒီက လှမ်းခေါ်သည်။

"နီမောင် နင်ရောက်လာတာနဲ့ အတော်ပဲ၊ သောက်ရေဖြည့်ပေးမယ့်လူ သိပ်မရှိဘူး၊ နင်ရေဖြည့်ပေးနိုင်မလား"

ဟု လှမ်းမေးသည်။

"ဖြည့်ပေးမယ်လေ. . . ရေတွင်းက ဘယ်နေရာမှာလဲ"

"ဒီနေရာက အောက်ဘက်ကို ဆင်းသွားရင် သောက်ရေတွင်း ရှိတယ်၊ တို့အဖွဲ့မှာ မိန်းကလေးတွေချည်းဆိုတော့ ဘယ်သူမှ မဆင်းနိုင်ကြဘူး"

"ကိစ္စမရှိဘူး. . . ကျွန်တော်ဆင်းခပ်ပေးမယ်"

ဟု ပြောကာ အသင့်ရှိသော ရေထမ်းပုံးနှစ်လုံးကို ယူ၍ အောက်ဖက်သို့ ဆင်းလာလေသည်။

ထိုနေရာမှာ အောက်ဘက်သို့ ရောက်အောင် အတော်ပင် မတ်စောက်ပြီး ရေတွင်းရှိသောနေရာမှာလည်း အနည်းငယ်ဝေးလေသည်။ ထို့ထက် အောက်ဖက်သို့ ဆင်းသောလမ်းမှာ ရှေးက ပြုလုပ်ထားသော အုတ်လှေခါးဟောင်းများသာ ရှိပြီး အလင်းရောင် မရှိသဖြင့် မှောင်မည်းနေလေသည်။





သို့သော် ကောင်းကင်၌ အလင်းရောင် ရှိနေသောကြောင့် အတန်အသင့် မြင်နိုင်လေသည်။ ထိုလမ်းမှာ တစ်ခါတစ်ရံ ရေခပ်ရုံမှလွဲ၍ ဘုရားဖူး လာသူများ တက်သော လမ်းမဟုတ်သောကြောင့် လူရှင်းနေလေသည်။ ရေတွင်းနေရာရောက်အောင် လှေခါးထစ် တစ်ရာခန့် ဆင်းရလေသည်။ မလှမ်းမကမ်းနေရာသို့ ရောက်သောအခါ ရေတွင်းနေရာတဝိုက်တွင် ရေခပ်နေသူများကို လှမ်းမြင်ရသည်။

မိမိကဲ့သို့ ရေဆင်းခပ်သူများဟု မှတ်ထင်ကာ ထိုနေရာ ရောက်အောင် ဆင်းသွားသည်။

အနားရောက်မှ မိန်းကလေးတစ်သိုက် ဖြစ်နေသည်ကို တွေ့ရသည်။

"သောက်ရေအတွက် ရေခပ်လာတာလား"

ဟု တစ်ယောက်က လှမ်းမေးသည်။

"ဟုတ်ပါတယ်"

နီမောင်က မိမိနှင့် မျက်နှာသိများလားဟု လှမ်းကြည့်လိုက်တော့လည်း တစ်ယောက်မှ မမြင်ဖူးပေ။

"ကျွန်မတို့က ရေလှူချင်လို့ ရေခပ်နေကြတာပါ၊ ဒီလိုလုပ်ပါလား. . . အစ်ကိုက အပေါ်ကယူ၊ ကျွန်မတို့က အောက်ဖက်က ရေခပ်ပေးမယ်လေ"

"မဟုတ်တာ. . . ကျွန်တော်က အောက်က ခပ်ပေးပါ့မယ်၊ ခင်ဗျားတို့က အပေါ်က ယူတာ ပိုပြီးအဆင်ပြေမယ်ထင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတို့က ကုန်းတော်ပေါ် တက်လို့ အဆင်မပြေလို့ပါ၊ ဒီတော့ လူများများနဲ့ အောက်က ခပ်ပေးပါ့မယ်၊ အစ်ကိုက အပေါ်ကသာ ထမ်းပေးပါ"

ဟု ဖွတ်ပြောနေသဖြင့် မတတ်သာတော့ပဲ အပေါ်သို့ ပြန်တက်ခဲ့ရလေသည်။

ထို့နောက်. . .

မိန်းကလေးအုပ်စုများက ရေတွင်းမှရေကို ခပ်သူကခပ်၊ ရေအိုးဖြင့် အပေါ်သို့ ရွက်တင်သူက တင်ပေးနှင့် နီမောင်က အပေါ်မှ ရေပုံးထဲ ပြောင်းထည့်ပြီး မြနုဒီတို့ ရေလှူနေသောနေရာသို့ ထမ်းပို့ပေးလေသည်။ နီမောင်မှာ အောက်ထိအောင် ဆင်း၍ မခပ်ရသောကြောင့် တစ်ခေါက်ပြီးတစ်ခေါက် ခပ်သွက်သွက် ရောက်လေရာ မြနုဒီတို့ကပင် အံ့သြနေကြလေသည်။

"ကိုနီမောင် ရေခပ်တာ မြန်လှချည်လား၊ ဘယ်နေရာက ခပ်နေတာလဲ"

"ဟိုအောက်ဖက်က တွင်းရေကို ခပ်ယူတာပါ"

"အောက်ဖက်က တွင်းရေကို ဆင်းခပ်တာ ဒီလောက်မြန်သလား"

"မဟုတ်ဘူး. . . အောက်က ရေလှူတဲ့အဖွဲ့က ခပ်ပေးတာကို ကျွန်တော်က အပေါ်က ထမ်းယူလာပေးလို့ ဒီလောက်မြန်နေတာပါ"

"အောက်မှာ ဘယ်သူတွေ ရှိလို့လဲ"

"မိန်းကလေးတစ်ဖွဲ့ ရှိတယ်"





ထိုစကားကြောင့် သူတို့အဖွဲ့တွင် ဝိုင်းကူနေသော ယောကျာ်းလေးအချို့က သူတို့ တစ်လှည့် ထမ်းဦးမည်ဟု ဆိုကာ ရေထမ်းပုံးများကို ယူ၍ထွက်သွားကြရာ တော်တော်နှင့် ပေါ်မလာတော့ပေ။

"မောင်ထွန်းတို့ ကြာလှချည်လား"

"ဟုတ်ပါရဲ့. . . ကိုနီမောင်တုန်းက ဒီအချိန်လောက်ဆိုရင် လေးငါးခေါက်လောက် ရနေပြီ"

ဟု အချင်းချင်း ပြောဆိုနေကြစဉ် ရေထမ်းသွားသူများ ပြန်ရောက်လာကြသည်။

"ဘယ်လိုဖြစ်တာလဲ. . . ကြာလှချည်လား"

"ကြာမှာပေါ့. . . ရေတွင်းအထိ ဆင်းခပ်နေရတာကိုး"

မောင်ထွန်းက နဖူးမှ ချွေးများ သုတ်ရင်း မောမော ဝန်းပန်းနှင့် ပြောလေသည်။

"ဒါနဲ့ ကိုနီမောင် ပြောတော့ အောက်က ရေခပ်ပေးတဲ့ မိန်းကလေးတစ်ဖွဲ့ ရှိတယ်ဆို"

"ကျွန်တော်ထမ်းနေတုန်းကတော့ ရှိနေတာပဲ၊ အခုတော့ သူတို့ ပြန်သွားကြပြီလား မသိဘူး"

"မင်းစကားကို ယုံပြီး သွားလိုက်တာ မောလိုက်တာ မပြောပါနဲ့တော့၊ မင်းဖာသာပဲ သွားထမ်းပေတော့"

မောင်ထွန်းက ရေပုံးကို ပေးသဖြင့် နီမောင်က ယူကာ စောစောက ရေထမ်းသောနေရာသို့ ထွက်လာခဲ့လေသည်။ ထိုနေရာရောက်တော့ အောက်မှ ရေသယ်ပေးသော မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့ကို တွေ့ရသဖြင့် သူတို့ ခပ်ပေးသောရေကို ပုံးထဲ ထည့်၍ ပြန်လာရာ ချက်ချင်းပြန်ရောက်လာသည်။

"ဟင်. . . မြန်လှချည်လား"

"အောက်ဖက်က ရေထည့်ပေးမယ့်အဖွဲ့တွေ ရှိနေကြသေးတယ်"

"ဟင်. . .စောစောက ငါသွားတော့ မတွေ့ခဲ့ပါလား"

"မှောင်နေလို့ မမြင်ရတာ ဖြစ်ပါလိမ့်မယ်"

မောင်ထွန်းက မကျေမနပ် ဖြစ်သွားသည်။

သို့သော် ဘာမှတော့ မပြောပေ။

နီမောင်က ထမ်းလာသောရေကို အိုးထဲ ထည့်ပေးပြီး နောက်တစ်ခေါက် ပြန်ထွက်သွားသောအခါ မြနဒီက နောက်မှ လိုက်သွားသည်။ အုတ်လှေခါးထိပ်သို့ ရောက်သောအခါ အမှောင်တစ်နေရာမှ စောင့်ကြည့်နေသည်။

ထိုအခါ လှေခါးမှ ရေအိုးများ ရွက်ကာ တက်လာသော မိန်းကလေးအချို့ကို လှမ်းမြင်ရသည်။

"ဟင်. . ."

မိန်းကလေးများက ရွယ်တူများဖြစ်ကြပြီး ၎င်းတို့ ရွက်ယူလာသောရေကို သံပုံးထဲသို့ ထည့်ပေးကြသည်။ ပြည့်သောအခါ နီမောင်က ထမ်းယူလာသည်။

ထိုအကြောင်းကို ရေချမ်းအဖွဲ့မှ လူများကို ပြန်ပြောပြသောအခါ အချို့က မယုံကြချေ။

နီမောင်ကတော့ ဘယ်သူ့ကိုမှ အမှုမထားပဲ ရေကို ခေါက်တုံ့ခေါက်ပြန် ထမ်းပေးရာ နောက်ဆုံး ရေအိုးအားလုံး ပြည့်သောအခါမှ ရပ်လိုက်သည်။

ထိုအခါ သံပုံးများကို ထားခဲ့ပြီး ရေခပ်ပေးသော မိန်းကလေးအဖွဲ့ကို ကျေးဇူးတင်ကြောင်း တစ်ခေါက်ပြန်ပြောလေသည်။

ထိုနေရာသို့ ရောက်သောအခါ အမျိုးသမီးတစ်ယောက်ကိုသာ တွေ့ရပြီး ရေအိုးတစ်လုံးကို ပိုက်လျက် ရပ်နေသည်။

"အခုလို အကူအညီပေးတာ ကျေးဇူးတင်ပါတယ်ဗျာ၊ ရေအိုးတွေလည်း ပြည့်သွားပြီဆိုတော့ ပြန်ပါဦးမယ်"

"ကျွန်မတို့က ရှင့်ကို အကူအညီပေးသလို ရှင်ကလည်း ကျွန်မတို့ကို တလှည့်ပြန်ပြီး အကူအညီပေးဦးလေ"

"ဘယ်လိုအကူအညီပေးရမလဲ ပြောပါ"

"ဒီအိုးကို ရှင့်ရဲ့အိမ်ကို ယူသွားပါ။ ဟိုရောက်တော့ ဒီအိုးကို ရောင်းပြီး ရတဲ့ငွေကို တဝက်ကို ရွှေတိဂုံဘုရားမှာ ရွှေသင်္ကန်းကပ်လှူပေးပါ။ ကျန်တဝက်ကိုတော့ ရှင်သုံးဖို့ယူပါ"

ဟု ပြောဆိုကာ ပိုက်ထားသောရေအိုးကို နီမောင်အား လှမ်းပေးသည်။ နီမောင်ကလည်း ဇဝေဇဝါနှင့် ယူထားလိုက်သည်။ ကြည့်လိုက်တော့ ရေအိုးမှာ ရွှေရောင်သုပ်ထားသောအိုးဖြစ်သည်။ စိတ်ထဲမှာတော့. . .

"ဒီရေအိုးကို ရောင်းမှ အလွန်ဆုံး ရလှ တစ်မတ်ငါးမူးပေါ့၊ ဒီလောက်ငွေကလေးနဲ့ ဘုရားရွှေသင်္ကန်းကပ်ဖို့ ဘယ်လိုများရပါ့မလဲ"

ဟု တွေးနေမိသည်။







www.burmeseclassic.com

www.burmeseclassic.com



"စိတ်မပူပါနဲ့ရှင်. . . ကျွန်မပြောတဲ့အတိုင်းသာ လုပ်ပေးပါ"

မိန်းကလေးက ထပ်ပြောသည်။

"ဟုတ်. . . ဟုတ်ကဲ့. . . လုပ်ပေးပါ့မယ်"

"ဒါပေမယ့် အစ်ကို့ကို တစ်ခုတော့ မှာလိုက်ပါရစေ၊ ဒီရေအိုးကို ဘယ်က ရသလဲဆိုရင် မပြောပါနဲ့နော်"

"စိတ်ချပါ"

"ကျေးဇူးတင်ပါတယ် အစ်ကိုရယ်၊ ကျွန်မသွားတော့မယ်နော်"

ဟု ပြောကာ မိန်းကလေးက အုတ်လှေခါးအတိုင်း အောက်သို့ ပြန်ဆင်းသွားလေသည်။

နီမောင်မှာ မိန်းကလေး ပေးသွားသော ရေအိုးကို ပိုက်လျက် နေရာတွင် အတန်ကြာအောင် ရပ်နေပြီးမှ ထွက်လာခဲ့လေသည်။

ထိုအဖြစ်အပျက်အားလုံးကို နောက်မှ မသိမသာ လိုက်ကြည့်နေသော မြနဒီက အစအဆုံး မြင်လိုက်ရလေသည်။





## အခန်း(၉)

# ရွှေဒင်္ဂါးများကို ရောင်းချရခြင်း

အိမ်သို့ ပြန်ရောက်သောအခါ မိန်းကလေး ပေးလိုက်သော ရေအိုးကို ဘုရားစင်ရှေ့၌ အမှတ်တမဲ့ တင်ထားလိုက်သည်။

အိပ်ယာဝင်ချိန်၌ ထိုအကြောင်းက ခေါင်းထဲသို့ ရောက်နေလေတော့သည်။

"အင်း. . . ငါကတော့ လွယ်လွယ်ကူကူနဲ့ မိန်းကလေးကို ကတိပေးထားခဲ့ပြီ၊ ဒီရေအိုးကို ရောင်းရင် ဘယ်လောက်ရမှာလဲ၊ ရောင်းရင်တောင် ဝယ်မယ့်သူ ရှိမှာမဟုတ်ဘူး၊ တော်ကြာ ဘုရားပေါ်က ရေအိုးကို ခိုးရောင်းတယ်လို့ အထင်ခံရဦးမယ်၊ ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ပေးထားတဲ့ကတိကိုတော့ တည်အောင်လုပ်မှ ဖြစ်မယ်၊ ငါ့ရဲ့ဝင်ငွေကလည်း တစ်နေ့ ရေထမ်းမှ တစ်နေ့စားရတာဆိုတော့ ပိုပိုလျှံလျှံကလည်း မရှိဘူး၊ ဘယ်လိုများ ရွှေသင်္ကန်း ကပ်နိုင်အောင် ကြိုးစားရပါ့မလဲ”

ဟု အမျိုးမျိုး တွေးတောနေလေသည်။

ထိုသို့ အတွေးများနေသောကြောင့် အတော်ညဉ့်နက်မှ အိပ်ပျော်သွားရာ ထိုအကြောင်းကိုပင် အိပ်မက်မက်နေသေးသည်။ အိပ်မက်ထဲတွင် မိန်းကလေး ရောက်လာပြီး သူပြောသည့်အတိုင်း ဆက်ဆက်ပြုလုပ်ပေးရန် မှာကြားသွားလေသည်။

နံနက်လင်း၍ အိပ်ယာမှ ထသောအခါ မိခင်ဖြစ်သူကို မတွေ့ရပဲ ဦးဘိုးအောင်တစ်ယောက်တည်းသာ ဘုရားစင်ရှေ့၌ လက်ဖက်ရည်ကြမ်း ထိုင်သောက်နေသည်ကို တွေ့ရလေသည်။ နီမောင်က မျက်နှာသစ်ပြီးနောက် ဦးဘိုးအောင် ရှိရာသို့ သွားလေသည်။

“ဒီရေအိုးက ဘယ်က ယူလာတာလဲ မောင်နီမောင်”

ဦးဘိုးအောင်က ဘုရားစင်ရှေ့တွင် တင်ထားသော ရေအိုးကို ကြည့်ကာမေးလေသည်။

“ညတုန်းက ဘုရားပေါ်မှာ ရေလှူဖို့ သွားရင်းနဲ့ ရလာတာ အဘ”

နီမောင်က ဦးဘိုးအောင်အား ညက အဖြစ်အပျက်များကို ပြောပြလိုက်သည်။

ဦးဘိုးအောင်က ရေအိုးကို ယူ၍ လက်ဖြင့် ကိုင်ကြည့်နေ





သည်။

“သူက မှာလိုက်သေးတယ်၊ အဲဒီရေအိုးကို ရောင်းပြီး ဘုရားမှာ ရွှေသင်္ကန်းရွှေပြား လှူပေးပါတဲ့၊ ဘယ်လိုရနိုင်ပါ့မလဲ အဘရယ်”

ဟု ညည်းညည်းညူညူ ပြောလိုက်သည်။

“မင်းက ဒီရေအိုးကို သာမန်ရေအိုးတစ်လုံးလို့များ ထင်နေလို့လား”

“ဗျို့ . . မဟုတ်ဘူးလား အဘ၊ ကျွန်တော်ကြည့်တာတော့ သာမန်ရေအိုးတစ်လုံးပါပဲ”

“မဟုတ်ပါဘူးကွ . . . သေသေချာချာများ ကြည့်ပါဦး”

ဟု ပြောကာ ရေအိုးကို လှမ်းပေးသဖြင့် ယူကြည့်လိုက်သောအခါ ညက ယူလာသည်နှင့် မတူပဲ လေးနေသယောင် ထင်ရလေသည်။

အသေအချာ လက်ဖြင့် ပွတ်ကြည့်သောအခါ အပေါ်မှ သုပ်ထားသော ရွှေရောင်ဆေးသားများ ကွာသွားပြီး အတွင်းမှ ရွှေသားများ ပေါ်လာလေသည်။

ရွှေမှာ အရည်အသွေးကောင်းလှသောကြောင့် ဝင်းအိနေလေသည်။

“ဟင် . . . ရွှေအိုးကြီးပါလား”

“အေး . . . ဟုတ်တယ်၊ ဒီရွှေအိုးကို ရောင်းလိုက်ရင် ဘုရားကို ရွှေပြားရွှေသင်္ကန်း ကပ်ရုံမကဘူး၊ မင်းလည်း ရေထမ်းစရာ မလိုတော့ဘူး၊ မင်းတို့သားအမိ ချမ်းချမ်းသာသာ နေရပြီ”



www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောလေရာ နီမောင်မှာ တစ်သက်နှင့်တစ်ကိုယ် မကြုံဖူးသောအဖြစ်မျိုးမို့ ရင်ထဲမှာ ဝမ်းသာလွန်းသောကြောင့် တစ်ကိုယ်လုံး နတ်ပူးသကဲ့သို့ ကတုန်ကယင် ဖြစ်လာလေသည်။

"ကျ. . ကျွန်တော့်ဘဝမှာ အခုလို ချမ်းချမ်းသာသာ နေရလိမ့်မယ်လို့ တစ်ခါမှ မျှော်လင့်မထားမိဘူး၊ အခုလို ဖြစ်လာတာ အိပ်မက်မက်နေတယ်လို့တောင် ထင်မိပါတယ်၊ ဝမ်းသာလွန်းလို့ ဘယ်လိုပြောရမှန်းတောင် မသိတော့ပါဘူး"

ဟု အသံတုန်တုန်ရင်ရင်နှင့် ပြောလိုက်လေသည်။

"ဒီလောက်လည်း ဝမ်းသာနေစရာ မလိုပါဘူး မောင်နီမောင်ရယ်၊ ဒီလိုပစ္စည်းမျိုး ရတယ်ဆိုတာ အကြောင်းမဲ့ ရတယ်လို့ မထင်ပါနဲ့၊ မင်းမှာ ဘဝအတိတ်ကံရဲ့အထောက်အပံ့လည်း ရှိရမယ်၊ ဒီဘဝမှာလည်း စေတနာအကျိုးပေးက'မှန်ရမယ်၊ ဒီနှစ်ချက်ဆုံမှ ဥစ္စာပစ္စည်းဆိုတာ ရတယ်၊ ဒီနှစ်မျိုး မတိုက်ဆိုင်ရင် ဘယ်လိုပုဂ္ဂိုလ်ကမှ ပစ္စည်းပေးလို့မရဘူး၊ တကယ်လို့ ပေးရင်လည်း ယူလို့မရဘူး"

ဟု အေးအေးဆေးဆေး ပြောပြသည်။

"ဒါ. . . ဒါဖြင့် ဒီရွှေအိုးကြီးကို ဘယ်လိုလုပ်ရမလဲ အဘ"

"သူပြောတဲ့အတိုင်း ဒီရွှေကို ရောင်းပြီးတော့ တဝက်ကို မင်းတို့ယူ၊ တဝက်ကို ဘုရားမှာ ရွှေပြားရွှေသင်္ကန်း ကပ်လှူပေးလိုက်ပေါ့ကွာ"

"ဒီအိုးကြီးအတိုင်း ရောင်းရမှာလား အဘ"





"ဒီအိုးအတိုင်း လိုက်ရောင်းရင် မင်းကို ပုလိပ်က ဖမ်းသွားမှာပေါ့၊ ဒီရွှေအိုးကို အရည်ကျိုပြီး နည်းနည်းစီ ရောင်းမှ ပတ်ဝန်းကျင်က မရိပ်မိမှာပေါ့"

"ဘယ်လိုကျိုရမလဲ အဘ"

"စိတ်မပူပါနဲ့ကွာ. . . ငါလုပ်ပေးပါ့မယ်"

ဟု ပြောကာ ဦးဘိုးအောင်က အိမ်ဝင်းအတွင်းမှာပင် ဖိုထိုးရန် အခန်းတစ်ခု ဆောက်စေ၍ ဖိုထိုးရန် ပစ္စည်းများကို ရှာဖွေ၍ ပြင်ဆင်လေသည်။

နောက်တစ်နေ့တွင် အားလုံး အဆင်သင့် ဖြစ်သောအခါ ဖိုခန်းထဲ ဝင်၍ ဖိုထိုးလေတော့သည်။

သူ ဖိုထိုးနေသော ဖိုခန်းအတွင်းကိုတော့ နီမောင်ကိုပင် အဝင်မခံပေ၊ အပြင်မှာပဲနေ၍ ဝေယျာဝစ္စ လုပ်ကိုင်ပေးရလေသည်။

ထိုသို့ပြုလုပ်ပေးနေရသဖြင့် ခါတိုင်းလို ရေထမ်းပင် မထွက်နိုင်တော့ပေ။

ပထမတစ်ရက် ရေထမ်းမထွက်သောအခါ နောက်တစ်နေ့ မနက်အစောကြီးအချိန်တွင် မြနဒီ ရောက်လာလေသည်။

"ဟင်. . . မမလေးပါလား"

"ကိုနီမောင် ရေထမ်းမထွက်ဘူးလား"

"ဟုတ်တယ် မမလေး၊ ကျွန်တော် ရေမထမ်းနိုင်တာ နှစ်ရက်ရှိပြီ"

"ကျွန်မက ကိုနီမောင် လာမယ်ထင်လို့ စောင့်နေသေး

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ နောက်ဆုံး ရောက်မလာတော့မှ တခြားလူကို ခေါ်ထည့် ခိုင်းလိုက်ရတယ်၊ ဒီကနေ့ရော လာမှာလားဟင်”

“ဒီရက်တွေတော့ ကျွန်တော်ရေထမ်းနိုင်မှာ မဟုတ်ဘူး၊ တခြားရေထမ်းသမားသာ ခေါ်ခိုင်းပါတော့”

ထိုစကားကြားသောအခါ မြနန်းဒီမှာ အနည်းငယ် အံ့ဩသွားဟန် ရှိလေသည်။

“ရှင်က ရေထမ်းမထွက်တော့ဘူးလားဟင်”

“ဟို..ဟို..ထမ်းတော့ ထမ်းမှာပေါ့၊ ကျွန်တော်တို့က ရေထမ်းမှ ထမင်းစားရမှာ၊ ရေမထမ်းလို့ မဖြစ်ပါဘူး”

“ဒါထက် ကိုနီမောင်ကို မေးစရာရှိတယ်”

“ဘာများလဲဟင်”

“မနေ့ညက ဘုရားပေါ်မှာ ကိုနီမောင်ကို ရေခပ်ပေးတဲ့ မိန်းကလေးတွေက ဘယ်သူတွေလဲဟင်”

“ကျွန်တော်နဲ့လဲ မသိပါဘူး၊ ဘုရားပေါ်မှာ လာပြီးရေလှူတဲ့လူတွေ ဖြစ်မှာပေါ့၊ သူတို့လည်း ကုသိုလ်လိုချင်လို့ ကျွန်တော့်ကို ဝိုင်းကူပေးကြတာ ဖြစ်မှာပါ”

ထိုစကားအဖြေကို မြနန်းဒီက သိပ်တော့ ဘဝင်ကျဟန် မရှိပေ။

“ဒါထက် သူတို့က ကိုနီမောင်ကို ရေအိုးတစ်လုံး ပေးလိုက်သေးတယ် မဟုတ်လားဟင်”

“ဟင်...အဲဒါကို မမလေး ဘယ်လိုသိသလဲဟင်”

“ဟို...ကျွန်မလည်း အမှတ်တမဲ့ လှမ်းမြင်လိုက်လို့ သိရ





တာပါ၊ အဲဒီရေအိုးကို ဘာကြောင့် ပေးတာလဲဟင်”

“ဘုရားမှာ ရေလှူဖို့ ပေးလိုက်တာပါ၊ အဲဒီရေအိုးကို ဘုရားမှာ လှူထားလိုက်ပါပြီ”

နီမောင်က ထိုအကြောင်းကို မြနန်းဒီ သိသွားသောကြောင့် စိတ်ထဲမှာ မလုံမလဲ ဖြစ်မိလေသည်။ သို့သော်လည်း မြနန်းဒီက ဘာမှဆက်မမေးတော့ပဲ ပြန်သွားလေသည်။

“ကိုနီမောင် ရေထမ်းထွက်လာရင် ကျွန်မတို့ဆိုင်ကို အရင်ဆုံး ရေထည့်ပေးနော်”

ဟု ပြောကာ အပြင်သို့ ပြန်ထွက်သွားတော့မှ သက်ပြင်းချနိုင်တော့သည်။

နေ့လည်ဘက် ရောက်သောအခါ ဖိုခန်းထဲမှ ဦးဘိုးအောင် ပြန်ထွက်လာသည်။ နီမောင်က စိတ်ဝင်စားသဖြင့် အနီးသို့ သွားကာ အခြေအနေမေးသည်။

“ရော့...ဒီမှာ၊ ဒီရွှေပြားတွေကို ယူပြီး မဂိုလမ်းမှာ သွားရောင်းပေတော့”

ဟု ပြောကာ ရွှေစင်ပြားငါးပြားကို ပေးသည်။ ရွှေပြားများမှာ ရွှေဒင်္ဂါးအရွယ်ခန့် ရှိပြီး ရွှေစင်သားက ဝင်းအိနေလေသည်။

“ဒီတစ်ပြားကို တစ်ကျပ်သား ရှိတယ်၊ အခု ရွှေဈေးက တစ်ကျပ်သားကို နှစ်ထောင်ကျော်လောက် ဈေးရှိတယ်၊ ငါးကျပ်သားဆိုတော့ ငွေတစ်သောင်းကျော်လောက်တော့ ရမှာပေါ့”

ဟု ပြောသည်။ နီမောင် စိတ်ထဲမှာ အံ့ဩဝမ်းသာမှု



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားလေသည်။ သူ့ဘဝတစ်သက်တာတွင် ထိုကဲ့သို့ ရွှေပြားမျိုးကို ကိုင်ဖူးဖို့ မဆိုထားနှင့်၊ မြင်တောင်မမြင်ဖူးချေ။

ထို့ပြင် ငွေတစ်သောင်းကျော်ဆိုသော ငွေအမောက်မှာလည်း စိတ်ကူးနှင့်ပင် မမျှော်မှန်းရဲသော ငွေပမာဏဖြစ်သည်။ တဝက်ကို ဘုရားကို လှူ၍ ကျန်တဝက်ကို သူရလျှင်ပင် သူတို့သားအမိနှစ်ယောက်အတွက် အိမ်တစ်ဆောင်လောက် ဝယ်ကာ မပူမပင် နေထိုင်နိုင်လောက်သော ငွေပမာဏမျိုးဖြစ်သည်။

သူ့အနေနှင့် တစ်နေကုန် တစ်နေခမ်း ပန်းပေါက်အောင် ရေထမ်းပါမှ နှစ်ကျပ်သုံးကျပ်ထက် ပိုမရဖူးလေရာ ငွေငါးထောင်ကျော်ဆိုသောငွေမှာ ဘယ်လိုမှ မမျှော်မှန်းဝံ့သော ပမာဏမျိုး ဖြစ်ပေသည်။

"အခုလို အကူအညီပေးတာ ကျေးဇူးတင်ပါတယ် အဘရယ်၊ ဒါထက် ဟိုရွှေအိုးက ကုန်သွားပြီလားဟင်"

"ဘယ်ကုန်မှာလဲ. . . အခုမှ နှုတ်ခမ်းသားလောက်ပဲ ဖဲ့ရသေးတယ်၊ အိုးတစ်လုံးကို ကုန်အောင်လုပ်ရင် ရွှေသားတစ်ပိဿာထက်မနည်း ထွက်မှာ"

"ဗျာ. . . ရွှေသားတစ်ပိဿာလောက် ရှိမယ် ဟုတ်လား အဘ"

"ဟုတ်တယ်. . . အားလုံးရောင်းရင် ငွေနှစ်သိန်းကျော်ထက်မနည်း ရမှာ၊ သူတို့ကို မင်းပေးထားခဲ့တဲ့ကတိအတိုင်း ဘုရားက တဝက်လှူရင်တောင် မင်းတို့ ငွေတစ်သိန်းကျော်ထက်မနည်းဘူး ရမှာ၊ မင်းရဲ့စေတနာတရားကြောင့် လူချမ်းသာ တစ်





ယောက် ဖြစ်ပြီပေါ့ကွာ"

"ကျွန်တော့်အနေနဲ့ ဒီလောက်ငွေတွေကို ရဖို့ တစ်ခါမှ စိတ်ကူးထဲမှာတောင် မထည့်မိပါဘူး၊ အခုလို မမျှော်လင့်ဘဲ ရလာတော့လည်း ကျွန်တော်တို့ချည်း သုံးဖို့ စိတ်မကူးပါဘူး၊ တစ်ခါမှ မလှူဖူးသေးတဲ့ အလှူအတန်းတွေ လုပ်ချင်ပါသေးတယ်၊ အခုလို ရတာ အဘရဲ့ကျေးဇူးတွေလည်း မကင်းပါဘူး၊ အဘကိုလည်း ကျေးဇူးဆပ်ချင်ပါသေးတယ်"

"ငါ့ကို ကျေးဇူးဆပ်ရင်လည်း နောက်မှ ဆပ်ပါကွာ၊ အခုတော့ ရွှေပြားတွေ ရောင်းချဖို့ စီစဉ်ပေဦးတော့"

"ဒီတော့ ရွှေတွေအများကြီးနဲ့ ကျွန်တော်တစ်ယောက်တည်း မသွားဝံ့ဘူး အဘ၊ အဘပါ လိုက်ခဲ့ပါလား"

"ငါ လိုက်လို့မဖြစ်ပါဘူး မောင်ရာ၊ လူတွေက ငါ့ကို မြင်ရင် အရူးတစ်ယောက်လိုပဲ ထင်နေကြတာ. . . မဖြစ်ပါဘူး၊ မင်းတစ်ယောက်တည်း မသွားဝံ့ရင် ဦးဇန်ကောင်းကို အဖော်ခေါ်သွားပေါ့"

ဟု အကြံပေးသဖြင့် ဦးဇန်ကောင်းကို အကျိုးအကြောင်းပြော၍ အဖော်ခေါ်ရာ ထုလက်စ ပန်းပုရုပ်များကို ထားခဲ့ပြီး ဆလိုက်လာလေသည်။

နှစ်ယောက်သား တောင်ဘက်မုခ်ဘက်မှ ဝင်၍ မုခ်ဝသို့ရောက်သောအခါ လံချားတစ်စီးကို ခေါ်၍ ရွှေတိဂုံဘုရားလမ်းအတိုင်း ဈေးဘက်သို့ ဆင်းလာခဲ့လေသည်။ သိမ်ကြီးဈေးသို့ရောက်သောအခါ လံချားပေါ်မှ ဆင်း၍ မဂိုလမ်း(ယခု ရွှေဘုံသာ



www.burmeseclassic.com

www.burmeseclassic.com

လမ်း)ဘက်သို့ သွားကာ ကုလားဆိုင်တစ်ဆိုင်သို့ ဝင်ရောက်ကာ ရွှေပြားများကို ရောင်းချလေသည်။

ဆိုင်ရှင်ကုလားက ရွှေပြားများကို မြင်သောအခါ သူတို့နှစ်ယောက် ဝတ်စားထားသော အဝတ်အစားများနှင့် လူ၏ပုံပန်းသဏ္ဌာန်များကို အကဲခတ်ပြီး မယုံသင်္ကာ ဖြစ်နေဟန်ရှိသည်။

ထို့နောက် ရွှေပြားများကို မှတ်ကျောက်ပေါ် တင်၍ မီးပွင့်လုမတတ် အထပ်ထပ်အခါခါ တိုက်ကြည့်နေလေသည်။ ကျေနပ်လောက်အောင် မှတ်ကျောက်တိုက်ပြီးတော့မှ . . .

"ဒါတွေက ရောင်းမှာလား"

ဟု မေးသည်။

"ဟုတ်ပါတယ်"

"ဒီရွှေပြားတွေက ခင်ဗျားတို့ရဲ့ရွှေပြားတွေနော်"

"ဟုတ်ပါတယ်"

"ဒီလောက်များတဲ့ရွှေတွေ ဘယ်က ရတာလဲဟင်"

ထိုစကားကြောင့် ဦးဇန်ကောင်းက ဒေါသဖြစ်သွားဟန်ဖြင့် . . .

"မင်းက ရွှေဝယ်မှာ မဟုတ်လား၊ ဘာကြောင့် ပုလိပ်စစ်စစ်နေရတာလဲ၊ မင်းကြိုက်ရင်ဝယ်၊ မကြိုက်ရင် တခြားဆိုင် သွားရောင်းမယ်"

ဟု ပြောတော့မှ ကုလားက လေသံပျော့သွားသည်။

"စိတ်မဆိုးပါနဲ့ ဆရာကြီးရယ်၊ အခုကာလက ခိုးရာပါပစ္စည်း၊ တိုက်ရာပါပစ္စည်းတွေကို မကြာခဏ လာရောင်းကြတယ်





ကျွန်တော်တို့ကလည်း မသိလို့ ဝယ်မိတော့ မကြာခဏ ပုလိပ်တွေနဲ့ စကားပြောနေရလို့ မေးရတာပါ"

"ဒီပစ္စည်းတွေအတွက် စိတ်မပူပါနဲ့၊ ဒီရွှေပြားတွေက ဘို့ရဲ့မိဘဘိုးဘွားတွေ ပိုင်ဆိုင်တဲ့ အမွေပစ္စည်းတွေပါ၊ ဘာပြဿနာမှ မရှိစေရပါဘူး"

ဟု ပြောတော့မှ ရွှေဆိုင်ကုလားက ရွှေပြားငါးပြားကို ချိန်ခွင်ထဲသို့ ထည့်ကာ တစ်ပြားချင်း ချိန်ယူလေရာ တစ်ပြားလျှင် တစ်ကျပ်သားအတိသာ ရှိပြီး အပိုအလိုဟူ၍ ရွေးတစ်ခြမ်းပင် မရှိသဖြင့် နီမောင်မှာ များစွာအံ့ဩမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၀)

# ဝိဇ္ဇာတို့ ဝင်သောလမ်း

နီမောင်က ရလာသောငွေများကို တဝက်ချန်ထားပြီး ကျန်တဝက်ကို ဘုရားကုန်းတော်ပေါ် တက်၍ အလှူငွေ ထည့်လိုက်လေသည်။ နီမောင်လှူသော ငွေငါးထောင်ကျော်မှာ သာမန်လူတို့ လှူနိုင်ရန် ခဲယဉ်းသော ငွေပမာဏမို့ ငွေလက်ခံသူ ဘုရားလူကြီးကပင် အံ့သြနေလေသည်။ သူသည် နီမောင်ကို ကောင်းစွာသိနေသူမို့ ပို၍အံ့သြနေခြင်းဖြစ်၏။

"နီမောင်. . . ငွေတွေက များလှချည်လား၊ ဘယ်ကများ ရလာတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ရေထမ်းပြီး စုထားတာပါ"
နီမောင်က ပြီးစလွယ် အဖြေပေးလိုက်သည်။
"မင်းကလည်းကွယ်. . . နောက်နေပြန်ပါပြီ၊ မင်း တစ်နေ့
ကုန် ရေထမ်းမှ နှစ်ကျပ်သုံးကျပ်ထက် ပိုမရတာ ငါတို့ အသိဆုံးပဲ
ဒီလောက်များတဲ့ငွေတွေ ရဖို့ဆိုရင် တစ်နှစ်လုံး ထမင်းမစားဘဲ
နေမှပဲ ရနိုင်တယ်"
"အလကား နောက်တာပါ အဘရဲ့၊ အခု ကျွန်တော်တို့
အိမ်မှာ နယ်က လာတဲ့ ဘကြီးတစ်ယောက် ရောက်နေတယ်၊
သူက တောမှာ ရှိတဲ့ လယ်နဲ့ခြံကို ရောင်းပြီး ဘုရားမှာ ရွှေသင်္ကန်း
ကပ်ချင်လို့ လာလှူတာပါ"
"သာဓုကွယ်. . . သာဓု. . . သာဓု"
- "ဒါတင်မကသေးဘူး၊ နောက်ရက်တွေလည်း လာလှူဖို့
ကျန်သေးတယ် အဘရဲ့"
"ကောင်းတာပေါ့ကွယ်. . . ဒီလို သဒ္ဓါတရား ထက်သန်
တော့ အခုဘဝလည်း မဆင်းရဲဘူး၊ နောက်ဘဝမှာလည်း ချမ်း
ချမ်းသာသာ နေရတာပေါ့။ ဒါထက် ရွှေပြားတွေမှာ အလှူရှင်
စာရင်းကို ဘယ်ထိုးပေးရမလဲကွယ့်"
နီမောင်က အနည်းငယ် စဉ်းစားလိုက်ပြီးနောက်. . .
"သံသရာတဆက် ဘဝဆက်ရှိသူများ ကောင်းမှုလို့ပဲ
ရေးပေးပါ အဘ"
ထိုစကားကြောင့် ဘုရားလူကြီးက နှာခေါင်းပေါ်သို့
လျှောကျနေသော မျက်မှန်ပေါ်မှ ကျော်ကာကြည့်သည်။





"မင်းရဲ့ကမ္ပည်းနာမည်ကလည်း တစ်မျိုးပါလားကွယ့်"
"အဲဒီအတိုင်းသာ ထိုးပေးပါ အဘ၊ နာမည်က အဓိက
မဟုတ်ပါဘူး၊ စေတနာ သဒ္ဓါတရားကသာ အဓိကပါ"
"မင်းကလည်းကွယ်. . . ရေထမ်းစားနေလို့သာပဲ၊ မဟုတ်
ရင် ဂေါပကလူကြီးများ လုပ်ဦးမလားပဲ၊ အေးပါကွယ်. . . မင်း
ပြောတဲ့နာမည်ကိုပဲ ရွှေပြားသင်္ကန်းမှာ ကမ္ပည်းရေးထိုးပေးပါ့မယ်"
ဟု ပြောလေသည်။
ထို့နောက် နီမောင်လည်း ကုန်းတော်ပေါ်မှ ပြန်ဆင်းလာ
လေသည်။ အိမ်ပြန်ရောက်တော့ ဦးဘိုးအောင်ကို တွေ့ရလေ
သည်။
"လှူခဲ့ပြီးပြီလား"
"ဟုတ်ကဲ့. . . လှူပြီးခဲ့ပါပြီ အဘ"
"အေး. . . ကျန်တာတွေကို နောက်ရက်မှပဲ အေးအေး
ဆေးဆေး လှူကြတာပေါ့၊ တစ်ကြိမ်ထဲနဲ့ အများကြီး လှူရင်
ပတ်ဝန်းကျင်က သင်္ကာမကင်း ရှိကြလိမ့်မယ်"
"ဟုတ်ကဲ့ အဘ"
"ငါ မင်းကို ပြောစရာရှိတယ်"
"ဟုတ်ကဲ့. . . ပြောပါ အဘ"
"မင်း ငါနဲ့ တစ်နေရာကို လိုက်ခဲ့ရမယ်၊ အဲဒီနေရာက
မင်းတစ်သက်မှာ နောက်ထပ်ဘယ်တော့မှ မရောက်နိုင်တဲ့နေရာ
ပဲ"
ထိုစကားကြောင့် နီမောင်မှာ အနည်းငယ် အံ့ဩသွား



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဘယ်နေရာလဲ အဘ"

"မြေအောက်ခန်းတစ်နေရာပဲ. . . အဲဒီနေရာက ရွှေတိဂုံ စေတီတော်ကြီးရဲ့အောက်ဘက်တည့်တည့်မှာ ရှိတယ်"

"ဟင်. . . အဲဒီနေရာက ဝင်လို့ရလို့လား အဘ၊ ဘယ်နေရာက ဝင်ရမှာလဲ"

"နေရာက ရှိပါတယ်၊ ဒါပေမယ့် အဲဒီဝင်ပေါက်နေရာက ဘယ်သူမှ မသိနိုင်ကြဘူး၊ မင်းသိအောင် အစကနေ ငါပြောပြမယ်"

ဟု အစချီကာ အောက်ပါအကြောင်းများကို ပြောပြလေသည်။

(၁၈၂၄)ခုနှစ်၌ ဖြစ်ပွားသော စစ်ပွဲနှင့် (၁၈၅၂)ခုနှစ်တွင် ဖြစ်ပွားသော အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ကာလများအတွင်းက ဖြစ်သည်။ ဗြိတိသျှတို့သည် နိုင်ငံကြီးများ အချင်းချင်း စောင့်စည်းရမည့် အစဉ်အလာများကို ဖောက်ဖျက်ကာ လုံး စစ်ကြေငြာမှုမပြုပဲ (၁၈၅၂)ခုနှစ်၊ ဧပြီလ(၅)ရက်နေ့တွင် ရန်ကု မုတ္တမ၊ ပုသိမ်တို့ကို ဝင်ရောက်တိုက်ခိုက်ရာမှ မြန်မာတို့ကလည်း ခုခံတိုက်ခိုက်ကြရင်း အင်္ဂလိပ်-မြန်မာ ဒုတိယကမ္ဘာစစ် စတ ခြင်းဖြစ်ပေသည်။

ထိုအချိန်တွင် မြန်မာတို့သည် ရှေးယခင်ကကဲ့သို့ အဆ ဆင့် မခုခံတော့ပဲ ပြည်မြို့အထိ ဆုတ်ခွာသွားသောကြော ရန်ကုန်မြို့ အပါအဝင် အောက်မြန်မာနိုင်ငံရှိ မြို့ကြီးများမှ





အင်္ဂလိပ်တို့လက်အောက်သို့ ကျရောက်သွားခဲ့လေသည်။

ရန်ကုန်မြို့ကို သိမ်းပိုက်ရရှိသော အင်္ဂလိပ်တို့သည် ထိုနေ့မှ စကာ ရွှေတိဂုံဘုရားကုန်းတော်ပေါ်သို့ တက်ရောက်ကာ တပ်စွဲထားကြလေသည်။ စေတီတော်၏ရင်ပြင်တော်ပေါ်၌ စစ်ဖိနပ်ခြေရာချင်း ထပ်နေတော့သည်။

ထိုသို့ တပ်စွဲထားစဉ် သူ့ကျွန်မခံလိုသော မြန်မာပျောက်ကြားတပ်များ၏အလစ်ဝင်ရောက်တိုက်ခိုက်ကြရာ ကုန်းတော်တဝိုက်တွင် မကြာခဏ တိုက်ပွဲများ ဖြစ်ကြလေသည်။

ဗုံးဆံ၊ အမြောက်ဆံများ၊ သေနတ်ကျည်ဆံများကြောင့် အဆောက်အဦး အတော်များများမှာ မီးသင့်ကာ အပျက်အစီးများစွာရှိခဲ့လေသည်။ ထိုဒဏ်များထက် နယ်ချဲ့ကျူးကျော်ရေးသမားများ၏ဖျက်ဆီးမှုဒဏ်ကြောင့် ပိုမိုပျက်စီးရလေသည်။

ပထမကမ္ဘာစစ်ကာလအတွင်း၌လည်း ထိုကဲ့သို့ ဖျက်ဆီးမှုများစွာကြုံခဲ့ရသေးသည်။

ထိုကာလက ဗြိတိသျှစစ်သားတစ်ဦးသည် အရံစေတီတစ်ဆူအတွင်း၌ ဌာပနာထားသော ရွှေဆင်းတု၊ ငွေဆင်းတုတို့ကို တွေ့ရှိသဖြင့် အခြားစစ်သားများကလည်း စေတီငယ်များအတွင်း၌ အဖိုးတန်ရတနာများ ရှိလိမ့်မည်အထင်နှင့် ဖျက်ဆီး၍ ရှာဖွေခဲ့ကြရာ အရံစေတီအတော်များများ ပျက်စီးခဲ့ရလေသည်။

ဒုတိယ စစ်ပွဲကာလအတွင်းမှာလည်း ဗြိတိသျှစစ်သားတို့သည် ရွှေတိဂုံကုန်းတော်ပေါ်၌ တပ်စွဲထားကာ ထိုကဲ့သို့ ပျက်စီးမှုများစွာတို့ကို ပြုလုပ်ခဲ့ကြသေးသည်။



www.burmeseclassic.com

www.burmeseclassic.com

အချို့စစ်သားများသည် စေတီငယ်များကို ဖျက်ဆီး၍ ရှာဖွေရရှိသော ဘုရားဌာပနာ ပစ္စည်းများကို အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့သို့ သယ်ဆောင်သွားကာ ရောင်းချကြလေသည်။

ထိုသို့ပြုလုပ်ခဲ့သော ဗြိတိသျှစစ်သားတို့မှာ အကြောင်း တစ်ခုခုဖြင့် သေဆုံးကြရသော်လည်း နောက်လူတို့က သတိမပြုမိခဲ့ ကြပေ။

ထိုကဲ့သို့ ဗြိတိသျှစစ်သားများက စည်းမဲ့ကမ်းမဲ့ ပြုလုပ်နေ ကြသည်ကို ဗြိတိသျှအာဏာပိုင်တို့က တားဆီးခြင်း မပြုကြပဲ မသိကျိုးကျွန်ပြုနေခဲ့ကြသည်။

ထို့ပြင် ဗိုလ်ချုပ်ကင်းဘဲ(လ်)ကိုယ်တိုင် စေတီတော်ကြီး၏ အောက်ခြေ၌ များစွာသော ရတနာသိုက်ကြီး ရှိလိမ့်မည်အထင်နှင့် မြေအောက်သို့ ရောက်အောင် လိုဏ်ခေါင်းတူး၍ ရှာဖွေခဲ့လေ သည်။

သို့သော် ဘာတစ်ခုမှ မတွေ့ရပေ။

(၁၈၂၄)ခုနှစ်၊ ဧပြီလတွင် စဉ့်ကူးမင်းခေါင်းလောင်းကြီး ကို စူဠာမဏိသင်္ဘောဖြင့် သယ်ဆောင်သွားရန် ကြိုးပမ်းခဲ့သော် လည်း မအောင်မြင်ခဲ့ပေ။

ပင်လယ်ဝ၌ ကျကာ နစ်မြုပ်သွားခဲ့လေသည်။

ဒုတိယ အင်္ဂလိပ်-မြန်မာ စစ်ပွဲကာလတွင် ‘ကုန်းတော် ပေါ်’ တိုက်ပွဲ၌ ပါဝင်ခဲ့သော ဗြိတိသျှ ဗိုလ်ချုပ်ကြီး လောရီ၏ မှတ်တမ်း၌ ဘုရားကြီးရင်ပြင်တော်ပေါ်ရှိ အဖိုးထိုက်အဖိုးတန် ရတနာများကို ဖျက်ဆီးယူခဲ့ကြသည်ဟု ပါရှိလေသည်။





ဘုရားကြီး၏အောက်ခြေ၌ များစွာသော အဖိုးတန် ရတနာများ ရှိသည်အထင်နှင့် တူးဖော်ခဲ့ကြသူများမှာ သာမန် စစ်သားများ မဟုတ်ကြပဲ စစ်ဘက်အရာရှိကြီးများက ခေါင်း ဆောင်ကာ ပြုလုပ်ခဲ့ပေသည်။

ရတနာပစ္စည်းများ ဘယ်ရွေ့ဘယ်မျှ ပါသွားသည်ကို မဖော်ပြခဲ့သော်လည်း မြောက်များစွာသော ရတနာပစ္စည်းများ ပါသွားသည်ကတော့ အမှန်ပင်ဖြစ်၏။

(ယခုအခါ နယ်ချဲ့တိုင်းတပါးသားများက မြန်မာနိုင်ငံကို မျက်စိကျနေခြင်းမှာ ရှေးကထက် ပိုမိုများပြားသော ရွှေငွေရတနာ ပစ္စည်းများဖြင့် မွမ်းမံပြင်ဆင်ထားသော ဘုရားရတနာများကို သပ်မံလိုချင်ကြ၍လည်း အကြောင်းတစ်ခု ပါဝင်ပေလိမ့်မည်။)

ထိုသတင်းများကို ဗြိတိသျှဘုရင် အင်ဂျင်နီယာတပ်မှ ဗိုလ်မှူးဖရေဇာ သိသောအခါ ဘုရားကြီးအောက်ဖက် ပေ(၁၀၀) အနက်ရောက်အောင် ထိုးဖောက်၍ တူးကြည့်ခဲ့လေသည်။

ထိုသတင်းများကို ကြားမိသောအခါ ဘုရင်ခံချုပ် လော့(ဒ်)ဒါလဟိုဇီက ထိုလုပ်ရပ်များကို ဆက်၍မလုပ်ရန် အမိန့် ထုတ်ကာ တားဆီးခဲ့လေသည်။

ထိုသို့ အမိန့်ထုတ်ခဲ့သော်လည်း အချို့စစ်သားများက နည်းအမျိုးမျိုးဖြင့် ကျူးလွန်မြဲ ကျူးလွန်ကြလေရာ (၁၈၅၂)ခု၊ နိုဝင်ဘာလ(၁)ရက်နေ့တွင် ကုန်းတော်ပေါ်၌ ထားသော လက်နက် တိုက်ကြီး ပေါက်ကွဲလေရာ ဗြိတိသျှစစ်သားများ အများအပြား သေကြေပျက်စီးခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် . . .

ဗြိတိသျှစစ်ဗိုလ်၊ စစ်သားတို့ တူးဖော်ထားသော တွင်းများကို မှန်သူဌေးကြီး ဦးယော်လေးက တွေ့ရှိရာမှ လန်ဒန်သို့ သဝဏ်လွှာ ပို့ကာ တိုင်တန်းခဲ့လေသည်။

၎င်းတွေ့ခဲ့ရသောတွင်းမှာ ရွှေတိဂုံဘုရားကြီး၏အရှေ့ဘက် မျက်နှာစာ ပထမပလ္လင်ခံအထက်မှ အလျားလေးတောင်၊ အနံသုံးတောင်၊ အနက်(၆၆)တောင်ရှိသော တွင်းနက်ကြီးကို တွေ့ရသောကြောင့်ဖြစ်သည်။

ထိုတွင်းနက်ကြီးမှာ (၁၉၀၄)ခုနှစ် ရောက်သည့်တိုင်အောင် ရှိမြဲရှိခဲ့လေသည်။

(၁၉၀၄)ခုနှစ် နှစ်ဦးပိုင်းအချိန် ရောက်သောအခါ အာမေနီးယန်းလူမျိုး 'မစ္စတာ ဒီအက်(စ်)အပရမေ' ဆိုသူက ဝင်ရောက်ကြည့်ရှုခွင့် ရခဲ့လေသည်။

တွင်းကြီး၏အောက်ဘက်သို့ ဆင်းသောလှေခါးထစ်များကို တွေ့ရပြီး ထိုလှေခါးထစ်များမှ အောက်သို့ ဆင်းသွားသောအခါ အခန်းများစွာကို တွေ့ရသည်။

ထိုအခန်းများမှာ (၃၆)ခန်းရှိလေသည်။

အဆိုပါ အခန်းများအလယ်တွင် ရေတွင်းကြီးတစ်တွင်းကို တွေ့ရလေသည်။ ထိုရေတွင်းကြီးမှာ ပင်လယ်ရေနှင့် တဆက်တည်း ရှိနေဟန်ဖြင့် ပင်လယ်ရေ အတက်အကျအတိုင်း အနိမ့်အမြင့် ရှိနေလေသည်။ မစ္စတာ ဒီအက်(စ်)အပရမေ ဝင်ရောက်ကြည့်စဉ်က ရေတွင်းကြီးအလယ်၌ ကရဝိတ်ဖောင်ကဲ့သို့ လှေတော်





တစ်စင်းကိုသာ တွေ့ခဲ့ရလေသည်။

ထိုလှေတော်ကို တွေ့ရုံသာ တွေ့ရပြီး အတန်ကြာသောအခါ ပြန်လည်ပျောက်သွားသည်ဟု မှတ်တမ်းရေးထားခဲ့သည်။

ရွှေတိဂုံစေတီတော်ကို (၁၀၃)ခုနှစ်ဦးတွင် မြန်မာနိုင်ငံ ပေါက္ခရဝတီ(အသိတဥ္စန)မြို့သားများ ဖြစ်ကြသော တဖုဿနှင့်ဘလ္လိက ညီနောင်တို့သည် မဇ္ဈိမဒေသဘက်သို့ သင်္ဘောခရီးလွှင့်ခဲ့ကြရာ သင်္ဘောဆိပ်သို့ ရောက်သောအခါ ၎င်းတို့၏ကုန်ပစ္စည်းများကို လှည်းအစီးငါးရာဖြင့် တင်ဆောင်၍ ဗောဓိမဏ္ဍိုင် ရှိရာအရပ်သို့ ခရီးနှင်ခဲ့ကြလေသည်။

ဗောဓိမဏ္ဍိုင်အနီးသို့ ရောက်သောအခါ ရှေးဘဝက မိခင်ဖြစ်ခဲ့ဖူးသော နတ်သမီး၏ညွှန်ပြမှုကြောင့် မဟာသက္ကရာဇ် (၁၀၃)ခုနှစ်၊ ဝါဆိုလဆန်း(၅)ရက်နေ့တွင် လင်းလွန်းပင်၌ သီတင်းသုံးနေသော ဘုရားရှင်အား တွေ့မြင်ကြရသည်။ ရှောင်ခြည်တော်ခြောက်သွယ် ကွန့်မြူးလျက်ရှိသော ဘုရားရှင်အား ဖူးတွေ့ရသောအခါ သူတို့တွင် ပါလာသော မုန့်ကြွပ်ကျစ်နှင့် ပျားဆုပ်မုန့်တို့ကို လှူဒါန်းပြီး ဒွေဝါစိက သရဏဂုံ ခံယူ၍ ဥပါသကာများ ပြု၍ ကိုးကွယ်ရန် တစ်စုံတစ်ခုကို လျှောက်ထားကြလေသည်။

ဘုရားသခင်သည် ဦးခေါင်းတော်ကို လက်တော်ဖြင့် သပ်၍ ဆံတော်ရှင်ရှစ်ဆူကို ချီးမြှင့်လိုက်လေသည်။ ညီနောင်နှစ်ဦးမှာ ဆံတော်မြတ်များကို ရကြသည်နှင့်တစ်ပြိုင်နက် အမြိုက်သုဓါဖြင့် သွန်းလောင်းခံလိုက်ရသကဲ့သို့ နှလုံးဟဒယ အေးမြသွားလေသည်။

သူတို့သည် ဝမ်းသာအားရဖြင့် ဆံတော်မြတ်များကို



www.burmeseclassic.com

www.burmeseclassic.com



ပတ္တမြားကြုတ်ဖြင့် ပင့်ဆောင်လာကြစဉ် ဆံတော်မြတ်များမှ ညိုမောင်းသော ရောင်ခြည်တော်များ နေ့ညဥ့်မပြတ် ကွန့်မြူးကြလေသည်။

ညီနောင်နှစ်ဦးတို့သည် မိမိရပ်ဌာနသို့ ပြန်ရောက်ကြသောအခါ ရာမညတိုင်းအားလုံးကို အုပ်စိုးလျက်ရှိသော ဥက္ကလာပမင်းကြီးအား ဆံတော်မြတ်တို့ကို ဆက်သလိုက်လေသည်။

တဖုဿနှင့်ဘလ္လိကတို့က ဥက္ကလာပမင်းကြီးအား ဆံတော်မြတ်များ ပေးအပ်လိုက်သောအခါ ပြည်သူလူထု ပူဇော်နိုင်ရန်အတွက် အပူဇော်ခံထားလေသည်။

ဘုရားရှင်၏ဆံတော်မြတ်များမှာ နေ့စဉ်နှင့်အမျှ ရောင်ခြည်တော်များ ကွန့်မြူးသဖြင့် ဆံတော်မြတ်ကို လာရောက်ဖူးမြော်သော ပရိသတ်များ တစ်နေ့တခြား များပြားလာလေသည်။

အချို့က ဆံတော်မြတ်တို့ကို မိမိတို့အရပ်ဒေသသို့ ပင့်ဆောင်လိုကြသဖြင့် ဘေးအန္တရာယ် မကျရောက်ရလေအောင် ရှေးဘုရားရှင်သုံးဆူတို့၏မွေတော်များ ဌာပနာရာ သိင်္ဂုတ္တရကုန်းတော်ကို ရှာဖွေ၍ စေတီတည်ကာ ပူဇော်လိုက်ရလေသည်။

ပူဇော်ပုံမှာ သိင်္ဂုတ္တရ ကုန်းထိပ်၌(၄၄)တောင်အတိုင်းရှည်သော ဥမင်ကြီးကို တူး၍ စိန်အဆင်းရှိသော ကျောက်ဖျာကြီးကို အောက်မှ ခင်းသည်။

ထို့နောက် ငွေအဆင်းရှိသော ကျောက်ဖျာကြီးကို အရှေ့မျက်နှာ၊ ဖန်ပုလဲအရောင်ရှိသော ကျောက်ဖျာကြီးကို အနောက်မျက်နှာ၊ ရွှေရောင်အဆင်းရှိသော ကျောက်ဖျာကြီးကို မြောက်





ဘက် မျက်နှာ၊ ကြယ်ပြာရောင်အဆင်းရှိသော ကျောက်ဖျာကြီးကို တောင်ဘက်မျက်နှာတို့၌ အသီးသီး ရံစေပြီး ဥမင်ကြီး လေးထောင့်တွင် ဖယောင်းတိုင်ကြီးလေးတိုင်ကို အဆက်မပြတ် မီးလင်းနေအောင် အဓိဋ္ဌာန်ပြု၍ ထွန်းလေသည်။

ထို့နောက် ဥမင်ဟု ခေါ်ဆိုအပ်သော ဌာပနာတိုက်ထဲတွင် ရတနာခုနစ်ပါးကို ဒူးဆစ်မြုတ်ခန့် ရောက်အောင် ထည့်ခင်းလေသည်။ ထိုရတနာများပေါ်တွင် ရတနာအတိပြီးသော သင်္ဘော(ကရဝိတ်လှေတော်)ပေါ်၌ ပတ္တမြားပြာသာဒ်လေးထောင့်ကို ထားသည်။

ပတ္တမြားပြာသာဒ်တစ်ဆောင်စီ၌
ကကုသန်ဘုရားရှင်၏တောင်ဝှေးတော်၊
ကောဏာဂုံဘုရားရှင်၏ရေစစ်တော်၊
ကဿပဘုရားရှင်၏ရေသနုပ်တော်တို့ကို ပူဇော်ထားပြီး ကျန်ပတ္တမြားပြာသာဒ် တစ်ဆောင်တွင် ဂေါတမဘုရားရှင်၏ ဆံတော်ရှစ်ဆူတို့ကို ပတ္တမြားကြုတ်နှင့်တကွ ပူဇော်ထားပါသည်။

ဆံတော်ထည့်သော ပတ္တမြားကြုတ်၌ တဖုဿနှင့်ဘလ္လိကတို့၏ရွှေရုပ်များက ထမ်းထားဟန် ထုလုပ်ထားပါသည်။ ဗြဟ္မာမင်း၊ သိကြားမင်း၊ ဥက္ကလာပမင်း၊ မယ်တော်မိဖုရားတို့၏ရွှေသားရုပ်များ၊ ပတ္တမြားပန်းခက်၊ စိန်ပန်းခက်၊ မြပန်းခက်တို့ဖြင့် ဆံတော်မြတ်အား ပူဇော်ထားပါသည်။

ဌာပနာတိုက်၏အရပ်လေးမျက်နှာတို့တွင် မီးစက်၊ ရေစက်၊ လှံမားစက်၊ ယန္တရားစက်များဖြင့် ရံထားပြီးသော် သံကွန်ချာ



www.burmeseclassic.com

www.burmeseclassic.com



ခုနစ်ထပ်ဖြင့် အုပ်ထားလေသည်။

ထို့ပြင် ဌာပနာတိုက်ကို သိကြားမင်းကိုယ်တိုင် ပတ္တမြား အဆင်းရှိသော ကျောက်ဖျာဖြင့် ဖုံးအုပ်ထားလေသည်။

ဌာပနာတိုက်၏အထက် ကျောက်ဖျာပေါ်တွင် ရွှေစေတီ တည်ထားလေသည်။

ရွှေစေတီအပေါ်မှ ငွေစေတီက အုပ်၍တည်သည်။ ထို နည်းအတူ ကြေးဖြူစေတီ၊ ကြေးနီစေတီ၊ သံလွှဲစေတီ၊ ကျောက်ဖြူ စေတီ၊ သံအုပ်စေတီတို့ကို အဆင့်ဆင့် မျိုး၍ တည်ပြီး စေတီတော် ကို ဖိနပ်တော်မှ ငှက်ပျောဖူးအထိ ရတနာခုနစ်ပါးနှင့် မွမ်းမံထား လေရာ ဉာဏ်တော်အမြင့်မှာ (၄၄)တောင်အမြင့် ရှိလေသည်။

လူနတ်ဗြဟ္မာတို့ စုပေါင်း၍တည်ထားသည့် ရွှေတိဂုံ စေတီတော်မြတ်ကြီးမှာ မဟာသက္ကရာဇ်(၁၀၃)ခုနှစ်၊ တပေါင်း လပြည့် ဗုဒ္ဓဟူးနေ့ ဒီရေတက်ချိန်၌ ပြီးမြောက်အောင်မြင်တော်မူ လေသည်။

ဆံတော်မြတ်များကို ရရှိခဲ့သော သက္ကရာဇ်(၁၀၃)ခုနှစ်၊ ဝါဆိုလဆန်း(၅)ရက်၊ ဗုဒ္ဓဟူးနေ့မှ တပေါင်းလပြည့် ဗုဒ္ဓဟူး လပြည့်နေ့အထိ ရှစ်လခွဲအကြာ၌ တည်ထားတော်မူသည်ဖြစ်၍ ကမ္ဘာပေါ်တွင် ပထမဦးဆုံး စေတီတော်မြတ်ကြီး ဖြစ်ပေသည်။

နီမောင်က ဦးဘိုးအောင် ပြောပြသော အကြောင်းများကို တအံ့ တသြဖြင့် နားထောင်နေလေသည်။

"မူလတည်စဉ်က (၄၄)တောင်ပဲ ရှိတယ်၊ အခုလက်ရှိကျ တော့ ဘယ်လောက်မြင့်ပြီလဲ အဘ"





"အခု တို့ ဖူးတွေ့ရတဲ့ အတိုင်းအတာက (၃၂၆)ပေ အမြင့်ရှိနေပြီ၊ ဒီလိုတဆင့်ပြီးတဆင့် မြင့်လာအောင် ရှေးမင်းတွေ အဆက်ဆက်က တည်ခဲ့ကြတာပေါ့ကွယ်"

"အဘပြောပြပုံအရဆိုရင် ဌာပနာတိုက်ကြီးက ရတနာ တွေနဲ့ ပြည့်နေရုံမကဘူး၊ မီးစက်၊ ရေစက်၊ ဓါးလှံစက်၊ ယန္တရား စက်တွေ ရှိတယ်ဆိုတော့ အင်္ဂလိပ်စစ်သားတွေ တူးတုန်းက အဲဒီ နေရာကို ရောက်ကြဟန် မတူဘူးနော်"

"မူလဌာပနာတိုက်ရဲ့အနက်က (၄၄)တောင်အနက်ပဲ ရှိ တယ်၊ သူတို့ တူးခဲ့တာ အဲဒီမကဘူး နက်တယ်၊ ဗိုလ်မှူးဖရေဇာ တူးတုန်းက မြေအောက်ကို ပေ(၁၀၀)အထိ နက်တယ်၊ နောက် ဆက်တူးတော့ (၆၆)တောင်အနက်ကို ရောက်သွားတယ်လို့ မှတ်တမ်းရှိတယ်၊ အာမေနီးယန်လူမျိုးတစ်ယောက် ဆင်းခဲ့တာ အဲဒီတွင်းကြီးပဲ"

"ဒါဖြင့် ဌာပနာတိုက်ကြီးကို ဘာကြောင့်ရှာမတွေ့ခဲ့ကြ တာလဲ"

"မြတ်စွာဘုရားရှင်ရဲ့ဆံတော်မြတ် ကိန်းဝပ်နေတဲ့ဌာပနာ တိုက်ကို ဒီလိုမိစ္ဆာကောင်တွေက လုပ်ချင်တိုင်းလုပ်လို့ ရမတဲ့လား ကွာ၊ သူတို့ တူးလို့ မဟာအဝီစိငရဲ ရောက်တာတောင် ဌာပနာ တိုက်ကို တွေ့ရမှာမဟုတ်ဘူး"

"အံ့သြစရာပဲနော်"

"မြတ်စွာဘုရားရဲ့တန်ခိုးတော် အနန္တတွေဟာ ဒီထက် ပိုပြီးအံ့သြဖွယ်ရာတွေ ရှိတယ်၊ ဘယ်လောက်များသလဲဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



ပြောလို့မကုန်နိုင်အောင် များတယ်"

"အခု အဲဒီတွင်းပေါက်ကြီးက ပြန်ပိတ်လိုက်ပြီ မဟုတ်လား အဘ"

"ဟုတ်တယ်. . . အဲဒီအချိန်ကတည်းက မွန်သူဌေးကြီး ဦးထော်လေးက ကမကထ လုပ်ပြီးတော့ ပြန်ပိတ်ပစ်လိုက်တယ်"

"ဒါဖြင့် ဘယ်အပေါက်က ဝင်ကြမှာလဲ အဘ"

"မပူပါနဲ့. . . ဝိဇ္ဇာတွေ ဝင်တဲ့လမ်းက ငင်ရမှာပေါ့"

"ဝိဇ္ဇာတွေ ဝင်တဲ့လမ်း ဟုတ်လား အဘ"

"ဟုတ်တယ်. . . နေ့ကြီးရက်ကြီးတွေ အခါကြီးရက်တွေမှာ သိကြားတွေ၊ နတ်တွေ၊ ဝိဇ္ဇာတွေ၊ သိဒ္ဓိရှင် မဟိဒ္ဓိရှင်တွေ ဝင်ရောက်ပူဇော်တဲ့လမ်းရှိတယ်၊ အဲဒီလမ်းက ဝင်ရမှာပေါ့"

ဦးဘိုးအောင် ဘာမှမထူးခြားသလို လက်ဖက်ရည်ကြမ်း သောက်ရင်း ပြောနေလေရာ နီမောင်မှာ တအံ့တသြ ဖြစ်နေလေသည်။

"ဒီနေရာကို ရောက်တယ်ဆိုတာ သာမန်လူတွေ ဘယ်နည်းနဲ့မှ မရောက်နိုင်ဘူး၊ အလွန်ကံထူးတဲ့လူမှသာ ရောက်နိုင်တယ်၊ ဒီအကြောင်းကို ဘယ်သူမှ မသိစေနဲ့"

ဟု မှာကြားလေရာ နီမောင်ကလည်း ဘယ်သူမှ မသိစေရပါဟု ကတိပေးရလေသည်။





## အခန်း(၁၁)

# ဝိညာဉ်ခန္ဓာလော ဖြစ်ရုပ်မှန်လော

တပေါင်းလပြည့်နေ့ ညရောက်သောအခါ ရွှေတိဂုံစေတီတော်ကြီး ဘုရားပွဲတော်ရက်မို့ ရင်ပြင်တော်ပေါ်မှာရော ကုန်းတော်အတွင်းအပြင်ဝန်းကျင်တဝိုက်မှာ ဘုရားဖူးညော့သည်များဖြင့် ကြိတ်ကြိတ်တိုး စည်ကားနေလေသည်။

မီးရောင်များကလည်း ကုန်းတော်ပေါ်တဝိုက်၌ လင်းထိန်နေရုံမက စေတီတော်ကြီးကိုပါ မီးရောင်များဖြင့် ထွန်းညှိပူဇော်ထားလေသည်။ ထို့ပြင် ဈေးတန်းများ၌ ရောင်းချနေသောဆိုင်များမှာလည်း အောက်လင်းဓါတ်မီးများ ထွန်းထားကြလေရာ အလင်း



www.burmeseclassic.com

www.burmeseclassic.com



ရောင်များက တစ်ဆိုင်နှင့်တစ်ဆိုင် ဆက်နေလေသည်။

ကုန်းတော်တဝိုက်မှာ ကပြလျက်ရှိသော အငြိမ့်ပွဲ၊ ဇာတ်ပွဲများမှလည်း အသံချဲ့စက်သံများက အပြိုင်အဆိုင် ဆူညံလျက်ရှိနေ၏။ ဘုရားကုန်းတော်ပေါ်မှာ ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးတိုင်များဖြင့် ထွန်းညှိပူဇော်သူများဖြင့် စည်ကားလှပေသည်။

ယခင်ကဆိုလျှင် ယခုကဲ့သို့ ပွဲတော်ရက်ဆိုလျှင် ထမင်းဆိုင်များမှာ လက်မလည်အောင် ရောင်းကောင်းကြသလို နီမောင်တို့လို ရေထမ်းသမားများမှာလည်း ခြေတိုအောင် ရေထမ်းထည့်ပေးကြရသည်။

ယခုတော့ နီမောင်မှာ ရေထမ်းမထွက်နိုင်တော့ပဲ ဦးဘိုးအောင်၏ဝေယျာဝစ္စများကိုသာ လုပ်ကိုင်ပေးနေရလေသည်။

ဒီနေ့လည်း အရေးတကြီး အပြင်သို့ သွားရန် ကိစ္စရှိနေသောကြောင့် ဦးဘိုးအောင်အနားမှာပင် စောင့်နေရသည်။ ညဦးပိုင်းကတည်းက ဦးဘိုးအောင်တစ်ယောက် ဘုရားစင်ရှေ့၌ ပုတီးစိပ်နေလေရာ ညကိုးနာရီထိုးကာနီးသောအခါမှ နေရာမှ ထလေသည်။

"မောင်နီမောင်. . . တို့ သွားကြရအောင်၊ သူတို့ လာနေကြပြီ"

"ဘယ်သူတွေလဲ အဘ"

"ဟိုရောက်တော့ သိရမပေါ့ကွယ်"

ဟု ပြောကာ အပြင်သို့ ထွက်ခဲ့ကြသည်။ ထို့နောက် သွေးဆေးကန်လမ်းအတိုင်း လျှောက်လာကြသည်။ ထိုဘက်မှာ





တော့ လူနေအိမ် မရှိတော့ဘဲ ဘုန်းကြီးကျောင်းအချို့သာ ရှိတော့သည်။ မြောက်ဘက်မုခ်သို့ ရောက်သောအခါ အနောက်မြောက်ဘက်သို့ ဆင်းလာကြသည်။

ထိုဘက်မှာတော့ ဘာမှမရှိတော့ဘဲ တောင်ကုန်းများနှင့် သစ်ပင်ကြီးများသာ ရှိလေသည်။ ရာဟုထောင့်တည့်တည့်လောက် ရောက်သောအခါ လရောင်အောက်၌ လူအချို့ သွားလာဝင်ထွက်နေသော နေရာတစ်ခုကို လှမ်းမြင်ရသည်။ နီမောင်စိတ်ထဲမှာတော့. . .

"ဒီနေရာမှာ ဘာမှလည်း မရှိဘဲနဲ့ လူတွေ ဘာလုပ်နေကြတာလဲ"

ဟု တွေးလိုက်မိသည်။ ထိုသို့တွေးနေစဉ်မှာ ဦးဘိုးအောင်က လေသံတိုးတိုးဖြင့် ပြောသည်။

"အတွင်းကို ရောက်နေရင် ဘယ်သူ့ကိုပဲတွေ့တွေ့ ဘာမှလည်း မပြောနဲ့၊ ဘာမှလည်း မမေးမိဖို့ သတိထားပါ"

"ဟုတ်ကဲ့"

"အတွင်းရောက်တဲ့အခါ မင်းတစ်သက်မှာ နောက်ထပ်တစ်ကြိမ် ဘယ်လိုမှ မရောက်နိုင်တဲ့နေရာကို ရောက်ပြီး မတွေ့နိုင်တဲ့ အရာဝတ္ထုကို တွေ့ရလိမ့်မယ်၊ အဲဒါကတော့ မြတ်စွာဘုရားရဲ့ ဆံတော်မြတ်က ပေါ်ထွက်လာတဲ့ ရောင်ခြည်တော်ပဲ"

"ဟင်. . ."

"တဖုဿနဲ့ဘလ္လိက ညီနောင်တို့ ဆံတော်မြတ် ရလာတာ (၁၀၃)ခုနှစ် ဝါဆိုလဆန်း(၅)ရက် ဗုဒ္ဓဟူးနေ့ မဟုတ်လား။ (၁၀၃)



www.burmeseclassic.com

www.burmeseclassic.com



ခုနှစ်ကို ပေါင်းရင် (၄)၊ ဝါဆိုလဆိုတာ တန်ခူးလက ရေရင် (၄)လမြောက်ပဲ၊ နေ့က ဗုဒ္ဓဟူးနေ့၊ တနင်္ဂနွေက ရေရင် (၄)နေ့ မြောက်ပဲ၊ ဒါကြောင့် ဗုဒ္ဓဟူးနေ့ကို ဗုဒ္ဓနေ့လို့ သတ်မှတ်ခဲ့ကြတယ်"

"ဟုတ်ကဲ့"

"ရွှေတိဂုံစေတီတော်ကြီး ပြီးတာက (၁၀၃)ခု၊ တပေါင်းလပြည့်၊ ဗုဒ္ဓဟူးနေ့၊ ဉာဏ်တော်အမြင့်က (၄၄)တောင်ရှိတယ်၊ အခု (၁၂၈၄)ခု၊ တပေါင်းလပြည့်၊ ဗုဒ္ဓဟူးနေ့ပဲ၊ အဲဒီလို တိုက်ဆိုင်တဲ့အချိန်မှာ ဆံတော်တွင်းမှာ ဌာပနာထားတဲ့ ဗုဒ္ဓရဲ့ဆံတော်တွေက ရောင်ခြည်တော် ကွန့်မြူးလေ့ရှိတယ်၊

အဲဒီလို ကြုံကြိုက်ခဲ့တဲ့အချိန်မှာ ကွန့်မြူးတဲ့ ရောင်ခြည်တော်တွေ ကွန့်မြူးတာ သာမန်လူတွေဟာ ဖူးတွေ့ရခဲ့တယ်၊ နတ်သိကြား၊ ဗြဟ္မာတွေ၊ ဝိဇ္ဇာဇော်ဂျီ၊ မဟိဒ္ဓိရှင်၊ သိဒ္ဓိရှင်တွေမှသာ ဖူးတွေ့ခွင့်ရကြတယ်၊ မင်းကတော့ စိတ်ထားဖြူစင်ရိုးသားပြီး ကံကောင်းတဲ့လူဆိုတော့ ငါနဲ့ တွေ့ရပြီးတော့ အခုလို အခွင့်အရေးကို ရတာပဲ"

ဟု ပြောလေရာ နီမောင်မှာ များစွာအံ့သြသွားလေသည်။

"ဟင်. . . ဒါ. . . ဒါဖြင့် အဘက. . ."

"မင်းအိမ်မှာ ငါနေလာတဲ့ ရက်အတော်ကြာခဲ့ပြီ၊ မင်းအခုထိ ငါ့ကို မရိပ်မိသေးဘူးလား၊ အေးလေ. . . မသိတာပဲကောင်းပါတယ်၊ တကယ်လို့ သိရင် မင်းရဲ့စိတ်က တစ်မျိုးပြောင်းရင် ပြောင်းသွားမှာဆိုတော့ ဒီအတိုင်းနေတာပဲ ကောင်းပါတယ်"

ဟု ပြောလေသည်။ ထို့နောက် ဦးဘိုးအောင်က နီမောင့်





ကို မှာစရာရှိသည်များကို မှာ၍ ဂူပေါက်ဝ ရှိသောနေရာသို့ လျှောက်လာကြသည်။ ထိုနေရာတဝိုက်၌ လပြည့်ည လရောင်က ဖြာကျနေသောကြောင့် အလင်းရောင်များ ရနေလေသည်။

ဂူပေါက်ဝအနီးသို့ ရောက်သောအခါ ဥဒဟို ဝင်ထွက်နေကြသော လူအချို့ကို မြင်ရသည်။ ထိုလူတို့၏အသွင်သဏ္ဌာန်မှာ သာမန်လူတို့နှင့် မတူသည်ကိုတော့ အကဲခတ်မိလေသည်။

နီမောင်နှင့် ဦးဘိုးအောင်တို့ ဂူပေါက်ဝ ရောက်သောအခါ ထိုလူများက လက်တစ်ကမ်းအကွာ၌ ရှိနေသော်လည်း သူတို့နှစ်ယောက်ကို သတိပြုမိဟန်မတူပဲ တစိုက်စိုက်နှင့်သာ ဝင်ထွက်သွားလာနေကြသည်။

(ရွှေတိဂုံစေတီတော် အနောက်မြောက်(ရာဟုထောင့်)၌ ရှိသောလိုဏ်ဂူပေါက်မှာ တပေါင်းလပြည့်၊ ဗုဒ္ဓဟူးနေ့နှင့် တိုက်ဆိုင်သောရက်တွင် တွေ့မြင်ရနိုင်သည်ဟု ကြားဖူးပါသည်။)

ထို့နောက် ဦးဘိုးအောင်နှင့်နီမောင်တို့သည် ဂူပေါက်အတွင်းသို့ ဝင်လာကြလေသည်။

ဂူအတွင်း၌ မီးများ ထွန်းမထားသော်လည်း အလင်းရောင်အချို့ ရှိနေသောကြောင့် ကောင်းစွာမြင်နိုင်လေသည်။

ဂူအတွင်းမှာလည်း သွားလာနေသောလူအချို့ ရှိနေသည်။

ထိုလူများကို ကြည့်ပြီး နီမောင့်စိတ်ထဲ၌. . .

"အဘက 'ဝိဇ္ဇာတွေ ဝင်မယ့်လမ်းက ဝင်မယ်လို့ ပြောတယ်၊ အခုဝင်လာတာ ဝိဇ္ဇာတွေ ဝင်တဲ့လမ်းပဲ ဖြစ်ရမယ်၊ ဒါဆိုရင် အခုတွေ့မြင်နေရတဲ့လူတွေကလည်း ဝိဇ္ဇာတွေပဲ ဖြစ်မယ်ထင်



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်"

ဟု တွေးလိုက်မိရုံ ရှိသေးသည်၊ ရှေ့မှ လျှောက်နေသော ဦးဘိုးအောင်က နောက်သို့ တစ်ချက်လှည့်ကြည့်ကာ ခေါင်းညိတ် သည်။ သို့ကြောင့် ရှေ့ဆက်မတွေးဝံ့အောင် ဖြစ်သွားပြီး ဦးဘိုး အောင် နောက်သို့သာ တစိုက်စိုက်နှင့် လိုက်သွားရလေတော့သည်။

အတွင်းပိုင်း တစ်နေရာသို့ ရောက်သောအခါ အော ဖက်သို့ ဆင်းသော အုတ်လှေခါးထစ်များကို တွေ့ရလေသည်။

လှေခါးပြုလုပ်ထားသော အုတ်ချပ်ကြီးများမှာ ယခုအသုံး ပြုနေသော အုတ်ချပ်ပြားများနှင့် မတူပဲ အလျားအနံတစ်တော ကျော်ကျော်ခန့် ရှိလေသည်။

ဘယ်အချိန် ဘယ်ကာလမှ ပြုလုပ်ထားသည် မသိရသော် လည်း အုတ်ချပ်ကြီးများမှာ မူလအရောင်အသွေးအတိုင်း နီညို ရောင်များ ရှိနေသေးသည်။ အတန်ကြာအောင် ဆင်းမိသောအခါ အောက်ခြေရှိ အခန်းကျယ်ကြီးတစ်ခုအတွင်းသို့ ရောက်ကြလေ သည်။

ထိုအခန်းကျယ်ကြီးအတွင်း၌ ကျောက်ပြားများဖြင့် ပြ လုပ်ထားသော အခန်းများစွာတို့ကို တွေ့ရလေသည်။

ထိုအခန်းများမှာ အာမေနီးယန်လူမျိုး မစ္စတာ ဒီအက်(မ အပရမေဆိုသူ ရောက်ခဲ့ဖူးသောအခန်းဖြစ်ဟန်ရှိပြီး အခန်းပေါင် (၃၆)ခန်း ရှိသည်ဟု မှတ်တမ်းရေးခဲ့သည်။

၎င်းမှတ်တမ်း၌ ပါသည့်အတိုင်း အခန်းများ အလယ်တွင် ရေများ လျှပ်နေသော တွင်းပေါက်ဝတစ်ခုကို တွေ့ရသည်။





ရေများမှာ တွင်းနှုတ်ခမ်းနှင့် နီးကပ်လျက်ရှိပြီး အပြင် ဘက်၌ တွေ့ရသည့်အတိုင်း လှုပ်ခတ်နေလေသည်။

အချို့လူများမှာ ထိုရေတွင်းထဲသို့ ဆင်းသွားကြပြီး အချို့ ကလည်း ထိုရေတွင်းထဲမှ ပြန်တက်လာကြသည်။

အံ့သြဖို့ကောင်းသောအချက်မှာ ရေတွင်းထဲမှ ပြန်တက် လာသောလူများ၏ကိုယ်ပေါ်၌ ရေတစ်စက်မှ မစိုသည်ကို တွေ့ရ သောကြောင့်ဖြစ်သည်။

ထို့နောက် ဦးဘိုးအောင်က ရေတွင်းထဲသို့ ဆင်းသွား သဖြင့် နီမောင်လည်း ဖြစ်လိုရာဖြစ်စေတော့ဟု စိတ်ဆုံးဖြတ်ကာ နောက်မှ ဆင်းလိုက်သွားလေသည်။

ရေထဲသို့ ရောက်သောအခါ ရေမွှန်းပြီး ဘာမှတွေ့မြင်ရ မည်မဟုတ်ဟု ထင်မိသော်လည်း တကယ်တမ်း၌မူ လိုဏ်ခေါင်း တစ်ခုအတွင်းသို့ လျှောက်သွားနေရသကဲ့သို့ ရှိလေသည်။

ထိုအတွင်းမှာလည်း သွားလာနေကြသော လူအချို့ကို မြင်တွေ့ရသည်။ လိုဏ်ခေါင်းသည် ပင်လယ်ဘက်သို့ ဦးတည်နေ ဟန်ရှိပြီး ပင်လယ်ဒီရေများက အတွင်းသို့ ဝင်ရောက်နေသည်။

ထိုဥမင်လိုဏ်ခေါင်း ဆုံးသောအခါ ကျောက်ဖျာများ လေးဘက်လေးတန် ကာရံထားသောနေရာတစ်ခုသို့ ရောက်သွား လေသည်။ ထိုကျောက်ဖျာများအတွင်းမှ အလင်းရောင်များ ဖြာ ထွက်နေပြီး ထိုထူးဆန်းသော အလင်းရောင်ခြည်များကို ရှိသေ ရှိခိုးနေကြသည်ကို မြင်တွေ့ရသည်။

ထို့နောက် ဦးဘိုးအောင်က ရှေ့မှ ထိုင်၍ ကန်တော့လေ



www.burmeseclassic.com

www.burmeseclassic.com

ရာ နီမောင်ကလည်း နောက်မှ ထိုင်ကာ ကန်တော့လေသည်။ ထိုသို့ကန်တော့နေရင်းမှ စိတ်ထဲ၌ တွေးမိသည်။

"ဒီအလင်းရောင် ဖြာထွက်နေတာတွေဟာ ဆံတော်ဓါတ်က ရောင်ခြည်တော် လွှတ်တယ်ဆိုတာများလား မသိဘူး"

ထိုသို့တွေးလိုက်မိစဉ် ဦးဘိုးအောင်က နောက်သို့ တစ်ချက် လှည့်ကြည့်ကာ ခေါင်းတစ်ချက်ညိတ်ပြကာ ပြန်လှည့်သွားသည်။ သို့ကြောင့် နီမောင့်စိတ်ထဲမှာ ဖော်မပြနိုင်လောက်အောင် ဝမ်းသာပီတိ ဖြစ်သွားမိလေသည်။

"ငါ့ဘဝတစ်သက်မှာ ဒီလိုအခွင့်အရေးမျိုးက နောက်ထပ်ရနိုင်တော့မယ် မထင်ဘူး၊ အခုလို ကြုံတုန်းကြုံခိုက်မှာ ဝအောင်ဖူးလိုက်တော့မယ်"

ဟု စိတ်ထဲမှ တွေးကာ မျက်စိကို မှိတ်ကာ အာရုံပြု၍ ကန်တော့လိုက်လေတော့သည်။

ထိုအခိုက်မှာပင် လုံးကနဲ သတိမေ့သလို ဖြစ်သွားသည်။

လူမှာ အိပ်ပျော်သွားသကဲ့သို့ ဖြစ်သွားပြီးနောက် မှိတ်ထားသောမျက်စိထဲ၌ မြင်ကွင်းများက တစ်ခုချင်း တစ်ရစ်ချင်း ပေါ်လာလေတော့သည်။

ဦးစွာမြင်ရသောမြင်ကွင်းက ကာရံထားသော ကျောက်ဖျာကြီးများအတွင်း ဝင်းလက်နေသော အလင်းရောင်များပင် ဖြစ်ပြီး လေးဘက်လေးတန်၌ ထွန်းညှိထားသော ဖယောင်းတိုင်ကြီးလေးတိုင်ကို တွေ့ရသည်။

ဌာပနာတိုက်အတွင်း၌ မပြတ်လည်ပတ်နေသော ရေ





စက်၊ မီးစက်၊ ခါးလုံစက်နှင့် ယန္တရားစက်များကိုလည်း တွေ့မြင်ရသည်။ ထိုအတွင်းမှာမှ မီးအလင်းရောင်ကြောင့် အရောင်မျိုးစုံတို့ တဖိတ်ဖိတ် တလက်လက် တောက်ပနေသော ရတနာများကို တောင်ပုံရာပုံ တွေ့မြင်ရသည်။

ထိုရတနာများ အလယ်၌ ရွှေငွေကျောက်မျက်ရတနာတို့ဖြင့် ပြုလုပ်ထားသော ကရဝိတ်လှေတော်ရှိသည်။

ကရဝိတ်လှေတော်ပေါ်၌ ပတ္တမြားပြာသာဒ် လေးဆောင်ရှိပြီး ရောင်ခြည်တော်များမှာ ထိုနေရာများမှ ဖြာထွက်နေခြင်းဖြစ်၏။

ထိုနေရာမှ ဖြာထွက်နေသော ရောင်ခြည်တော်များမှာ ထုထည်ကြီးမားသော ကျောက်နံရံကြီးများကို ဖောက်၍ အပြင်သို့ရောက်အောင် ဖြာထွက်နေလေသည်။

နီမောင်သည် တစ်သက်တစ်ကိုယ် ကြုံရခဲသောမြင်ကွင်းကို ကြည့်ရင်း ငိုင်နေစဉ် နောက်ဘက်မှ အသံတစ်သံ ကြားလိုက်ရသည်။

"အဲဒါ မြတ်စွာဘုရားလေးဆူရဲ့ဆံတော်မွေတော်တွေပဲ၊ ဖူးလိုက်တော့လေ. . ."

ထိုအသံကြားမှ သတိရပြီး ရိုသေစွာ ကန်တော့လိုက်သည်တွင် စိတ်ထဲ၌ ကြည်နူးပီတိစိတ်များ ဖြာဝေသွားလေတော့သည်။

ထိုအခိုက်မှာပင် လုံးကနဲ သတိမေ့သလို ဖြစ်သွားပြန်သည်။ အဘယ်မျှကြာအောင် သတိမေ့သွားသည် မသိပေ၊ နားထဲမှာ ခေါ်သံလိုလို ကြားတော့မှ အိပ်ပျော်ရာမှ နိုးလာသကဲ့သို့



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာသည်။

"မောင်နီမောင် . . . မောင်နီမောင် ထတော့လေကွယ်"

ထိုအသံကြားမှ မျက်လုံးဖွင့်ကာ အိပ်ယာမှ ကပျာကယာ ထလိုက်သည်။

"ကျွန်တော်တို့ ဘယ်ရောက်နေတာလဲ အဘ"

"ဘယ်ရောက်ရမှာလဲကွယ် . . . မင်းအိမ်မှာပဲ အိပ်နေတာပဲပေါ့"

နီမောင်စိတ်ထဲမှာ ဇဝေဇဝါ ဖြစ်သွားလေသည်။

"ဟိုး . ဟိုး . ကျွန်တော်နဲ့အဘနဲ့ ဌာပနာတိုက်ထဲ ရောက်နေတာ မဟုတ်ဘူးလား"

ထိုစကားကြားသောအခါ ဦးဘိုးအောင်က တစ်ချက်ပြုံးလိုက်သည်။

"မင်းအိပ်မက်ထဲမှာ ဌာပနာတိုက်ထဲကို ရောက်သွားခဲ့တယ် ထင်တယ်"

"မဟုတ်ဘူး အဘ၊ တကယ့်ကို ရောက်သွားခဲ့တာ၊ အခုမှ ဒီနေရာကို ဘယ်လိုပြန်ရောက်နေတယ်ဆိုတာ မသိဘူး"

"အိပ်မက်ဆိုတာလည်း ဖြစ်ရပ်မှန်တစ်ခုပါပဲကွယ်၊ ဘာကြောင့်လဲဆိုတော့ မင်းရဲ့ရုပ်ခန္ဓာက အိပ်ပျော်နေပေမယ့် နာမ်ခန္ဓာလို့ ခေါ်တဲ့ ဝိညာဉ်ကတော့ သူအလိုရှိတဲ့နေရာကို သွားနေတာပဲပေါ့၊ အဲဒီလိုဆိုတော့ မင်းရဲ့ဝိညာဉ်ခန္ဓာက ဌာပနာတိုက်ထဲကို ရောက်သွားပြီး မွေတော်တွေကို ဖူးတွေ့ခဲ့ရတာ ဖြစ်မှာပေါ့ကွယ်"





ဟု ပြောကာ နေရာမှ ထသွားလေသည်။

ထိုအခါ နီမောင်မှာ ဘယ်လိုမှ စဉ်းစား၍ နားမလည်နိုင်အောင် ဖြစ်ကာ ဇဝေဇဝါနှင့် ကျန်ရစ်ခဲ့လေတော့သည်။ ထိုအချိန်တွင် အပြင်လောက၌ အရုဏ်ဦး အလင်းရောင်များ တက်လာနေချေပြီ။



www.burmeseclassic.com

www.burmeseclassic.com




## အခန်း(၁၂)

# ဦးဘိုးအောင်အား လာခေါ်ကြခြင်း

နောက်ပိုင်းရက်များမှာတော့ ဦးဘိုးအောင်က တစ်ကြိမ်လျှင် ရွှေပြားငါးပြား ပြုလုပ်ပေးသဖြင့် နီမောင်နှင့်ဦးဗန်ကောင်းတို့က မဂိုလမ်း(ရွှေဘုံသာ)ရှိ ရွှေဆိုင်များ၌ လိုက်လံရောင်းချကြသည်။

ရလာသောငွေကို တဝက်ခွဲ၍ ရွှေတိဂုံဘုရားကြီးသို့ ရွှေသင်္ကန်းကပ်လှူရန်လှူပြီး ကျန်တဝက်ကို စုဆောင်းထား၏။

နီမောင်သည် မိမိအတွက် ရသောငွေများထဲမှ ဦးဗန်ကောင်းကိုလည်း တချို့ခွဲဝေပေးရာ ဦးဗန်ကောင်းမှာလည်း များစွာအဆင်ပြေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေတိဂုံဘုရားသို့ ငွေလှူပြီးတိုင်း 'သံသရာတဆက် ဘဝဆက်ရှိသူများ ကောင်းမှု' ဟုသာ ကမ္ပည်းရေးထိုးစေသည်။

နောက်ပိုင်းမှာတော့ မိမိအတွက် ရသောငွေက တဖြည်းဖြည်း များလာသောကြောင့် ရွှေတိဂုံဘုရား၏အရှေ့မြောက်ဘက်၊ ရေတာရှည်လမ်းမပေါ်၌ မြေဝန်းကျယ်တစ်ခြံနှင့် နှစ်ထပ်တိုက်တစ်လုံးကို ဝယ်ယူလိုက်လေသည်။

ထိုတိုက်မှာ ကုလားသူဌေးတစ်ယောက် ပိုင်ဆိုင်သော ခြံနှင့်တိုက်ဖြစ်ပြီး ၎င်းက အိန္ဒိယသို့ အပြီးပြန်တော့မည်မို့ တန်ဖိုးသင့်တင့်မျှတစွာနှင့် ရရှိလိုက်ခြင်းဖြစ်လေသည်။

သို့စေကာမူ ငွေကျပ်လေးသောင်းခွဲ ပေးလိုက်ရသည်။ ရေထမ်းနေသော နီမောင်တစ်ယောက် ယခုကဲ့သို့ နေ့ချင်းညချင်း ကြီးပွားကာ သူဌေးပေါက်စတစ်ဦးဘဝ ရောက်သွားသောအခါ မိတ်ဆွေများကရော၊ အနီးပတ်ဝန်းကျင်မှ လူများကပါ တအံ့တသြ ဖြစ်နေကြသည်။

ထိုအထဲတွင် ရာဇူတိုင်ထမင်းဆိုင်မှ ဒေါ်မိုးညိုတို့မှာ အသည်းဆုံး ဖြစ်နေတော့သည်။

ဆိုင်နီးပါးချင်း အချင်းချင်း ပြောမဆုံးအောင် ရှိနေတော့သည်။

"ဟဲ့. . . တို့ဆိုင်မှာ ရေထမ်းနေတဲ့ နီမောင်တစ်ယောက် ရေတာရှည်လမ်းဘက်မှာ ခြံနဲ့တိုက်ကြီး ဝယ်လိုက်တယ်ဆိုပါလား"

"ဟုတ်ပါ့တော်. . ."

"ဟဲ့. . . ရေထမ်းနေတဲ့လူက ဒီလောက်ကြီးတဲ့ တိုက်ကြီး





ခြံကြီး ဝယ်တယ်ဆိုတာ ဟုတ်ပါ့မလားဟဲ့"

"ဟုတ်ပါတယ်တော်. . . အခု သူတို့သားအမိတောင်မှ ကျောင်းထဲက အိမ်စုတ်ကလေးကနေပြီး အဲဒီတိုက်ကြီးကို ပြောင်းနေကြပြီ"

"ဟဲ့. . . သူတို့ ဒီလောက်ချမ်းသာသွားတာ ထီပေါက်တယ်လို့လည်း သတင်းမကြားမိပါဘူး၊ အောင်ဘာလေထီ တစ်သိန်းဆု ပေါက်မှ ဒီလိုခြံမျိုးတိုက်မျိုး ဝယ်နိုင်မှာမဟုတ်လား"

"ခြံနဲ့တိုက် ဝယ်တာတွေတင် ဘယ်ကမလဲ၊ ရွှေတိဂုံဘုရားကြီး ရွှေသင်္ကန်းကပ်ဖို့ လှူထားတာချည်းပဲ၊ တစ်သိန်းလောက်ရှိနေပြီတဲ့၊ ဒါပေမယ့် နီမောင်က လူသိမှာစိုးလို့ သူ့နာမည်မခံဘူး၊ 'သံသရာတဆက် ဘဝဆက်ရှိသူများ ကောင်းမှု' ဆိုလား ကမ္ပည်းထိုးခိုင်းတယ်လို့ ဘုရားလူကြီး ဦးဘသာက ပြောပြတယ်"

"ဟဲ့. . . ဒီလောက်များတဲ့ငွေတွေ ဘယ်က ရသတဲ့လဲ၊ ဥစ္စာသိုက်တွေကများ ဥစ္စာပေးရှေ့သလား"

"အဲဒီလိုတော့ ဟုတ်မယ်မထင်ဘူး၊ သတင်းသဲ့သဲ့ ကြားရတာကတော့ သူတို့အိမ်မှာ ရောက်နေတဲ့ ဧည့်သည်ကြီးက ရွှေတွေဖြစ်အောင် လုပ်ပေးနေတယ်လို့တော့ ကြားရတာပဲ"

"ဟင်း. . . ကုသိုလ်ကံများ အတော်ဆန်းကြယ်တာပဲ၊ တကယ်သာ မှန်ရင်တော့ ငါတို့အတွက် နစ်နာတာပဲ"

"ဘာဖြစ်လို့လဲ ဒေါ်မိုးညိုရဲ့"

"ဘာဖြစ်ရမလဲအေ. . . အဲဒီလူကြီးက ငါတို့ဆိုင်မှာ တည်းပါရစေဆိုပြီး ခွင့်တောင်းတာဟဲ့၊ ငါတို့က လက်မခံလို့



www.burmeseclassic.com

www.burmeseclassic.com



နီမောင်က ခေါ်သွားတာ၊ အခုတော့ သူတို့သားအမိ ချမ်းသာအောင် လုပ်ပေးလိုက်သလို ဖြစ်သွားတာပေါ့"

ဒေါ်မိုးညိုက ယူကျုံးမရ ပြောနေလေသည်။

နောက်ရက်များမှာလည်း ဒေါ်မိုးညိုတစ်ယောက်မှာ အလုပ်ကို ဖြောင့်အောင်မလုပ်နိုင်ပဲ ထိုအကြောင်းကိုသာ တဖွဖွ ပြောဆိုနေတော့သည်။

"အမေကလည်း. . . သူ့ကံရှိလို့ သူ့ဖာသာ ချမ်းသာသွားတာ၊ ဘာကြောင့် တဖွဖွ ပြောနေရတာလဲ၊ နီမောင်က စိတ်ထားမြင့်တော့ ကူညီမယ့်လူ ရောက်လာတာ ဖြစ်မှာပေါ့"

ဟု မြနန္ဒီက ပြောသည်။

"ညည်းဘာမှမသိပဲနဲ့ လျှောက်ပြောမနေပါနဲ့အေ၊ မစမယ် သူက ကိုယ့်ဆီ အရင်ဝင်လာပါရက်နဲ့ ကိုယ်က လက်မခံလို့ သူများ ချမ်းသာသွားရတာ ဘယ်ကျေနပ်နိုင်ပါ့မလဲ"

"သူ့ကံအကျိုးပေးနဲ့သူ ချမ်းသာတာပဲ အမေရယ်၊ စိတ်ထဲမှာ မထားပါနဲ့တော့၊ ကိုယ်လည်း သူ့လိုကံမျိုး ရှိရင် တစ်နေ့ကျရင် ချမ်းသာချင် ချမ်းသာမှာပေါ့"

မြနန္ဒီက မိခင်ဖြစ်သူကို ဖျောင်းဖျပြောဆိုသည်။

"ဒါထက် နီမောင်တစ်ယောက် တို့ဆိုင်ဘက် မလာတော့ဘူးလား"

"သူလည်း အလုပ်ရှုပ်နေလို့ နေမှာပေါ့၊ လာတာသွားတာ မတွေ့မိဘူး"

"သူ မလာလည်း ညည်းက သွားတန်သွားရမှာပေါ့အေ၊





ကိုယ့်မိတ်ဆွေတွေပဲ. . . အကျိုးအကြောင်း သိရအောင် သတင်းလေးဘာလေး သွားမေးရမှာပေါ့"

"အမေပဲ အရင်က နီမောင်နဲ့ ဆက်ဆံတာ မကြိုက်ဘူးဆို၊ သူ့ဆီ သွားတာ မကြိုက်ဘူးလို့ ပြောထားတယ်လေ"

"အရေးထဲမှာ. . . နင်ကလည်း စကားကို အထအန ကောက်နေပြန်ပါပြီ၊ လူဆိုတာ အခြေအနေကြည့်ပြီး ဆက်ဆံရတယ်ဟဲ့၊ အရင်နီမောင်က ရေထမ်းတဲ့နီမောင်၊ အခု နီမောင်က သူဌေးနီမောင်ဖြစ်နေပြီ၊ သူမလာလည်း ကိုယ်က သွားတန်သွားရမှာပေါ့"

ဟု ပြောရာ မြနန္ဒီက မသိမသာ ပြုံးလိုက်မိသည်။

သို့ကြောင့် ညနေပိုင်း ဆိုင်၌ လူပါးသောအချိန်တွင် မြနန္ဒီတစ်ယောက်တည်း ထွက်လာခဲ့လေသည်။ ခြံစည်းရိုးတံခါးပေါက်ဝ ရောက်သောအခါ နီမောင်ကိုယ်တိုင် ထွက်လာပြီး တံခါးလာဖွင့်ပေးသည်။

"လာ. . . မမလေး လာပါ"

ဟု တိုက်ထဲသို့ ခေါ်သွားသည်။ တိုက်ကြီးမှာ ကုလားသူဌေးက စိတ်တိုင်းကျ ဆောက်သွားသောကြောင့် ခမ်းနားထည်ဝါလှလေသည်။

"အမေနဲ့အဘက ဘုရားပေါ် တက်သွားကြတယ်၊ ကျွန်တော်လည်း အိမ်ပြောင်းနေရတာနဲ့ ဒီအိမ်ကို ပြင်ဆင်နေရတာနဲ့ အဲဒီဘက်တောင် မရောက်ဖြစ်တော့ဘူး၊ ရေသုံးစွဲရတာ အဆင်ပြေရဲ့လား မမလေး"



www.burmeseclassic.com

www.burmeseclassic.com



နီမောင် ခါတိုင်းလိုပင် မေးသည်။

"ကိုနီမောင် ထည့်ပေးတုန်းကလိုတော့ ဘယ်အဆင်ပြေပါ့မလဲ၊ ဒါပေမယ့် ကိုနီမောင်မှ မလုပ်နိုင်တော့တာ၊ ဒီလိုပဲ ရှိတဲ့လူတွေနဲ့ပဲ သုံးရတာပေါ့။ ဘာလဲ. . . ကိုနီမောင်က သူဌေးဘဝရောက်သွားတာတောင် ရေထမ်းပေးချင်သေးလို့လား"

"ကျွန်တော် ဘဝမမေ့တတ်ပါဘူး မမလေး၊ ကျွန်တော့်ရဲ့ ကျေးဇူးရှင်ဖြစ်တဲ့ ရေထမ်းတံပိုးနဲ့ ရေပုံးနှစ်လုံးကို အပေါ်ထပ်မှာ သေသေချာချာ သိမ်းထားပါတယ်၊ ကံကောင်းထောက်မလို့ ချမ်းသာလာရပေမယ့် ကျွန်တော်ရဲ့စိတ်က အရင်အတိုင်းပါပဲ. . . မပြောင်းလဲပါဘူး"

"ဒီစကားကြားရတာ ဝမ်းသာပါတယ်ရှင်၊ ကျွန်မက ကိုနီမောင်တစ်ယောက် ဒီလောက်ချမ်းသာသွားလို့ ကျွန်မတို့ကို မေ့သွားပြီ ထင်လို့ပါ"

"မမေ့ပါဘူး. . . ကျွန်တော့်ဘဝကို မမေ့သလို မမလေးကိုလည်း မမေ့ပါဘူး"

ထိုစကားကြောင့် မြနန္ဒီ ရင်ထဲမှာ လှိုက်ကနဲ ဖြစ်သွားသလို ရင်ခုန်သံလည်း မြန်လာသလို ဖြစ်လာသည်။

"ဘယ်လိုမမေ့တာလဲ ကိုနီမောင်ရဲ့"

"မမလေးက ကျွန်တော်ဆင်းရဲနေတဲ့အချိန်မှာ စေတနာကောင်းခဲ့တယ်ဆိုတာကို ကျွန်တော်သိပါတယ်၊ ဒီကျေးဇူးတွေကို ဘယ်တော့မှ မမေ့ပါဘူး"

"ဒီလို သတိရနေတယ်ဆိုတာကိုပဲ ကျွန်မဝမ်းသာပါတယ်





ကျွန်မအနေနဲ့တော့ ဘယ်လိုမျှော်လင့်ချက်မှ မရှိပါဘူး"

"ဒီလိုဘယ်ဟုတ်ပါ့မလဲ မမလေးရယ်၊ စေတနာဆိုတာ အသွားအပြန် ရှိရမှာပေါ့။ ကျွန်တော့်ဘဝ နိမ့်ပါးစဉ်က အကူအညီပေးခဲ့တဲ့ မမလေးရဲ့ကျေးဇူးတွေကို အခုအချိန်မှာ ပြန်ဆပ်ရမှာပေါ့"

"ကိုနီမောင်က ဘယ်လိုပြန်ဆပ်မှာလဲ"

"မမလေး လိုချင်တာကို ပေးရမှာပေါ့"

"ကျွန်မက ယူရမယ့်လူဆိုတော့ ကျွန်မလိုချင်တာကို တကယ်ပေးမှာလား"

နီမောင်က ပြုံး၍ခေါင်းညိတ်ပြသည်။

"ပထမဆုံး ဖြစ်စေချင်တာက ကျွန်မကို အရင်ကလို မမလေးလို့ မခေါ်ပဲ မြနန္ဒီလို့ပဲ ခေါ်စေချင်တယ်"

"ဒါကတော့ မမလေး. . . အဲ. . . မြနန္ဒီ ဆန္ဒရှိရင် ခေါ်ပါ့မယ်၊ နောက်ရော ဘာလိုသေးလဲ"

"ကျွန်မက ယူရမယ့်သူပဲ၊ ကိုနီမောင် စေတနာရှိလို့ ပေးတာကိုပဲ ယူရမှာပေါ့"

"မြနန္ဒီက တကယ်လက်ခံမှာလား"

မြနန္ဒီက ပြုံး၍ခေါင်းညိတ်ပြသည်။

"ဒီလိုဆိုရင် ကျွန်တော်ရဲ့မေတ္တာကိုပဲ ပေးချင်တယ်၊ မြနန္ဒီ လက်ခံပါနော်"

"အို. . . ဒါကတော့"

ရှက်သွေးဖြာသောမျက်နှာဖြင့် ခေါင်းငုံ့သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com

"မေတ္တာတရားဆိုတာ ကျွန်တော့်ရင်ထဲက အမွန်မြတ်ဆုံး အရာတစ်ခုပါပဲ၊ မြနဒီကို ကျွန်တော့်ရင်ထဲက အမွန်မြတ်ဆုံးအရာကိုပဲ ပေးပါရစေ"

"ဒီစကားကို အခုမှ ပြောလာတော့ ကျွန်မအနေနဲ့ လက်ခံချင်ရင်တောင် တစ်မျိုးဖြစ်မနေဘူးလား၊ တော်ကြာ ပတ်ဝန်းကျင်က ကိုနီမောင် ချမ်းသာသွားလို့ လက်ခံတယ်လို့ မထင်ကြပေဘူးလား"

"ပတ်ဝန်းကျင် ပြောတာကိုသာ ဂရုစိုက်နေမယ်ဆိုရင် နီးစပ်ဖို့ အကြောင်းမရှိတော့ဘူး၊ အရင်အခြေအနေမျိုးနဲ့ အခုလို ပြောပြန်ရင်လည်း မမှီတဲ့ပန်းကို တုံးခုလို့ လှမ်းတယ်လို့ ပြောကြဦးမယ်၊ အခုလို တင့်တောင့်တင့်တယ် ထားနိုင်တဲ့ အခြေအနေ ရောက်မှတော့ သူတို့ပြောလည်း ဂရုစိုက်စရာ မလိုတော့ပါဘူး အရေးကြီးတာက မြနဒီ ကျွန်တော့်မေတ္တာကို လက်ခံပေးဖို့ပဲ အရေးကြီးပါတယ်"

"အို. . . ဒါကတော့ အခုမှ သိရတဲ့ကိစ္စဆိုတော့ စဉ်းစားချိန်လေး ပေးဦးမှပေါ့"

"ကြိုက်သလို စဉ်းစားပြီးမှပဲ အဖြေပေးပါ၊ ကျွန်တော်က တော့ ရင်ထဲက စကားကို အခုလို ပြောလိုက်ရလို့ တစ်မျိုးတော့ စိတ်ချမ်းသာသွားပြီ"

"ကိုယ့်အိမ်လာတဲ့ ဧည့်သည်ကို ဒီလိုအခွင့်အရေးယူတာ တော်ရော့လား"

"အခွင့်အရေး ယူတယ်လို့တော့ မထင်ပါနဲ့၊ အရင်





တတည်းက ပြောချင်နေတဲ့စကားတွေကို အခုလို အခွင့်သာတုန်း ပြောရတာပါ"

"ကဲ. . . ထားပါတော့လေ၊ တစ်နေ့ကျတော့လည်း ကိုနီမောင် လိုချင်တဲ့အဖြေမျိုး ရအောင် စဉ်းစားပေးမှာပေါ့၊ အခုတော့ ကျွန်မသိချင်တာလေးတွေကို မေးစမ်းပါရစေ"

"ဘာမေးမှာလဲ. . . မေးလေ"

"တခြားတော့ မဟုတ်ပါဘူး၊ ဘုရားပေါ်မှာ ရေလှူတဲ့နေ့က ကိုနီမောင်ကို ရေခပ်ပေးကြတာ ဘယ်သူတွေလဲဟင်"

"ကျွန်တော်လည်း သူတို့ကို တစ်ခါမှ မတွေ့ဖူးပါဘူး၊ အဲဒီနေ့ကမှ တိုက်တိုက်ဆိုင်ဆိုင် တွေ့ကြတာပါ"

"ဒါထက် ပြန်ကာနီးတော့ မိန်းကလေးတစ်ယောက်က ကိုနီမောင်ကို ရေအိုးတစ်လုံး ပေးလိုက်တာ တွေ့မိသလားလို့"

"မြနဒီ ဘယ်လိုမြင်တာလဲဟင်"

"ကျွန်မလည်း အမှတ်တမဲ့ မြင်လိုက်တာပါ"

"ဟုတ်ပါတယ်. . . သူက ဘုရားကို လှူဖို့ ရေအိုးတစ်လုံး ပေးလိုက်တာပါ"

"အခု ပတ်ဝန်းကျင်က ပြောနေကြတယ်၊ ကိုနီမောင်တို့ သားအမိ အခုလို ရုတ်တရက်ကြီး ချမ်းသာသွားတာ အခု အိမ်မှာ ရောက်နေတဲ့လူကြီးက စောင့်ရှောက်ပေးတာလို့ ပြောနေကြတယ်"

"ဒါကတော့ မြနဒီရယ်၊ ပတ်ဝန်းကျင်ဆိုတာ အထင်နဲ့ ပြောကြတာဆိုတော့ ပြောကြပါစေ၊ အရေးကြီးတာက တစ်ဝ တလျှောက်မှာ အပြစ်ကင်းတဲ့အလုပ်တွေပဲ လုပ်မိဖို့ အရေးကြီးပါ


www.burmeseclassic.com

www.burmeseclassic.com



တယ်”

“မှန်ပါတယ်၊ ကဲ. . . အပြင်မှာ အတော်ကလေး မှောင်လာပြီ၊ ကျွန်မပြန်ဦးမယ်”

ဟု ပြောကာ နေရာမှ ထလေသည်။

“မြနဒီတစ်ယောက်ထဲ ပြန်ရမှာ စိတ်မချပါဘူး၊ ဆိုင်ရောက်အောင် ကျွန်တော်လိုက်ပို့ပေးပါ့မယ်၊ ဖြစ်တယ်မဟုတ်လား”

“သဘောပဲလေ. . .”

ဟု ပြောသဖြင့် နီမောင်က မြနဒီကို လိုက်ပို့ပေးသည်။ လမ်းတလျှောက်၌ တွေ့ကြသူအချို့က သူတို့နှစ်ယောက် တွဲလျှောက်လာသည်ကို မြင်သောအခါ အချို့က ပြုံးကြသည်။ အချို့က မသိမသာ မဲ့သွားကြသည်။ ရာဇူတိုင် ထမင်းဆိုင်ရှေ့ ရောက်သောအခါ ဒေါ်မိုးညိုက ဆိုင်ဝသို့ ထွက်လာသည်။

“မောင်နီမောင်တို့များ နေ့ချင်းညချင်း ကြီးပွားချမ်းသာသွားတာနဲ့ အဒေါ်တို့ဆိုင်ကိုများ မေ့သွားပြီလားလို့ကွယ်၊ ကဲ. . . ရောက်တုန်း ဆိုင်ထဲ ဝင်ပါဦး”

ဟု ခေါ်သဖြင့် ဆိုင်ထဲ ဝင်ထိုင်ရလေသည်။

“မင်းက စိတ်ရင်းစေတနာကောင်းတဲ့လူဆိုတော့ အခုလို ကြီးပွားချမ်းသာသွားတာကို ဝမ်းသာပါတယ်ကွယ်၊ ဒါထက် မင်းတို့အိမ်မှာ တည်းနေတဲ့ ဧည့်သည်ကြီးရော ပြန်သွားပြီလားဟင်”

“မပြန်သေးပါဘူး အဒေါ်. . . ရှိပါသေးတယ်”

“အေးကွယ်. . . မင်းဧည့်သည်ဆိုမှတော့ အဒေါ်တို့





ဧည့်သည်ပဲပေါ့၊ မပြန်ခင် ထမင်းလေးဘာလေး ကျွေးချင်လို့ပါကွယ်”

“ဟုတ်ကဲ့. . . ရပါတယ် အဒေါ်၊ အဘကို ကျွန်တော် ပြောလိုက်ပါ့မယ်”

ဟု ပြောကာ နှုတ်ဆက်ကာ ပြန်လာခဲ့လေသည်။ သူ အိမ်ပြန်ရောက်သည့်အချိန်အထိ ဦးဘိုးအောင်က အိမ်သို့ ပြန်မရောက်သေးသောကြောင့် ထိုအကြောင်းကိုတော့ မပြောဖြစ်တော့ပေ။

မိခင်ဖြစ်သူ ပြန်လာသောအခါ ပြောပြလိုက်တော့ ဒေါ်မင်းဖြူက ရိုးသားသူပီပီ. . .

“အော်. . . သူတို့လည်း ဧည့်ဝတ်ပြုချင်လို့ ထင်ပါရဲ့ကွယ်၊ ဦးဘိုးအောင် ပြန်လာတော့ အကျိုးအကြောင်း ပြောပြလိုက်ပေါ့”

ဟုသာ ပြောလေသည်။ ညဉ့်နက်ပိုင်း ရောက်သည်အထိ ဦးဘိုးအောင် ပြန်မရောက်လာသဖြင့် အိပ်ယာဝင်လေရာ အိပ်ပျော်သွားပြီး နောက်တစ်နေ့ မနက်ပိုင်းမှ နိုးလာလေသည်။

နီမောင် အိပ်ပျော်ရာမှ နိုး၍ထလာသောအခါ ထုံးစံအတိုင်း ဦးဘိုးအောင်ကို အိမ်ဦးခန်း၌ လက်ဖက်ရည်ကြမ်း ထိုင်သောက်နေသည်ကို တွေ့ရလေသည်။ ထို့ကြောင့် အနီးသို့ သွားကာ. . .

“ဒီကနေ့ အဘကို ထမင်းစား ဖိတ်မယ့်သူတွေ လာခေါ်လိမ့်မယ် အဘ”

ဟု အသိပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ငါသိပြီးပါပြီ"

ဟု ဦးဘိုးအောင်က တိုတိုတုတ်တုတ်ပင် အဖြေပေးသည်။

"အဘ သူတို့နဲ့ တွေ့ပြီးလို့လား"

"မတွေ့ရသေးပါဘူး. . . ခဏကြာရင် သူတို့ရောက်လာမှာပဲ၊ စေတနာရှိလို့ လာခေါ်ရင်လည်း လိုက်သွားရမှာပေါ့ကွာ"

ဟု အရေးမကြီးသလို ပြောနေစဉ် နံနက်စောစောမှာပင် ဦးဘထွားနှင့်ဒေါ်မိုးညိုတို့ ရောက်လာကြသည်။

နီမောင်က ခြံတံခါး ဖွင့်ပေးတော့ ဝင်လာကြသည်။ သူတို့သည် လက်ဖက်ရည်ကြမ်း သောက်နေသော ဦးဘိုးအောင်ကို မြင်သောအခါ အနီးသို့ သွားထိုင်ကြသည်။

"ဒီလိုပါရှင်. . . ကျွန်မတို့ အခုလာတဲ့ကိစ္စကတော့ တခြားမဟုတ်ပါဘူး၊ ဟောဒီက မောင်နီမောင်နဲ့က နှစ်အိမ်တစ်အိမ်သားချင်းတွေလို နေကြတဲ့သူတွေပါရှင်၊ ဒါကြောင့် ဆရာကြီးကို လာပြီးခေါ်တာပါ၊ မောင်နီမောင်ရဲ့ဧည့်သည်ကလည်း ကျွန်မတို့ရဲ့ဧည့်သည်ဆိုတော့ ကျွန်မတို့ဆိုင်မှာလည်း လွတ်လွတ်လပ်လပ် နေနိုင်ပါတယ်၊ အစားအသောက်ဆိုရင်လည်း ဝန်မလေးရအောင် ပြုစုကျွေးမွေးပါ့မယ်၊ ဒီအတွက် လာခေါ်တာပါရှင်"

ဟု ဒေါ်မိုးညိုက ခရီးရောက်မဆိုက် ရေပက်မဝင်အောင် ပြောပြနေသည်။

ဦးဘထွားကတော့ အနားမှာ ထိုင်နေရင်း ဘာမှဝင်မပြောပေ။





"ကျုပ်ကို လာခေါ်တာလား"

ဟု ဦးဘိုးအောင်က သောက်လက်စ လက်ဖက်ရည်ပန်းကန်ကို ပြန်ချကာ မေးသည်။

"ဟုတ်ပါတယ်ရှင်. . . မှန်ပါတယ်၊ ကျွန်မတို့ရဲ့ဆိုင်ကို တစ်လှည့်လိုက်ပြီးနေပေးဖို့အတွက် လာခေါ်တာပါ"

"ကျုပ်လိုက်နေလို့ ဖြစ်မယ်မထင်ဘူး၊ ကျုပ်က စားချင်တဲ့အချိန် စားပြီး အိပ်ချင်တဲ့အချိန် အိပ်တာဗျ"

"ဒါမျှား ဆရာကြီးရယ်၊ ကျွန်မတို့ဆိုင်ကို ကိုယ့်ဆိုင်လို သဘောထားပြီး နေပါရှင်. . . ခွင့်ပြုပါတယ်"


"ဧည့်သည်ဆိုတာ အိမ်ရှင်ကနေ ဧည့်ဝတ်ပြုရင် လိုက်လျောပေးရပါတယ်၊ ခင်ဗျားရဲ့စကား တည်မယ်ဆိုရင် ကျုပ်လိုက်ခဲ့ပါ့မယ်"

ဟု ပြောကာ နေရာမှ ထရပ်လေသည်။

ထိုအခါ ဦးဘထွားနှင့်ဒေါ်မိုးညိုတို့လည်း များစွာ ဝမ်းမြောက်ဝမ်းသာဖြစ်ကာ နေရာမှ ထကြလေသည်။ ထို့နောက် ဦးဘိုးအောင်က နောက်ထပ် ဘာစကားတစ်ခွန်းမှ မပြောတော့ဘဲ ရှေ့မှ ဆင်းသွားလေရာ နောက်မှ ခပ်သုတ်သုတ် လိုက်သွားကြရလေသည်။ နီမောင်စိတ်ထဲမှာတော့ အဆင်ပြေမှပြေပါ့မလားဟု မသိမသာ စိုးရိမ်နေမိလေသည်။


www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၃)

# တရားခံဘဝသို့ ရောက်သွားလေခြင်း

ရာဇူတိုင် ထမင်းဆိုင်သို့ ရောက်သောအခါ ဦးဘိုးအောင် ဆိုင်ပေါက်ဝ၌ ချထားသော စားပွဲရှိ ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်လေရာ နောက်မှ လိုက်လာသော ဦးဘထွားနှင့် ဒေါ်မိုးညို တို့က ဆိုင်အတွင်းသို့ အေးအေးဆေးဆေး ဝင်ထိုင်ရန် ပြောသော်လည်း မရတော့ပေ။

သို့ကြောင့် ကော်ဖီနှင့် မုန့်များကို မှာယူကာ နံနက်စာ ကျွေးမွေးကြသည်။

ဦးဘိုးအောင်မှာ ကော်ဖီနှင့်မုန့်များကို စားသောက်ပြီး

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



သောအခါ ဘယ်သူ့ကိုမှ စကားမပြောပဲ ထိုနေရာမှာပဲ ဆက်ထိုင်ကာ လည်ပင်း၌ ဆွဲထားသော ပုတီးကို ဖြုတ်၍ စိပ်နေလေသည်။ ပါးစပ်မှလည်း တတွတ်တွတ်နှင့် ရွတ်ဆိုနေသည်။

နေ့လည်ထမင်းစားချိန် ရောက်သောအခါ ထမင်းနှင့် ဟင်းပွဲများကို ထိုစားပွဲပေါ်သို့ သွားရောက်ပို့ပေးရသည်။

ဒေါ်မိုးညိုကတော့ သူ့ဆိုင်မှ ချက်သောဟင်းများကို အမယ်စုံအောင် ထည့်ကာ သူကိုယ်တိုင် သွားရောက်ဧည့်ခံလေသည်။

"စားပါ ဆရာကြီး၊ ဒါ ကျွန်မတို့ဆိုင်က ချက်တဲ့ထမင်းဟင်းတွေပါပဲ"

ဟု ပြောကာ အနီးမှ ယပ်တော်င်တစ်ချောင်း ကိုင်ကာ ယပ်ခပ်ပေးလေသည်။

ထိုအချိန်တွင် နေ့လည်ဘက် ထမင်းစားချိန် ရောက်ပြီမို့ အခြားဧည့်သည်များ ဝင်လာသော်လည်း ဒေါ်မိုးညိုက ဧည့်မခံတော့ပဲ ဦးဘထွားနှင့် မြနဒီတို့ကသာ လိုက်လံဧည့်ခံရလေသည်။

"သုံးဆောင်ပါ ဆရာကြီးရယ်၊ ကျွန်မတို့မိသားစုတွေက မရှိဆင်းရဲလို့ ထမင်းဟင်း ရောင်းစားနေရပေမယ့် စေတနာတော့ ရှိကြပါတယ်၊ ကျွန်မတို့ကိုလည်း ကြီးပွားချမ်းသာမယ့် နည်းလမ်းကလေးများ ရှိရင် ကူညီပေးခဲ့ပါရှင်"

ဟု အနားမှ ထိုင်ကာ တဖွဖွ ပြောဆိုနေလေသည်။

ထိုအခါ ဦးဘိုးအောင်က ထမင်းစားနေရင်းမှ. . .

"ကုသိုလ်ကံ ရှိရင်တော့ ရမှာပေါ့"





ဟုသာ တိုတိုတုတ်တုတ် ပြန်ပြောလေသည်။ ဦးဘိုးအောင်သည် ထမင်းစားပြီးသောအခါ ဗိုက်လေးသွားဟန်ဖြင့် သူထိုင်နေသောစားပွဲမှ ကုလားထိုင် နှစ်လုံးသုံးလုံးကို ဆက်၍ ထိုနေရာမှာပင် တခေါခေါနှင့် အိပ်လေတော့သည်။

ဆိုင်ပေါက်ဝ၌ အိပ်နေသောကြောင့် အတွင်း၌ ဝင်အိပ်ရန် ပြောသော်လည်း မရတော့ပေ။

နေ့လည်ဘက် ထမင်းစားသောက်ချိန်မို့ ထမင်းစားသောက်ရန် ဝင်မည့်သူများက ဆိုင်ပေါက်ဝစားပွဲ၌ လူကြီးတစ်ယောက် ကုလားထိုင်ပေါ်၌ အိပ်ပျော်နေသည်ကို မြင်သောအခါ အရက်မူးသမားတစ်ယောက် အိပ်နေသည်ဟု အထင်ရှိကာ အခြားဆိုင်များသို့ သွားရောက်စားသောက်ကြလေသည်။

သို့ကြောင့် တစ်နေ့လုံး ထမင်းဟင်း မရောင်းရတော့ပေ။

ကုလားထိုင်များပေါ်တွင် တစ်နေကုန် တခေါခေါနှင့် အိပ်နေသော ဦးဘိုးအောင်သည် ညနေပိုင်း နေစောင်းသောအခါမှ ထကာ ဘုရားပေါ်သို့ တက်သွားလေတော့သည်။

"ကိုင်း. . . ဘယ့်နှယ်ရှိစ၊ သူ့ဖာသာ နေတာကို တကူးကက သွားခေါ်လာတော့ အခုလိုဖြစ်တော့ ကောင်းသေးရဲ့လား၊ ဆိုင်ဝမှာ ပိတ်ပြီးအိပ်နေတော့ တစ်နေ့လုံး တစ်ယောက်မှ မရောင်းရတော့ဘူး"

ဟု ဦးဘထွားက လေသံကျယ်ကျယ်နှင့် ပြောလေသည်။

"အို. . . တော်ကလည်း အသံတိုးတိုးပြောစမ်းပါ၊ ခတ်ကြာ ဆိုင်နီးပါးချင်းတွေ ကြားကုန်ပါဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com

"ကြားတာ မကြားတာ အသာထား၊ အခုချက်ထားတဲ့ ထမင်းဟင်းတွေက အလကားဖြစ်ပြီး သွန်ပစ်ရတော့မယ်၊ ဘယ်လိုလုပ်ကြမလဲ"

"ဒါတွေက အရေးမကြီးပါဘူးတော်၊ အားလုံး သွန်ပစ်ရ တော့လဲ ဘာအရေးလဲ၊ အချိန်တန်တော့ မ,မှာပေါ့"

"ဘယ်သူက မ,မှာလဲ၊ ဆိုင်ပေါက်ဝမှာ တစ်နေကုန် လာ အိပ်နေတဲ့လူက မ,မတဲ့လား၊ မင်းကြောင့်တော့ ခက်ပါသေးတယ်"

"ကိုဘထွား . . . ရှင်ဟာလေ ဘယ်အရာမဆို မျက်စိ တဆုံး ကြည့်တတ်ဖို့ လိုတယ်နော်၊ များများလိုချင်ရင် နည်းနည်း တော့ ရင်းရမှာပဲ၊ ရှင်နားမလည်ရင် အသာနေ"

ဟု ပြောသဖြင့် ဦးဘထွားမှာ ထွေထွေထူးထူး ဆက် မပြောတော့ပေ၊ မြနဒီကတော့ မျက်စိမျက်နှာပျက်ကာ ရင် တထိတ်ထိတ် ရှိနေလေသည်။

ထိုနေ့ညက ဦးဘိုးအောင်တစ်ယောက် ပြန်မလာတော့ဝဲ နောက်တစ်နေ့ မနက်စောစောမှ ပြန်ရောက်လာသည်။ ထိုအခါ ဆိုင်ပေါက်ဝ စားပွဲမှာပင် မနေ့က ထိုင်သည့်အတိုင်း ဝင်ထိုင်နေ ပြန်ရာ ဒေါ်မိုးညိုက လက်ဖက်ရည်နှင့်မုန့်များကို မှာယူကာ ကျွေးမွေးဧည့်ခံပြန်လေသည်။

"သုံးဆောင်ပါ ဆရာကြီး၊ ညက ဘယ်များ သွားနေတာပါ လဲ"

"ဘုရားပေါ် တက်ပြီး ပုတီးစိပ်နေတာပါ"

"ကော်ဖီလည်း သောက်ပါဦး၊ မုန့်လည်း သုံးဆောင်ပါဦး"





ဟို . . ဟို . . ကျွန်မတို့အတွက်လည်း ကြည့်ရှုစောင်မပေးပါဦးနော်"

"ကုသိုလ်ကံရှိရင်တော့ ရမှာပေါ့"

ဟု ပြောဆိုကာ ကော်ဖီနှင့်မုန့်များကို စားသောက်ပြီး ထိုနေရာမှာပင် ထိုင်မြဲဆက်ထိုင်နေလေ၏။

ထမင်းစားချိန် ရောက်သောအခါ ထမင်းဟင်းများဖြင့် လာရောက်ကျွေးမွေးရာ အားရပါးရ စားလေသည်။

စားသောက်ပြီး၍ ကုလားထိုင်သုံးလုံးကို ဆက်၍ အိပ်ရန် ပြင်သည်ကို မြင်သဖြင့် အတွင်းဝင်အိပ်ရန် ပြောသော်လည်း မရတော့ဘဲ ထိုနေရာမှာပဲ လှဲအိပ်ကာ တခေါခေါနှင့် အိပ်ပျော် သွားပြန်လေသည်။ ထုံးစံအတိုင်း ညနေစောင်းသောအခါ အိပ် ယာမှ ထကာ ဘုရားကုန်းတော်ပေါ်သို့ တက်သွားပြန်လေသည်။

တစ်နေကုန် ထမင်းဟင်းများ မရောင်းရပြန်ချေ။

"ကိုင်း . . . မမိုးညို၊ မင်းဟာ တဆိတ်မလွန်ဘူးလား၊ ဘာမဟုတ်တဲ့လူကို သွားခေါ်လာတာ အခု စားသောက်ပြီး ဆိုင် ပေါက်ဝမှာချည်း အိပ်နေတာ နှစ်ရက်ရှိပြီ၊ ဆိုင်မှာ ထမင်းဟင်း မရောင်းရတာလဲ နှစ်ရက်ရှိပြီ . . . ဘယ်လိုလုပ်ကြမလဲ"

"ကိုဘထွားရယ် . . တော့်အသံကြီးကလည်း ကျယ်လိုက် တာတော်၊ တိုးတိုးသက်သာ ပြောစမ်းပါ"

"တိုးတိုးမပြောနိုင်ဘူးဟေ့ . . . လုပ်ပုံက မဟုတ်တော့ ခပြောကိုပြောမှာပဲ၊ မင်း ဒီအတိုင်းသာ လုပ်နေရင် ဆိုင်ပါ အပြီး ပြုတ်ပြီး တောကို ပြန်ပြေးရမယ့်ပုံမျိုး ရောက်တော့မယ်"

"အချိန်တန်တော့ မ,မှာပေါ့တော်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောကာ ဟင်းကျန်ထမင်းကျန်များကို သွန်ပစ်ကြရပြန်လေသည်။ မြနနီမှာလည်း ဘာလုပ်ရမှန်း မသိအောင် ဖြစ်နေသဖြင့် နီမောင်ရှိရာသို့ သွားလေသည်။

"ဟင်. . . မြနနီပါလား၊ မျက်စိမျက်နှာ မကောင်းပဲနဲ့ ဘာဖြစ်လာတာလဲဟင်"

မြနနီက မျက်ရည်လေး အဝိုင်းသားနှင့် အကြောင်းစုံပြောပြလိုက်သည်။ အကြောင်းစုံ သိရသောအခါ နီမောင်က သဘောကျစွာ ပြုံးလိုက်သည်။

"ဆိုင်က တစ်နေ့ကို ဘယ်လောက်ဖိုးလောက် ရောင်းရသလဲဟင်"

"လေးငါးဆယ်ဖိုးတော့ ရောင်းရပါတယ်"

"နှစ်ရက်ရှိပြီဆိုတော့ ငွေတစ်ရာဖိုးလောက် အလကားဖြစ်သွားတာပေါ့၊ ကျွန်တော့်ဇည့်သည်အတွက်ကြောင့် ဖြစ်ရတာ ကျွန်တော်ကပဲ အလျော်ပေးပါ့မယ်"

"အို. . . ဒီလိုလည်း မဟုတ်သေးပါဘူး၊ ကျွန်မတာ အလျော်လိုချင်လို့ အခုလို လာပြောတာ မဟုတ်ပါဘူး၊ ဘယ်လိုလုပ်ရမှန်း မသိလို့ အကြံဉာဏ်လေးများ ရမလားလို့ လာခဲ့တာပါ"

နီမောင်က အတန်ကြာအောင် စဉ်းစားနေပြီးမှ. . .

"အဘက လူတစ်မျိုးပဲ၊ သူက နေချင်သလို နေတာဆိုတော့ မြနနီတို့ကို အနှောင့်အယှက်ပေးရာ ကျနေမှာအမှန်ပဲ ဒါပေမယ့် စိတ်မပူပါနဲ့၊ သူမနေချင်တော့ရင် ဘယ်သူတားလို့မှ မရပါဘူး၊ သူ့ဖာသာ ထွက်သွားပါလိမ့်မယ်"





ဟု ပြောပြသည်။

ထိုအခါမှ မြနနီမှာ အတန်အသင့် စိတ်သက်သာရာရသွားလေသည်။

"ကျွန်မတော့ ဘယ်လိုလုပ်ရမှန်း မသိတော့တာနဲ့ တခြားလူလည်း တိုင်ပင်စရာ မရှိတော့တာနဲ့ ဒီကိုလာခဲ့တာပဲ"

"ကျွန်တော့်ကို အခုလို သတိရပေးတာ ကျေးဇူးတင်ပါတယ်၊ ဒီစကားကြားရတာနဲ့တင် စိတ်ထဲမှာ ဝမ်းသာသွားမိပါတယ်၊ ကျန်တာတွေကို ဘာမှမတွေးပါနဲ့၊ ကျွန်တော် အကူအညီပေးပါ့မယ်၊ ကျွန်တော် အကူအညီပေးလို့မရတာ တစ်ခုပဲ ရှိပါတယ်"

"ဘာများလဲဟင်"

"မြနနီဆီက မေတ္တာအဖြေရဖို့ပါပဲ၊ အဲဒါကတော့ ကျွန်တော် ဘာမှမတတ်နိုင်ပါဘူး၊ မြနနီကိုယ်တိုင် ဆုံးဖြတ်ရမှာဆိုတော့. . ."

"အို. . . ဒါကတော့ အချိန်တန်ရင် ကိုနီမောင် လိုချင်တဲ့အဖြေကို ရပါစေ့မယ်လို့ ကတိပေးထားပြီးသားပဲ"

"မြနနီဆီက အဖြေကို ကျွန်တော်က အခုပဲ ကြားချင်လှပြီ၊ ဘယ်လိုအဖြေမျိုး ပေးမှာလဲဟင်"

ထိုအခါ မြနနီက ချစ်စဖွယ် မျက်စောင်းကလေးတစ်ချက် ထိုးလိုက်ရင်း. . .

"ကိုနီမောင်က ရိုးမလိုလိုနဲ့ အတော်အ,တာပဲ၊ ကျွန်မရဲ့ စကားထဲမှာ ကိုနီမောင် လိုချင်တဲ့အဖြေက တစ်ခါတည်း ပါနေပြီ



www.burmeseclassic.com

www.burmeseclassic.com



လေ၊ ဒီလောက်တောင်မှ မစဉ်းစားမိတော့ဘူးလား”

ဟု ပြောလိုက်သည်။ ထိုစကားကြားသောအခါ နီမောင်မှာ ကတုန်ကယင် ဖြစ်လာပြီး ဝမ်းသာအားရ အမူအယာဖြင့်. .

“ဒါ. . ဒါဖြင့် မြနန္ဒီ ကျွန်တော်ရဲ့မေတ္တာကို လက်ခံပြီပေါ့နော်”

ဟု ဗလုံးဗထွေး မေးလိုက်သည်။

“ကိုနီမောင်ကလည်း ဆင်ကောင်ကြီး တွေ့နေတာတောင် ခြေရာရှာချင်သေးလို့လား၊ အစကတည်းက ကိုနီမောင်မေတ္တာကို လက်မခံချင်ရင် ဒီလိုတောင် မကြာခဏ လာနေပါ့မလား”

“အော်. . . ဟုတ်သားပဲ၊ ကျွန်တော်က မြနန္ဒီဆီကို လာရမှာပဲ”

“အခုကတည်းက ကျွန်မအပေါ်မှာ အလုပ်ကိစ္စတွေလောက် အလေးမထားချင်တဲ့သဘောလား”

“မဟုတ်ရပါဘူးဗျာ. . . မဟုတ်ရပါဘူး၊ ဟို. . ဟို. . မြနန္ဒီဆီကို လာရမှာ ကြောက်. . ကြောက်နေလို့ပါ”

“ကိုနီမောင်ရယ်. . . မိန်းကလေးဖြစ်တဲ့ ကျွန်မကြောက်ဖို့အတွက်လည်း ချန်ထားပါဦး၊ ဒီလိုသာ ကြောက်နေရင် ကျွန်မကပဲ ရှင့်ဆီကို လာရမလို ဖြစ်နေပြီ”

“ဒီ. . ဒီလိုပါ. . . ကျွန်တော်ကြောက်တာက တခြားမဟုတ်ပါဘူး၊ မြနန္ဒီဆီက ဘယ်လိုအဖြေမျိုး ရမလဲဆိုတာ တွေးပြီး ကြောက်နေတာပါ. . . တခြားမဟုတ်ပါဘူး”

“ဒါဖြင့် အခု ကျွန်မဆီက အဖြေသိရပြီဆိုတော့. . .





“အခုလို ပွင့်ပွင့်လင်းလင်း သိလိုက်ရတော့ မကြောက်တော့ဘူး၊ ဝမ်းသာတာပဲ ရှိတော့တယ်၊ တကယ်ပါပဲ. . . ကျွန်တော့်ဘဝတစ်သက်မှာ မြနန္ဒီရဲ့မေတ္တာကို ဘယ်နည်းနဲ့မှ မရနိုင်တော့ဘူးလို့ ထင်နေမိတာ၊ အခုမှပဲ စိတ်အေးရတော့တယ်၊ ဒီလို အဖြေသိရပြီဆိုတော့ လက်ထပ်ဖို့ကိစ္စကိုရော စီစဉ်လိုက်ရတော့မလား”

“အို. . . ဖြေးဖြေးပေါ့၊ တစ်ယောက်သဘောတစ်ယောက် သိရပြီပဲ၊ လက်ထပ်ဖို့ကိစ္စကိုတော့ ဖြေးဖြေးမှပဲ စီစဉ်ကြတာပေါ့၊ မကောင်းဘူးလား”

“ဒါကတော့ မြနန္ဒီသဘောပါပဲ၊ တော်ကြာ ကိုယ့်ထက် လက်ဦးတဲ့လူ ပေါ်သွားမှာစိုးလို့ပါ”

“ဒါ ကျွန်မရဲ့မေတ္တာကို အထင်သေးတာပေါ့လေ၊ ကျွန်မဘဝတစ်သက်တာမှာ ဘယ်သူ့ကိုမှလည်း စိတ်မဝင်စားခဲ့ဘူး၊ ဘယ်သူ့မေတ္တာကိုမှလည်း လက်မခံခဲ့သေးဘူး၊ သူ့ကျ လိုက်လျှော့မိတာနဲ့ ဒီလိုစကားမျိုး ပြောတာပေါ့လေ”

မြနန္ဒီက မျက်နှာထားတည်တည်နှင့် ပြောတော့လည်း နီမောင်ခမျာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားတော့သည်။

“တောင်းပန်ပါတယ် မြနန္ဒီရယ်၊ ကျွန်တော်က ဒီသဘောမျိုးနဲ့ ပြောတာမဟုတ်ပါဘူး၊ လက်ထပ်တဲ့ကိစ္စကို မြနန္ဒီသဘောအတိုင်းသာ ဆုံးဖြတ်ပါ၊ ကျွန်တော့်ဘက်ကတော့ အခုလို ကျွန်တော့်ရဲ့မေတ္တာကို လက်ခံတာကိုပဲ ကျေနပ်လှပါပြီ”

ဟု ပြောဆိုလေရာ မြနန္ဒီလည်း ပြုံးသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့ ရောက်သောအခါ နံနက်ပိုင်းမှာတင် ဦးဘိုးအောင် ရောက်လာပြီး ထိုင်နေကျနေရာ၌ ထိုင်နေလေသည်။ ထိုအခါ ဒေါ်မိုးညိုက သူကိုယ်တိုင်ပင် မသွားတော့ပဲ ဆိုင်မှ အလုပ်သမားတစ်ယောက်ကို လက်ဖက်ရည်နှင့်မုန့် အပို့ခိုင်းလေရာ ခါတိုင်းလိုပင် စားသောက်လေ၏။

ထို့အတူ ထမင်းစားချိန် ရောက်သောအခါမှာလည်း ထမင်းဟင်းများကို အလုပ်သမားတစ်ယောက်နှင့် ပို့ခိုင်းရာ စားသောက်ပြီးလျှင် ကုလားထိုင်သုံးလုံးကို ဆက်၍ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပြန်လေသည်။

"တစ်ညလုံး ဘယ်နေရာ သွားပြီး ဘာတွေလုပ်နေမှန်း မသိဘူး၊ မနက်လင်းတာနဲ့ ဆိုင်ဝလာပြီး အသေကောင်လို အိပ်နေတော့တာပဲ၊ လာဘ်ရမလားလို့ ခေါ်ခဲ့မိတယ်၊ အခုတော့ လာဘ်မရတဲ့အပြင် ဆိုင်ပါ လာဘ်ပိတ်နေတော့တယ်"

ဒေါ်မိုးညိုက ပြောင်းဖူးဖက် ဆေးပေါ့လိပ်ကို မီးတရဲရဲနှင့် ဖွာရင်း မကြားတကြား ပြောနေသော်လည်း ဦးဘိုးအောင်ကတော့ ကြားဟန်မတူတော့ပဲ တခေါခေါနှင့်ပင် ဟောက်ကာ အိပ်ပျော်နေလေတော့သည်။

ထိုအခါ ဦးဘထွားက အနားသို့ ရောက်လာသည်။

"ဒါကတော့ မင်းစခဲ့တဲ့ဇာတ်ပဲ၊ ဘယ်လိုအဆုံးသတ်မလဲ ဆိုတာသာ စဉ်းစားပေတော့"

"ကိုယ်က သွားခေါ်ပြီးတော့ ချက်ချင်းကြီး နှင်ထုတ်လို့ကောလဲ မသင့်သေးဘူး၊ တော်ကြာ ပတ်ဝန်းကျင်က ကဲ့ရဲ့ကြလိမ့်မယ်"





"ဒီအတိုင်းဆိုရင်တော့ ငါတို့ဆိုင် အရင်းပြုတ်ပြီး ပိတ်ရဖို့ သေချာနေပြီ၊ တစ်ခုခုတော့ လုပ်မှဖြစ်မယ်"

"စိတ်မပူပါနဲ့ ကိုဘထွားရယ်. . . ကျုပ်စီစဉ်ပါ့မယ်"

ဟု ပြောဆိုကာ တဘက်တစ်ထည်ကို ခေါင်းပေါ် တင်၍ ဗဟန်းဂါတ်တဲ ရှိရာဘက်သို့ ထွက်လာလေသည်။

ဗဟန်းဂါတ်တဲမှာ မဝေးလှပေ။

ရေခဲဆိုင်ကျော်ကျော်နေရာမှာ ရှိသဖြင့် လမ်းလျှောက်သွားရုံနှင့် ရောက်သွားလေသည်။ စခန်းသို့ ရောက်သောအခါ ဌာနအုပ်မင်းခိုင်နှင့် တွေ့ရန် ခွင့်တောင်းပြီး ရုံးခန်းထဲသို့ ရောက်သောအခါ အဖြစ်အပျက်များကို ပြောဆိုတိုင်ကြားလေသည်။

"အဒေါ်တို့ကို အကူအညီပေးပါဦး မောင်မင်းခိုင်ရယ်၊ ဒီကိစ္စက မင်းကယ်မှပဲ ရတော့မှာပဲ၊ သူလုပ်နေပုံနဲ့ဆိုရင် ကြာရင် အဒေါ်တို့ အရင်းပြုတ်ပြီး ဆိုင်ပါ ပိတ်ရတော့မယ့်ကိန်း ဆိုက်နေတယ်၊ မင်းနှမလည်း အတော့်ကို စိတ်ညစ်နေရှာပြီ"

"ဒီလူကြီးက စိတ်ရော နှံ့ရဲ့လား၊ သူ့ကြည့်ရတာ စိတ်မှန်ပုံမရဘူး"

"မသိပါဘူးကွယ်. . . အဒေါ်တို့လည်း လူကောင်းမှတ်လို့ ခေါ်မိတာပါ၊ အခုမှပဲ. . ."

"ဒါထက် အရင်က ရေထမ်းတဲ့ နီမောင်ဆိုလားဘာလား သူ့အိမ်မှာ တည်းနေတာ မဟုတ်လား"

"ဟုတ်တယ်. . . ဟုတ်တယ်၊ အခု ရေထမ်းတဲ့ နီမောင်က အရင်လို မဟုတ်တော့ဘူး၊ သူဌေးကလေး နီမောင်ဖြစ်သွားပြီ


www.burmeseclassic.com

www.burmeseclassic.com

ကွယ့်"

"ရေထမ်းတဲ့သူက နေ့ချင်းညချင်း ဘယ်လိုကြောင့် ကြီးပွားချမ်းသာသွားတာလဲ"

"အဒေါ်တို့လည်း မသိပါဘူးကွယ်၊ ပတ်ဝန်းကျင်က ပြောနေသံ ကြားရတာကတော့ အဲဒီလူကြီးက ရွှေဖြစ်အောင် လုပ်ဆေးနေတယ်ဆိုလားပဲ၊ ရိုးမှရိုးရဲ့လား မသိပါဘူး"

"အင်းလေ. . . အဒေါ်တို့စီးပွားရေး ထိခိုက်အောင် အခုလို အနှောင့်အယှက် ပေးနေတော့ ပိုင်နက်ကျူးလွန်မှုနဲ့ ဖမ်းပြီး သူ့ကို အချုပ်ထဲ ထည့်ထားလိုက်ပါ့မယ်"

ဟု ပြောကာ ဆားပုလင်းမောင်ကြီးနှင့် ပုလိပ်နှစ်ယောက်ကို ဦးဘိုးအောင်အား တခါတည်း ဖမ်းခေါ်လာခဲ့ရန် အမိန့်ပေးပြီး ဒေါ်မိုးညိုနှင့် တပါတည်း ထည့်လိုက်လေသည်။

ဆိုင်သို့ ပြန်ရောက်သောအခါ ဦးဘိုးအောင်မှာ ဆိုင်ဝမှ ကုလားထိုင်သုံးလုံးပေါ်တွင် ခန့်ခန့်ကြီး အိပ်ပျော်နေသဖြင့် နှိုးလိုက်လေသည်။ ထိုအခါ အိပ်ရာမှ နိုးလာကာ ထထိုင်သည်။

"ခင်ဗျား ဒီနေရာမှာ ဘာလုပ်နေတာလဲ"

ဆားပုလင်းမောင်ကြီးက လေသံမာမာနှင့် မေးလိုက်သည်။

"အိပ်နေတာလေ. . ."

"အိပ်နေတာကိုတော့ မြင်တာပေါ့ဗျ၊ သူများဈေးရောင်းနေတဲ့ ဆိုင်ရှေ့မှာ ဒီလိုအိပ်နေလို့ ဖြစ်မတဲ့လား"

"ဆိုင်ရှင်တွေက ခွင့်ပြုလို့ နေတာပဲ. . . ဘာအပြစ်ရှိလို့လဲ"

"အခု ဆိုင်ပိုင်ရှင်တွေက ခင်ဗျားကို သဘောမကျလို့ ဂါတ်ကို လာတိုင်ကြတယ်၊ ဒီတော့ ဂါတ်ကို လိုက်ခဲ့ပါ"

"ဆိုင်ရှင်တွေက လာပါဆိုလို့ လာတယ်၊ သူတို့ဆိုင်မှာ ကြိုက်သလို နေပါဆိုလို့ ငါနေချင်သလို နေတာပဲ၊ အဲဒါကို သဘောမကျလို့ ဂါတ်ကို လာတိုင်သတဲ့လား"

"ဟုတ်တယ်"


"အပြောင်းအလဲက မြန်လှချည်လား၊ လာပါဆိုတော့လည်း သူတို့ပဲ၊ ဖမ်းပါဆိုတော့လည်း သူတို့ပဲ၊ အမျိုးမျိုးပါပဲလား ကွာ၊ အင်း. . . ဒီလိုသာ စိတ်ထားမမှန်ရင်တော့ ဆင်းရဲဒုက္ခ တွေ့ကြရဦးမယ်"

ဟု ရေရွတ်ပြောဆိုရင်း ဆားပုလင်းမောင်ကြီးတို့ ခေါ်ရာနောက်သို့ လိုက်သွားလေတော့သည်။ ထိုအဖြစ်အပျက်ကို အနီးပတ်ဝန်းကျင်ရှိ ဆိုင်များမှ ထွက်ကြည့်ကာ အမျိုးမျိုး ဝေဖန်ပြောဆိုနေကြလေသည်။




www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၄)

# ဦးဘိုးအောင်နှင့် ကိုယ်ပွားဝိဇ္ဇာဥ

ထိုအဖြစ်အပျက်များကို မြင်သောအခါ မြနန္ဒီမှာ တရှုံ့ရှုံ့ ငိုကြွေးကာ မိခင်ဖြစ်သူအား အပြစ်ပြောလေသည်။

"ခေါ်တုန်းကလည်း အမေကိုယ်တိုင်ပဲ သွားခေါ်လာတာပဲ၊ ဆိုင်ရောက်လို့ ကိုယ်မနှစ်သက်ရင်လည်း အကျိုးအကြောင်း ပြောပြီး ပြန်ပို့လိုက်တာ မဟုတ်ဘူး၊ အခုတော့ လူကြားလို့မှ မကောင်းဘူး၊ ပုလိပ်ခေါ်ပြီး အဖမ်းခိုင်းရတယ်လို့၊ နောက်ပြီး နှိမောင်သာ ဒီအကြောင်းကို သိသွားရင် သူ့ဇည့်သည်ကို ဒီလိုလုပ် ရပ့ါမလားဆိုပြီး မျက်နှာပျက်ရတော့မယ်"

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



"မျက်နှာပျက်တာက အသာထားဦး၊ အရေးကြီးတာက အခုလို ကိုယ့်ဆိုင်ရှင်းသွားဖို့ပဲ၊ နီမောင် လာမေးတော့လည်း မသက်ာလို့ ပုလိပ်က လာဖမ်းသွားတယ်လို့သာ ပြောလိုက်ပေါ့ အေ"

ဟု ဒေါ်မိုးညိုကတော့ ပြီးပြီးပျောက်ပျောက် ပြောဆိုကာ ဆိုင်အခင်းအကျင်းများကို ပြန်လည်ပြင်ဆင်နေလေသည်။ ထို အချိန်မှာပင် နီမောင် ရောက်လာလေသည်။

"အဒေါ် . . . အဘကို ပုလိပ်တွေ လာဖမ်းသွားတယ်ဆို"

"ဟုတ်တယ် ငါ့တူရယ်၊ အဒေါ်လည်း စိတ်မကောင်းပါ ဘူး၊ အတန်တန် တားတဲ့ကြားထဲက သူ့မှာ ဘာအပြစ်ရှိလို့လဲ မပြောတတ်ပါဘူး၊ တစ်ခါတည်း ခေါ်သွားကြလေရဲ့ကွယ်၊ အဒေါ် လည်း စိတ်ထဲမှာ အတော်ကို မကောင်းဖြစ်နေရတယ်"

ဟု မျက်နှာခပ်ညှိုးညှိုးဖြင့် ပြောပြလေသဖြင့် နီမောင် လည်း ဘာမှဆက်မပြောတော့ပဲ ဗဟန်းဂါတ်တဲသို့ လိုက်သွားလေ သည်။ ဂါတ်တဲသို့ ရောက်သောအခါ ဌာနအုပ်မင်းခိုင်ကို တွေ့ခွင့် တောင်းကာ အကျိုးအကြောင်း မေးရလေသည်။

"နေ့လည်ပိုင်းက ဖမ်းခေါ်လာတဲ့ ဦးဘိုးအောင်ဆိုတာ ကျွန်တော့်အိမ်မှာ တည်းနေတဲ့ဧည့်သည်ပါ၊ သူ့မှာ ဘာအပြစ်ရှိလို့ လဲ ဆရာ"

မင်းခိုင်က နီမောင်ကို အကဲခတ်သလို တစ်ချက်ကြည့် သည်။

"ရေထမ်းရောင်းတဲ့ နီမောင်ဆိုတာ မင်းလား"





"ဟုတ်ပါတယ်"

"အခု မင်းက ချမ်းသာသွားပြီလို့ သတင်းကြားတယ်၊ ထီပေါက်တာတော့ မဟုတ်ပါဘူးနော်"

"မဟုတ်ပါဘူး"

"ဒါဖြင့် ဒီလောက်များတဲ့ငွေတွေ ဘယ်က ရတယ်ဆိုတာ ကို ပြောပြစမ်းပါဦးကွ"

"ရွှေရောင်းလို့ ရတာပါ"

နီမောင်က အမှန်အတိုင်း ပြောပြလိုက်သည်။

"ရွှေ . ဘယ်ကရွှေလဲကွ၊ ဘုရားက ရွှေတွေ ခွာရောင်း နေတာများလား"

"မဟုတ်ပါဘူး . . အဘဦးဘိုးအောင်က ရွှေဖြစ်အောင် လုပ်တတ်ပါတယ်၊ သူလုပ်ပေးတဲ့ရွှေတွေကို ရောင်းပြီး ရတဲ့ငွေတွေ ကို တဝက်ကို ဘုရားမှာ ရွှေသင်္ကန်းကပ်ဖို့ လှူပြီး ကျန်တဝက်ကို သုံးတာပါ"

"ဘုရားမှာ ဘယ်လောက်လှူပြီးပြီလဲ"

"တစ်သိန်းကျော်ဖိုး လှူပြီးပါပြီ"

"ဟင် . . တစ်သိန်းကျော်ဖိုးတောင် ရှိပြီလား၊ မနည်း တော့ပါလား၊ ဒါထက် မေးပါရစေဦး၊ ဒီအဖိုးကြီးက ရွှေဖြစ်အောင် ဘယ်လိုလုပ်တတ်သလား"

"လုပ်နိုင်ပါတယ်"

ထိုစကားကြားသောအခါ မင်းခိုင်မှာ အတန်ကြာအောင် စဉ်းစားနေပြီးမှ . . .



www.burmeseclassic.com

www.burmeseclassic.com

"အေး . . . ဒီအတိုင်းသာ မှန်ရင်တော့ မင်းညော့်သည် အတွက် ဘာမှစိတ်ပူစရာ မရှိပါဘူး၊ ငါတို့က သူ့ကို မသင်္ကာလို့ ခေါ်ထားတာပါ။ နည်းနည်းပါးပါး မေးမြန်းပြီးရင် ပြန်လွှတ်လိုက်မှာ ပါ"

"ကျွန်တော် အဘနဲ့ ခဏလေး တွေ့ပါရစေ"

ဟု ခွင့်တောင်းသဖြင့် မင်းခိုင်က တာဝန်ကျပုလိပ် တစ်ယောက်ကို ခေါ်၍ အကျိုးအကြောင်း ပြောလိုက်ရာ အတန်ကြာသောအခါ အချုပ်သားများကို ညော့်သည်နှင့် တွေ့ခွင့်ပေးသော အခန်းထဲတွင် ဦးဘိုးအောင်နှင့် တွေ့ရလေသည်။

ပုလိပ်တစ်ယောက်က ဦးဘိုးအောင်ကို လက်ထိပ်ခတ်ကာ ခေါ်လာပေးသည်။ နီမောင်က ဦးဘိုးအောင်ကို လက်ထိပ်တန်းလန်းနှင့် တွေ့မြင်ရသောအခါ ရင်ထဲမှာ အတော့်ကို စိတ်မကောင်းဖြစ်သွားလေသည်။

"ဖြစ်မှဖြစ်ရလေ အဘရယ်၊ အခုလို မြင်ရတာ ကျွန်တော် စိတ်မကောင်းဖြစ်လိုက်တာ"

ဦးဘိုးအောင်ကတော့ နီမောင်ကို တွေ့သောအခါတွင် ဘာမှမထူးခြားသော အမူအယာနှင့် . . .

"ဘာမှ စိတ်မကောင်းမဖြစ်ပါနဲ့ကွာ၊ ဘဝတစ်ခုမှာ ကံကြွေးရှိရင်လည်း ချေရတယ်၊ ဝဋ်ကြွေးရှိရင်လည်း ဆပ်ပေးရမှာပဲ၊ ငါက သူတို့အပေါ်မှာ ဝဋ်ကြွေးဆပ်စရာရှိလို့ အခုလို ခံရတာပါ၊ ပြီးတော့လည်း ပြီးသွားမှာပါ"

ဟု ပြောလိုက်လေသည်။





"ဒါပေမယ့် အဘရယ်၊ အခုလို ကိုယ်မဟုတ်ပဲ ခံရတော့ ဘယ်ကောင်းပါ့မလဲ"

"ဒါကလည်း ဘာမှမဟုတ်ပါဘူးကွာ၊ အချိန်တန်တော့ ပြီးသွားမှာပါ၊ ဒါထက် မင်း သူတို့ကို ဘာတွေပြောလိုက်သေးလဲ"

နီမောင်က ဌာနာအုပ် မင်းခိုင်ကို သူပြောပြခဲ့သော အကြောင်းများကို ပြန်ပြောပြလိုက်သည်။

"မင်း ဒီလိုပြောခဲ့တာ သူ့ကို ဒုက္ခပေးသလို ဖြစ်တော့မှာပဲ"

"ဘာဖြစ်လို့လဲ အဘ"

"မင်းက ပြောလိုက်တော့ သူက ငါ့ဆီက ရွှေဖြစ်တဲ့နည်းကို လိုချင်မှာပေါ့၊ အဲဒီလောဘစိတ်နဲ့ မလုပ်သင့်တာတွေ လုပ်မိရင် သူ ဒုက္ခတွေ့ဦးမှာပေါ့"

"ဒါကတော့ သူ့လောဘနဲ့သူပေါ့ အဘရယ်၊ ဒါထက် အဘ အချုပ်ထဲမှာ ဘာလိုသေးသလဲ၊ ကျွန်တော်လာပို့ပေးမယ်"

နီမောင့်အသံမှာ အတန်ငယ် တုန်နေလေသည်။

"ဘာမှမလိုပါဘူးကွာ . . . ဒုက္ခမရှာပါနဲ့၊ ညကျရင် ငါ ဘုရားပေါ် တက်ပြီး ပုတီးစိပ်နေမှာပါ"

ဟု ပြောလိုက်ရာ နီမောင်သာမက နံဘေးနားမှ စောင့်ကြည့်နေသောပုလိပ်ပါ မျက်လုံးပြူးသွားလေသည်။

"မင်း မယုံရင် ညကျတော့ ရွှေတိဂုံဘုရား ရာဟုထောင့်မှာ ရှိတဲ့ အောင်မြေကို တက်လာခဲ့လေ၊ ငါစောင့်နေမယ်"

ဟု မှာကြားကာ အချုပ်ခန်းတွင်းသို့ ပြန်ဝင်သွားလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုအကြောင်းများကို အစောင့်ပုလိပ်က ဌာနအုပ်မင်းခိုင်အား အကြောင်းစုံ ပြန်ပြောလိုက်သည်။

"ဒီလိုဆိုရင် ညကင်းကျတဲ့လူတွေကို အချုပ်ခန်းကို သေသေချာချာ စောင့်ကြည့်ဖို့ မှာထားကြ"

"ဟုတ်ကဲ့ ဆရာ"

နေ့ဂျူတီကျသော ပုလိပ်များလည်း အချုပ်ခန်းထဲမှာ ရှိသော ဦးဘိုးအောင်၏အခြေအနေကို တစေ့တစောင်း အကဲခတ်ကြည့်နေကြသည်။ ဦးဘိုးအောင်ကတော့ အချုပ်ခန်းထောင့် တစ်နေရာ၌ တင်ပလ္လင်ခွေထိုင်ကာ မျက်စိမှိတ်လျက် ပုတီးကိုသာ မှန်မှန်စိပ်နေလေသည်။ ညနေပိုင်း(၆)နာရီထိုးတော့ နေ့ဂျူတီနှင့် ညဂျူတီ ချိန်းကြလေရာ ညဂျူတီစောင့်မည့် ပုလိပ်များကို နေ့ဂျူတီစောင့်သူများက 'ဦးဘိုးအောင်ကို သေသေချာချာ စောင့်ကြည့်ရန်' မှာကြားကာ ပြန်သွားကြလေသည်။

ညဘက် အချုပ်ခန်းစောင့် တာဝန်ကျသူများကလည်း အခန်းထဲမှာ ပုတီးစိပ်နေသော ဦးဘိုးအောင်ကို မသိမသာ အကဲခတ်ကြည့်နေကြလေသည်။ ည(၈)နာရီအချိန် အချုပ်သားများ ဘုရားရှိခိုးချိန်ရောက်တော့ ဦးဘိုးအောင်က ခေါင်းရင်းမှ ထိုင်ကာ တိုင်ပေးနေသည်ကို ကြားနေရသေးသည်။

ည(၉)နာရီထိုး၍ အားလုံးအိပ်ကြရသောအခါ စောစောက ပုတီးစိပ်နေသောနေရာတွင် ဦးဘိုးအောင်ကို မတွေ့ရတော့ပေ။ သို့ကြောင့် ပုလိပ်များက ထိတ်လန့်သွားကာ အချုပ်ခန်းတံခါးသော့ကို စစ်ဆေးကြည့်တော့လည်း ပိတ်မြဲပိတ်လျက်သား ရှိလေ





သည်။

အချုပ်ခန်းတံခါးအပြင် အပြင်တံခါးများမှာလည်း ပိတ်လျက်သားပင်။ သို့ကြောင့် တာဝန်ကျအရာရှိကို သွားရောက်သတင်းပို့သဖြင့် အရာရှိကိုယ်တိုင် လာရောက်စစ်ဆေးသောအခါ အချုပ်ခန်းထဲ၌ ဦးဘိုးအောင်ကို မတွေ့ရတော့ပေ။

တာဝန်ကျရဲအရာရှိက ဌာနအုပ်မင်းခိုင် နေသောအခန်းသို့ သွားကာ ညတွင်းချင်း သတင်းပို့ရာ မင်းခိုင်ကိုယ်တိုင် လိုက်လာပြီး စစ်ဆေးလေသည်။

အခြေအနေကို မေးမြန်းသောအခါ နီမောင်နှင့် ဦးဘိုးအောင်တို့ ပြောဆိုသောစကားများကို ပြန်လည်သတိရမိလေသည်။

"ဟေ့ . . ပုလိပ်တစ်ယောက် ယူနီဖောင်းချွတ်ပြီး အရပ်ဝတ်နဲ့ ငါ့နောက် လိုက်ခဲ့စမ်း"

ဟု ပြောကာ သေနတ်ကို ဝှက်၍ယူသွားပြီး အရှေ့ဘက်မုခ်မှ ဘုရားပေါ်သို့ တက်သွားလေသည်။

ည(၉)နာရီကျော်ပြီဖြစ်သောကြောင့် ဘုရားပေါ်၌ လူရှင်းနေလေပြီ။

ဘုရားဝေယျာဝစ္စ ပြုလုပ်သူအချို့နှင့် ပုတီးစိပ်နေသူအချို့သာ ကျန်တော့သည်။ မင်းခိုင်သည် ရာဟုထောင့်ဘက်သို့ ရောက်လာသောအခါ အောင်မြေနေရာတွင် တစ်ယောက်တည်း ပုတီးစိပ်နေသော ဦးဘိုးအောင်ကို အံ့သြဖွယ်ရာ တွေ့မြင်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

"အဲဒီအဘိုးကြီး မဟုတ်လား ဆရာ၊ ကျွန်တော် သွားဖမ်းလိုက်မယ်"

သူနှင့် ပါလာသော ပုလိပ်က ပြောလိုက်သည်။

"နေ. . နေ. . မလုပ်နဲ့၊ သူ့အခြေအနေကို ကြည့်လိုက်ဦးမယ်"

ဟု ပြောကာ မလှမ်းမကမ်းသို့ လျှောက်သွားစဉ် ဦးဘိုးအောင်က ပုတီးစိပ်ရာမှ ရပ်ကာ နေရာမှ ထလာသည်။

"ကျုပ်နောက်ကို လိုက်လာတာလား၊ စိတ်မပူပါနဲ့. . . မနက်မိုးမလင်းခင် အချုပ်ထဲကို ပြန်ဝင်ပေးပါ့မယ်"

ဟု ပြောကာ သူ့နေရာသို့ ပြန်ထိုင်ကာ ပုတီးစိပ်မြဲစိပ်နေလေရာ မင်းခိုင်မှာ တစ်ကိုယ်လုံး ကြက်သီးမွေးညှင်းများ ထသွားလေတော့သည်။

စိတ်ထဲမှလည်း. . .

"ငါတော့ အပြစ်မရှိတဲ့ သူတော်ကောင်းကို ပစ်မှားမိပြီနဲ့တူတယ်"

ဟု တွေးမိကာ တုန်လှုပ်ချောက်ချားသွားလေသည်။ ထို့နောက် အတန်ကြာအောင် ရပ်နေပြီးမှ ရင်ပြင်တော်ပေါ်မှ ပြန်ဆင်းခဲ့ကြလေသည်။

"ဟိုအဘိုးကြီးကို မဖမ်းတော့ဘူးလား ဆရာ"

ဟု ပုလိပ်က မေးသော်လည်း ဘာမှပြန်မပြောတော့ဘဲ စခန်းရောက်အောင်သာ ခပ်သုတ်သုတ် ပြန်လာခဲ့သည်။

ထိုညက တစ်ညလုံး အိပ်မပျော်ဖြစ်နေပြီး နံနက်လင်း၍ ဂျူတီချိန်းကာနီး အချိန်ရောက်သောအခါ အချုပ်ခန်းသို့ သွားကြည့်လေသည်။ ထိုအခါ အချုပ်ခန်းထောင့်တွင် ပုတီးထိုင်စိပ်နေသော ဦးဘိုးအောင်ကို ပြန်တွေ့ရပြန်သည်။





"ဟောဟိုအဘိုးကြီး အချုပ်ခန်းထဲမှာ ရှိနေသားပဲ၊ ညက သူ တစ်နေရာမှာ ဝင်အိပ်နေတာ ဖြစ်ချင်ဖြစ်၊ ဒါမှမဟုတ် တို့ပဲ မျက်စိမှောက်ပြီး ရှာမတွေ့တာ ဖြစ်မှာပါ"

ဟု အချင်းချင်း ပြောဆိုကာ ညဂျူတီသမားများ ထွက်သွားကြလေသည်။ နံနက်လင်းစမှာပင် ဦးဘိုးအောင်ကို အချုပ်ခန်းထဲမှ ချက်ချင်းထုတ်ကာ သူ့အခန်းသို့ ခေါ်သွားကာ လက်ဖက်ရည်၊ မုန့်တို့ဖြင့် ဧည့်ခံကျွေးမွေးလေသည်။

"ဒါ ကျုပ်ကို ကျွေးတာလား"

"ဟုတ်ပါတယ်. . . အဘကို စေတနာရှိလို့ ကျွေးတာပါ"

ဟု ပြောမှ လက်ဖက်ရည်နှင့်မုန့်ကို စားသောက်လေသည်။ ထိုအခါ မင်းခိုင်က ပြောသည်။

"ကျွန်တော်က ဗုဒ္ဓဘာသာ မြန်မာလူမျိုးတစ်ယောက်ပါ အဘ၊ အင်္ဂလိပ်တွေရဲ့လက်အောက်မှာ အမှုထမ်းနေရလို့ ဝတ္တရားအရ ဆောင်ရွက်ရတာ ကျွန်တော့်ကို ခွင့်လွှတ်ပါ"

ဟု တောင်းပန်လေသည်။

"ကျုပ် မောင်ရင်အပေါ်မှာ ဘယ်လိုမှ သဘောမထားပါဘူး၊ ကိုယ့်အပြစ်ရှိလို့ ခံရတယ်လို့ပဲ မှတ်ပါတယ်"

"ကျွန်တော် အဘရဲ့အကြောင်း အတော်များများကို ကြားဖူးပြီးသားပါ၊ ကချင်ပြည်နယ် နမ္မားဘက်မှာ အဘ နှစ်



www.burmeseclassic.com

www.burmeseclassic.com

အတော်ကြာအောင် နေခဲ့တုန်းက ထူးခြားဆန်းကြယ်တဲ့အကြောင်း တွေကို ကြားရပေမယ့် သိပ်ပြီးမယုံကြည်ခဲ့ပါဘူး၊ ညက ကိုယ်တွေ့ တွေ့မှပဲ ယုံတော့တယ်"

မင်းခိုင်က ပြောနေသော်လည်း ဦးဘိုးအောင်ကတော့ မုန့်နှင့်လက်ဖက်ရည်ကိုသာ ငုံ့ပြီးစားသောက်နေလေသည်။

"ကျုပ်က သာမန်လူတွေထဲက လူတစ်ယောက်ပါပဲ၊ သိပ် တော့ ထူးထူးခြားခြား မဟုတ်ပါဘူး"

"ကျွန်တော် အဘရဲ့အပေါ်မှာ စိတ်နဲ့ ပစ်မှားခြင်းရော ကိုယ်ထိလက်ရောက် ကျူးလွန်ခြင်းပါ ရှိခဲ့ပါတယ်၊ ဒီအတွက် ကျွန်တော့်ကို ခွင့်လွှတ်ပေးဖို့ ရှိခိုးခြင်း တောင်းပန်ပါတယ်"

ဟု ပြောကာ ကြမ်းပြင်ပေါ်၌ ထိုင်ကာ ကန်တော့လေ သည်။

"ငါ မင်းအပေါ်မှာ ဘယ်လိုမှ အပြစ်မယူပါဘူး၊ ဒါ ကြောင့် တကယ်လို့ အပြစ်ရှိခဲ့ရင်တော့ ကျေသွားမှာပါ။ မင်းဘဝ အတွက် လောကမှာ ဖြတ်သန်းရမယ့်ခရီးတွေ အများကြီး ကျန် သေးတယ်၊ ဒီလိုလျှောက်တဲ့ခရီးမှာ သံသရာဝဋ်ကြွေး မပါအောင် တော့ သတိပြုပေးပါ"

"ဟုတ်ကဲ့ပါ"

"အခုဘဝမှာ ရုပ်နဲ့ခန္ဓာကြောင့် အသက်ရှင်နေကြရတယ် ရုပ်ခန္ဓာက ပြုလုပ်သမျှ နာမ်ခန္ဓာက ခံရတယ်၊ အကုသိုလ်တစ်ခု ကို ပြုခဲ့မိရင် အဲဒီဝဋ်ကြွေးကို ဒီဘဝမှာ ရုပ်ခန္ဓာ သေသွားရင် တောင် နောက်ဘဝမှာ နာမ်ခန္ဓာက ဆက်ပြီးခံရတယ်၊ ဒါကြောင့်





ဝဋ်ကြွေး၊ ကံကြွေး မပါစေနဲ့၊ ရတနာသုံးပါးနဲ့ အနန္တောအနန္တငါးပါး ကို မပစ်မှားမိစေနဲ့၊ သူတော်ကောင်းတွေကို မစော်ကားမိစေနဲ့၊ ဒီအပြစ်တွေ ကျူးလွန်မိရင် ဘဝအဆက်ဆက် ဆပ်လို့မကုန် အောင် အပြစ်ကြီးတယ်"

"ကျွန်တော် ဆင်ခြင်ပါ့မယ် အဘ"

"လောကမှာ ကြီးပွားချမ်းသာချင်ရင် တခြားဘာမှမလို ဘူး ကိုယ်ကျင့်တရားကောင်းဖို့နဲ့ စိတ်စေတနာ ဖြူစင်ဖို့ပဲ လိုတယ်၊ အဲဒီလိုလူမျိုးဟာ ဆင်းရဲနေရင်လည်း ခဏပဲ၊ ကူညီမစပေးမယ့် သူတော်ကောင်းနဲ့ တွေ့ပြီး အချိန်တိုတိုအတွင်းမှာ ကြီးပွားချမ်းသာ ပြီး ဘဝအပြောင်းအလဲတွေ ဖြစ်ကြရတယ်"

"ဟုတ်ကဲ့"

"အဲဒီလို ချမ်းသာတာက သိဒ္ဓိရှိတဲ့လူတွေက ရွှေတွေ ငွေတွေ လာပုံပေးလို့ ချက်ချင်းချမ်းသာတာ မဟုတ်ဘူး၊ ချမ်းသာ နိုင်တဲ့လမ်းပေါ် ရောက်အောင် ညွှန်ပြပေးပြီး ကျန်တာကတော့ သူ့ခဲ့ဝီရိယစွမ်းအားနဲ့ လုပ်ယူရတာပဲ"

"ဟုတ်ပါတယ် အဘ"

"မင်းဟာ အင်္ဂလိပ်အစိုးရက ပေးတဲ့လစာကို ရတယ်၊ ဒီလစာက မင်းအတွက် စားလောက်ရုံပဲ ပေးထားတာ၊ ချမ်းသာ အောင် ပေးထားတာ မဟုတ်ဘူး၊ ဒီကြားထဲမှ ချမ်းသာလာရင် တော့ မင်းအနေနဲ့ မသမာတဲ့နည်းတစ်ခုခု လုပ်မှ ချမ်းသာမှာပေါ့၊ လစာထက် ပိုတဲ့ငွေတွေ ရအောင် ရှာရမှာဆိုတော့ သာမန်အလုပ် ကို မလုပ်ပဲ တခြားအလုပ်ကို လုပ်မှရမှာပေါ့၊ ဥပမာ-တစ်ပါးသူ



www.burmeseclassic.com

www.burmeseclassic.com



တွေဆီက ငွေကို နည်းအမျိုးမျိုးနဲ့ ရအောင်ယူမှ ရမှာပေါ့"

"မှန်ပါတယ်. . . ကျွန်တော်တို့ကို ပေးထားတဲ့လစာ စားလောက်ရုံပဲ ရှိပါတယ်"

"အဲဒီငွေထက် ပိုရအောင်လုပ်ရင် မသမာတဲ့နည်း သုံးမှရမယ်၊ အဲဒီလို မသမာတဲ့နည်းသုံးပြီး ရတဲ့ပစ္စည်းဥစ္စာ ဟာ ဘယ်တော့မှ မတည်မြဲကြဘူး၊ တစ်ချိန်ချိန်မှာ ပျက်စီးဆုံး ကြရတာပဲ၊ အဲဒီအခါ ကိုယ့်ဆီမှာ အကုသိုလ်ကြောင့် ရ သံသရာကြွေးတစ်ခုပဲ အဖတ်တင် ကျန်နေခဲ့တော့တယ်၊ အဲဒီ ကြွေးကတော့ ဒီဘဝ မဟုတ်ရင်တောင် နောက်ဘဝတွေ မလွဲမသွေ ပြန်ဆပ်ရလိမ့်မယ်"

"တွေးကြည့်တာနဲ့တင် ကြောက်စရာကောင်းလှပါတယ်"

"မျက်စိတဆုံး မျှော်ကြည့်ရင်တော့ ကြောက်စရာ ဒါပေမယ့် လူအတော်များများက မတရားတဲ့နည်းနဲ့ ရရင်လ အလွယ်တကူ ယူတတ်ကြတယ်၊ အဲဒီတော့ မင်းဘဝမှာ ကြီးပွ ချမ်းသာချင်ရင် ကိုယ်ကျင့်တရားကောင်းအောင်လုပ်၊ စိတ် ဖြူစင်အောင်ထား၊ အဲ. . . တကယ်ကြီးပွားချမ်းသာချင်ရင်တေ ကြီးပွားချမ်းသာနိုင်တဲ့အလုပ် ပြောင်းလုပ်မှ ရမယ်ကွယ့်"

ဟု ပြောပြလေရာ ဌာနာအုပ် မင်းခိုင်မှာ ယခု အလုပ်မှ ထွက်ပြေးချင်စိတ် ပေါက်မိသည်။

"ကိုင်း. . . ကျုပ် အချုပ်ခန်းထဲ ပြန်ဝင်ရမှာလား"

ဦးဘိုးအောင်က အစားအသောက်များကို ကုန်စင်အော စားသောက်ပြီး မေးလေသည်။





"မဟုတ်ပါဘူး. . . အဘကို ကျွန်တော် ပြန်လွှတ်ပေးလိုက် ပါပြီ"

"ဒီလိုဆိုရင် လွတ်လွတ်လပ်လပ် သွားလို့ရပြီပေါ့"

"ရပါပြီ"

"ကိုင်း. . . ဒီလိုဆိုရင် ကျုပ်သွားတော့မယ်၊ ဒါထက် မင်း က ဘယ်ဇာတိသားလဲ"

"မန္တလေးဘက်ကပါ အဘ"

"ကျုပ်ကို မှတ်မိအောင် သေသေချာချာ ကြည့်ထားပါ၊ အသံကို မှတ်မိအောင် သတိထားပါ၊ မင်းကိုယ်တိုင် တကယ် ဖြူစင်သွားတဲ့အချိန်ကျရင် ကျုပ် မင်းဆီကို လာခဲ့ပါ့မယ်"

ထို့နောက် မင်းခိုင်ကိုယ်တိုင် ၎င်း၏လင့်ရှိဘာကားဖြင့် ဦးဘိုးအောင်ကို တင်ခေါ်သွားကာ နီမောင်တို့အိမ်သို့ ပြန်ပို့ပေး လိုက်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၅)

# ပါရမီဖြည့်ဘက် တွဲလက်မကွာ

ဦးဘိုးအောင်ကို ဌာနအုပ်မင်းခိုင်ကိုယ်တိုင် ပြန်လွှတ်ပေးလိုက်ရပြီဆိုသောသတင်းက ကြားတောရလမ်းအတွင်းရှိ ထမင်းဆိုင်တန်းတလျှောက် ပျံ့နှံ့သွားလေတော့သည်။

"အဲဒီလူကြီးက ဘာလုပ်ပြလိုက်သလဲ မသိဘူး၊ ဗဟန်းဌာနအုပ်ကိုယ်တိုင် ကြောက်လန့်ပြီး အိမ်ပြန်ပို့ပေးရတာတဲ့"

"ဒါထက် အဲဒီလူကြီးကို ဘာအပြစ်နဲ့ ဖမ်းသွားတာလဲ"

"ဘာမှအပြစ်မရှိပါဘူးအေ၊ ရာဇူတိုင် ထမင်းဆိုင်က ဒေါ်မိုးညိုက နိမောင်လိုမျှား ချက်ချင်း ချမ်းသာမယ့်အားဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com



အတင်းသွားခေါ်လာတာတဲ့၊ ဆိုင်မှာ တစ်ရက်နှစ်ရက်ထားပြီး ဘာမှလည်း မရမှန်းသိရော ပုလိပ်ကို လက်တို့ပြီး အပ်လိုက်တာပါပဲအေ၊ အဲ့ဖြစ်မရှိတဲ့လူကြီး အချုပ်ထဲမှာ တစ်ညတော့ အိပ်လိုက်ရသေးတာပေါ့"

"ဒါကတော့ လောဘကြီးတဲ့လူတွေ သူတို့စေတနာ သူတို့အကျိုးပေးတာပဲ၊ အရင်က လက်မလည်အောင် ရောင်းရတဲ့ သူတို့ထမင်းဆိုင်က အခုဆိုရင် အဲဒီသတင်းတွေကြောင့် တစ်ယောက်မှ ဝင်စားမယ့်လူ မရှိလို့ ကျီးနဲ့ဖုတ်ဖုတ် ဖြစ်နေတာ ဘယ်နှစ်ရက် ရှိနေပြီလဲ၊ ငါကြားတာတော့ ချက်ထားပြီးသား ထမင်းတွေဟင်းတွေ သွန်သွန်ပစ်နေရတာ နေ့တိုင်းပဲတဲ့"

"ဒါတင် ဘယ်ကမလဲ၊ အဲဒီလိုနဲ့ အရင်းပြုတ်သွားပြီး အခုဆိုရင် ပြန်ထူထောင်စရာ မရှိတော့လို့ ဆိုင်ကို ရတဲ့ဈေးနဲ့ ရောင်းခဲ့ပြီး တောကို ပြန်တော့မယ်လို့ သတင်းကြားနေရတယ်"

"ဒါကတော့အေ. . . သူတို့စေတနာ သူတို့ ပြန်ပြီးအကျိုးပေးတာပဲ. . . ဘာတတ်နိုင်မှာလဲ"

ဟု အချင်းချင်း ပြောဆိုနေကြလေသည်။

ပတ်ဝန်းကျင်မှ ပြောဆိုနေသကဲ့သို့ ယခုတလော ရဲဂူဘိုင် ထမင်းဆိုင်မှာ ဝင်ရောက်စားသောက်မည့်သူ မရှိရုံမက ခါတိုင်းလာနေကျဖြစ်သော ဌာနာအုပ် မင်းခိုင်တို့အဖွဲ့ပင် လုံးဝ ခလာကြတော့ပေ။

တစ်ရက်ကနှစ်ရက်၊ နှစ်ရက်မှသုံးရက် ကြာလာသော အခါ ချက်ထားပြီးသမျှ ထမင်းဟင်းများကို သွန်ပစ်နေရသဖြင့်





ပြန်လည်ဝယ်ယူရန်ပင် အရင်းအနှီး မရှိတော့ပေ။

"ကိုင်း. . . ဘယ်လိုလုပ်ကြမလဲ မမိုးညို၊ ထိုင်နေတာ အကောင်းသား၊ ထသွားမှ ကျိုးမှန်းသိဆိုသလို အခုတော့ မင်းအတတ်နဲ့ မင်းစူးပြီ မဟုတ်လား"

"ကျုပ်မှားမိပါတယ် ကိုဘထွားရယ်၊ အခုတော့ သူတော်ကောင်းကို ပစ်မှားမိသလိုဖြစ်လို့ ကျုပ်တို့ ဒုက္ခတွေ့ကြပြီပေါ့၊ အခုတော့ ဆိုင်မှာ ပြန်ထည့်စရာ အရင်းအနှီးလည်း မရှိတော့ဘူး၊ ဘယ်လိုလုပ်ကြမလဲဟင်"

"ဘယ်လိုလုပ်ရမလဲ. . . အရင်းအနှီး မရှိတော့ဘဲနဲ့တော့ ဒီအတိုင်း ထိုင်နေလို့မှ မရတာ၊ ဆိုင်ကို ရသမျှနဲ့ ရောင်းချပြီး တောပြန်ပြီး လုပ်ကိုင်စားသောက်ကြတာပေါ့ကွာ"

ဦးဘထွားက ပြောသောအခါ ဒေါ်မိုးညိုရော မြနဒီပါ တရှုံ့ရှုံ့ ငိုကြွေးနေကြလေသည်။

မြနဒီအနေနှင့် ဦးဘိုးအောင်ကို အချုပ်ထဲ ထည့်သောကိစ္စကြောင့် နီမောင်တို့အိမ် သွားလျှင် ဦးဘိုးအောင်နှင့် တွေ့ရမည်မို့ မသွားဝံ့တာလည်း ပါသည်။

တချိန်က ထမင်းဆိုင်တန်းတွင် အခြားဆိုင်များ လိုက်မမီအောင် ရောင်းရသော ထမင်းဆိုင်ကြီးတစ်ဆိုင်လုံး အရင်းပြုတ်ကာ ပိတ်လိုက်ရသဖြင့် ရှက်သဖြင့်လည်း အပြင်ကို မထွက်ဝံ့တော့ပေ။

အခန်းထဲမှာပင် နေကာ မျက်ရည်နှင့်မျက်ခွက်ကိုသာ အဖော်ပြုနေရရှာသည်။



www.burmeseclassic.com

www.burmeseclassic.com

ညနေစောင်းအချိန် ရောက်သောအခါ ရာဇူတိုင် ထမင်းဆိုင်သို့ ညှော်သည်နှစ်ယောက် ရောက်လာကြလေတော့သည်။

အခြားမဟုတ်ပေ။

နီမောင်နှင့် သူ့မိခင် ဒေါ်မင်းဖြူတို့ပင်ဖြစ်ပေသည်။

"အော်. . . ဒေါ်မင်းဖြူတို့ သားအမိပါလား၊ လာကြပါရှင် ကြွကြပါ"

ဟု ခေါ်ကာ ဆိုင်ထဲ၌ပင် နေရာထိုင်ခင်းပေးသည်။ ဦးဘထွားရော ဒေါ်မိုးညိုပါ အနီးသို့ လာထိုင်ကြသည်။

"ကျွန်မလာတာ တခြားတော့ မဟုတ်ပါဘူး၊ ဒီထမင်းဆိုင်လေးကို ရောင်းချတော့မယ်လို့ သတင်းကြားမိတာနဲ့ လာပြီး စုံစမ်းတာပါ"

"မှန်တယ်ရှင်. . . ကျွန်မတို့လည်း အရင်းအနှီး မတတ်နိုင်တော့တာနဲ့ တခါတည်းပဲ ရောင်းပြီး တောကို ပြန်တော့မလားလို့ပါ"

ဒေါ်မိုးညိုက စိတ်မချမ်းမြေ့သောလေသံဖြင့် ပြောလေသည်။

"ဒါထက် ဘယ်လောက်နဲ့များ ရောင်းဖို့ စိတ်ကူးထားပါသလဲ"

"တခြားလူတွေလည်း မဟုတ်တော့ ပိုလည်း မပြောတော့ပါဘူး၊ အိုးခွက်ပန်းကန်၊ ဆိုင်ပစ္စည်းတွေ အပါအဝင် နှစ်ထောင်၊ နှစ်ထောင့်ငါးရာလောက်ဆိုရင်ဖြင့် သင့်မြတ်မယ်လို့ ထင်ပါတယ်"

"ဒီလိုဖြင့် ပြောတဲ့ဈေးနဲ့ပဲ ကျွန်မဝယ်လိုက်ပါ့မယ်၊ ဒါပေ





မယ့် ငါစ်ခုတော့ တောင်းပန်ပါရစေ၊ ဒီဆိုင်ကို ကျွန်မက ဝယ်တယ်ဆိုပေမယ့် ဘယ်လိုမှ လုပ်နိုင်မှာ မဟုတ်ပါဘူး၊ ဦးဘထွားတို့ ဒေါ်မိုးညိုတို့ကပဲ အရှိန်မပျက် ဆက်လုပ်ပေးကြပါ"

ထိုစကားကြားသောအခါ နှစ်ယောက်စလုံးမှာ မျက်လုံးပြူး မျက်ဆံပြူး ဖြစ်သွားသည်အထိ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားကြလေသည်။

"ရှင်. . . ဒေါ်မင်းဖြူ ဘယ်လိုပြောလိုက်တယ်၊ ဒီဆိုင်ကို ကျွန်မတို့ပဲ ဆက်လုပ်ခွင့် ရမယ်ဟုတ်လား"

"ဟုတ်ပါတယ်. . . ကျွန်မက ဒေါ်မိုးညိုတို့ကို အကူအညီပေးတဲ့အနေနဲ့ ဝယ်တာပါ။ လာလုပ်နိုင်မှာ မဟုတ်ပါဘူး၊ နောက်ပြီး ကျွန်မသားကလည်း အခုလို လုပ်ပေးစေချင်တယ် ပြောလို့ လုပ်ပေးရတာ၊ ဆိုင်တန်ဖိုးငွေကို ပေးတဲ့အပြင် ဆိုင်အတွက် အရင်းအနှီး ထည့်ပေးဖို့အတွက်လည်း သပ်သပ်ထပ်ပေးပါဦးမယ်"

"ဝမ်းသာလိုက်တာ ဒေါ်မင်းဖြူရယ်၊ ကျွန်မဖြင့် ဝမ်းသာလွန်းလို့ ဘယ်လိုပြောရမှန်းကို မသိတော့ပါဘူး၊ အခုလို အခက်အခဲဖြစ်နေတဲ့အချိန်မှာ လာပြီးအကူအညီပေးတာ ကျေးဇူးလည်းတင်ပါတယ်"

"ဒီလောက်လည်း ကျေးဇူးတင်စရာ မလိုပါဘူးရှင်၊ တခြားလူတွေမှ မဟုတ်တာ၊ အော်. . . တလက်စတည်း ပြောရဦးမယ်၊ ကျွန်မသားလေးနဲ့ ဒေါ်မိုးညိုတို့ရဲ့သမီးလေးတို့က သူငယ်ချင်း သဘာဝ မေတ္တာမျှနေကြပါတယ်၊ တကယ်လို့ ဦးဘထွားတို့


www.burmeseclassic.com

www.burmeseclassic.com

ဒေါ်မိုးညိုတို့က သဘောတူမယ်ဆိုရင် ကလေးနှစ်ယောက်ကို ဝါမဝင်ခင် တင့်တင့်တယ်တယ် လက်ထပ်ပေးချင်ပါတယ်"

ဟု ခွင့်တောင်းလေသည်။

"အို. . . ဒါကတော့ ကျွန်မသမီးလေးကသာ သဘောမျှ မယ်ဆိုရင် ကျွန်မတို့မိဘတွေအနေနဲ့ ဘာမှကန့်ကွက်စရာ မရှိပါ ဘူး၊ ဒေါ်မင်းဖြူ သဘောကျသလိုသာ စီစဉ်ပါတော့ရှင်"

ဟု ခွင့်ပေးသဖြင့် ရှေ့အစီအစဉ်များကို တိုင်ပင်ဆွေးနွေး ကာ အတော်ညဉ့်နက်မှ သားအမိနှစ်ယောက် ပြန်လာကြလေ သည်။

နောက်တစ်ရက်မှာတော့ ကြားတောရလမ်းရှိ ထမင်းဆိုင် တန်းရှိ ထမင်းဆိုင်များကြားထဲ ရာဇူတိုင် ထမင်းဆိုင်ကြီး ပြန်လည်ဖွင့်လှစ်ကာ ရောင်းချနေသည်ကို တွေ့ကြရလေသည်။ ဆိုင်မှာ ခါတိုင်းနှင့် မတူပဲ အခမ်းအနား အပြင်အဆင်မှအစ အစားအသောက်များ စုံလင်အောင် ရောင်းချနိုင်သဖြင့် စား သောက်သူများနှင့် ပြန်လည်စည်ကားလာတော့သည်။ တစ်နေ့တွင် ခရီးဆောင်အိတ်တစ်လုံးကို ဆွဲ၍ မင်းခိုင်ရောက်လာသည်။

"အလို. . . မောင်မင်းခိုင်ပါလား၊ ခရီးဆောင်အိတ်တွေ ဘာတွေနဲ့ ဘယ်များ သွားမလို့လဲ"

"ကျွန်တော် အလုပ်က ထွက်လိုက်ပြီ၊ နေရပ်ကို ပြန်ပြီး ကြီးပွားချမ်းသာနိုင်တဲ့ ကုန်အရောင်းအဝယ်အလုပ်ကိုပဲ လုပ်တော့ မယ်၊ ဒီကနေ့ညနေ ရထားနဲ့ ပြန်တော့မှာမို့ အားလုံးကို လာပြီး နှုတ်ဆက်တာပါ"





"ကောင်းပါတယ်ကွယ်. . . ကောင်းပါတယ်၊ ဝန်ထမ်း အလုပ်နဲ့စာတော့ အပြင်ကိုယ်ပိုင်အလုပ်က ပိုပြီးကြီးပွားချမ်းသာ လွယ်တာပေါ့၊ မောင်မင်းခိုင်တစ်ယောက် ရည်မှန်းချက်အတိုင်း အောင်မြင်ကြီးပွားပါစေကွယ်"

ထို့နောက် မင်းခိုင်က အားလုံးကို နှုတ်ဆက်ကာ အိတ်ကို ဆွဲ၍ တစိုက်စိုက်နှင့် ထွက်သွားလေတော့သည်။

နောက်တစ်ပတ်ခန့်ကြာသော ညနေပိုင်းအချိန်၌ နီမောင် တစ်ယောက် ရာဇူတိုင် ထမင်းဆိုင်သို့ ရောက်လာသည်။

"ဟော. . . မောင်နီမောင်ပါလား၊ ဘယ်သွားမလို့လဲ ငါ့တူ"

"ကျွန်တော် ဘုရားပေါ် တက်ပြီး ရွှေသက်န်းကပ်မလို့၊ မြနန္ဒီကို ခဏခေါ်သွားပါရစေ အဒေါ်"

"ခေါ်သွားပေါ့ကွယ်. . . မင်းနှမလည်း အလုပ်အားမှာပဲ"

ဟု ခွင့်ပေးသဖြင့် မြနန္ဒီကို ခေါ်၍ အရှေ့ဘက်စောင်း တန်းအတိုင်း အပေါ်သို့ တက်လာကြသည်။

"အခုလို ကိုယ်တို့နှစ်ယောက် လူကြီးတွေချင်း စေ့စပ်ဖြစ် သွားတာ မြလေး ဝမ်းမသာဘူးလားဟင်"

"ဒါ ကျွန်မကို အသိမပေးပဲ လူကြီးတွေနဲ့ စီစဉ်တာပေါ့ လေ"

"ဒီလိုလည်း မဟုတ်ပါဘူး၊ အခွင့်သာတုန်း စီစဉ်လိုက်ရ တာပါ၊ မြလေးက သဘောမကျလို့လား"

"ဒီလိုတော့ မဟုတ်ပါဘူး၊ ချစ်သူဖြစ်တာတောင် မကြာ


www.burmeseclassic.com

www.burmeseclassic.com



သေးဘူး၊ ချက်ချင်းကြီး လက်ထပ်ရမှာဆိုတော့ စိတ်ထဲမှာ တမျိုးကြီး ဖြစ်နေလို့ပါ"

"ဘာမှတစ်မျိုးဖြစ်မနေနဲ့တော့၊ မြန်မြန်အတူနေရတော့ မြန်မြန်စိတ်အေးရတာပေါ့. . . မကောင်းဘူးလား"

"ကိုမောင်က တကယ်ပဲ၊ လူပုံကြည့်တော့ ရိုးမလိုလိုနဲ့ ကိုယ့်ဘက်ကိုယ်ယက်တဲ့ နေရာမှာတော့ သိပ်လည်တာပဲ"

"လည်တာ မဟုတ်ပါဘူး မြလေးရယ်၊ ဒါကလည်း မြလေးကို သိပ်ချစ်လွန်းလို့ အခုလို စီစဉ်ရတာပါ။ ကဲ. . . လာ၊ ကိုယ်တို့နှစ်ယောက် ဘုရားပေါ် တက်ပြီး တစ်သက်လုံး ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာနဲ့ လက်တွဲရဖို့ ဆုတောင်းကြရအောင်နော်"

ဟု မြနုဒီ လက်ကလေးကို ဆွဲကာ ဘုရားပေါ်သို့ တက်ခဲ့ကြလေသည်။

ဘုရားရင်ပြင်တော်ပေါ်သို့ ရောက်သောအခါ ရွှေသင်္ကန်းကပ်လှူရန်အတွက် ငွေလှူပြီးနောက် သက်ဆိုင်ရာ ဂြိုလ်တိုင်များ၌ ပန်းရေချမ်း၊ ဆီမီး အစရှိသည်တို့ ကပ်လှူပူဇော်ကာ လိုရာဆုများ အသီးသီး တောင်းကြလေသည်။

"မြလေး ဘာဆုတောင်းသလဲ"

"ကိုမောင်ရော. . ."

"ကိုယ်ကတော့ မြလေးနဲ့ တစ်သက်လုံး စိတ်ချမ်းသာ ကိုယ်ချမ်းသာနဲ့ ပေါင်းသင်းပါရစေလို့ ဆုတောင်းတာပေါ့"

"ကျွန်မလည်း ဒီလိုပါပဲ၊ ကိုမောင်နဲ့ တစ်သက်လုံး ရိုးမြေကျ ပေါင်းရပါစေလို့ ဆုတောင်းတာပေါ့"





"ကိုယ်တို့နှစ်ယောက်ရဲ့အကြောင်းကို အမေက အဘကို ပြောပြလိုက်တော့ အဘက ဘယ်လိုပြောတယ် ထင်သလဲ"

"ဘယ်လိုပြောသလဲဟင်"

"မိန်းကလေးက သဘောမနော ရိုးသားဖြူစင်ပါတယ်တဲ့၊ မောင်နီမောင်ကလည်း သဘောမနော ရိုးသားဖြူစင်တော့ ဒါကြောင့် သူတို့နှစ်ယောက် ဆုံစည်းခွင့်ရတာတဲ့၊ နောက်တစ်ခု ပြောသေးတယ်"

"ကိုယ့်နာမည် နီမောင်နဲ့ မြနာမည် မြနုဒီဆိုတဲ့နာမည် နှစ်ခုက စနေနဲ့ကြာသပတေး ကက်ကင်းဓါတ် မိနေတဲ့အတွက် ကြီးပွားချမ်းသာမယ်လို့လည်း ပြောသေးတယ်"

"ဒီလိုကြားရတော့လည်း ပျော်စရာကောင်းတာပေါ့၊ ကျွန်မကတော့ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာတာထက် စိတ်ချမ်းသာမှုကိုပဲ လိုချင်ပါတယ်၊ ဒါထက် ကိုမောင့်ကို မေးရဦးမယ်"

"ဘာများလဲဟင်"

"ကိုမောင်တို့အိမ်မှာ တည်းနေတဲ့ ဦးဘိုးအောင်ဆိုတာ ဘန်ခိုးသိဒ္ဓိရှိတဲ့ ဝိဇ္ဇာဆိုတာလားဟင်"

"ဒါကတော့ ကိုယ်တို့လို နုနယ်သေးတဲ့လူတွေအတွက် ဘယ်သိနိုင်ပါ့မလဲကွယ်၊ ဝိဇ္ဇာလောကဆိုတာ သာမန်လူတွေ ဘဏ်တစ်ထွာတစ်မိုက်လောက်နဲ့ မသိနိုင်တဲ့အရာတွေပဲ၊ ကိုယ် ပြောဖူးတာတစ်ခုပဲ ရှိတယ်၊ အဘဦးဘိုးအောင်ဟာ သာမန်ပုဂ္ဂိုလ်တစ်ဦးတော့ မဟုတ်ဘူးဆိုတာပဲ"

"ဒီလိုပုဂ္ဂိုလ်မျိုးနဲ့ အခုလို ဆုံစည်းခွင့်ရတာ ကိုမောင်



www.burmeseclassic.com

www.burmeseclassic.com



ကံကောင်းတာပေါ့နော်”

“ရှေးဘဝက အတိတ်ကံတစ်ခုကြောင့် အခုလို ဆုံတွေ့ရတာပေါ့။ ဒီလိုတွေ့ရပြီးတဲ့နောက်မှာ ကိုယ့်အတွက် ဆောင်ရွက်ပေးရမယ့်တာဝန်တွေလည်း အများကြီး ရှိလာတာပေါ့၊ တကယ်လို့ ကိုယ်က အဘစေခိုင်းတဲ့အတိုင်း တာဝန်တွေကို လုပ်ရတဲ့အခါ မြလေးက အနားကနေ ပါရမီဖြည့်ပေးရမယ်နော်”

“စိတ်ချပါ ကိုမောင်ရယ်၊ ကိုမောင် ရှေ့ကနေ ဘာတွေလုပ်လုပ် မြလေး နောက်ကနေ ပါရမီဖြည့်ဘက်အနေနဲ့ အမြဲတမ်း နေပေးပါ့မယ်တဲ့ရှင်”

ထို့နောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ ပြုံးလိုက်ကာ ရင်ပြင်တော်တစ်ပတ် ပတ်လျှောက်ကြစဉ် အောင်မြေနေရာ၌ ပုတီးစိပ်နေသော ဦးဘိုးအောင်အား တွေ့ကြရလေသည်။



BURMESE CLASSIC .com



## အခန်း(၁၆)

# ငမ္ဗူရစ်ရွှေစင်လမ်း

တစ်နေ့သ၌ ဦးဘိုးအောင်က နီမောင်ကို ခေါ်ကာ

ထူးဆန်းသောစကားကို ပြောကာ ထူးဆန်းသော အရာဝတ္ထုတစ်ခု

ကို ပြလေသည်။ သူ့နံဘေး၌ လွယ်နေကျ လွယ်အိတ်ကြီးကို

ချထားပြီး အနားတွင် ရေအိုးတစ်လုံးလည်း ချထားသည်ကို

တွေ့ရသည်။

ထိုရေအိုးမှာ လပြည့်နေ့ မတိုင်မီက မိန်းကလေး တစ်

ယောက် ပေးလိုက်သည့်ရေအိုး ဖြစ်သည်။

ယခုမြင်နေရသော ရေအိုးမှာ ရွှေရောင်လုပ်ထားသော



www.burmeseclassic.com

www.burmeseclassic.com



သာမန်မြေအိုးတစ်လုံးသာ ဖြစ်သည်။

နီမောင် စိတ်ထဲမှာ ထိုရေအိုးမှာ ရွှေအိုးဖြစ်ပြီး ထိုရွှေများကို ဦးဘိုးအောင်က အင်္ဂလိပ်အတတ်ဖြင့် ရွှေပြားများ ပြုလုပ်ပေးကာ ရောင်းချစေခဲ့သည်ဟု ထင်နေခဲ့သည်မှာ ယခုဆို ရေအိုးကို ပြန်မြင်ရတော့မှာ မဟုတ်မှန်း သိရလေသည်။

"အဘ. . . ဒီရေအိုးက"

"မင်းယူလာတဲ့ရေအိုးလေ"

"အဘ ကျွန်တော့်ကို ပြတုန်းက ရွှေအိုးဖြစ်နေပါရက်နဲ့ အခု ဘာကြောင့် မြေအိုးပြန်ဖြစ်နေရတာလဲ"

"ဓါတ်သဘောအရ မြေကနေရွှေ ရွှေကနေမြေ ပြန်ဖြစ်တာ ဘာဆန်းသလဲကွယ့်"

"ဒါ. . ဒါဖြင့် အဘ ကျွန်တော့်ကို ရောင်းခိုင်းတဲ့ ရွှေဒင်္ဂါးတွေကရော ဘယ်ကလဲဟင်"

"ဒါက ငါ့အတတ်ပညာနဲ့ မင်းကို လုပ်ပေးတာပေါ့ကွာ၊ အင်္ဂလိပ်ပညာဆိုတာ သိဒ္ဓိရှိတဲ့ ဓါတ်လုံးတွေ ပြဒါးရှင်လုံးတွေကို တောင် ရအောင်လုပ်နိုင်သေးတာ၊ ရွှေဖြစ်အောင် လုပ်တာလောက်ကတော့ ဘာမှမပြောပလောက်ပါဘူးကွယ်"

ထိုစကားကြားသောအခါမှ ဦးဘိုးအောင်က သူ့ကို မစခဲ့သည်ကို သိရလေတော့သည်။

"ကျွန်တော့်ရဲ့ဘဝကို အခုလို အပြောင်းအလဲဖြစ်အောင် လုပ်ပေးခဲ့တာ ကျေးဇူးတင်ပါတယ် အဘရယ်"

"ငါ့ကို ကျေးဇူးတင်ရင် ငါခိုင်းတဲ့အတိုင်း ကိုယ်ကျင့်





တရားကို ကောင်းအောင်လုပ်၊ စိတ်ကို ဖြူစင်အောင်ထား၊ ဘုရားတရား သံဃာ ရတနာသုံးပါးနဲ့ အနန္တောအနန္တကျေးဇူးတွေကို မမေ့နဲ့၊ တတ်နိုင်သမျှ သာသနာ့ရဲ့အကျိုး ဘာသာရဲ့အကျိုးကို ဆောင်ရွက်ဖို့ မမေ့နဲ့ပေါ့ကွယ်"

"စိတ်ချပါ အဘ၊ အဘမှာတဲ့အတိုင်း ကျွန်တော်လုပ်ပါ့မယ်၊ ဒါထက် အဘက လွယ်အိတ်ကြီး ပြင်လို့ ဘယ်ကို သွားမလို့လဲဟင်"

"ငါ ဒီကိုလာတာ ကူညီထိုက်သူကို ကူညီပေးဖို့ရယ်၊ အဓိဋ္ဌာန်ဝင်ဖို့ရယ်၊ ရွှေတိဂုံစေတီတော် ဌာပနာတိုက်ထဲက ဆံတော်မြတ်တွေကို ဖူးဖို့ လာတာ၊ အခု အဲဒါတွေ အားလုံးပြီးပြီဆိုတော့ ပြန်တော့မယ်"

"အဘက ဘယ်ကိုပြန်မှာလဲဟင်"

"ဒီလိုပဲ နေရာအနှံ့ကို သွားရမှာပေါ့၊ ကယ်သင့် ကယ်ထိုက်သူတွေကို ကယ်ပြီး ဆုံးမထိုက်သူတွေကို ဆုံးမပေးရဦးမှာပေါ့၊ ဒီရေအိုးလေးကို မင်းဘဝတစ်သက်တာမှာ ဘယ်တော့မှ မပျောက်ပျက်အောင် ထိန်းသိမ်းထားပေတော့"

ဟု ပြောကာ ရွှေရောင်သုတ်ထားသော မြေအိုးကို ပေးသည်။

ထို့နောက် ၎င်း၏လွယ်အိတ်ကြီးထဲမှ ပေစာအချို့ကို ထုတ်ကာပေးသည်။

"ဒီပေစာတွေထဲမှာ ရွှေဖြစ်အောင်လုပ်တဲ့ လုပ်နည်းတွေ ပါတယ်၊ မင်းတစ်သက်မှာ တစ်ချိန်ကျလျှင် အသုံးဝင်လိမ့်



www.burmeseclassic.com

www.burmeseclassic.com

မယ်"

နီမောင်က ပေစာချပ်အချို့ကို ယူလိုက်သည်။

"ဒီပေစာတွေထဲမှာတော့ ငါ့ရဲ့ဇာတာခွင် ပါတယ်၊ မင်း တစ်သက် လိုရာသုံးပေတော့"

ဟု ပြောကာ ပေးသဖြင့် ယူလိုက်ရလေသည်။

"ကဲ . . . ငါသွားတော့မယ် မောင်နီမောင်၊ မင်းနဲ့ငါနဲ့ သံသရာဘဝခရီးအဆက်ဆက်မှာ အကြိမ်ပေါင်း မရေမတွက်နိုင်အောင် တွေ့ခဲ့ကြပြီးပြီပဲ၊ အခုလဲ ဒီဘဝမှာ တစ်ကြိမ်ပြန်တွေ့တယ်လို့ပဲ သဘောထားပေတော့၊ ငါကတော့ ဒီလိုပဲ တပြည်လုံး လှည့်လည် သွားလာနေရဦးမှာပဲ၊ ငါ့ရဲ့နောက်ဆုံးအချိန် ရောက်တော့မှ ပုပ္ပားကို ပြန်မယ်၊ ငါ ပုပ္ပားကို ပြန်ရောက်တဲ့အချိန် ရောက်ရင်တော့ မင်းတစ်ခေါက်လာခဲ့ဦးပေါ့"

ဟု မှာကြားလေသည်။

ထို့နောက် နီမောင်က မျက်ရည်အဝိုင်းသားနှင့် ရှိသေစွာ ကန်တော့လိုက်လေသည်။

ဦးဘိုးအောင်က သူ့ဦးခေါင်းကို လက်ဖြင့် သုံးချက်သပ်၍ ဆုပေးကာ လွယ်အိတ်ကြီးကို ယူပြီး အိမ်ပေါ်မှ ဆင်းသွားလေတော့သည်။ ထိုအချိန်မှစ၍ နှစ်ပေါင်းများစွာ ကြာသည်အထိ ဦးဘိုးအောင်ကို ထပ်မတွေ့ရတော့ပေ။

နီမောင်စိတ်ထဲမှာ ဝမ်းနည်းကြေကွဲမှုများ ဖြစ်မိသော်လည်း ဝိဇ္ဇာတစ်ဦး၏ခရီးလမ်းအတွက်တော့ အနှောင့်အယှက် မဖြစ်စေလိုပေ။





အတန်ကြာသောအခါမှ ရွှေဖြစ်အောင် ပြုလုပ်နည်း ပုရပိုဒ်များကို ကြည့်သည်။

(မှတ်ချက်။ ။ ထိုပုရပိုဒ်မှတ်တမ်းများမှာ ကျွန်ုပ်ဆီမှာ ရှိသော်လည်း ဖော်ပြရန် မသင့်လျော်သောကြောင့် ချန်လှပ်ထားခဲ့ရပေသည်။)

ထိုပုရပိုဒ်များ ပြီးလျှင် အဘဦးဘိုးအောင်၏ဇာတာမှတ်တမ်းကို ကြည့်လိုက်သည်။ ထိုမှတ်တမ်းကိုတော့ အဘဦးဘိုးအောင်(အောင်မင်းခေါင်)ကို ယုံကြည်ကြသူများ လက်ခံသိမ်းထားနိုင်ရန် ဖော်ပြပေးလိုက်ပါသည်။

မန္တလေးတိုင်း၊ ကျောက်ပန်းတောင်းမြို့နယ်၊ တောင်ဦးရွာ မြောက်ဘက် (၄)မိုင်ခန့် ကွာဝေးသော ထန်းသရက်ပင်အောက်၊ ရွှေညောင်ပင် ပေါက်ရာ စင်မြင့်ရွာ၌ အဘဦးမောင်ပု၊ အမိ ဒေါ်မင်းသစ်တို့ ဖြစ်ပြီး မွေးချင်းများမှာ (၅)ဦးရှိသည်။

ဦးဘိုးသောင်

ဦးဘိုးအောင်(အောင်မင်းခေါင်)

ဦးထွန်းမောင်

ဦးဘိုးဆောင်

ဒေါ်ငွေမြင့်တို့ ဖြစ်သည်။

မွေးသက္ကရာဇ်မှာ (၁၂၄၂)ခု၊ ကဆုန်လဆန်း(၁၀)ရက်၊ တနင်္ဂနွေနေ့သားဖြစ်သည်။

ဇေယျတုကာလိယုဂ်(၄၉၈၁)၊ သက္ကရာဇ်(၁၂၄၂)ခုနှစ်၊ ဒီယ(၁၄၂)ကြွင်း၊ သူရိယမာသမိဿရာသီ၊ ဝေါဟာရ မာသက


www.burmeseclassic.com

www.burmeseclassic.com



ကဆုန်လဆန်း(၁၀)ရက်၊ တနင်္ဂနွေနေ့၊ နံနက်(၁၀)နာရီ၊ မြန်မာတစ်ချက်တီးကျော်နာရီ၊ ပါဒ်ဗီဇနာ ပြန်စရာပြည့် ကရကဋ်စန်း ပထမဟောရပ် စနေကြွင်း၊ စနေနဝင်း၊ လဂ်စီးနက္ခတ်(၁၀)လုံးပါဒ်ပြည့်၊ စက်လက်စီးလျှက် ထိုနာရီ၏တိဘွားကား(၇)ဘွား၊ (၂)ဖီလာ၊ (၃)မုံရော၊ (၂)ဆံခြည် ပြည့်မတ်သော မင်္ဂလာအခါသမယတွင် ဘုန်းကံပညာနှင့် ပြည့်စုံသော ရတနာမြတ်လူ သားပုတ္တကို ဖွားသန့်စင်ကာ ချမ်းသာရသည် နာမသညာ ခေါ်စရာကား ငယ်မည်မောင်ဘိုးအောင် ခေါ်(အောင်မင်းခေါင်)ဟူသတည်း။

## အဘအောင်မင်းခေါင်၏
## ဖွားဇာတာခွင်

| | | |
|---|---|---|
| | ၁၄ | ၈<br>၅၆ |
| ၂လ | | |
| ၃<br>၀ | | |





| | |
|---|---|
| ၂၁ | |
| ၂၅ | ၁၈ |
| ၀ | ၁၅ |
| ၃ | ၁၂ |
| ၆ | ၉ |
| | |

| ပဋ္ဌိ | ပဝ | သိ | ထိီး | ဆင် | ရတ | ဆီ | က | ထွန်း |
|---|---|---|---|---|---|---|---|---|
| ၆<br>၁<br>၁ | ၁၃<br>၀<br>၂ | ၇<br>၀<br>၃ | ၁၆<br>၀<br>၄ | ၂၅<br>၀<br>၅ | ၁<br>၁<br>၆ | ၁၅<br>၁<br>၀ | ၁၄<br>၁<br>၈ | ၃<br>၆<br>၁ |
| ၀<br>၁၁<br>၄၉ | ၃<br>၁၇<br>၄၆ | ၄<br>၂၈<br>၂၅ | ၀<br>၂၈<br>၃၄ | ၁၀<br>၁၀<br>၂၇ | ၁၀<br>၂၆<br>၀ | ၄<br>၂၀<br>၄၀ | ၁၁<br>၁၂<br>၃၆ | |
| ဒိ<br>၇<br>၅၉ | မြင့်<br>၈<br>၄ | ဝင်<br>၉<br>၂ | စန်း<br>၂၃<br>၂ | ဦး<br>၆<br>၀ | ဓါတ်<br>၉<br>၀ | ရပ်<br>၁၂<br>၀ | ပုံ<br>၂၁<br>[illegible] | ကာ<br>၂၄<br>၀ |



www.burmeseclassic.com

www.burmeseclassic.com

ဝိဇ္ဇာတို့ လျှောက်လှမ်းသည့် မဟာဂန္ဓာရီလမ်းက ရှည်လျားလှသည်၊ ကျယ်ဝန်းလှသည်။

သာမန်လူတို့ ဉာဏ်တစ်ထွာတစ်မိုက်ဖြင့် လိုက်မမီနိုင်သောအရာများသာဖြစ်သည်။ ဝိဇ္ဇာလမ်းတွင် အင်းဝိဇ္ဇာ၊ ဆေးဝိဇ္ဇာ၊ ပြဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာ၊ ဂါထာဝိဇ္ဇာ၊ ဇော်ဂျီဝိဇ္ဇာဟူ၍ ဝိဇ္ဇာ(၁၁)မျိုးအထိ ရှိလေသည်။

ထိုမဟာဂန္ဓာရီ ဝိဇ္ဇာလမ်းတို့သည် မြတ်စွာဘုရားသာသနာတော်အတွင်း၌ ကြုံကြိုက်ပါက မဟာဂန္ဓာရီဝိဇ္ဇာမှတစ်ဆင့်တက်၍ ဒါန၊ သီလ၊ သမထ၊ ဝိပဿနာတရားများကို အထပ်ထပ် ပွားများခြင်းဖြင့် တစ်မဂ်တစ်ဖိုလ် ရနိုင်ရောက်နိုင်ပေ၏။ အရိယဝိဇ္ဇာ၊ လောကုတ္တရာ ထွက်ရပ်ပေါက်အဆင့်သို့လည်း ကူးပြောင်းရောက်ရှိနိုင်ကြပေ၏။

ကျင့်ကြံအားထုတ်မှု ပြုလျှင်ပြုနိုင်သလောက် နိဗ္ဗာန်သို့ ရောက်နိုင်သော ဝိဇ္ဇာလမ်းစဉ်များ ဖြစ်ပေ၏။

ပထမံ ဝိဇ္ဇာလမ်း၊ လောကီယဝိဇ္ဇာလမ်းနှင့် မဟာဂန္ဓာရီဝိဇ္ဇာလမ်းတို့မှာ သာသနာတွင်းကာလရော၊ သာသနာပ,ကာလမှာပါ ရှိနိုင်သော်လည်း အရိယာဝိဇ္ဇာလမ်းမှာ သာသနာပ,ကာလများတွင် မပေါ်ပေါက်နိုင်ပဲ ဗုဒ္ဓမြတ်စွာဘုရား ပွင့်ထွန်းတော်မူသည့် သာသနာတော်အတွင်းမှာပင် တည်ရှိနိုင်သော အရိယာ္ဓရွေလမ်းစဉ် ဖြစ်ပါသည်။

ပထမံဝိဇ္ဇာလမ်း၊ လောကီဝိဇ္ဇာလမ်းနှင့် မဟာဂန္ဓာရီဝိဇ္ဇာလမ်းတို့ကို တန်ဖိုးရှိသော ရွှေလမ်းစဉ်များဟု ခေါ်ဝေါ်သမုတ်





ကြလျှင် သာသနာပ အချိန်ကာလများတွင် မပေါ်ပေါက်နိုင်ပဲ မြတ်စွာဘုရား ပွင့်ထွန်းတော်မူသည့် သာသနာတွင်းကာလ၌သာ ပေါ်ထွန်းနိုင်သော အရိယာဝိဇ္ဇာလမ်းကို "ဇမ္ဗူရစ်ရွှေစင်လမ်း" ဟုသာ အမည်ပေးသင့်ပါကြောင်း ရေးသားရင်း ဆန္ဒပြုလိုက်မိပါသည်။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော (နဂါးရာဇ်လိုဏ်ဂူ) ဟု အမည်ပေးထားသော ဂမ္ဘီရဆန်းကြယ်ဝတ္ထုရှည်မှာလည်း ဤနေရာ၌ နိဂုံးကမ္ပတ် အဆုံးသတ်ပြီ ဖြစ်ပေတော့သတည်း။

အနိစ္စာဝတ သင်္ခါရာ၊ ... 

အနိယာဟောတု သုခိအတ္တာနံ ပရိဟရန္တု။

# ကြိုသင်

စာပြီးချိန် ။ ။ (၂၀၀၈)ခုနှစ်၊ မတ်လ(၂၂)ရက်၊
စနေနေ့၊ ညနေ(၄)နာရီ၊



BURMESE CLASSIC .com
www.burmeseclassic.com